www.burmeseclassic.com

၁၂

အမျိုးခေါ်မယ့်

# ဘိုးတော်စေတီ

ပဋ္ဌာန်းဆက်များ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အမျိုးခေါ်မယ့်
# အိုးဖော်စေတီပဋ္ဌာန်းဆက်များ

စမပေါက်ဆိန်

ရွှေပေါက်ဆိန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်လ

၂၀၁၆ ခုနှစ်၊ မေလ

ထုတ်ဝေသည့်အကြိမ်

ပထမအကြိမ်

အုပ်ရေ

၁၀၀၀

တန်ဖိုး

၂၅၀၀ကျပ်

မျက်နှာဖုံးဒီဇိုင်း

နီတာရီ

ထုတ်ဝေသူ

ဦးနိုင်မျိုးထွန်း(အင်ပါယာစာပေ)၊ တိုက်(၂၀)၊ အခန်း(၁၁)၊ စီးပွား/ကူးသန်းဝန်ကြီးဌာနထမ်းအိမ်ရာ၊
ဦးဝိစာရလမ်းအင်းစိန်မြို့နယ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။

ပုံနှိပ်

ဦးအင်အောင်ကျော် (၀၀၄၁၀)၊ ရွှေပြည်ဟိန်းပုံနှိပ်တိုက်၊ အမှတ် (၁၆)၊ အောင်သစ္စာလမ်းသွယ်(၁)၊ မိုးကောင်းလမ်း၊
(၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

စမပေါက်ဆိန်
အမျိုးခေါ်မယ့် အိုးဖော်စေတီ ပဌာန်းဆက်များ
၂၆၇ - စာ၊ ၂၀ × ၁၂.၅ စင်တီမီတာ
(၁) အမျိုးခေါ်မယ့်အိုးဖော်စေတီ ပဌာန်းဆက်များ

ရွှေပေါက်ဆိန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com





အမျိုးသမီးဒိုးတင်စေတီတည်ရန်အတွက် ဒေးမွန်ပါရှိ ဒိုးပေါ်စေတီအား သွားရောက်ဖူးမြှော်နေပုံ ဆရာစဉ်



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

ကျွန်ုပ်သည် အိုးဖော်စေတီတည်ရန်အတွက် အဘဘိုးမင်းခေါင်ကြီးသည် ခါတ်မိန့်ချလေ၏။ ထိုအခါ ကျွန်ုပ်သည် စေတီတည်ရန်အတွက် အဓိဋ္ဌာန်ဝင်ရလေတော့၏။ သက်သတ်လွတ်စားခြင်း၊ မေတ္တာပို့ခြင်း၊ ပဋ္ဌာန်းဆက်များအား ခေါ်ရန်အတွက် ဘ၀ အဆက်ဆက်တော်စပ်ခဲ့သော လူ၊ နတ်၊ ဝိဇ္ဇာ၊ နဂါးများပါမကျန် မေတ္တာပို့ရလေတော့၏။ အမှန်ကိုပြောရလျှင် ကျွန်ုပ်တွင် အိုးဖော်စေတီတည်ရန်အတွက် ငွေကြေးမပြည့်မစုံဖြစ်၍နေလေ၏။ ငွေကြေးကို အသာထားဦး . . . မိမိအား ကူညီမစမယ့် ဒကာ၊ ဒကာမ များပင်မရှိချေ။ မိမိသမာအာဇီဝနှင့် ရှာဖွေထားသော ငွေကြေးလေးငါးသိန်းကို အစပြု၍ ကျောင်းမြေလေးဝယ်ကာ သာသနာပြုရန်မပြည့်မစုံဖြင့် လျှော့လှမ်းလို့နေရလေ၏။ ပုဂ္ဂိုလ်တို့ရဲ့ခါတ်တွေကလည်း အဆန်းတကြယ်ရှိလှပေ၏။ ဝိဇ္ဇာလမ်းဆိုတာကလဲ သာမန်မလုပ်နိုင်သော လမ်းဆိုတာ လုပ်ကြည့်မှကို သိလေတော့၏။ လောကီလူ့ရဲ့ဝိဇ္ဇာလမ်းဆို



www.burmeseclassic.com

www.burmeseclassic.com



တာ အသုံးမကျတဲ့လူတွေ လုပ်တဲ့လမ်းတော့မဟုတ်၊ အသုံးကျတဲ့ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့၏ လျှောက်လှမ်းရသောလမ်း ဖြစ်လေ၏။ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့နက်လေတော့၏။ ကံစီမံရာဆိုသလိုပါပဲ၊ ထားရာနေ စေရာသွားဆိုတဲ့သဘောကို ဆောင်လေ၏။

မှုံးရှုံးပေတေနေသော ကျွန်ုပ်၏ဘဝသည် ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်နဲ့တွေ့မှပဲ ကျွတ်လေတော့၏။ လွန်ခဲ့သော (၁၅)နှစ်လောက်က ရှစ်မိုင်ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်ကျောင်းတွင် ရဟန်းဖြစ်ခဲ့လေတော့၏။ ပေါက်စေတီဆရာတော်ဘုန်းဘုရားကြီး ဦးသုမိတ္တ၏ ဆုံးမသြဝါဒအောက်တွင် ကြီးပြင်းခဲ့ရလေတော့၏။ ရှစ်မိုင် ပေါက်စေတီတွင် သီတင်းသုံးနေစဉ်ကလဲ ဆရာတော်နောင်တော်များ ဖြစ်သော ဦးညာဏိက၊ ဦးပညာသီရိ၊ ဦးတေဇိန္ဒအစရှိသော ဆရာသမားတို့၏ သွန်သင်ဆုံးမမှုအောက်တွင် ရဟန်းဘဝကို ရပ်တည်ခဲ့ရလေ၏။ လွန်စွာသဘောထားကြီးသောနောင်တော်ကြီးများသည် ကျွန်ုပ်ဘဝကို နားလည်ပေးကြ၏။ အစစအရာရာကို ကူညီပံ့ပိုးပေးခဲ့ကြလေတော့၏။

ပေါက်စေတီဆရာတော်ဘုရား ဦးသုမိတ္တ၏ ဆုံးမသြဝါဒဖြင့် ပုတီးစိပ်ခြင်း မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းစသော နှစ်ခုကိုသာ ပြင်းပြင်းထန်ထန်လုပ်ခဲ့၏။ ကျွန်ုပ်တစ်နေ့တာလုပ်ငန်းခွင်မှာ သမ္ဗုဒ္ဓေ တစ်ထောင်ပုတီးစိပ်လေ၏။ စိပ်ပြီးလို့ နားနေတဲ့အချိန်မှာ မေတ္တာသုတ်ကို ရွတ်လေ၏။ မေတ္တာသုတ်ရွတ်တာလဲ သွားရင်းလာရင်း လမ်းလျှောက်ရင်း ရွတ်ခြင်းမျိုးမဟုတ်ဘဲ၊ ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်၏ ရှေ့တည့်တည့်တွင် သေချာကျနစွာထိုင်ပြီး တကယ်ရှိသေလေးစားစွာ ရွတ်ဖတ်နေခြင်းမျိုးဖြစ်လေ၏။ တစ်နေ့တွင် ကျွန်ုပ်သမ္ဗုဒ္ဓေပုတီး အပတ်



www.burmeseclassic.com

www.burmeseclassic.com



ရေတစ်ထောင်ပုတီးစိပ်ပြီးနားနေခိုက် ကျွန်ုပ်သည်မေတ္တာသုတ် ပရိတ် (၁၀၈)ခေါက်ရွတ်ရန် ရေမိုးချိုးပြီးနောက်ဘုရားရှိခိုးပြီး ဘုန်းဘုရားကြီးအား သေချာစိုက်၍ ကြည့်နေတာ ဗျာန်ဝင်သွားသလားတော့ မပြောတတ်ပါ၊ ကျွန်ုပ်စိတ်သည် လွင့်မြောလို့သွားလေတော့၏။ မျက်တောင်မခတ်ဘဲ မြောသွားလိုက်တာ ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်သည် ပကတိသက်တော်ထင်ရှားအသွင် ဖြစ်လာပြီး ကျွန်ုပ်အား စကားပြောလေတော့၏။

ကျွန်ုပ်အား ငါ့မြေးလေးလို့ခေါ်၏။ ကျွန်ုပ်သည် ဘုန်းဘုရားကြီးက စကားပြောသဖြင့် ကျွန်ုပ်၏စိတ်သည် လိပ်ပြာလွင့်သလိုမျိုးဖြစ်နေရာမှ ပြန်၍သတိဝင်လာပြီး မသိလျှင် အသက်ထွက်သွားရာမှ ဝိညာဉ် ခန္ဓာကိုယ်ထဲ ပြန်ဝင်လာသည့်အလား တစ်ကိုယ်လုံးတုန်ခါ၍သွားလေတော့၏။ ကျွန်ုပ်သည် ဤအဖြစ်အပျက်ကို ဘယ်သူ့ကိုမှ မပြောပြနိုင်လောက်အောင် တစ်ပါးထဲ ပျော်ရွှင်နေလေတော့၏။ ယုံကြည်လျှင် အသက်ဝင်တယ်ဆိုတာ တကယ်ပဲဟုတ်လေတော့၏။ ကျွန်ုပ်၏ ဘုန်းဘုရားကြီးကို ယုံကြည်မှုသည် အသက်မရှိတော့သည့် ဘုန်းဘုရားကြီးရုပ်တုပင် အသက်ဝင်ကာ စကားပြောလေတော့၏။ အဲဒီတုန်းက အဖြစ်အပျက်ကိုပြောပြလျှင် လူရယ်စရာဖြစ်မည်စိုးသဖြင့် ကျွန်ုပ်မျိုသိပ်ကာထားရလေ၏။ အမှန်ကိုပြောလျှင် အရူးစာရင်းထဲ သွင်းမှာကို ကြောက်နေရသောခေတ်ဖြစ်သဖြင့် မပြောဘဲ မျိုသိပ်ခဲ့ရလေ၏။ နောက်ပိုင်းတွင်မှ အတွေ့အကြုံများလာသောအခါ အမှန်ကို မပြောဘဲမနေနိုင်ဖြစ်ကာ ပြောမိလေ၏။ ထိုအခါ ကျွန်ုပ်ပြောပြသော ပုဂ္ဂိုလ်အားလုံးတို့သည် ကျွန်ုပ်အား အချင်းချင်းလက်တို့ကာ အရူးစာရင်းသွင်းကြလေတော့၏။ ကျွန်ုပ်လည်း မဟာဂန္ဓာရီ ဝိဇ္ဇာလမ်းဆိုတာ မဖြစ်ခင်တော့ အရူးပဲ၊ ဖြစ်သွားတော့လည်း ထူးတယ်။ အဲဒီ

www.burmeseclassic.com



အခါကျတော့မှ ကိုယ်ကလွတ်ရာကျွတ်ရာကို ထွက်ပြေးတာတောင် မလွတ်တော့ဘူး။ လိုက်လာကြတော့တာပဲ။ ဒါဟာ လောကနိယာမ တစ်ခုပါပဲ။

မဟာဂန္ဓာရီဝိဇ္ဇာလမ်းကို လိုက်စားတာဟာ သာမန်ပုဂ္ဂိုလ်တွေ မလုပ်နိုင်တဲ့အလုပ်တစ်ခုပါ။ ဒီမဟာဂန္ဓာရီ ဝိဇ္ဇာလမ်းမှာက နှစ်မျိုး ရှိတယ်။ တစ်မျိုးက ဂဗ္ဗလာတဲ့၊ နောက်တစ်မျိုးက ဟာမစ်လို့ခေါ်တယ်။ ဟာမစ်ဆိုတာက ရသေ့လိုင်းကိုခေါ်တာ၊ ဒီလိုင်းကျတော့ နောက်က လိုက်ပြီး ကူညီပေးမယ့် ဝိဇ္ဇာပဋ္ဌာန်းဆက်ရှိတဲ့ ပုဂ္ဂိုလ်ကို ဟာမစ်လို့ ခေါ်တယ်။ သူ့ရဲ့သဘောကတော့ ဥပမာ–သူ့နောက်ကနေပြီး ကူညီ ပေးမဲ့ ဝိဇ္ဇာတွေ၊ ပုဂ္ဂိုလ်တွေရှိနေတဲ့ သဘောပဲ၊ ဥပမာ– အဘ ဘိုးမင်း ခေါင်လို ပုဂ္ဂိုလ်မျိုးတွေက သူတို့ကို ထောက်ပံ့တယ်။ သူတို့ခိုင်းတာ ကို လိုက်ပြီးလုပ်ရတယ်။ ဘယ်နေရာကိုသွား၊ ဘယ်မှာဘုရားတည်၊ ဘယ်ကိုသွား၊ ဟိုမှာ ဘာလုပ် စသည်ဖြင့် နောက်ကနေခိုင်းတာကို လိုက်ပြီးလုပ်ရတာ၊ ဒါကိုစားလမ်းလို့လဲခေါ်တယ်။ သူတို့ခိုင်းတာ လုပ် ပြီး သူတို့ကျွေးတာ၊ သူတို့မွေးတာ၊ သူတို့နေခိုင်းသလိုမျိုး နေရတဲ့ သဘောပဲ။ ရှင်းရှင်းပြောရရင် ဝိဇ္ဇာတွေခိုင်းတာလုပ်ရတာ၊ ခိုင်းတာ ကို မလုပ်တဲ့နေ့ ခါတ်တွေပြန်သိမ်းတော့တာပါပဲ။ ဝိဇ္ဇာတွေရဲ့ လက် ပါးစေပါပဲ၊ ပြီးမြောက်ခါနီးမှ သူတို့လိုရာကို ခေါ်သွားတဲ့သဘောပဲ။ ဒါကို ဟာမစ်လို့ ခေါ်တယ်။ ဒီလိုင်းကတစ်လိုင်း။

နောက်တစ်လိုင်းကတော့ ဒီလို မဟုတ်တော့ဘူး။ ဂဗ္ဗလာလို့ခေါ် တဲ့လိုင်း။ ဒီလိုင်းကျတော့ ကိုယ့်ဖာသာကိုယ်ထွင်ပြီး ကိုယ့်လမ်းကိုယ် လျှောက်ရတဲ့လမ်းလို့ခေါ်တယ်။ ဒီလိုင်းက ကိုယ့်ဒုက္ခကိုယ်ခံပဲ။ ဘိုးဘိုး အောင်လဲ မကာယ်ဘူး။ ဘိုးမင်းခေါင်လဲမကာယ်ဘူး။ ကိုယ်ဖြစ်ကိုယ်ခံ ပဲ။ ကိုယ့်ဖာသာ ကိုယ်ရှာစား။ ကိုယ့်ဖာသာကိုယ်ဖြစ်အောင်လုပ်ပေါ့။

www.burmeseclassic.com



ပေါက်မြောက်တော့လဲ ဒီနေရာကိုပဲ တူတူရောက်ကြတာ၊ ဂဗ္ဗလာဟာ အုပ်ချုပ်မယ့်သူမရှိဘူး။ ကိုယ်ကြိုးစားရင်ကြိုးစားသလို ပေါက်မြောက်တဲ့သဘော။ ကိုယ့်ဖာသာကိုယ် သိဒ္ဓိတန်ခိုးတွေရလာတာပဲ။ ဒါကို ဂဗ္ဗလာလို့လဲခေါ်တယ်။ လူအခေါ်ဆိုတော့ဂျစ်ပစီတွေပေါ့။ ဝိဇ္ဇာလမ်းမှာ အရှေ့တိုင်း၊ အနောက်တိုင်း ဝိဇ္ဇာတွေလည်းရှိတယ်။ ဂျစ်ပစီတွေလည်းရှိတယ်။ ဂျစ်ပစီတွေဟာ သူတို့သိဒ္ဓိနဲ့ သူတို့နေတာ ဘယ်သူ့ကိုကူညီရမယ်၊ ဘယ်မှာဘုရားတည်ရမယ်၊ ဘယ်ကို သွားရမယ်ဆိုပြီး အုပ်ချုပ်တဲ့သူမရှိဘူး သူတို့ကယ်ချင်ရင်ကယ်တယ်။ မကယ်ချင်လဲ သူတို့သိဒ္ဓိတန်ခိုးနဲ့ပဲ လိုရာကိုဖန်တီးပြီးနေတယ်။ လွတ်လပ်တယ်။ သတ်သက်လွတ်စားရတာတို့ ပုတီးဖင်ပူအောင် စိပ်ရတာတို့မရှိဘူး။ ရှင်းရှင်းပြောရရင် အုပ်ချုပ်မှုမခံဘဲ သူ့ဟာသူ သိဒ္ဓိကိုလုပ်ယူသွားတဲ့ ဝိဇ္ဇာတွေပဲ၊ ဘုရားမတည်လို့ ပြဿနာရှာမယ့်လူလဲမရှိဘူး။ ဒီလမ်းကို ဂဗ္ဗလာလမ်းလို့ခေါ်တယ်။ ဘယ်သူ့နည်းကိုမှ မိတ္တူမကူးဘူး။ သူ့နည်းနဲ့သူသွားတာ ဥပမာ – ဘိုးဘိုးအောင်တို့ ဘိုးမင်းခေါင်တို့ ဖောက်တဲ့လမ်းကို မလျှောက်ဘူး။ သူ့လမ်းကိုသူ အပင်ပန်းခံပြီး ဖောက်တယ်၊ လျှောက်တယ်ဆိုတဲ့ သဘော။

ဘိုးဘိုးအောင်တို့၊ ဘိုးမင်းခေါင်တို့လမ်းကိုလျှောက်ရင် သူတို့လမ်းဖြတ်ခပေးရလိမ့်မယ်။ သူတို့ကလမ်းပိုင်ရှင်တွေဆိုတော့ ကြိုက်မှဖြတ် အခွန်အခပေးရတယ်ဆိုတဲ့သဘောပဲ၊ ရှင်းအောင်ပြောရရင် သူတို့လမ်းကိုဖြတ်ရင်သူတို့ခိုင်းတာ လုပ်ရတော့တာပေါ့။ ကိုယ့်လမ်းကိုယ်ဖြတ်တော့ ဘယ်သူ့မှ အခွန်မပေးရတော့ဘူး။ ဥပမာ– မန္တလေးကိုသွားမယ်။ လမ်းဟောင်းနဲ့ လမ်းသစ်ဆိုတာရှိတယ်။ လမ်းသစ်ကသွားလဲ မန္တလေးရောက်တယ်၊ လမ်းဟောင်းကသွားလဲ မန္တလေးတော့ရောက်တာပါပဲ။ မြန်မြန်ရောက်တာနဲ့နှေးနှေးရောက်တာရယ် လမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့ရမယ့် ဒုက္ခအခက်အခဲပဲကွာတာပါပဲ။

အဲ့ဒီမှာမဟာဂန္ဓာရီဝိဇ္ဇာလမ်းကို လိုက်စားမယ့်လူတွေဟာ ကိုယ်က ဘယ်လမ်းကို လိုက်နေတာလဲဆိုတာကိုတော့ သိဖို့လိုတယ်။ ကိုယ်က ဟာမစ်လား၊ ကမ္ဘလာလားတောင် မသိဘဲနဲ့ ဒီလမ်းကို မလိုက်နဲ့။ လူလိမ်၊ လူညာတွေနဲ့ပဲတွေ့လိမ့်မယ်။ ဝိဇ္ဇာလမ်းမှာလဲ မနာလိုတာတွေ၊ ဝန်တိုတာတွေ ရှိတယ်။ ကြီးနိုင်ငယ်ညှဉ်းတွေလည်း ရှိတယ်။ ကြီးတဲ့သူ ကစားတဲ့သဘောပဲ။ ကြီးတဲ့လူတွေနဲ့လည်း ယှဉ်ပြိုင်ရသေးတာပဲ။ တော်ရုံလောက်ကတော့ ရှုံးသွားမယ်။

ဒီလမ်းမှာ နတ်တွေကို အားကိုးပြီး လျှောက်တဲ့သူတွေလဲ ရှိတယ်။ နတ်တွေကလဲ မနာလိုတဲ့ နတ်တွေရှိသေးတယ်။ (၃၁) ဘုံမှာ ဒါတွေကြီးပါပဲ။ ဒါကြောင့်မို့လို့ နတ်ကြီးကလဲ နတ်ငယ်ကို အနိုင်ကျင့်တာပါပဲ။ ဒီတော့ဒီကမ္ဘာလောကကြီးမှာ ကြီးနိုင်ငယ်ညှဉ်းဆိုတဲ့သဘောတွေချည်းပါပဲ။ ဒါတွေဟာလဲ ကြုံဖူးမှ သိတာပါပဲ၊ ပါးစပ်ပြောနဲ့တော့ လုပ်လို့မရဘူး။ လုပ်ကြည့်မှသိတာ။

ဒါကြောင့်မို့လို့ ဒို့ဘုရားရှင်ဟာ ဒါတွေအကုန်လုံးကိုသိနေတော့ သူလျှောက်တဲ့လမ်းဟာ သူ့ဖာသာသူသိပြီး သူထွင်ပြီးလျှောက်သွားတဲ့လမ်းပေါ့ပဲ။ ဘာတစ်ခုမှ ညှဉ်းပန်းနှိပ်စက်ခြင်းမရှိတော့တဲ့ ငြိမ်းချမ်းတဲ့ နိဗ္ဗာန်ပါပဲ။ အဲ့ဒါမှ ဝိဇ္ဇာအစစ်လို့ခေါ်တယ်။ ဒို့ဘုရားရှင်ကမှ ဝိဇ္ဇာအစစ်ကြီးပဲ။ အဝိဇ္ဇာဆိုတဲ့ အမှောင်ကိုခွင်းပြီး ဝိဇ္ဇာ ဖြစ်သွားတာ။ လောကကြီးကို အလင်းဆောင်သွားတာ။ ဒါမှအရိယာဓမ္မဝိဇ္ဇာကြီး စစ်စစ်ပဲ။

အခု ငါတို့လုပ်နေတာတွေက အဝိဇ္ဇာတွေ ဝိဇ္ဇာမဖြစ်သေးဘူး။ အဝိဇ္ဇာဆိုတဲ့အမှောင်တွေကို ရှင်းနေရတုန်းပဲရှိသေးတယ်။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ရှိနေသေးတယ်။ လောဘ၊ ဒေါသ၊



www.burmeseclassic.com

www.burmeseclassic.com



မောဟတို့ ကုန်ရာကုန်ကြောင်းကိုနိဗ္ဗာန်ပဲ။ ဒီလမ်းကို အရိယာတို့ လျှောက်သော လမ်းလို့ခေါ်တယ်။ အခုနက ဝိဇ္ဇာတွေ ကလဲဒါတွေကို သိကုန်ပြီ။ ဒီတော့ သူတို့လည်း သူတို့ရဲ့ဆုပန်ထားတဲ့ ပါရမီတွေရဲ့ အပေါ်မှာမှီတင်းပြီး နောက်ဆုံးတော့ ဘုရားရှင်တို့သွားတဲ့နိဗ္ဗာန်ကိုပဲ သူတို့တွေသွားကြပါလိမ့်မယ်။

မသွားသေးတဲ့လမ်းမှာတွေ့တဲ့သူတွေကယ်မဖို့ အခွင့်သာတဲ့သူတွေကို ပါရမီဖြည့်ပြီး ကယ်တင်နေတာပါ။ သူတို့က အပယ်ကျမယ့် အလုပ်တော့ မလုပ်တော့ဘူး။ မလုပ်တော့တဲ့အတွက် အပယ်မကျတော့ဘူးပေါ့။ ဘဝတွေကတော့ တစ်ဘဝပြီးတစ်ဘဝ သူတို့သိဒ္ဓိတန်ခိုးတွေနဲ့ ပြောင်းနေတော့မှာပေါ့။ ဒါကိုက သိဒ္ဓိရှိလို့လုပ်ယူလို့ရနေတာ။

မဟာဂန္ဓာရီသမားတွေမှာလဲ ဒီလိုလမ်းနှစ်သွယ်ရှိတယ်။ ဒီလိုမှ မသိဘဲ လျှောက်မလုပ်နဲ့၊ အပါယ်တံခါးကအိုးပင်း အမြဲပွင့်နေတာ ပိတ်ရက်မရှိဘူး။ မှားတာနဲ့ကျမှာပဲမိတ်ဆွေ။ အပယ်ငရဲက ဘယ်သူ့ကိုမှ မျက်နှာသာမပေးဘူး။ လူတွေဟာ အထင်ကြီးခြင်းကို နှစ်သက်ကြတယ်။ မြှောက်စားတာကို ခံချင်ကြတယ်။ အထင်သေးမှာသိပ်ကြောက်တယ်။ ငါးပါးသီလမမြဲတဲ့သူကလည်း လူအထင်ကြီးအောင် မြဲသလို ဟန်ဆောင်တတ်တယ်။ အဲ့ဒီမှာ တစ်ခုပြောချင်တာ လူတွေဟာ သိပ်ကိုအတ္တကြီးကြတယ်။ ဆရာလုပ်မယ့်သူနဲ့တပည့်လုပ်မယ့်သူကို စာရင်းကောက်လိုက်ပါ။ ဘယ်ဟာ ပိုများမလဲ။ အယောက်တစ်ရာမှာ တစ်ရာလုံးဆရာလုပ်ချင်တဲ့သူတွေချည်းပဲ။ တပည့် ဘယ်သူမှမလုပ်ချင်ဘူး။ ကိုယ်တတ်တာကိုလည်း သူများကိုမပြဘူး။ ပြလိုက်ရင် သူနဲ့ကိုယ် တန်းတူဖြစ်မှာဆိုတော့ မနာလိုဖြစ်တတ်တယ်။ ဒီလမ်းမှာလဲ ဒီလိုပဲ။ ကိုယ့်ထက်သိဒ္ဓိတန်ခိုးတွေ သာမှာ စိုးကြတယ်။

တစ်နေ့မှာ ကျွန်ုပ်ဘုန်းဘုရားကြီးဆိုးပေါက်ဆိမ်မှာ အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီးအိပ်ပျော်သွားခဲ့တယ်။ အဲ့ဒီမှာ ဘုန်းဘုရားကအိပ်မက်ပေးတယ်။ အိပ်မက်ထဲမှာ ပေါက်ဆိန်သေးသေးလေးတစ်ချောင်းကို လည်ပင်းမှာ ဆွဲပေးပြီး ငါ့မြေးဒီနေ့ကစပြီး ငါ့မြေး ကိုယ့်ကိုယ်ကိုပြန်ပြီးကြည့်တဲ့ အကျင့်ကိုကျင့်လို့မှာလေ၏။ ပြီးလျှင် ကျွန်ုပ်၏ဦးခေါင်းကို သုံးကြိမ်တိတိ လက်ဖဝါးလေးနဲ့ပွတ်ပေးပြီး အောင်စေ၊ အောင်စေ၊ အောင်စေဟု မိန့်ခဲ့လေတော့၏။ ကျွန်ုပ်သည် ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်နှင့် ပဋ္ဌာန်းဆက်ဖြစ်၍သွားလေတော့၏။ မကြာမကြာ အိပ်မက်ပေး၍သော်လည်းကောင်း၊ နိမိတ်ပေး၍သော်လည်းကောင်း၊ ဓာတ်ပေး၍သော်လည်းကောင်း၊ ကူညီတတ်လေ၏။ ကျွန်ုပ်သည် နေ့တိုင်းမပြတ် သမ္မာဒေဝ တစ်ထောင်ကို ပုတီးစိပ်ခဲ့လေတော့၏။

ဒီလိုနှင့်ကျွန်ုပ်သည် ဂမ္ဘီရပညာရပ်များလိုက်စားရင်း ရှစ်မိုင်ပေါက်စေတီမှနေ၍ မော်ဘီသို့ ခြေချခဲ့လေတော့၏။ မော်ဘီတွင် တစ်စင် ထောင်ခဲ့လေတော့၏။ ဒီလိုလုပ်ခြင်းမှာလည်း ကိုယ်ပိုင်သိဒ္ဓိကိုယုံကြည်၍လုပ်ခြင်းဖြစ်၏။ ကျွန်ုပ်တွင်ငယ်စဉ်ကလေးဘဝ သိတတ်စ အရွယ်ထဲက ဘာကိုမှမတောင်းတတ်ပေ။ ပေးတာပဲယူတတ်လေ၏။ ယနေ့ထက်ထိ တောင်းတဲ့အလုပ်ကို မလုပ်ခဲ့ပေ။ ကိုယ်တိုင်အပင်ပန်းခံပြီး ကိုယ်ဖြစ်ချင်တာကို မရရအောင်လုပ်ယူတတ်လေ၏။ ကျွန်ုပ်သည် သိဒ္ဓိရှင်တွေနဲ့ ပတ်သက်နေပါသော်ငြားလည်း ယနေ့ထက်ထိ ဘာလုပ်ပေးပါ၊ မစပါ စသည်ဖြင့်မတောင်းတတ်ပေ။ တောင်းတဲ့အလုပ်ကိုလည်းမုန်း၏။ တောင်းရတာကိုက အောက်ကျတယ်လို့ကို ထင်၍နေ၏။ ယနေ့ထက်ထိ ကူညီပါ၊ မစပါ၊ ဘာလုပ်ပေးပါ၊ ညာလုပ်ပေးပါ ဆိုပြီး ဝိဇ္ဇာတွေဆီမှာ တောင်းရမ်းခြင်းမရှိခဲ့ပေ၊ ကျွန်ုပ်၏ အတိတ်ကံကုသိုလ်နှင့် ယခုပစ္စုပ္ပန် ကြိုးစားမှုနှင့်ပင် ဘဝကိုဖြတ်သန်းခဲ့လေ၏။

မတောင်းတဲ့ကလေးမရ ဆိုသလိုပေါ့၊ ကျွန်ုပ်သည်လည်း ဘာဆို

www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှကို မရခဲ့ပါပေ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ကျွန်ုပ်ဖြစ်ချင်ရင်သော်လည်းကောင်း၊ လုပ်ချင်ရင်သော်လည်းကောင်း ဝိုင်းဝန်းကူညီမယ့်သူများပေါ်လာတတ်လေ၏။ ယခုလည်း အမျိုးခေါ်မယ့် အိုးဖော်စေတီ တည်ရမယ်ဆိုတာကိုလဲ အဘဘိုးမင်းခေါင်ကြီးက ဓာတ်ပေးသဖြင့်သာ တည်ရလေ၏။ အဘဘိုးမင်းခေါင်ကြီးသည် ကျွန်ုပ်အား ကူညီလေ၏။ မျက်စိသူငယ်၊ နားသူငယ် ဖြစ်နေသော မော်ဘီမြို့နာမည်ကြီးဆရာတော်တွေရဲ့အလယ်တွင် မျက်နှာမငယ်ရလေအောင် အိုးစေတီတည်ပြီး ဓာတ်ဆင်ခိုင်းခြင်းဖြစ်လေ၏။

အဘဘိုးမင်းခေါင်ကြီးက ကျွန်ုပ်အား အိပ်မက်ပေးလေ၏။ ငါ့မြေး– ငါ့မြေးက မာနသိပ်ကြီးတာပဲ၊ အဘိုးတို့ကိုတပြီး လုပ်ပါလား။ အဘိုးတို့ကူညီမှာပေ့ါ။ သိလ၊ သမာဓိရှိလို့ကတော့ အဘိုးတို့ကူညီပါတယ်လို့ဆို၏။ ကျွန်ုပ်သည် အဘဘိုးမင်းခေါင်ကြီးကိုချစ်၏။ ဘာလိုချင်လို့၊ ညာလိုချင်လို့ ပူဇော်ခြင်းမျိုးမဟုတ်ပါ။ ပုံကိုကြည့်ကတည်းက လေးစားလို့ ယောက်ျားကောင်း၊ ယောက်ျားမြတ်နဲ့တူလို့ကို လေးစားတာ။ သူကဝိဇ္ဇာပဲ၊ သူ့ကိုအကူအညီတောင်းရင် ကူညီမှာပဲဆိုပြီး ဖော်လံဖားလုပ်တဲ့ထဲမှာတော့ ကျုပ်မပါဘူး၊ ကျုပ်ကသူတို့လိုအစွမ်း အစတန်ခိုးတွေရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ချင်တာ။ သူတို့လုပ်နည်းပဲ သိရပြီး လိုက်လုပ်မယ်ဆိုတဲ့သဘောပဲ၊ ဒီတော့ကျုပ်အလုပ်လုပ်တာကိုလဲ သူတို့ သိတယ်။ ဒါကြောင့်မို့လို့ ကူညီတာပါ။ ရှင်းရှင်း ပြောရရင် တန်ခိုးသိဒ္ဓိရှိတာကို လိုချင်တာ ပါဝါပေ့ါ။ စွမ်းအားတွေရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ချင်တာ။ မြတ်စွာဘုရားရှင်ရဲ့သာဝကကြီးတွေဖြစ်တဲ့ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တောင်မှ ကျုပ်က ရှင်မဟာမောဂ္ဂလာန်ကို အားကျတယ်။ ဒီတော့ ကျုပ်ဘုရားရှိခိုးတိုင်းလဲ ရှင်မဟာမောဂ္ဂလာန်လို တန်ခိုးသိဒ္ဓိရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ရပါလို၏လို့ဆုတောင်းတယ်။ တချို့က ဘုရားဆုပန်

www.burmeseclassic.com



တာတို့ဘာတို့ လုပ်တယ်။ ကျုပ်ကတော့ ဘုရားမဖြစ်ချင်ဘူး။ ဘုရားကို ဖူးချင်တယ်။ ဘုရားဖူးပြီး မြတ်စွာဘုရားရဲ့နှုတ်တော်မြတ်ကနေပြီး သာဝကဆုပေး တာကိုနှစ်သက်တယ်။ ဒီတော့ မြတ်စွာဘုရားရှင်ရဲ့ လက်ဝဲတော်ရံရ တဲ့ သာဝကဆုကိုတောင်းတယ်။ ဒါက ကျုပ်ဖြစ်ချင်တဲ့ အမှန်ကန် ဆုံးဆုပဲ။ ကျုပ်ကျေနပ် နှစ်သိမ့်တဲ့ဆုပဲ၊ ဒီတော့ကျုပ်က တန်ခိုးသိဒ္ဓိ ဆိုတာနဲ့ လုပ်ချင်ကိုင်ချင် လိုက်စားချင်တဲ့စိတ်ကို ပေါက် တော့တာပါပဲ။ အဲဒီမှာ အဘဘိုးမင်းခေါင်က ငါ့မြေး အမျိုးခေါ် အမျိုးခေါ်လို့ မိန့်တယ်။ အမျိုးဘယ်လိုခေါ်ရမှာလဲ အဘရယ်။ ဘာ လုပ်ဖို့ခေါ်ရမှာလဲဟု ပြန်၍ ပြောမိ၏။ အမျိုးခေါ်ရလိမ့်မယ်၊ ငါ့မြေးရဲ့ ပဋ္ဌာန်းဆက်တွေဟာ အများကြီးပဲ။ လူထဲမှာရော၊ နတ်တွေမှာရော၊ ဝိဇ္ဇာတွေမှာရော၊ သိုက်တွေမှာရောရှိတယ်။ ဒါတွေဟာ ငါ့မြေးရဲ့ ပဋ္ဌာန်းဆက်တွေ၊ သူတို့တွေအတွက် အမျိုးခေါ် အိုးဖော်စေတီ တည် ရလိမ့်မယ်ဟုဆိုလေ၏။ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်ုပ်သည် ဘုရားတည်ရတာကို ဝါသနာကို မပါပေ။ တည်ပြီးသားဘုရားတွေကို ဖူးရတာကိုပဲ ဝါသနာပါလေ၏။ ဝါသနာမပါတာက တခြားတော့ မဟုတ်ချေ။ ရွှေတိဂုံဘုရားကြီးတွေ၊ ကျိုက်ထီးရိုးဘုရားကြီးတွေ ရှိပါလျက်နဲ့ သူတို့ကိုအားမနာဘဲ ဘုရားတည်ရတာကို မျက်နှာပူ မိလေ၏။ ကိုယ်တည်တဲ့ ဘုရားကလဲ ဒီဘုရားကြီးတွေရဲ့ တန်ခိုးကို ဘယ်မှီပါ့မလဲ၊ ဘုရားသာတည်သွားမယ်၊ ဖူးမဲ့သူမရှိလျှင် ကိုယ့် ဘုရားမျက်နှာငယ်ရတယ်။ ဒီတော့ ဘုရားကို ဖူးမဲ့သူတွေလာအောင် ဖန်တီးနေရတာကိုက ဒုက္ခပဲ၊ ဘုရားတွေ တည်နေတာတော့ တွေ့ တယ်။ ဘုရားအဆူတွေဟာလဲ အမည်တွေတောင် မမှတ်မိတော့ဘူး တည်တဲ့နေ့နဲ့ ထီးတင်တဲ့နေ့ပဲ လူတွေ့တယ်။ နောက်နေ့လာဖူးတဲ့ သူတောင် မတွေ့တော့ဘူး။ ဒါမဖြစ်သင့်တဲ့ကိစ္စလို့ ထင်တယ်။ ဘုရား

www.burmeseclassic.com



ဒကာတွေဟာလဲ ဒကာနဲ့မတူဘူး။ ဘုရားတစ်ခါတွေပါပဲ၊ ပြီးပြီးရော ပဲ၊ ဘာမှအဆီအနှစ်မရှိဘူး။ လူအထင်ကြီးပြီး သေရင်ရွှေထီးဆောင်း ရပြီးတာပဲဆိုပြီးလုပ်တဲ့သူကများတယ်။ သူ့ဌေးဘွဲ့တွေယူ၊ ဂုဏ်ထူး တွေယူပြီး ငါးပါးသီလမမြဲတဲ့လူတွေကလည်း ဘုရားတည်ပြီး ဘုရား ဒကာ ကျောင်းဒကာလုပ်တဲ့အလုပ်က ဆီမှောင်ခို၊ အရက်ရောင်းတဲ့ လူတွေကလဲ ဘုရားအမ ကျောင်းအမတွေလုပ်။ ဒီလိုရှုပ်ထွေးနေ တဲ့ခေတ်ကြီးမှာ အဆင်မပြေပါဘူး အဘရယ်လို့ ဆိုလိုက်တယ်။ အဲ့ဒီ မှာ အဘက ပြုံးပြီး ငှါးမြေးပြောတာ မှန်ပါတယ်။ ဒါပေမယ့် အခု တည်ရမှာက ဝိဇ္ဇာတည်တဲ့ဘုရား၊ ဘုရားလေးက ငယ်ငယ် တန်ခိုးက ကြွယ် ငယ်သာငယ် ကယ်ဆယ်မယ့် ဘုရား။ ငှါ့မြေးက ဘမျိုးဘိုး တူပဲ။ ဒီတော့ ငှါ့မြေး အမျိုးခေါ်ကာ အိုးပေါ်မှာစေတီတည်ဟု ဆို လေတော့၏။ ကျွန်ုပ်သည် ၎င်းအဘအိပ်မက်ကို စာအုပ်ထဲတွင်ရေးပြီး မှတ်ထားလိုက်လေတော့၏။

"အမျိုးခေါ် အိုးဖော်စေတီ"

□□□□



www.burmeseclassic.com

www.burmeseclassic.com





ရွှေပေါက်ဆိန်နတ်ဓာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

တစ်နေ့တွင် ကျွန်ုပ်သည် ကျောင်းဝန်းထဲတွင် ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်းများပြီးစီးသွားပြီဖြစ်သောကြောင့် တပည့်လေး မောင်ကရင်နှင့်အတူ သောက်ရေအိုးများ ဆေးကြောရေ ဖြည့်ခြင်း၊ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကို နှစ်ဦးအတူ လုပ်ဆောင်နေလေ၏။ ထိုအချိန်တွင် ကျွန်ုပ်၏ ဘေးမှ အမျိုးသမီး တစ်ဦးဖြတ်သွားလေ၏။ ၎င်းအမျိုးသမီးကြီးသည် လက်ထဲတွင် ခြင်းတောင်းစုတ်ကြီးတစ်လုံးကိုဆွဲထားလျက် ပါးစပ်မှလဲ ***ပစ်လိုက်တိုင်းထောင် ပစ်တိုင်းထောင် ပစ်တိုင်းထောင် မြန်မာပြည်မှာလုပ်တဲ့ ပစ်တိုင်းထောင်*** ဟု ဆိုကာ သီချင်းကို တစ်ကြော်ကြော် ဟစ်အော်၍ နေလေ၏။ ကျွန်ုပ်သည် ၎င်းအမျိုးသမီးကြီးအား တစ်ချက်အကဲခတ်လိုက်လေ၏။ ၎င်းမှာအသက် (၆၀)ကျော်လောက်ရှိလိမ့်မည်ဟု ခန့်မှန်းမိ၏။ ပါးစပ်မှာလည်း ကွမ်းတွေ ပေပွနေအောင်စားထား၏။

www.burmeseclassic.com

www.burmeseclassic.com



ပစ်တိုင်းထောင်သီချင်းကို ဆိုရုံသာမဟုတ် လက်ဟန်ခြေဟန်တွေနှင့်ပါ ကလို့နေသေး၏။ ကျွန်ုပ်သည် ၎င်းအမျိုးသမီးအား စိတ်မနှံ့သူဟုထင်ကာ တပည့်မောင်ကရင်အား အဘ ဘိုးမင်းခေါင်ကန်တော့ပွဲစွန့်ထားသည့် ရခိုင်ငှက်ပျောသီးတစ်ဖီးကိုသွား၍ ပေးခိုင်းလိုက်၏။

ထိုအခါ အမျိုးသမီးသည် ငှက်ပျောသီးအဖီးကိုယူပြီး နှစ်လုံးသုံးလုံး တစ်ပြိုင်တည်း ပလုပ်ပလောင်း စားလေ၏။ ပြီးလျှင် ကျွန်ုပ်၏ ရုက္ခစိုးနန်းရှိရာ ညောင်ပင်ကြီးအနားသို့ ရောက်လာပြီး သောက်ရေအိုးထဲမှ ရေများကို တစ်ခွက်ပြီးတစ်ခွက်သောက်လေ၏။ ပြီးလျှင် ကျွန်ုပ်ထံသို့ တည့်တည့်ကြီး လျှောက်လာပြီး ဦးကုန်းချလေ၏။

ထို့နောက် ကျွန်ုပ်အား လက်အုပ်ချီပြီး ***"စိုင်ကော်လို့ ချူပေါ်ရောက်တယ်၊ ပတ္တမြားမှန်လို့ နွံမနစ်တာဘဲ၊ ပစ်တိုင်းထောင်တို့ကတော့ ပစ်လိုက်တိုင်းထောင်နေတာပါပဲ"*** ဟုဆိုပြီးဦးကုန်းချလေ၏။ ပြီးလျှင် တောင်ကြည့် မြောက်ကြည့် ဟိုကြည့် ဒီကြည့်နှင့် ကျွန်ုပ်နေထိုင် သီတင်းသုံးတဲ့ ဝါးတဲကျောင်းလေးအား အကဲခတ်ကြည့်လိုက်ပြီး "ဩော် . . . ဩော် . . အူကလာလို့ အာဂလူ ဖြစ်တာပဲ . . ဘာများဆန်းလို့လဲ" ဟုဆိုပြီး ကျွန်ုပ်အားရှိခိုးပြန်၏။

ပြီးလျှင် ကျွန်ုပ်၏ ညောင်ပင်ကြီးတွင် တွဲလောင်းလေးချိတ်ပြီး သောက်ရေအိုးလေးများ ဆွဲထားပုံကို ကြည့်ပြီး "အနုအလှ ဂမ္ဘီရတွေနဲ့လည်း မှော်ဝင်အောင် ဖမ်းစားတတ်တဲ့ အစွမ်းလည်းရှိတယ်။ မှော်ဘီဟာ မှော်အတတ်တွေနဲ့ ပြည့်နှက်နေတဲ့ ဘူမိနက်သန်ပဲ၊ ဒီလိုနေရာမှာ ဒီလိုနေနေရတာကိုက ဂမ္ဘီရဆန်နေပြီ။ ကိုယ်တော်ဘုရားတည်းလိမ့်မယ်"ဟု အမြီးအမောက်မတည့်သော စကားများကို ဆိုလေ၏။ ပြီးလျှင် ဒိဝါတပတိ အာဒိစ္စောဆိုတဲ့ ငွေရဂါထာကိုရွတ်ပြီး ၎င်း၏ ခြင်းတောင်းအစုတ်ကြီးထဲမှ ကံပွင့်အမွှေးတိုင်တစ်ထုပ်ကိုထုတ်ပြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလုံးမွန်နေအောင် လိုက်လံ၍ ထွန်းလေ၏။ သူလုပ်ချင်တာများကို ဖွတ်အတင်းလျှောက်၍ လုပ်နေလေတော့၏။ ၎င်း၏လုပ်ပုံကိုင်ပုံများကို ကြည့်ပြီး ကျွန်ုပ်တပည့်မောင်ကရင်က ဦးခေါင်းကို တဖြင်းဖြင်း ကုတ်လေ၏။ ၎င်းဦးခေါင်းကုတ်ခြင်းကို ကျွန်ုပ်သည်ရိပ်မိ၏။ တခြားတော့မဟုတ်ချေ။ ကျွန်ုပ်၏စိတ်ကို မောင်ကရင် သိ၏။ ဒီအဘွားကြီးတော့ ဘုန်းကြီး စိတ်တိုလာရင် ထပြီးပြဿနာရှာတော့မှာပဲလို့ တွေးနေပုံပေါက်၏။

ကျွန်ုပ်သည် မောင်ကရင်အား သည်းခံရန် မျက်ရိပ်မျက်ကဲပြလိုက်၏။ မောင်ကရင်သည် သည်းခံလိုက်ပြီး "အမေကြီး ... ငှက်ပျောသီးလဲ စားပြီးသွားပြီ ... ပြန်မယ်ဆို ပြန်လို့ရပြီ" ဟု ဆိုလေ၏။ ထိုအခါ ၎င်းအဘွားကြီးသည် မောင်ကရင်အား မှေးနေသော ၎င်း၏မျက်လုံးနှစ်လုံးပြူးပြီး ပြုတ်ထွက်ကျလာတော့မည့်အလား ပြူးပြဲ၍ကြည့်ပြီး ကရင့်ဦးခေါင်းကို တစ်ချက်ခေါက်လိုက်၏။ "အရက်သမား ဘာမှသောက်မှန်းကန်းမှန်း မသိ၊ အရက်သောက်ဖို့ပဲသိတယ်၊ နီမှသောင်နောင်မှသိ၊ တပည့်မရှားတစ်ပြားမရှိတဲ့ကောင်၊ ငါ ဓါတ်လုပ်နေတယ်၊ ဓါတ်မဖျက်နဲ့၊ ဓါတ်ပြုတ်ရင်လာဘ်ပြတ်သွားမယ်။ လာဘ်ပြတ်ရင် ငွေမဝင်ဘူး။ ငွေမဝင်ရင် ဘယ်လို ဘုရားတည် ကျောင်းဆောက်မလဲ၊ ဘုရားတည် ကျောင်းဆောက်တဲ့အလုပ်ဆိုတာ လွယ်တဲ့အလုပ်မှတ်နေလား။ ငွေရှိဖို့လိုတယ်၊ ငွေရှိဖို့ဆိုတာ မလွယ်ဘူး။ ငွေရှိတာထက် စေတနာရှိတဲ့ ဒါယကာ ဒါယိကာမရှိမှ ဖြစ်တာ" မှတ်ထားဆိုပြီး ကရင့်အား ခေါက်၍ လွှတ်လေ၏။

ကရင်သည် ခေါင်းလေးကုတ်ပြီး ကျွန်ုပ်နားတွင်လာပြီး ငုတ်တုတ်လေး ထိုင်နေ၏။ ထိုအခါ ၎င်းအမျိုးသမီးကြီးသည် ကျွန်ုပ်အား "မှန်လှပါဘုရား ... တပည့်တော်ရဲ့အနေအထိုင် အပြုအမူရိုင်းပျသွား



www.burmeseclassic.com

ရင်ခွင့်လွှတ်ပါ၊ တောင်းပန်ပါတယ်ဘုရား” ဟုဆိုပြီး လက်အုပ်လေး ချီကာ ရှိခိုးလေ၏။ ပြီးလျှင် “အရှင်ဘုရား၊ ဒီနေရာလေးဟာ သာမန် နေရာမဟုတ်ဘူး၊ တကယ်ကို ဘူမိနက်သန်ကျပြီး ပြီးမြောက် ခရီး ရောက်မဲ့နေရာလေးပဲ၊ အရှင်ဘုရား သေချာမှတ်ထားပါ။ ဒီနေရာဟာ နဂါးတွေနဲ့ ဆက်စပ်နေတယ်။ နဂါးသိုက်ရှိတယ်” ဟု ဆိုလေ၏။ ပြီးလျှင် ကျွန်ုပ်အား အကဲခတ်ပြီး “အရှင်ဘုရားကလဲ နဂါးမင်းကြီး ရဲ့သားပဲ၊ အရှင်ဘုရားနဲ့ ဘောဂဝတီနဂါးမယ်တော်ကြီးနဲ့က အတိတ် ဘဝက သားအမိတွေ၊ ယခုဘဝမှာလဲ အရှင်ဘုရားကို စောင့်ရှောက် နေတယ်။ အရှင်ဘုရား မကြာသေးမီအချိန်မှာ ဓါတ်ဘုရား တစ်ဆူ တည်ရလိမ့်မယ်၊ အဲဒီဓါတ်ဘုရားကလဲ ဘိုးတော်အောင်မင်းခေါင်ကြီး ဓါတ်ပန္နက်ပဲ၊ အရှင်ဘုရားကို ဘိုးတော်အောင်မင်းခေါင်ကြီး ကူညီ လိမ့်မယ်။ အရှင်ဘုရားသေချာလုပ်ပါ။ အရှင်ဘုရားနောက်မှာ ပုဂ္ဂိုလ် အစောင့်အရှောက်တွေရှိတယ် အရှင်ဘုရားက နဂါးမျိုး” ဟု ဆိုလေ ၏။

ကျွန်ုပ်သည် ထိုဒါယိကာမကြီး ပြောသောစကားကြောင့် အံ့ဩ၍ သွားလေ၏။ ကျွန်ုပ်သည် အဘဘိုးမင်းခေါင်ကြီး အိပ်မက်ပေးထား သော အမျိုးခေါ် အိုးဖော်စေတီတည်ရန် အစီအစဉ်ရှိလေ၏။ သို့သော် ၎င်းကိစ္စများကို မည်သူ့ကိုမှမပြောရသေးချေ။ ကျွန်ုပ်နှင့်အတူနေသော ကရင့်ကိုပင် မပြောမိ။ ၎င်းအမျိုးသမီးကြီးက သိနေသဖြင့် ကျွန်ုပ်အံ့ဩ လို့သွားလေ၏။ “အရှင်ဘုရား သေချာနားထောင်ပါ။ တပည့်တော်ကို ဘောဂဝတီမယ်တော်ကြီးက ခိုင်းလိုက်လို့လာခဲ့တာ ဖြစ်တယ်။ အရှင် ဘုရား အမျိုးတွေခေါ်ဖို့ အိုးပေါ်မှာ ဓါတ်ဆင်ရမယ်။ ဒီတော့ သေချာ မှတ်ပါ။ စဥ္စနဲ့လုပ်ထားတဲ့အိုးလေး သုံးလုံးလေးလုံးလောက်ကို ရှာ လိုက်ပါ။ အဲဒီ စဥ္စအိုးလေးတွေကို ကြီးစဉ်ငယ်လိုက် ဆင့်ရမယ်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှင် စဥ္စနဂါးရုပ်တစ်ရုပ်ကို ဆင့်ထားတဲ့အိုးတွေပေါ်မှာတင်ပြီး နံနက်တိုင်း အမွှေးနံ့သာရေနဲ့လောင်းပါ။ ဘောဂဝတီနဂါးမယ်တော်ကြီးကိုလည်း မေတ္တာပို့ ဆုတောင်းပါ။ အရှင်ဘုရားရဲ့ ပဌာန်းဆက်တွေရောက်လာပါလိမ့်မယ်။ အရှင်ဘုရားမခေါ်လို့ မရောက်လာသေးတာပါ။ အရှင်ဘုရားခေါ်တာနဲ့ လာပါလိမ့်မယ်။ ပြီးရင် ရှမ်းခါတ်ဆင်တဲ့အနေနဲ့ ရှမ်းအိုးစည်တီးပါ'' ဟု ဆိုလေ၏။

ထို့နောက် သူမ၏ပိုက်ဆံအိတ် အစုတ်အပြတ်လေးထဲမှ ငွေငါးထောင်ကို ထုတ်၍ လှူလေ၏။ ထို့နောက် ''ငါထောင်ပြီ၊ ငါထောင်ပြီ၊ ငါထောင်ပြီ''ဟု သုံးခါရွတ်ဆိုကာ ''ကဲ ... ကိုယ်တော်လေး ဒီလိုမနေပါနဲ့၊ နဂါးမှန်းသိအောင်အမောက်တော့ ထောင်သင့်ပြီ'' ဟု ပြောပြီး ''န နဂါးမောင် အမောက်ထောင်၊ န .. နဂါးမောင် အမောက်ထောင်''ဆိုကာ ကျွန်ုပ်နှင့်ကရင်အားနှုတ်ဆက်၍ ထွက်ခွာသွားလေတော့သည်။

ကျွန်ုပ်လည်း ၎င်းအဘွားကြီး၏ လုပ်ပုံကိုင်ပုံဆန်းများကို တအံ့တသြဖြင့်ကြည့်ကာ ပါးစပ်အဟောင်းသားဖြင့် ဘာမျှမပြောနိုင်ဘဲ ကျန်ခဲ့ရလေ၏။ နောက်တစ်နေ့တွင် ကျွန်ုပ်ထံသို့ တပည့်တစ်ဦးဖြစ်သော EPC မှ ဗိုလ်မှူးကြီးခင်မောင်သွင် ရောက်ရှိ၍လာလေ၏။ ၎င်းသည် မော်ဘီ EPC ရုံးတွင်တာဝန်ကျသဖြင့် ကျွန်ုပ်အား လာရောက် ဖူးမြော်ခြင်းဖြစ်၏။ ''ဘုန်းဘုန်းနေကောင်းလား ဘုရား'' ''ကောင်းပါတယ်၊ ဒကာကြီးကော ဘယ်လိုဖြစ်လို့လဲ'' ''ဘယ်လိုမှ မဖြစ်ပါဘူး ဘုရား။ တပည့်တော် မော်ဘီမှာ တာဝန်ကျတယ်၊ တာဝန်ကျရတာကလည်း တခြားတော့မဟုတ်ပါဘူး ဘုန်းဘုန်းရယ်၊ ကိုယ့်ဆရာတပည့်ချင်းချင်းမို့ အရင်းကြီးဆိုတော့ မရက်တော့ပါဘူး။ ပြောပြမယ် တပည့်တော်အဆင့်နဲ့ ဒီနေရာရောက်ဖို့ မလိုပါဘူး။ ဒီနေရာမှာသူတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်ထက် အများကြီး သားဗစ်(စ်)နေတယ်။ တပည့်တော် အော်ဟစ်ဆဲဆို သုံးမနေတဲ့တပည့်တွေ အဆင့်ပဲရှိတယ်။ အခုမှော်ဘီရုံးကို ရောက်လာတာကလည်း အထက်လူကြီးက ငြိုငြင်လို့ ရာထူးကျပြီး ရောက်လာရတာပဲ ဘုရား'' ဟု ဆိုလေ၏။ ထိုအခါ ကျွန်ုပ်လည်း''ဘာဖြစ်လဲ ဒကာကြီးရယ်၊ ရာထူးဆိုတာ ရှုးတာပါပဲ၊ နိမ့်လိုက်ကျလိုက်နဲ့အနိစ္စ အမြဲမရှိတဲ့သဘောတွေပါ''ဟု တရားချလိုက်၏။

ထိုအခါ ဗိုလ်မှူးခင်မောင်သွင်က ''နိမ့်လိုက်ကျလိုက်တရားသဘောတော့ တပည့်တော်သိပါတယ်ဘုရား ဒါပေမယ့် တပည့်တော်က အသက်ကြီးပြီ၊ နောက်(၅)နှစ်(၆)နှစ်ဆို ပင်စင်သွားရတော့မယ်။ ဒီတော့ ကိုယ့်ဆရာတော်ပဲ အားကိုးရတော့မယ်၊ တပည့်တော်ကို ရာထူးမတက်ရင်နေပါစေ၊ နဂိုနေရာကိုပဲပြန်ရောက်အောင် ကူညီ မစ စောင့်ရှောက်တော်မူပါ''ဟု ဆိုလေ၏။ ထိုအခါ ကျွန်ုပ်သည် အတန်ငယ်စဉ်းစားတွက်ချက်လိုက်ပြီး ''အေး ...ဟုတ်ပြီ၊ မနက်ဖြန် တနင်္ဂနွေနေ့ဆိုတော့ ဒကာကြီး ကျုပ်ဆီ နံနက်စောစောရောက်အောင် လာခဲ့၊ ခင်ဗျားကို ရာထူးအမြန်တိုးတဲ့ ယတြာတစ်ခုပေးမယ်။ ဒီယတြာဟာ သာမန်တော့ မဟုတ်ဘူး။ ဗားမဲ့ဆရာတော်ဘုရားကြီး ပေးထားတဲ့ယတြာ။ မနက်ဖြန် လာဖြစ်အောင်လာပြီးယူပေတော့'' ဟု ၎င်းအား ပြောလိုက်သည်။

ထိုအခါ EPC အရာရှိကြီး ဗိုလ်မှူးခင်မောင်သွင်သည် ၎င်း၏ EPC ရုံးမှပေးထားသော မာစဒါဂျစ်ကား စုတ်လေးကိုကာ မီးခိုးများတအူအူထွက်အောင် စက်နှိုးပြီး ကျွန်ုပ်ကို နှုတ်ဆက်ကာ ပြန်သွားတော့၏။ နောက်နေ့ နံနက်တွင် ဗိုလ်မှူးခင်မောင်သွင် ကျွန်ုပ်ထံ ရောက်ရှိလာ၏။ ကျွန်ုပ်သည် စာရွက်လေးတစ်ရွက် ထုတ်ပေးလိုက်ပြီး မှော်ဘီဈေးတွင် ခါတ်ပူးတစ်လုံးနှင့် တာအိုးတစ်လုံး ဆယ်ခိုင်းလိုက်၏။

www.burmeseclassic.com



ထိုအခါ ဗိုလ်မှူး ခင်မောင်သွင်သည် သူ့တပည့်လေးအား မော်ဘီဈေးသို့ ချက်ချင်းလွှတ်၍ဝယ်ခိုင်းလိုက်လေ၏။

ပြန်ရောက်လာသောအခါတွင် ကျွန်ုပ်သည် ၎င်းဝယ်လာသော ဓါတ်မှူးအသစ်ကို တစ်စစီ ဆွဲထုတ်ပြီး အထဲမှ ဓါတ်သားပြောင်ပြောင်ကို ယူလိုက်သည်။ ထို့နောက်ဘေးမှ ကျွန်ုပ်တပည့်ကရင်အား "ဟော့ ကောင် ကရင်. . . ဒီတာအိုးထဲကို သဲအပြည့်ထည့်ပြီးယူလာခဲ့"ဟု လှမ်းပြောလိုက်သည်။ ကရင်သည်ချာကနဲ လှည့်ထွက်သွားပြီး တာအိုးထဲသို့ သဲအပြည့်ထည့်လာ၏။ ထိုအခါ ကျွန်ုပ်သည် ၎င်းတာအိုးထဲသို့ ဓါတ်သား ပြောင်ပြောင်ကြီး၏ အဝကို ပြောင်းပြန်ထိုးစိုက်လိုက်ပြီး ဓါတ်ကစားလေတော့၏။ ဗိုလ်မှူးခင်မောင်သွင်က "ဘုန်းဘုန်း . . . အဲဒါဘာလုပ်တာလဲ" "ဒါ ဓါတ်မိအောင် ဓါတ်ကစားတယ်လို့ ခေါ်တယ် ဒကာကြီးရဲ့၊ ဗိုတွေ မီးတွေ ထိုးပြီး ဓါတ်ကစားတာက ကြာတယ်။ ဒီလိုဓါတ်ကစားတာက မြန်တယ်"ဟု ရယ်ပြီးပြောလိုက်၏။ ဦးခင်မောင်သွင်လဲ သဘောပေါက်သွားပုံရ၏။ ထို့နောက် ကျွန်ုပ်သည် ဆော့ပင်(န်) တစ်ချောင်းယူလိုက်ပြီး ဓါတ်သားပေါ်တွင် တောက်တဲ့ ဟူသောစာသားကို ရေးလိုက်၏။ "တောက်တဲ့ဆိုတော့တက်တော့ပေါ့ ဒကာကြီးရေ၊ ဒီအတိုင်းယူသွားပြီး ဘုရားစင်မှာ လျှုထား၊ နေ့တိုင်း အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်းပြီး ဒီဓါတ်သားလေးကို လှည့်လှည့်ပေး၊ ဒါ ဓါတ်ကစားတယ် လို့ခေါ်တယ်၊ သေသေချာချာလုပ်" ဟု ပြောကာ ဓါတ်ဆင်ပေးလိုက်၏။ မှန်ပါတယ်၊ ဒီယတြာလေးလုပ်ပြီး (၂)လ မကြာပါဘူး ဗိုလ်မှူးခင်မောင်သွင်တစ်ယောက် ရာထူးပြန်ပြီး တိုးတော့တာပါပဲ။

၎င်းဗိုလ်မှူးခင်မောင်သွင်သည် ရာထူးတိုးသွားသဖြင့် လွန်စွာ ကျေးဇူးတင်ပြီး ကျွန်ုပ်အား အားရကျေနပ်လောက်အောင်ကိုလှူတော့

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ကျွန်ုပ်ယခုချေပေးသော ယတြာသည် လွန်စွာထိရောက်လေ၏။ ရာထူးပြုတ်မလိုဖြစ်သူများ၊ ရာထူးမြဲသွား၏။ ရာထူးမတိုးတဲ့လူတွေ ရာထူးတိုးတက်သွား၏။ ငွေကြေးခက်ခဲနေသူများလည်း ငွေကြေးအဆင်ပြေလို့သွားလေ၏။ ၎င်းဓာတ်သားယတြာ ဆရာတွေ့ဒါတွေ့ယတြာတစ်ခုဖြစ်လေ၏။ ကျွန်ုပ်သည် ၎င်း ယတြာလေးအား ကျွန်ုပ်ကိုယ်တိုင်ကို စီရင်ခဲ့လေတော့၏။ ကျွန်ုပ် ဓါတ်ဆက်၊ ပဋ္ဌာန်းဆက်များမှာလဲ ဟိုအမျိုးသမီးကြီးပြောသည့်အတိုင်း တစ်ဦးပြီးတစ်ဦး ရောက်ရှိလို့လာခဲ့လေတော့၏။

ကျွန်ုပ်သည် စဥ့်အိုးလေးများပေါ်တွင် စဥ့်နဂါးကို တင်ပြီး ရေလောင်းသည့်ယတြာမှာလည်း လွန်စွာ အစွမ်းပြလေတော့၏။ ကျွန်ုပ်ထံ ရောက်လာသူ အမျိုးသမီးများသည် နဂါးသိုက်မှ ပဋ္ဌာန်းဆက်များသာ ဖြစ်လို့နေ၏။

ရှမ်းအိုးစည်တီးတိုင်းလည်း နဂါးသိုက်မြှူး၍နေလေတော့၏။

ကျွန်ုပ်သည် ဗိုလ်မှူးခင်မောင်သွင်လှူသောအလှူငွေဖြင့် ချက်ချင်းစဥ့်အိုးလေးတွေဝယ်ရလေ၏။ စဥ့်အိုးသုံးလုံးဝယ်၍ တစ်လုံးပေါ်တစ်လုံးဆင့်လိုက်၏။ ပြီးလျှင် ၎င်းစဥ့်အိုးသုံးလုံးပေါ်သို့ နဂါးရုပ်တင်လိုက်၏။ ၎င်းနဂါးရုပ်မှာလည်း စဥ့်နှင့်လုပ်ထားသော စဥ့်နဂါးဖြစ်လျှင် ပိုကောင်း၏။ ထို့ကြောင့် ကျွန်ုပ်မှာ စဥ့်နဂါးကို မရအရရှာဝယ်ရတော့သည်။ ၎င်းနည်းမှာနဂါးသိုက်များနှင့်ဆက်နွယ်၍ ဓာတ်ဆင်သောနည်းဖြစ်သည်ဟု အမျိုးသမီးကြီးက သင်ပြသွား၏။ "အရှင်ဘုရား ဒီနည်းဟာနဂါးသိုက်ကို လှမ်းပြီးခေါ်တဲ့နည်းပဲ၊ နဂါးတွေဟာ သာသနာပြုတဲ့အရှင်မှာပါတယ်။ ဝိရူပက္ခနဂါးမင်းဆိုတာ နတ်မင်းကြီးလေးပါးစာရင်းဝင်ပဲ၊ နဂါးတွေကို အုပ်ချုပ်တဲ့သူပေါ့။ နဂါးသိုက်ချုပ်မယ်တော်ကတော့ ဘောဂဝတီနဂါးမယ်တော်ကြီးပဲ၊ အဲဒီမယ်တော်ကြီးက အရှင်ဘုရားရဲ့ မယ်



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးပဲ၊ အရှင်ဘုရားကို စောင့်ရှောက်တယ်''ဟု ပြောလေ၏။ ကျွန်ုပ်သည် ၎င်းအမျိုးသမီးကြီးပြောသည့်အတိုင်း ကရင့်ကိုခေါ်ပြီး စဥ့်အိုးသုံးလုံးကိုဆင့် နဂါးရုပ်ကိုတင်ကာ နဂါးကိုရေလောင်းပြီးလျှင် ခန္ဓသုတ်၊ မေတ္တာသုတ်ကို ရွတ်ပြီး နဂါးသိုက်ချုပ်ဘိုးတော်၊ နဂါးမင်းကြီး၊ နဂါးမယ်တော်၊ နဂါးဒေဝါ၊ နဂါးဒေဝီအပေါင်းတို့အား မေတ္တာပို့လိုက်၏။ ၎င်းနေ့ကိုကျွန်ုပ်မှတ်မိနေ၏။ အကြောင်းမှာ ထိုနေ့သည် ကျွန်ုပ်၏ မွေးနေ့ စနေနေ့ပင်ဖြစ်သောကြောင့်တည်း။

ထိုသို့ပြုလုပ်ပြီး တအောင့်ကြာသော် ကျွန်ုပ်၏ကျောင်းဝန်းအတွင်းသို့ ကားတစ်စီးဝင်လာ၏။ မိသားစုမှာများလှသည်။ အယောက် လေးငါးဆယ်ခန့်ရှိမည်။ ကားမောင်းသူသာ အမျိုးသားဖြစ်၍ ကျန်သူများမှာ အမျိုးသမီးများသာဖြစ်၏။

၎င်းအမျိုးသမီးများသည် ကျွန်ုပ်အားပိုင်း၍ ရှိခိုးကြပြီးလျှင် ''တပည့်တော်တို့ လမ်းကြုံလို့ဝင်လာတာပါ။ မှော်ဘီကို မရောက်ဖူးဘူးဘုရား။ ဒါပေမယ့် ဒီနေရာလေးကိုဖြတ်သွားတော့ ဝင်ချင်တဲ့ စိတ်ဆန္ဒဖြစ်လာတာနဲ့ဝင်လာခဲ့တာပါဘုရား'' ဟု လျှောက်၏။ ပြီးလျှင် ကျွန်ုပ်လုပ်ထားသော စဥ့်အိုးလေးနှင့်နဂါးကိုကြည့်ပြီး ''ဘုန်းဘုန်း ဒီနဂါးရုပ်ကို ရေလောင်းလို့ ရမလား''ဟုမေးလေ၏။ ထိုအခါ ကျွန်ုပ်က ''ရတယ်၊ လောင်း'' ဟုမိန့်လိုက်၏။ ထိုအခါ ၎င်းအမျိုးသမီးလေးသည် ငွေဖလားထဲသို့ ရေထည့်ပြီး အမွှေးနံ့သာများထည့်ကာ ရေလောင်းလေတော့၏။

ပြီးလျှင် အကြီးဆုံး အသက်လေးဆယ်ကျော်ခန့် အမျိုးသမီးက ကျွန်ုပ်အား ''တပည့်တော်တို့က ဗိုလ်တထောင်ဘုရားကပြန်လာတာ၊ ဒီနေ့အမေတော်မြနန်းနွယ်ရဲ့မွေးနေ့လေ၊ ကြာဖံကြော်ဒါနလှူပြီး ဘုရားစုံဖူးမယ်ဆိုပြီးလာတာပါဘုရား'' ဟု ပြောလေ၏။ ပြီးလျှင် ''အရှင်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုလဲ အမတော်မြနန်းနွယ်ရဲ့ပုံလေးတစ်ပုံလက်ဆောင်ပေးဦးမယ်''ဟု ဆိုကာ ဓါတ်ပုံလေးတစ်ပုံထုတ်ပေး၏။ ထိုအခါ ကျွန်ုပ်သည် အမတော်မြနန်းနွယ်၏ လက်အုပ်လေးချီထားသောပုံကို ရလေ၏။ ထို့နောက် ၎င်းတို့ ညီအစ်မတစ်စုသည် ကျွန်ုပ်၏ဝါးကျောင်းလေးအား ဟိုဟိုဒီဒီလျှောက်ကြည့်၍ နှုတ်ဆက်ကာ ပြန်သွားလေ၏။

ကျွန်ုပ်သည် သူတို့ပေးသွားသော အမတော်မြနန်းနွယ်၏ ပုံလေးအား သေချာစွာကြည့်၍ မေတ္တာပို့ပေးပြီးလျှင် ကျောင်းနံရံထရံကြားတွင် အမွှေးတိုင်တုတ်ဖြင့် စိုက်ကာညှပ်ထားလိုက်၏။ ကျွန်ုပ်၏ ကျောင်းကလေးသည် ဝါးလုံးများ၊ ထရံများဖြင့် လှပသေသပ်စွာ ဆောက်လုပ်ထားသော ဝါးကျောင်းလေးဖြစ်၏။ သို့သော်ဘုရားစင်မှာ သိပ်မပြည့်စုံသေးချေ။ ဘုန်းကြီးတစ်ပါးမှလက်ဆောင်အဖြစ်ပေးသော မြတ်စွာဘုရားပုံတော်ကိုသာ ပူဇော်ထားရခြင်း ဖြစ်လေ၏။ ခမ်းခမ်းနားနားမရှိပေ။ နက်ဖြန်နံနက် ဘုရားရှိခိုးဝတ်ပြုရန်ပင် အမွှေးတိုင် ဖယောင်းတိုင်လုံလုံလောက်လောက် မရှိတော့ချေ။ ဒီလိုနှင့်ကျွန်ုပ်သည် ဘုရားစင်ရှေ့တွင် လက်ကျန်ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိ ပူဇော်လိုက်ပြီး သမ္ဗုဒ္ဓေ (၁၀၀၀) ပုတီး စိပ်လေ၏။ ပြီးလျှင် ကျွန်ုပ်သည် အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ လမ်းစောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်များပါမကျန် မေတ္တာပို့အမျှဝေ၏။ ထို့နောက်တွင် ကိုးသိန်း၊ ကိုးသန်း၊ ကိုးသောင်း၊ ကိုးထောင်၊ ကိုးရာ ကိုးဆယ့်ကိုးသိုက်နန်းရှင်များ၊ မဏိမေခလာနတ်သမီး၊ ထီးချက်စောင့်နတ်သမီး၊ ဒေဝကိန္နရီ၊ မနုဿကိန္နရီ၊ ဒေဝီကိုးပါး၊ ဒေဝီဆယ်ပါး မကျန် မေတ္တာပို့ကာ အမျှအတန်းပေးဝေ၏။

ထိုသို့ ကျွန်ုပ်အာရုံစူးစိုက်ကာ မေတ္တာပို့ အမျှအတန်းပေးဝေနေချိန်တွင် ကျွန်ုပ်အနောက်မှအသံတစ်သံကို ကြားရ၏။ ညကလဲ

www.burmeseclassic.com



(၁၀)နာရီလောက်ရှိပြီ။ ကျောင်းမှာလျှပ်စစ်မီးကလည်းမရှိ၊ ဖယောင်းတိုင်လေးတစ်တိုင်ရဲ့ အလင်းရောင်သာရှိလေ၏။ ကျွန်ုပ်သည် မေတ္တာသာ ဆက်၍ပို့နေရသော်လည်း အနောက်မှ လှုပ်လှုပ်, လှုပ်လှုပ် ဖြစ်နေသလို ခံစားနေရ၏။ သနပ်ခါးနံ့လိုလို၊ ရေမွှေးနံ့လိုလို၊ ပန်းနံ့လိုလို အမွှေးနံ့များလည်း ကျွန်ုပ်နှာခေါင်းဝတွင် မွှေးကြိုင်နေ၏။ ကျောချမ်းသည်ဆိုသည်မှာ ဒါမျိုးကိုဆိုသလားဟုပင် တွေးမိ၏။ ကျွန်ုပ်မှာ နောက်ကျောမလုံသလို ဖြစ်နေ၏။ ကျွန်ုပ်လည်း မေတ္တာနာနာပို့နေ၏။ ထိုအခါ မွှေးရနံ့များသည် ပျောက်မသွားဘဲ ပိုလို့သာမွှေးလာသလိုခံစားရ၏။ ငို ရှိုက်သံသဲ့သဲ့ပင်တိုး၍လာသေးသည်။ ကျွန်ုပ်လည်း ဘုရားကိုသာအာရုံပြုပြီး စိတ်ကိုတည်ငြိမ်အောင် ဖန်တီးရလေ၏။ ထိုအခါ ငိုသံသဲ့သဲ့သည်တိတ်ဆိတ်နေသောညအချိန်တွင် ပို၍ ထင်ရှားစွာကြားနေရသည်။ ကျွန်ုပ်၏ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ အမျှဝေခြင်းပြီးဆုံးသွားသည့်အခါ အနောက်မှ သာဓု . . . သာဓု . . . သာဓု ဆိုသော အသံကြီး ထင်ထင်ရှားရှား ထွက်ပေါ်လာသောအခါတွင်မူ ကျွန်ုပ်ထွက်ပြေးချင်လောက်အောင်ပင် လန့်ဖျပ်၍သွားလေတော့၏။ ထို့နောက် စိတ်ကိုတည်ငြိမ်အောင်ထားလိုက်ပြီး မြတ်စွာဘုရားရှင်အားသေချာစွာစိုက်ကြည့်ကာ ဖြစ်ချင်ရာဖြစ်တော့ကွာဟု နောက်သို့ဆတ်ခနဲ လှည့်ကြည့်လိုက်တော့သည်။ ထိုသို့အားတင်း၍ လှည့်ကြည့်လိုက်ကာမှ ကျွန်ုပ်မိမိကိုယ်မိမိ လိပ်ပြာလွင့်မတတ် ခံစားသွားရ၏။ နောက်ပြန် ပြန်လဲကျမသွားအောင် မနည်းထိန်းထားသည့် ကြားမှ ခြေနှစ်လှမ်းစာလောက် နောက်ဆုတ်သွားသည်။ ရင်များလည်းအငယ်မတန် လှုပ်ရှားသွားရ၏။ တွေ့လိုက်ရသည့်မြင်ကွင်းမှာ ယနေ့ထိုင် မမေ့နိုင်ပါ။

အမျိုးသမီးတစ်ဦး သနပ်ခါးပါးကွက်ကြားနှင့် ဆံပင်များလျှားချကာ

www.burmeseclassic.com



ခန္ဓာကိုယ်မှာလည်းပုနေသဖြင့် ရှေ့နောက်ယိမ်းထိုးနေ၏။ လက်ထဲတွင်လည်း ပန်းစည်းကြီးကိုင်ထားလေသည်။ "ဟာ ... ဘုရား ... ဘုရား ညကြီးမင်းကြီး ငါ့မှာလည်း တစ်ပါးထဲ၊ ကရင်ကလည်းလမ်းထိပ်ခဏဆိုပြီး ထွက်သွားတာ ပေါ်ကိုမလာတော့ဘူး။ ဒုက္ခတော့ရောက်ပြီ"ဟု စိတ်ကတွေးနေမိတယ်။ ရှေ့မှအမျိုးသမီးကိုလဲ လူလား၊ နတ်လား၊ သရဲလားဟု တစ်ဆက်တည်းတွေးမိတယ်။ "ဟဲ့ ... ဟဲ့ အမိနင်က ဘယ်သူလဲ၊ ဘယ်ကလာတာလဲ"ဟု အားတင်းလျက် အသံပြတ်နှင့်မေးလိုက်၏။ ထိုအခါ ၎င်းဆံပင်ဖားလျားနှင့်အမျိုးသမီးက "ဘုန်းဘုန်းတို့ကတော့ လုပ်ပြီ၊ တပည့်တော်က လူပါ၊ ပန်းရောင်းတဲ့ ပန်းသည်၊ တိုက်ကြီးကနေ ပန်းယူပြီး မြောက်ဥက္ကလာ နှစ်ရပ်ကွက်ဈေးမှာ ပန်းသွားရောင်းမလို့" "ဟေ ... ဒါဆိုလဲသွားပါလား၊ ဘာလို့ငါ့ကျောင်းထဲရောက်နေတာလဲ" ကျွန်ုပ်လည်း အလွန်အမင်း လန့်သွားအောင် လုပ်သည့်အတွက် စိတ်တိုတိုနှင့်ဖိဟောက်တော့၏။ လူမှန်းကျိန်းသေသွားတာလဲ ပါလိမ့်မည်။ "မှန်ပါဘုရား၊ ဘုန်းဘုန်းမေးတာတွေ အကုန်ဖြေပါ့မယ်၊ အခုလောလောဆယ်တော့ မောလွန်းလို့ ရေလေးတစ်ခွက်လောက်တိုက်ပါ၊ ရင်တွေတအားပူပြီး မောလွန်းလို့၊ ပင်ပန်းလွန်းလို့ပါ။"

ထိုအခါ ကျွန်ုပ်က "ဟေ့... ဘယ်လိုများဖြစ်ရတာလဲ" "ဘုန်းဘုန်းရယ်၊ မေးချင်တာတွေနောက်မှ မေးပါ၊ အခုလောလောဆယ် ရင်တွေပူပြီး မောလွန်းလို့ ရေသာမြန်မြန်တိုက်ပါ" ဟု အသက်မရှူတမ်း ရေကိုသာ တွင်တွင်တောင်းနေလေတော့သည်။ ထိုအခါ ကျွန်ုပ်လည်း ကပျာကယာ ရေတစ်ခွက်ပြေးခပ်ပြီး ထိုအမျိုးသမီး၏ ရှေ့တွင် ခမ်းတွင် ရေခွက်ကိုတော့ပေးလိုက်တော့၏။ ဤသို့ တိုက်ခြင်းမှာလည်း သူမ၏ လက်တွင် ပန်းစည်းကြီးကိုင်ထားသဖြင့် လက်နှစ်ဖက်

www.burmeseclassic.com

လုံး မအားသောကြောင့်ဖြစ်သည်။ လက်မအားလို့သာ တိုက်ရသည် သူမအားသိပ်တော့မယုံကြည်ပေ၊ သရဲလား၊ တစ္ဆေ လားဟုလန့်နေမိသေးသည်။ ကရင်မှာလဲ ယခုထိပေါ်မလာနိုင်သေးပေ။ ၄င်းမိန်းမကြီးမှာလဲ ရေကို တဂွပ်ဂွပ်နဲ့ မော့ချနေသည်မှာ ကြွက်တွင်းထဲသို့ရေများလောင်းချနေရသလားပင် ထင်မိသည်။ ဒီလောက်သောက်နေတာတောင် နောက်တစ်ခွက်ထပ်ပေးပါဟု ပြောသဖြင့်တစ်ခွက်ထပ်တိုက်ရသေး၏။ ထိုအခါမှ ၄င်းမိန်းမကြီး ရေငတ်ပြေဟန်တူသည်၊ တဆတ်ဆတ် တုန်နေသော သူမ၏ကိုယ်မှလဲ ငြိမ်သက်သွား၏။

ထို့နောက် ကျွန်ုပ်အား "ကန်တော့ပါဘုန်းဘုန်း၊ တပည့်တော် ဒီပန်းတွေကို အရှင်ဘုရားကိုလှူပါတယ်"

"ဟဲ့ ... နင့်ပန်းတွေက အများကြီး၊ နင်ရောင်းဖို့မဟုတ်လား။ ကျောင်းအတွက် လိုသလောက်ပဲ ထားခဲ့ပြီး နင်ရောင်းဖို့ ပြန်ယူသွား"

"မယူပါရစေနဲ့ ဘုန်းဘုန်းရယ်၊ တပည့်တော် အကုန်လှူပါတယ်၊ အရှင်ဘုရားအလှူခံတော်မူပါ" ဆိုပြီး သူမရောင်းမည့် ပန်းစည်းကြီးနှစ်စည်းကို ကျွန်ုပ်အား အတင်းထိုးပေးလေ၏။ ထိုအခါ ကျွန်ုပ်လည်း "သာဓု ... သာဓု ... သာဓု" ဟု သာဓု အနုမောဒနာ သုံးကြိမ်ရွတ်ဆိုပြီး သူမ၏ အလှူဒါနကို အသိအမှတ် ပြုလိုက်ရလေသည်။

ထိုအခါ အမျိုးသမီးကြီးက "တပည့်တော်က နဂါးသိုက်အဆက်ရှိတယ် ဘုရား၊ တပည့်တော် တိုက်ကြီးမှာ ပန်းသွားယူပြီး ပြန်တဲ့အခါ ကားခေါင်းခန်းက အမြဲစီးပါတယ်ဘုရား၊ ဒီနေ့မှ ထူးထူးခြားခြား တပည့်တော် စီးတဲ့ကားနောက်က မြွေကြီး အကြီးကြီးလိုက်လာတယ်၊ ဒါပေမယ့် ဒီမြွေကြီးကို တပည့်တော်တစ်ယောက်ပဲမြင်နေရတယ်၊ တစ်ခါတစ်ခါ တပည့်တော်ဘေးနားကို မြွေကြီးက ကပ်လာတယ်၊ မြင်ရရင် မြွေကြီးက ကားနဲ့ယှဉ်ပြီးပြေးနေသလိုပဲ၊ မြောင်းတကာလဲ ရောက်ရော

www.burmeseclassic.com



မြွေကြီးက လူဖြစ်သွားပြီး တပည့်တော်ကို သေချာစိုက်ကြည့်တယ်၊ ပြီးတော့ "ဒီပန်းတွေ ငါ့သားကို သွားလှူလိုက်၊ ငါ့သားကို သွားလှူလိုက်" ဆိုပြီး ထပ်ခါ ထပ်ခါ ပြောတယ်၊ တပည့်တော်လဲ ကြောက်ကြောက်နဲ့

"အဒေါ့်သားက ဘယ်မှာလဲ"လို့မေးလိုက်တော့-

"ငါလိုက်ပြမယ်၊ ငါ ဆင်းဆိုတဲ့နေရာမှာ နင်ဆင်းလိုက်လို့" ပြောတယ်၊ သူကမြွေကြီးဖြစ်လိုက် လူဖြစ်လိုက် စကားတွေပြောလိုက်နဲ့ဆိုတော့ တပည့်တော်ကြောက်လိုက်တာ မပြောပါနဲ့တော့၊ အသားတွေတောင် ဆတ်ဆတ်ဆတ်ဆတ်တုန်တယ်။ သူက မြွေကြီး ဖြစ်လိုက်၊ လူဖြစ်လိုက်နဲ့။ တပည့်တော်က သူ့ကို မသိသလိုနေရင် ကားရှေ့က နေပိတ်ပြီး ရပ်ပြတယ်၊ တပည့်တော်က ကားသမားကို ရှေ့မှာ "မြွေ ... မြွေ ... မြွေ" ဆိုပြီးပြောတော့ ကားသမားက

"ဘာမှမရှိပါဘူး အဒေါ်ရယ်" လို့ပြန်ပြောတယ်၊ တပည့်တော်ကလဲ

"ရှိတယ်၊ ငါမြင်နေရတယ်" လို့ပြန်ပြောလိုက်တယ်။ နောက်ဆုံး တပည့်တော်ဖွင့်ပြောတော့ စပယ်ယာကိုခေါ်ပြီး-

"ဒီ အဒေါ်ကြီးကို နောက်ခန်းမှာ ခေါ်ထားစမ်းကွာ၊ ရှေ့မှာဘာတွေ ပြောမှန်းမသိဘူး၊ ငါကားမောင်းရတာ အဆင်မပြေဘူး၊ သူထင်ရာမြင်ရာတွေ ပြောနေတာ၊ ငါအာရုံနောက်လာပြီ တော်ကြာ ကားပါ အန္တရာယ်ရှိတယ်" ဆိုပြီး တပည့်တော်ကို ကားနောက်ခန်းထဲကိုပို့ကြတယ်။

"သူတို့ မမြင်ဘူး၊ တပည့်တော် တစ်ယောက်ထဲမြင်နေရတာ။ ဒါကိုတပည့်တော်ကို လူတွေက ရူးနေတယ်ထင်တယ်။ မှန်ပါတယ်၊ ဒီမြွေကြီးကိုတပည့်တော်ပဲ မြင်တာပါ။ အခုလည်းမြင်နေတယ်။ အရှင်

www.burmeseclassic.com



ဘုရားရဲ့နားမှာ''ဟုဆိုသဖြင့် ကျွန်ုပ်တောင် လန့်သွားတယ်။

''ဘယ်မှာလည်း ဒကာမကြီးရဲ့ ကျုပ်လဲမမြင်ပါဘူး။ ခင်ဗျား တော့ ဒုက္ခပဲဘာတွေဖြစ်နေတာလဲ''

''မဒုက္ခပါဘူး၊ တပည့်တော်မ မညာပါဘူး၊ မြင်နေရလို့မြင်တယ် ပြောတာပါ။ အခုဒီမြွေကြီးက လမ်းပြလို့ အရှင်ဘုရားကျောင်းထဲကို ရောက်လာတာပါ'' ဟုဆိုတယ်။

''ဟာ ဒုက္ခပဲ အရူးမကြီးလား မသိပါဘူး''ဟု ကျွန်ုပ် စိတ်ထဲတွေး လိုက်တယ်။

ထိုအခါဒကာမကြီးက ''မရူးပါဘူး၊ အရှင်ဘုရားယုံပါ'' ဟုဆို တယ်။ ပြီးလျှင် ကျွန်ုပ်အား ငွေငါးထောင်လှူတယ်။

''ဒကာမ .. ဒီပန်းတွေက..''

''အရှင်ဘုရားကိုလှူလိုက်ပြီ။ အရှင်ဘုရားပဲ ဘုရားကိုလှူလိုက် ပါ'' ဟုဆိုကာပြောတယ်''

''ကဲ.. ဒါဆိုလည်း ကိုယ်တိုင်ကိုယ်ကျ ဘုရားကပ်ဟု ပန်းအိုး တွေချပေးလိုက်တယ်''

''မလုပ်ပါနဲ့ဘုရား။ တပည့်တော်မသွားရဲဘူး။ အရှင်ဘုရား တစ်ကျောင်းလုံးမြွေတွေချည်းပဲ''

''ဟာ ဘယ်မှာလဲ မရှိပါဘူး''

''နေပါစေ။ တပည့်တော်ပြန်မယ်။ ဒီပန်းတွေကို ကိုယ့်ဖာသာ ကိုယ်သာလှူ''ဟုဆိုကာ ကျွန်ုပ်အား ပန်းစည်းများကိုချထားပြီး ဦးကုန်း ချကာ ဆိုင်ကယ်ကယ်ရီငှား၍ စုပေါင်းရုံးထိပ်သို့ ပြန်သွားလေတော့ တယ်။ ထိုအချိန် ကရင်ရောက်လာတယ်၊ ဒီမိန်းမကို သေချာကြည့် ပြီး

''ဘုန်းကြီး ... ဒီမိန်းမကြီးက ဘယ်ကလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ အခုမှ ဘယ်ကာလဲ . . . ဟုတ်လား။ ငါ ဘုရားရှိခိုးနေတာ။ ငါ့နားမှာမနေဘဲနဲ့ ဘယ်ကိုသွားနေတာလဲ။ ဒီမှာလိပ်ပြာလွင့်ပြီးသေတော့မလို့၊ မင်းတို့များ အားကိုမကိုးရဘူး" စသည်ဖြင့် ငေါက် လိုက်တယ်"

"အရှင်ဘုရား . . . ပန်းတွေများလှူချည်လား"

"ဟုတ်တယ်၊ ဒီပန်းသည်က ပန်းတွေအကုန်လုံး ငါ့ကိုလှူသွားတာ"ဟု ဆိုလိုက်တယ်။

"ဟာ ဒီလောက်များတဲ့ပန်းတွေ ဘယ်မှာထိုးမှာလဲ"

"တစ်ခြံလုံးသာထိုးကွာ။ ဘုရားလှူပြီးရင် ငါဓာတ်ဆင်ထားတဲ့နေရာမှာ ပန်းတွေအကုန်လုံးလှူလိုက်၊ နောက်မှတ်ထား။ ငါဘုရားရှိခိုးနေရင် ဘယ်မှမသွားနဲ့၊ အနားမှာနေ"ဟု ဆိုကာ ငေါက်လိုက်၏။

နံနက်လင်းတော့ ကရင့်ကို ပိုက်ဆံငါးထောင်ပေးလိုက်ပြီး စားစရာသောက်စရာနှင့် အမွှေးတိုင် ဖယောင်းတိုင်တွေ ဝယ်ခိုင်းလိုက်တော့တယ်။ ကရင်ပြန်ရောက်လာတယ်၊ ဆိုက်ကားတစ်စီးနဲ့၊ လက်ထဲမှာလည်း မြွေရေခွံအိတ်ကြီးနဲ့၊ လူတစ်ယောက်လဲပါတယ်။

"ဘုန်းဘုန်း ဒီဒကာကြီးက မြွေလှူချင်လို့တဲ့"ဟု ဆိုတယ်။

"ဟေ . . . ဘာမြွေလဲ၊ ဟာ . . . မင်းတို့ ဟာကလဲ အကြီးကြီးပဲ။ လှုပ်လှုပ်လှုပ်လှုပ်နဲ့၊ ဘာကြီးလဲ"

"စပါးကြီးမြွေကြီးပါ"

"ဟာ. . . ငါမယူဘူး၊ ဘယ်မှာထားရမှာလဲ"

"တပည့်တော် ညကအိပ်မက်မက်လို့ပါ။ အိပ်မက်ထဲမှာ ဒီစပါးကြီးမြွေကြီးက သူ့ကိုလာခေါ်ပါတဲ့။ ဒါနဲ့အိပ်မက်ထဲကနေရာကိုသွားတော့ ဒီစပါးကြီးမြွေကြီးကို တွေ့တယ်။ သူက အိပ်မက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မှော်ဘီက ဘုန်းကြီးကျောင်းကို ပို့ပေးဆိုလို့ ဘုန်းကြီးတွေကိုလှူတာ၊ တစ်ယောက်မှ အလှူမခံဘူး။ ဒါနဲ့ ဒီက ကရင်က ကျုပ်တို့ဘုန်းကြီးကိုလှူဆိုလို့ တပည့်တော် လာလှူတာပါဟု ဆိုလေ၏။

"ဟော့ကောင်. . . ကိုယ်တောင်နေစရာမရှိတာ ဒါကြီးဘယ်မှာသွားထားမှာလဲ၊ သွား . . . လော့်ကားပို့လိုက်၊ အဲ့ဒီမှာ အလှူခံတယ်" လို့ ကျွန်ုပ်က ပြောလိုက်တယ်။

အဲ့ဒီလို ပြောရုံပဲရှိသေးတယ်၊ အိတ်ထဲက မြွေဟာ တဒုန်းဒုန်းနဲ့ လုပ်တော့တာပါပဲ။

ဒါနဲ့ "ဟော့ကောင် ခေါ်သွား . . . ခေါ်သွား၊ ဘာကြီးလဲမသိဘူး။ ငါတို့မယူဘူး"လို့ ကရင်ကို ပြောလိုက်တယ်၊ အဲ့ဒီမှာကရင်က

"မလုပ်ပါနဲ့ ဘုန်းဘုန်းရယ်။ တပည့်တော်ထိန်းပါ့မယ်"

"ဟာဒီကောင်တော့ကွာ"ဟုမာန်လိုက်တယ်၊ အဲ့ဒီမှာ မြွေကြီးက မြွေရေခွံအိတ်ထဲကနေ အသားကုန် ရုန်းလိုက်တယ်။ ဒါနဲ့ ဝိုင်းပြီးကြိုး ဖြည်လိုက်တော့ငြိမ်သွားပြီး အပြင်ကိုလျှောပြီးထွက်လာတယ်။ ပြီးတော့ ကျွန်ုပ်ထံကို တည့်တည့်ကြီးကို လာတော့တယ်။ ကျွန်ုပ်လည်း ကြောက်ကြောက်နဲ့-

"ဟာကရင်လုပ်ကွာ"ဟု ဆိုပြီးထွက်ပြေးတော့တာပေါ့။ မြွေကလဲ ကျွန်ုပ်ထံသို့တည့်တည့်ကို လာတော့တာပဲ" ကရင်ကအမြီးကို လှမ်းဆွဲ၊ ကရင်ကိုလှမ်းကိုက်၊ ကျွန်ုပ်ကထွက်ပြေးဝရုန်းသုန်းကားတွေ ဖြစ်ကုန်တယ်။

အဲ့ဒီမှာ လူတွေကလည်းဝိုင်းလာတယ်၊ အောင်ဦးဆိုတဲ့ကောင်လေးက မြွေကြီးကို လှမ်းကိုင်ပြီး ဖမ်းလိုက်တယ်။ အောင်ဦး ရဲ့ ကိုယ်လုံးကို ပတ်ထားလိုက်တယ်။ ပြီးတော့ အောင်ဦးက

"ဘုန်းဘုန်း ဒီမြွေတွေက မကိုက်ပါဘူး။ စပါးကြီးမြွေပါ အန္တရာယ်



www.burmeseclassic.com

မပေးပါဘူး။ လိမ်မာတယ် ဘုန်းဘုန်း၊ မယုံရင်ကြည့်''ဟုဆိုပြီး ခေါင်းလေးကိုပွတ်ပြီး ချော့လိုက်တယ်။ မြွေကြီးကဟုတ်ပါ့၊ လိမ်မာလိုက်တာ၊ ငြိမ်ပြီးတော့ကိုနေတာပဲ။ ကျွန်ုပ်လည်း နည်းနည်းတော့စိတ်ဝင်စားသွားတယ်။ လူတွေကလဲ ဟိုလူပွတ် ဒီလူပွတ်နဲ့ မြွေကြီးမှာ သနားစရာငြိမ်လို့နေ၏။ ကျွန်ုပ်ကို ညှိုးငယ်သော မျက်လုံးလေးနှင့် ကြည့်နေ၏။ ကျွန်ုပ်ဟာ ဒီမြွေကြီးကို ကြည့်မိကထဲက စိတ်ထဲမှာ တမျိုးကြီး ဖြစ်လို့သွားလေ၏။ ဘေးမှလူများကလဲ

''လျော်ကားမပို့ပါနဲ့ ဘုန်းဘုန်းရယ်။ ယဉ်ပါတယ်၊ မွေးထားလိုက်ပါ''ဟု ဆိုကြလေ၏။ ဒါနဲ့ ကျွန်ုပ်သည် ကရင်ကို တစ်ချက်ကြည့်လိုက်၏။

''ဟာ ... ဘုန်းဘုန်းဒီလောက်ယဉ်တာ တပည့်တော်တာဝန်ထား။ တပည့်တော် စောင့်ရှောက်မယ်''ဟု အာမခံလေ၏။

''ကဲ ... ကဲ ဒါဆိုလဲ မပို့ပါနဲ့၊ ဒါဒါတို့ပဋ္ဌာန်းဆက်ဖြစ်လိမ့်မယ်၊ ကဲ ... ကဲ ဒါဆိုလဲ ထားလိုက် သူနေဖို့နေရာလုပ်ကြဟေ့''ဟု အမိန့်ပေးလိုက်လေတော့၏။

ကျွန်ုပ်သည် ၎င်းမြွေကြီးအား ကျွန်းသေတ္တာတစ်လုံးထဲတွင် ထည့်ပြီးထားလေ၏။ နွားနို့တိုက်ရတယ်၊ ကြက်ဥကျွေးရတယ်လို့ဆိုသဖြင့် ၎င်းမြွေကြီးအား နွားနို့များ၊ ကြက်ဥများ တိုက်လေ၏။ နွားနို့ကို အဝသောက်လေ၏။ ပြီးလျှင် ကျွန်ုပ်၏ဗောဓိမွေဘုရားကြီးပေါ်သို့ တက်သွားလေ၏။ ကရင်သည် ၎င်းမြွေကြီးကို ထိန်းသိမ်းရသော တာဝန်ကိုရသွားလေ၏။ မြွေကြီးကိုလည်း မိစန္ဒီဟု အမည်ပေးထားလိုက်၏။

တစ်ပတ်လောက်နေသော် ကျွန်ုပ်ထံသို့ ကျွန်ုပ်၏တပည့်သာသကာများရောက်ရှိလို့လာကြ၏။ ကျွန်ုပ်ထံတွင်မြွေကြီးရောက်လာသော သတင်းသည် ဟိုးလေးတကျော်ကျော်ပျံ့နှံ့လို့သွားလေ၏။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်ုပ်၏တပည့်တစ်ဦးဖြစ်သော ရွှေပေါက္ကံဆရာလေးသည် သူ၏ တပည့်သာဝကများနှင့်အတူ ငင်းမြွေကြီးအား လာရောက်ကြည့်ကြ ရန်နှင့် ငင်းမြွေကြီးအား နွားနို့ ကြက်ဥ၊ ငွေကြေးများ လှူဒါန်းရန် တနင်္ဂနွေနေ့တွင် ကျောင်းသို့လာရောက်ကြမည်ဖြစ်ကြောင်း တယ်လီ ဖုန်းဆက်လေ၏။ ကျွန်ုပ်ကလည်း ငင်းတို့တနင်္ဂနွေနေ့လာရောက်ကြ မည်ဖြစ်သဖြင့် ကရင်အား "ဧည့်သည်တွေလာလိမ့်မယ် မြွေကြီးရဲ့ ပဌာန်းဆက်တွေပါလာလိမ့်မယ်၊ ရှမ်းအိုးစည်တီးမယ့်လူတွေကိုလည်း စုထား"ဟု ပြောဆိုလိုက်၏။

ထိုအချိန်တွင် ကျွန်ုပ်ထံသို့ စမတစ်ထောင်ဆရာတော်၏တပည့် မောင်တာတီးပိုးရောက်လာ၏။ ကျွန်ုပ်အား ဘုန်းကြီးခေါ်နေတယ်ဟု ဆိုလေ၏။ ထိုအခါကျွန်ုပ်သည် စမဘုန်းဘုန်းထံသို့ သွားရောက်ခဲ့ လေ၏။ ဟိုရောက်တော့

"အေး ... ပေါက်ဆိန် ငါတို့ မနက်ဖြန် စမတောင်မှာ ပုတီး သွားစိပ်ကြမယ်၊ လိုက်ခဲ့"ဟုဆိုသဖြင့် ကျွန်ုပ်သည် စမဘုန်းဘုန်းအား "လိုက်မည်"ဟု ကတိပေးလိုက်လေ၏။

ကျောင်းသို့ပြန်ရောက်သောအခါတွင် ကျွန်ုပ်သည်တပည့်များ အား

"အေး.. မင်းတို့သချာမြွေကြီးကို ဂရုစိုက်ထား၊ ငါမနက်ဖြန် စမဘုန်းဘုန်းနဲ့ စမတောင်အဓိဋ္ဌာန်သွားဝင်မယ်၊ ချက်ချင်းပြန်လာ ခဲ့မယ်၊ ငါတို့ ကြာလည်းနှစ်ရက်ပဲ" လို့ ဆိုလိုက်တယ်။ အဲ့ဒီမှာ ကရင်က

"ဟာဒါဆို ဘုန်းဘုန်းရွှေပေါက်ကံဆရာလေးတွေက တနင်္ဂနွေ နေ့လာမှာလေ ... တော်ကြာဘုန်းဘုန်းမရှိရင် ဘယ်လိုလုပ်မလဲ"ဟု ဆိုလေ၏။ ဘာမှမဖြစ်ဘူး၊ ငါတို့က ခဏပဲ အောင်မြင်နိုင်းပြီးပြန်



www.burmeseclassic.com

www.burmeseclassic.com



လာမှာ၊ မင်းလည်းသိတဲ့အတိုင်း၊ စမဘုန်းဘုန်းသွားရင် မနက်သွားပြီး ညပြန်ရောက်ချင်ရောက်လာတာဥစ္စာ'' ဟုဆိုလိုက်၏။ ထိုအခါ ငင်းမြွေကြီးသည် လူစကားနားလည်သည့်အလား တရှူးရှူးနဲ့နှာတွေမှုတ်လေ၏။ ကျွန်ုပ်ကိုလည်းဒေါသတွေထွက်နေပြီး နှုတ်သီးနဲ့ထိုးလေ၏။ ထိုအခါ ကျွန်ုပ်သည် လန့်သွားပြီး ''ဟာ ... ကရင် လာပါအုံးဟ၊ မင်းဟာကြီးက ဘာဖြစ်တာလဲ၊ ဒေါသတွေထွက်နေတယ်နဲ့ တူတယ်၊ ဟော့ကောင်လာပြီးဖမ်းအုံး၊ သေတ္တာထဲထည့်'' ဟု ဆိုလိုက်၏။

ထိုအခါကရင်သည် ကပျာကယာပြေးလာပြီး ငင်းမိစန္ဒီအား သေတ္တာထဲသို့ ထည့်ရန်ပြင်လေ၏။ ထိုအခါ မိစန္ဒီမြွေကြီးသည် ကရင်အား ပြေး၍ကိုက်လေ၏။ ကရင်လည်း–

''အောင်မယ်လေးဘုန်းဘုန်းကယ်ပါဦး နာလိုက်တာ''ဟု အော်လေ၏။

''ဟော့ကောင် ... မင်းကို ငါအစောကြီးထဲက ပြောထားတယ်နော်၊ ငါမြွေကိုတော့ ချစ်တယ်၊ ဒါပေမယ့်မကိုင်ရဲဘူး ငါကြောက်တယ်''

''ဟာ ... လုပ်ပါဦး ဘုန်းဘုန်းရဲ့၊ ဒီမှာ တပည့်တော်ကို ထပ်ပြီး ကိုက်ပြန်ပြီ''ဟု ဆိုလေ၏။

''အေး ... ဟုတ်တယ်.. ဟ ... ဟ လုပ်ပါဦးဟုဆိုပြီး ဟိုဘက်ခြံက အောင်ဦးကို လှမ်း၍ခေါ်ရ၏။ အောင်ဦးရောက်လာပြီး မြွေကြီးကို ဝိုင်းချုပ်ရလေတော့၏။

ကရင်ရဲ့လက်များတွင်လည်း သွေးများထွက်၍နေလေ၏။ ကျွန်ုပ်သည် နန္ဒင်းမန်းမန်းပြီး ကရင့်လက်က ဒဏ်ရာကို မန်းရလေတော့၏။ အောင်ဦးတို့အဖွဲ့သည် မြွေကြီးအား ဖမ်းပြီး ကျွန်းသေတ္တာပုံးထဲသို့ အမြန်ထည့်ကြလေ၏။ မိစန္ဒီသည် သေတ္တာပုံးထဲမှနေ၍ တရှူးရှူးတရှဲရှဲ



www.burmeseclassic.com

www.burmeseclassic.com



တဒုန်းဒုန်း တဒိုင်းဒိုင်းလုပ်လေတော့၏။

ထိုအခါကရင်က ''ဘုန်းဘုန်း စမတောင်သွားမယ်ဆိုလို့များ ဒေါသတွေထွက်နေတာလားမသိဘူး''ဟု ဆိုလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က ''ဟေ ... ဘာဖြစ်လို့လဲ''

''ဩော် ... ဘုန်းဘုန်းကလဲ''ဟုဆိုနေစဉ် အမျိုးသမီးတစ်ဦး ရောက်လာပြီး ဝင်၍ပူးလေတော့၏။

''ဟာ ... ကရင်လုပ်ပါဦးဟ''ဟုဆိုပြီး ကရင်အား အကူအညီ တောင်းရလေ၏။ ၎င်းအမျိုးသမီးသည် ''ဘုန်းဘုန်းကလဲ'' ဟုဆိုပြီး ဒိုင်းကနဲ မြေကြီးတွင်လဲလေ၏။ ပြီးလျှင်မြေကြီးပေါ်တွင် လူးလိမ့်ပြီး ငိုလေတော့၏။

''ကရင် ... လုပ်ပါအုံး။ လုပ်ပါ အုံး။ကြည့်လုပ်ဟ ... မင်းတို့ဟာ တွေကလည်း ဖင်ပေါ်ခေါင်းပေါ်တွေဖြစ်ကုန်ပြီ''ဟုဆိုလိုက်၏။ ထို အမျိုးသမီးသည် တစ်ကိုယ်လုံး မြေကြီးထဲတွင် လူးလိမ့်တော့လေ၏။ ကရင်လဲ ပတ်စရာကြိုးမရှိသဖြင့် ကြွပ်ကြွပ်ကြိုးကိုရှာကာ ၎င်းအမျိုး သမီး၏ လုံချည်မကျွတ်အောင် ခါးကို ကြွပ်ကြွပ်ကြိုးနှင့် ချည်လေ ၏။ ထိုအချိန်တွင် ရှမ်းအိုးစည်ဗိုင်းသည်တီးလေတော့၏။ နောင် ... နောင် ... နောင်နောင်ဖေနောင် ... နောင်နောင် ... နောင်ဖေနောင် နဲ့ ညီညာသော စည်းချက်တီးသံနှင့်အတူ ရှမ်းအိုးစည်တီးသည့်အသံ သည် မြိုင်လွန်းလှသဖြင့် အနားမှာရှိသောလာကြည့်ကြသည့် အမျိုး သမီးများပါ ဝင်၍ ပူးလေတော့၏။ ကရင်သည် ကြွပ်ကြွပ်ကြိုးများ ကို ခါးပတ်သဖွယ်လုပ်ပြီး ၎င်းအမျိုးသမီးများ၏ ခါးကိုချည်ရလေ တော့၏။

ထိုအခါ ပထမဦးဆုံးပူးသောအမျိုးသမီးသည် ကျွန်ုပ်၏ ခြေ ထောက်ကိုပိုက်ပြီး ငိုလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းဘုန်း မသွားပါနဲ့၊ တပည့်တော်က ဘုန်းဘုန်းနဲ့အတူ သာသနာပြုဖို့လာတာပါ၊ ဘုန်းဘုန်းမရှိရင် တပည့်တော်မနေဘူး၊ တပည့်တော်ကိုလည်း ခေါ်သွားပါ" ဟုဆိုလေ၏။

"ဟဲ့ . . . ငါကဘယ်လိုခေါ်ရမလဲ၊ ဒုက္ခပဲ"ဟုဆိုလိုက်ပြီး ကျွန်ုပ်က–

"နင်က ဘယ်သူလဲ"

"ဘုန်းဘုန်းအခုနကခေါ်လိုက်တဲ့ မိစန္ဒီဆိုတဲ့မြွေကြီးပါဘုရား၊ တပည့်တော်နဲ့အရှင်ဘုရားက အတိတ်ဘဝက မောင်နှမတွေပါ အကိုတော်ရယ်၊ အကိုတော်က လူ့ပြည်တက်ပြီး သာသနာပြုမယ်ဆိုပြီး နှမတော်တို့ကိုထားခဲ့တာလေ။ အခု အကိုတော်နဲ့အတူ သာသနာပြုဖို့ ဟိုးရှမ်းပြည်ကနေ အန္တရာယ်တွေ ကြားထဲကနေလာခဲ့တာ၊ လမ်းမှာလဲ ဒုက္ခတွေရောက်လိုက်တာ၊ ကားတွေလဲ တိုက်မလိုဖြစ်ပြီး ဒုက္ခတွေရောက်လိုက်တာ အကိုတော်ရယ်၊ လမ်းမှာ အရက်သမားတသိုက်က ညီမတော်ကို ဝိုင်းဖမ်းပြီး သတ်စားမလို့လုပ်ကြတယ်"ဆိုပြီး ငိုပြန်၏။ တော်သေးတာပေါ့၊ ဆွမ်းခံကြွလာတဲ့ဆရာတော်တစ်ပါးက အရက်သမားတွေလက်ထဲကနေ ၅၀၀၀ နဲ့အလှူခံပြီး နှမတော်ကို တောထဲပြန်လွှတ်ပေးလိုက်လို့ နှမတော်လွတ်လာတာပါ အကိုတော်ရယ်၊ တောထဲမှာလဲ မြွေဆိုးမြွေရိုင်းတွေကလဲ နှမတော်ကိုအနိုင်ကျင့်ကြပါတယ်၊ နှမတော်အခုဆို ကိုယ်ဝန်ကြီးနဲ့ပါ"ဟု ဆိုလေ၏။

"ဟာ . . . ဗုဒ္ဓေါ . . . ဟာ ကရင်လုပ်ဦးဟ"

"ဟုတ်တယ် ဘုန်းဘုန်း ဒီမြွေကြီးက ဗိုက်ကြီးနေတာနဲ့ တူတယ်၊ ဗိုက်ကြီးကပူနေတာ" ဟု ဆိုလေ၏။ ထိုအခါကျွန်ုပ်က

"ဟော့ကောင်. . . ကရင် မင်းဟာကလဲ ကြည့်လည်းလုပ်ဦးဟ၊ ဒီမြွေမကြီး ကလေးတွေမွေးရင် ငါတို့တွေ ဒုက္ခနော်"ဟု ဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိစန္ဒီခေါ်မြွေမကြီးသည် ကျွန်ုပ်အား ညှိုးငယ်သော မျက်လုံးလေးအစုံနှင့် ညို့၍နေတော့၏။

ထိုအခါပူးနေသောအမျိုးသမီးက "အစ်ကိုတော်ရယ် ... ဒီအတွက် စိတ်မပူပါနဲ့၊ အစ်ကိုတော်ဒုက္ခမရောက်ရပါဘူး။ ဒီအိုးစေတီတည်ပြီးတာနဲ့ ညီမတော်လည်းပြန်ရမှာပါ အစ်ကိုတော်ရယ် တစ်ခုမှာဦးမယ်အစ်ကိုတော် ... ညီမတော်ကိုစိတ်မချလို့ အစ်ကိုတော်ရဲ့ညီတော်လည်းလိုက်လာနေပြီ၊ အခုဆို ပဲခူးဘက်ကိုရောက်နေပြီ။ နောက်တစ်ပတ်ဆိုရင် အစ်ကိုတော့်ဆီကို အစ်ကိုတော်ရဲ့ညီငယ်လေး မောင်သစ္စာရောက်လာပါလိမ့်မယ်"ဟု ဆိုပြန်၏။ ပြီးလျှင် ၎င်းအမျိုးသမီးသည် မတ်တတ်ထပြီး ပူးနေရာမှ ခွေပြီးလဲကျလို့သွားလေ၏။ အနားမှာရှိသောလူများသည် ၎င်းအမျိုးသမီးအား ဝိုင်း၍ ချီပိုးရလေတော့၏။ ယပ်ခတ်တဲ့လူတွေက ယပ်ခတ်၊ ရေတိုက်တဲ့သူတွေက ရေတိုက်နှင့် ရှုပ်ယှက်ခတ်သွားလေတော့၏။

ကျွန်ုပ်သည် စမတောင်သို့သွားရန်အချိန်နီးကပ်နေပြီဖြစ်သောကြောင့် ၎င်းသေတ္တာထဲမှ မိစန္ဒီခေါ်မြွေမကြီးအား

"ကဲ ... နှမတော်၊ အများကောင်းမှုအတွက် အဓိဋ္ဌာန်ခရီးထွက်ရမယ်၊ နှမတော်သာစောင့်ပါ၊ အကိုတော်အမြန်ဆုံးပြန်လာပါ့မယ်"ဟု ဆိုလိုက်၏။ ထိုအခါ မိစန္ဒီခေါ်မြွေမကြီးသည် ခေါင်းလေးကို တွန့်ကနဲ၊ တွန့်ကနဲလုပ်ပြပြီး မသိရင် ကလေးတွေ ချွဲသည့်အလား ပြုလုပ်၍ ၎င်း၏ခေါင်းကိုခွေပြီး ကျွန်ုပ်အား ကျောခိုင်းလိုက်လေ၏။

ကျွန်ုပ်သည် ၎င်းမိစန္ဒီ၏ ကျွန်းသေတ္တာကိုပုတ်၍နှုတ်ဆက်ကာ စမတောင်သို့ အဓိဋ္ဌာန်ပုတီးစိပ်ရန်အတွက် စပါတုန်းကြီးနှင့်အတူ ထွက်လေတော့၏။

ကျွန်ုပ်သည်သာဝတ္တိစမတောင်တော်မြတ် ကမ္ဘာကင်းကျော်စေတီ



www.burmeseclassic.com

www.burmeseclassic.com



တော်မြတ်တွင်အစိဋ္ဌာန်ပုတီးစိပ်လို့ နေ၏။ ပြီးလျှင် စမဘုန်းဘုန်းနှင့် ကျွန်ုပ်သည် စမတောင်ပေါ်ရှိ ဝေနေယျသတ္တဝါအပေါင်းတို့အား မေတ္တာပို့လေ၏။ ကျွန်ုပ်သည် ယခုတစ်ခေါက် ပုတီးစိပ်ထွက်ခဲ့တာ စိတ်များလေးလံလို့နေ၏။ ကျောင်းရှိ မိစန္ဒီခေါ် မြွေမကြီးအား ဂရုဏာ သက်မိ၍ ၎င်းအပေါ်တွင် စိတ်ရောက်လို့နေ၏။ ဩော် ... လူ့လောကကြီးက ဆန်းကြယ်ပါတယ်လေ၊ ဘုရားရှင်တောင် ဟောခဲ့တာပဲ၊ ကိုယ်နဲ့အမျိုးမတော်ခဲ့ဘူးတဲ့ လူတွေ၊ နတ်တွေ၊ တိရစ္ဆာန်တွေဟာ ခပ်ရှားရှားပဲတဲ့လေ။ ဩော် ... ဟုတ်မှာပါ။

ဒီမြွေကြီးဟာ ငါ့ရဲ့အတိတ်ဘဝက ပဋ္ဌာန်းဆက်နွယ်တော်တွေ ဆိုတာလည်း ဖြစ်နိုင်ပါတယ်လေဟု စိတ်ထဲမှ တွေးမိလိုက်လေ၏။ ကျွန်ုပ်သည် ၎င်းမြွေမကြီးအား အာရုံပြုကာ မေတ္တာပို့၍ နေလေ၏။ ထိုအချိန်တွင် ကျွန်ုပ်၏နားထဲတွင်

"အကိုတော်၊ အကိုတော်"ဟုဆိုသောအသံ သဲ့သဲ့လေးသည် ဝင်ရောက်၍လာလေ၏။ မိစန္ဒီတခုခုများဖြစ်ပြီလားလို့ စိတ်ထဲမှထင်ပြီး ကျွန်ုပ်၏ ကမ္မဋ္ဌာန်းကိုဖြုတ်လိုက်ပြီး မျက်လုံးနှစ်လုံးဖွင့်လိုက်လေတော့၏။ စိတ်ထဲမှာလည်းလေးလံလို့နေ၏။ ထို့ကြောင့်ကျွန်ုပ်သည် အမြန်ဆုံးကျောင်းသို့ပြန်ချင်နေမိ၏။ စမဘုန်းဘုန်းအား ကျွန်ုပ်တို့ပြန်ကြရန် ပြောလိုက်လေ၏။ စမဘုန်းဘုန်းကလဲ

"အေး ... ငါတို့ဒီနေ့ပြန်မယ်"ဟု ဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ဝမ်းသာလို့သွားလေတော့၏။

ကျွန်ုပ်တို့စမတောင်မှ ပြန်လာကြလေ၏။ စမဘုန်းဘုန်းကျောင်းတွင်ကားရပ်ပြီး ကျွန်ုပ်သည် ဖြတ်လမ်းလေးအတိုင်း ကျွန်ုပ်ကျောင်းသို့ မိစန္ဒီအား တွေ့ချင်ဇောဖြင့် သုတ်သုတ်သုတ်သုတ်ဖြင့် လာခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကျောင်းဝင်းထဲသို့ရောက်ပြီဆိုလျှင်ပဲ ကျွန်ုပ်တပည့်လေး မောင်ကရင်သည် အောင်မောင်းကြီးကို တဒုန်းဒုန်းနှင့် ပြေး၍ တီးလေတော့၏။ အောင်မောင်းတီးသဖြင့် ကျွန်ုပ်တပည့်များအားလုံးစုရုံး၍ ရောက်လာကြလေ၏။ အထုပ်တွေပိုင်းသယ်တဲ့လူကသယ်၊ သောက်ရေကပ်တဲ့သူကကပ်နှင့်ဝိုင်းလုပ်ကြ၏။ ကျွန်ုပ်သည် ၎င်းတို့လုပ်ပေးတာကို အရေးမထားနိုင်ဘဲ မိစန္ဒီရှိရာသို့ အပြေးလေးသွားရောက်၍ ကြည့်မိလေတော့၏။ သဘောမှာ မိစန္ဒီ နမတော် အကို ပြန်ရောက်ပြီလို့ နှုတ်ဆက်ဖို့သာ ဖြစ်၏။ ကျွန်ုပ်၏စိတ်များသည်ရဲတင်းလို့နေ၏။ ခါတိုင်းဆို မိစန္ဒီကိုကြည့်ရန် ကရင့်ကို အဖော်ခေါ်ရလေ၏။ ယခုအခါ ကြောက်စိတ်များပြန့်လွင့်၍နေ၏။

မိစန္ဒီအားတွေ့ချင်ဇောနှင့် ပြေး၍ သွားလိုက်၏။ ပြီးလျှင် ကျွန်းသေတ္တာကြီးအား ဆွဲမ၍ ဖွင့်လိုက်လေတော့၏။

"ဟင် ကရင်"

"ဗျာ"

"ဟော့ကောင် မိစန္ဒီရော"ဟု မေးလိုက်၏။ ထိုအခါ ကရင်နှင့် ကျွန်ုပ်၏တပည့်များသည် ဖင်ကုတ် ခေါင်းကုတ်လုပ်ပြီး

"ဟို ဟင် ဟာ" နှင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြ၏။

"ဟော့ကောင်တွေ ငါမေးနေတယ်လေ၊ မိစန္ဒီမြွေမကြီးရော ဘယ်မှာလဲ" ဟုထပ်၍အော်ကာ မေးလိုက်လေ၏။ တပည့်တွေအကုန်လုံးခေါင်းငိုက်စိုက်၍ ကျသွားလေတော့၏။

"မှန်ပါ့၊ တင်ပါ့၊ ဟို ၊ဟာ"

"ဘာကောင်တွေလည်း မင်းတို့ဟာကလဲ၊ ဟိုတွေဒေ ဟင်တွေရော ပြောမှာသာအမြန်ပြောကြွာဟု ဆိုကာ ထပ်၍ အော်လိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကရင်သည် ခေါင်းလေးကုတ်ပြီး–

"ဟို"

"ဘာ ဟိုလဲ ပြောမြန်မြန်"

"အရှင်ဘုရား စမတောင်ရောက်တဲ့ညကပဲ မိစန္ဒီမရှိတော့ဘူး၊ တပည့်တော်တို့ သေတ္တာကြီးကို သေချာ သော့တွဲချိတ်ထားပါတယ်၊ မနက်ရောက်လို့ အစာကျွေး နို့တိုက်ဖို့ ဖွင့်လိုက်တော့ မရှိတော့ဘူး"

"ဟင် ... ဘာ ... ဘယ်လို ..."

"ဟုတ် ... ဟုတ်ပါတယ် ဘုန်းဘုန်း"ဟု တပည့်တစ်ဦးက ဝင်၍ထောက်လေ၏။ ဘုန်းဘုန်းစမတောင်ရောက်တဲ့ညပဲ မိစန္ဒီပျောက်သွားတာ"

"ဘာကွ ... မင်းတို့သေချာမပိတ်ထားဘူးလား"

"ဘယ်လိုပြောလိုက်တာလဲ ဘုန်းဘုန်းရယ်၊ ဘုန်းဘုန်းတပည့်တွေပဲ ဂရုစိုက်ပါတယ်။ လွတ်မှာစိုးလို့ကိုသေချာသော့ခတ်ထားတယ်"

"ဒါဆို ဒီမြွေကြီးက ဘယ်လိုထွက်လဲ၊ ကိုယ်ပျောက်ပြီးထွက်တာလား၊ မင်းတို့အသုံးမကျလို့ပေါ့ကွာ" ဟု ဆိုကာ အားလုံးကို သူလေတော့၏။

"မင်းတို့လုပ်တာ အကြောင်းမဟုတ်ဘူး၊ နောက်နှစ်ရက်ဆို တနင်္ဂနွေနေ့၊ ဒီမြွေကြီးကို လာကြည့်မယ့် ရွှေပေါက်ကံက ဆရာလေးအဖွဲ့တွေ၊ လှိုင်သာယာက တပည့်တွေ၊ ရန်ကုန်က တပည့်တွေ အကုန်လာကြမှာကွ၊ ငါ့မှာ ကြွားလို့တောင်မဝသေးဘူး၊ အရက်တော့ ကွဲတော့မယ်၊ တနင်္ဂနွေနေ့လာတဲ့လူတွေကို ငါဘာပြရမှာလဲ၊ မြွေမပြောနဲ့ တီကောင်တောင်မတွေ့ဘူးဆိုပြီး ဝိုင်းပြီးလှောင်အောင် မင်းတို့ လုပ်တာပဲ၊ ဒါငါ့ကို အရှက်ခွဲတာပဲ၊ မင်းတို့အပြစ်၊ မြွေကြီးကို အမြန်ရှာပေး၊ မတွေ့လို့ကတော့ မိုးမီးလောင်မယ်၊ ဘာမှတ်လဲ စမ

www.burmeseclassic.com



ပေါက်ဆိန်ကွ၊ မင်းတို့ငါ့အကြောင်းသိတယ်နော်"

"သိ . . . သိ . . . ပါတယ်ဘုရား၊ တပည့်တော်တို့လဲ သိသိချင်း ရှာတာ တစ်ရပ်ကွက်လုံးနဲ့နေပါပြီဘုရား"

"ဘာ . . . ဘာပြောတယ်၊ မလိုချင်ဘူးကရင်၊ တနင်္ဂနွေနေ့မှ ဒီမြွေကြီးမတွေ့ရင် မင်းကို မြွေလိုလုပ်ပြီး ငါ သေတ္တာထဲထည့်ပြီးပြမယ်။ ခွေးသားတွေ သောက်သုံးမကျဘူး၊ သွား အခု ငါ့ရှေ့က အကုန်ထွက်သွား"ဟု အကုန်လုံးကို မောင်းထုတ်လိုက်လေတော့၏။

ထိုအခါကရင်တို့သူငယ်ချင်းတစ်စုသည် ကျွန်ုပ်ရှေ့မှ ခေါင်းလေးငိုက်စိုက်ကျကာ ထွက်ခွာလို့သွားတော့လေ၏။ ကျွန်ုပ်သည် ၎င်းသေတ္တာပုံးကြီးကို လက်နှစ်ဖက်ဖြင့်ကိုင်ကြည့်ပြီး စိတ်မချမ်းမသာ ဖြစ်၍နေလေ၏။ ကျွန်ုပ်၏ မျက်ဝန်းအစုံမှ မျက်ရည်များသည်လည်း စီးကျလို့နေလေ၏။ ကျွန်ုပ်စီး၍ကျသော မျက်ရည်များသည် သေတ္တာထဲသို့ တတောက်တောက်နှင့်ကျသွားမှသာလျှင် ကျွန်ုပ်သည်သတိရသွားလေတော့၏။ ဘေးကိုလည်းသတိမထားမိလေသောကြောင့် တပည့်များအားလုံးသည် ကျွန်ုပ်အား စိတ်မကောင်းများစွာသောမျက်လုံးများနှင့် ဝိုင်း၍ကြည့်နေလေတော့၏။

၎င်းတို့ ကျွန်ုပ်ကို အဲ့ဒီလို ကြည့်နေခြင်းကို ရှက်သွားသဖြင့် ကျွန်ုပ်သည် မိစန္ဒီထည့်ထားသော သေတ္တာပုံးကို ဆတ်ကနဲ ဆွဲမလိုက်ပြီး ဒေါသဖြစ်ကာ ရိုက်ချိုးလေတော့၏။ ထိုအခါ တပည့်အပေါင်းသည် ကျွန်ုပ်အား ဝိုင်း၍ ဆွဲလေတော့၏။ ထိုအချိန်တွင် အမျိုးသမီးတစ်ဦးသည် ကျွန်ုပ် ကျောင်းထဲသို့ ဝင်လာလေ၏။ ကျွန်ုပ် ဒေါသထွက်နေတာကို သိသဖြင့် ကရင်သည် ၎င်းအမျိုးသမီးထံသို့ ပြေးသွားပြီး "အမကြီးဘာကိစ္စလဲ" ဟု စကားမေးမြန်းလိုက်လေ၏။

ထိုအခါ ၎င်းမိန်းမသည် ကရင်အား "မောင်လေးရယ် ဘုန်းကြီး



www.burmeseclassic.com

နဲ့တွေ့ချင်လို့ပါ။ ယတြာလေးလိုချင်လို့ အမသမီးလေးထွက် သွားတာပြန်မလာဘူး။ ကယ်ပါဦး။ အသက်ကလေးက ငယ်သေးတယ်၊ အခုမှ ၁၅နှစ်လောက်ပဲ ရှိတာ။ မသမာသူတွေနဲ့သာတွေ့ရင် အမသမီးတော့ ကိုကျိုးနည်းပါပြီ''ဟု ဆိုလေ၏။

ထိုအခါ ''အမနောက်မှလာ အခုဘုန်းကြီး''ဟုဆိုပြီး ကျွန်ုပ်အား လှမ်း၍အကဲခတ်လေ၏။ ကျွန်ုပ်သည် ၎င်းအမျိုးသမီးပြောဆိုနေတာကိုရိပ်မိလေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏စိတ်ကို အတတ်နိုင်ဆုံးထိန်းလိုက်ပြီး ၎င်းအမျိုးသမီးအား

''အေးလာခဲ့ ငါကူညီမယ်''ဟုဆိုလိုက်၏။ ထိုအခါ ၎င်းအမျိုးသမီးသည် ဝမ်းသာသွားပြီး ကျွန်ုပ်ထံသို့ ရောက်လာပြီး ၎င်း၏ အကျိုးအကြောင်းကို ပြောပြလေတော့၏။

''ကဲ . . . အချိန်သိပ်မရှိဘူး။ ကလေးမလေး တစ်ခုခုဖြစ်နေဦးမယ်။ သူဝတ်တဲ့ အင်္ကျီရှိလား''

''ရှိပါတယ် ဘုရား''

''အေး . . . အဲ့ဒီ အင်္ကျီကို နင်တို့အိမ်ရဲ့ ယောက်တန်းမှာ ချိတ်လိုက်၊ ပြီးလျှင် အဲ့ဒီအင်္ကျီက ကြယ်သီးလေးကို ချိတ်ပြီးသီပေးလိုက်၊ ယောက်တန်း . . . တန်းရောက်ပဲဟော့၊ နင့်သမီးမပြောနဲ့ သိကြားမင်းသမီးပျောက်ရင်တောင် ဒီယတြာလုပ်လိုက်ရင် ချက်ချင်းရောက်တယ်။ တစ်ခုတော့မှာလိုက်မယ်။ ထုပ်တန်းနဲ့တော့ မမှားစေနဲ့နော်။ ထုပ်တန်းဆိုရင်တော့ အိမ်မှာရှိတဲ့လူတွေ အကုန်လုံးထွပ်ပြီးသားဖြစ်သွားမယ်။ သေချာအမြန်သွားလုပ်''ဟု ယတြာပေးလိုက်၏။ ညနေပိုင်းသို့ ရောက်သောအခါ ၎င်းအမျိုးသမီးသည် ကျွန်ုပ်ထံသို့ ကားလေးတစ်စီးစီးလာပြီး ရောက်ရှိလာလေ၏။ ကျွန်ုပ်အားလည်း ကျေးဇူးတင်ကြောင်းတွေ ပြောပြီး ၎င်းပျောက်သွားသောသမီးလေးသည်လည်း သူနဲ့အတူပါ



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ၎င်းတို့သားအမိနှစ်ယောက်သည် ကျွန်ုပ်အား မရေမတွက်နိုင်အောင် ဦးကုန်းကုန်းချ၍ ရှိခိုးကြလေတော့၏။

"ကျေးဇူးကြီးလှပါတယ် ဆရာတော်ရယ်၊ တပည့်တော်မတော့ ရင်ကျိုးပြီး တပည့်တော်သမီးလေး ကိုယ်ကျိုးနည်းပြီလို့ထင်တာ ဆရာတော်ရဲ့ကျေးဇူးပါပဲ"ဟု ဆိုကာ ငိုလို့နေ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏နှမ မိစန္ဒီပျောက်နေသဖြင့် မျက်ရည်မကျသော်လည်း ရင်ထဲတွင် ကြိတ်၍ ငိုနေသည်ကို သူတို့တွေသိလိမ့်မည် မဟုတ်ချေ။ ခြောက်လူတွေ လူတွေ၊ သူများအဖြစ်တွေ၊ သူများအခက်အခဲတွေသာ ကူညီချင်နေကြတယ်။ ကိုယ့်အဖြစ်တွေ ကိုယ့်အခက်အခဲတွေကိုတော့ မသိကြချေ။ ငါလည်းသူများသာ ကူညီတယ်၊ ငါ့အခက်အခဲ ဖြစ်နေတာကိုတော့ ဖုံးထားရတယ်။ ရှက်စရာကြီးပါလား။ လောကကြီးတွင် လူတွေသည် မိမိကို အထင်ကြီးစေချင်ကြ၏။ ယုံကြည်ချင်ကြ၏။ အားကိုးချင်ကြ၏။ ထို့ကြောင့် လူတွေ အထင်ကြီးအောင်ကို လိုက်၍လုပ်နေရသည်ကိုက အောက်တန်းကျလေ၏။ ကိုယ်ကိုယ်တိုင် လေးတန်းတောင်မအောင်သေးတဲ့ ဗေဒင်ဆရာတွေကလဲ သူများကို ဆရာလုပ်ချင်တော့ ဆယ်တန်းအောင်တဲ့ ယတြာဓါတ်ရိုက်ဓါတ်ဆင်တွေလဲ လုပ်ပေး၍လိမ်လေ၏။ ဘာမှစာပေဗဟုသုတမှမရှိတဲ့ လူတွေကလဲ လူတွင်ကျယ်လုပ်ပြီး စာရေးဆရာကြီးတွေလုပ်ကာလိမ်လေ၏။ ကိုယ်ကိုယ်တိုင် စားစရာမရှိတဲ့လူတွေကလဲ နေသိဒ္ဓိပေါက်တယ်ဆိုပြီး ဟန်ဆောင်ကာ အလှူခံပြီး လိမ်၍တောင်းလေ၏။ ခြောက်ပြားသားသိဒ္ဓိမရှိတဲ့ ဘိုးတော်တွေကလဲ ဘိုးဘိုးအောင်တို့ ဘိုးမင်းခေါင်တို့က သူမရှိရင်တောင် သာသနာပြုဖို့ အခက်ကြုံနေတာမို့ သူ့ကိုအကူအညီတောင်းပြီး လုပ်နေရတာပါဟုဆိုကာ လူတွေကို လိမ်လည်လှည့်ဖြား၍ လုပ်စားလေ၏။ ဘုရားတွေတည်၊ ကျောင်းတွေဆောက်မယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘုရားက ၁၀ သိန်းလောက်ပဲတန်တယ်၊ သူတို့က သိန်း ၂၀၀ လောက် အလှူခံပြီး ဘုရားတည်စားတဲ့သာသနာပြုဘွဲ့တံဆိပ်တွေကို လိမ်လည်လှည့်ဖျားတတ်တဲ့ တပည့်တွေက အမည်နဲ့မပေးပြီး ဗုဒ္ဓသာသနာပြုတွေလား၊ ဗုဒ္ဓသာသနာ ပျက်အောင်လုပ်နေတာလားမသိ၊ အသိဉာဏ်မရှိ ငွေရရင်ပြီးရောဆိုပြီး လေးတန်းတောင် မအောင်တဲ့ တပည့်တွေကလည်း စာအမျိုးမျိုး ပေအတန်တန်တွေ တင်ပြီး စားကောင်းသောက်ကောင်းအောင် အရှုံးဘုံမြှောက်ပြီး လုပ်စားနေတဲ့သူတွေကလည်းရှိလေ၏။ ဒီလောက်တောင် သောက်သုံးမကျတဲ့လူတွေနဲ့ ငါတွဲနေမယ့်အစား သပိတ်တလုံးပိုက်ပြီး တောထဲသွားနေတာပဲ ကောင်းတယ်ဟုဆိုကာ စိတ်ကူးပေါက်ပြီး ကရင်ကို သပိတ်နဲ့ တောင်ဝှေးတောင်းလိုက်၏။

ကျွန်ုပ်၏ အစီအစဉ်ကို ကြိုသိနေသော ကရင်သည် ကျွန်ုပ်အား မသွားရန် အတန်တန်တားလေ၏။ အားလုံးတပည့်အပေါင်းတို့သည်လည်း ငိုယိုကြလေတော့၏။ သံဃောဇဉ်ကြိုးတွေ ငြိကုန်ပြီ၊ လူတွေကလည်းငြိလိုက်၊ တိရစ္ဆာန်တွေကလည်းငြိလိုက်နဲ့ လောကကြီး တုန်လှုပ်လို့နေလေသလို ကျွန်ုပ် နှလုံးသည်းခြေတို့သည်လည်း ပြင်းပြသော လွမ်းဆွေးခြင်း၊ ပူပန်ခြင်း၊ စိတ်ထိခိုက်ခြင်းအပေါင်းတို့သည် အသားများ တဆတ်ဆတ်နှင့် သွက်သွက်ခါအောင် တုန်ရီနေပြီး ခံစားလို့နေလေတော့၏။ ခံစားမှုအရာအားလုံးတို့သည် ဝေဒနာသာဖြစ်လို့နေ၏။

ဆင်းရဲချမ်းသာနှစ်ခုလုံးဟာ အတူတူပါပဲဟု စိတ်ထဲမှ သံဝေဂရလေတော့၏။ လူတိုင်းချမ်းသာချင်ကြ၏။ ချမ်းသာမှုကိုလည်း ရှာကြ၏။ အဲ့ဒီလိုချမ်းသာချင်တာကိုက ဆင်းရဲလို့နေလေတော့၏။ ဒီတော့ ချမ်းသာတာနဲ့ ဆင်းရဲတာဟာလည်း ဘာမှ မထူးပါဘူး၊ အတူတူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာခြင်းရော ဆင်းရဲခြင်းရောဆိုတာတွေ မရှိတော့ဘူး ဆိုမှသာလျှင် နိဗ္ဗာန် ရောက်လေတော့၏။ သွားရင်းသွားရင်းနဲ့ ငါတို့တွေဟာ ဝေးဝေးလို့ သွားနေတာက နိဗ္ဗာန်ပါပဲ၊ မသွားဘဲနဲ့ ငါတို့နဲ့ နီးနီးပြီးလာတာကတော့ သုသာန်ပါပဲ၊ ဒီတော့ငါ ဘာဆက်လုပ်မလဲ။

ဒီတော့ ငါဘာဆက်လုပ်ရမလဲဟု တွေးတောနေလိုက်၏။ ကျွန်ုပ်သည် ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်းကိစ္စများ ပြုလုပ်ရန်အတွက် ကရင်အားလှမ်း၍

"ကရင် ဘယ်နှစ်နာရီထိုးပြီလဲ"

"တင်ပ့ါ ခြောက်နာရီထိုးတော့မယ်"ဟု ဆိုလေ၏။

"အေး အေး ..ငါ့ကိုပုတီးလေးယူလာပေးကွာ"ဟု လှမ်း၍ ပြောလိုက်၏။ ထိုအခါ ကရင်သည် ချာကနဲလှည့်ထွက်သွားပြီး ကျွန်ုပ်အခန်းထဲမှ စိပ်ပုတီးကိုသွားယူလေ၏။

ပြီးလျှင် ကျွန်ုပ်အားလှမ်းပေးပြီး

"ဘုန်းဘုန်း"

"ဘာလဲ"

"တပည့်တော် တစ်ခုလောက်လျှောက်ချင်တယ်ဘုရား"

"ဆိုလေ"

"ဟို . . . ဘုန်းဘုန်း ခုနက အမျိုးသမီးကြီးရဲ့သမီး ပျောက်သွားတာ ယတြာလုပ်ပေးလိုက်တာ နေမစောင်းဘူး ပြန်ရောက်လာတယ်လေ"

"အေး ...ဟုတ်တယ်လေ။ အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲဘုန်းဘုန်းရယ် မိစန္ဒီကိုလည်း ယတြာလုပ်ပြီး ပြန်ခေါ်ပါလား" ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကရင်ပြောသောစကားကြောင့် ဉာဏ်ပွင့်သွားလေ၏။

"အေး ဟုတ်သားပဲကရင် အရက်သမား ဒီတစ်ခါ မင်းဟာ ငါ့ထက်တောင် တော်သွားပြီကွ။ အေးဟုတ်တယ် . . ငါတို့တွေက သူများကိုသာ ဆရာလုပ်ချင်တာ၊ ကိုယ့်ကိုပြန်ပြီး ဆရာလုပ်ရင် မကြိုက်ဘူး။ ဒါပေမယ့် မင်းကိုငါ ကြိုက်တယ်ကွာ။ ဆရာနဲ့တပည့်ဆိုတာ ဒီလိုမှပေါ့ကွ။ ဆရာမှားနေတယ်၊ ဆရာမေ့နေတဲ့အခါမှာ ဆရာ့ကို ကူညီပေးတယ်၊ သတိပေးတယ် ဒီလိုမျိုးမှ တပည့်ကောင်းလို့ ခေါ်တာကွ။ အေးဟုတ်တယ် မင်းအကြံဟာ ငါ့အတွက် ဉာဏ်ပွင့်စေတယ်ကွာ။ အေး ဟုတ်ပြီ ငါယတြာလုပ်ချင်တယ်"လို့ ကရင်ကို ပြောလိုက်၏။ ထိုအခါ ကရင်က–

"လုပ်မှာသာလုပ်စမ်းပါ ဘုန်းဘုန်းရယ်။ တပည့်တော်ကို ဘာခိုင်းမလဲ၊ အကုန်လုပ်ပေးမယ်။ ယတြာအရွက်တင်မကဘူး၊ အပင်ပါ ခုတ်ယူပေးဆိုလဲ ကရင်ခုတ်ပြီးသားပဲ"ဟုဆိုကာပြောလေ၏။ ကျွန်ုပ်သည် ပျော်ရွှင်သွားလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် မိစန္ဒီအားထည့်ထားသော သေတ္တာကြီးကို ယူခိုင်းလိုက်ပြီး ၎င်းသေတ္တာကြီးကို ကျောင်း၏ ယောက်တန်းနားသို့ ကရင်နှင့်အတူ ရွှေ့လေ၏။

"ကရင် ယောက်တန်း နားမှာချကွာ"ဟုဆိုလိုက်၏။ ပြီးလျှင် ကရင့်ကို ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် ကျွန်ုပ် အင်းဆွဲနေသော စက္ကူများကိုပါ ယူခိုင်းလိုက်ပြီး အင်းတစ်ချပ်စီရင်လိုက်၏။ ထို့နောက် ဖယောင်းတိုင်တွင် သေချာပတ်ပြီး ၎င်းအင်းဖယောင်းတိုင်အား မိစန္ဒီ၏ သေတ္တာထဲတွင် ထည့်ထွန်းထားလိုက်လေ၏။ ပြီးလျှင် ၎င်းသေတ္တာဘေးတွင် ဖယောင်းတိုင်များ စိုက်ထွန်းလိုက်ပြီး အမွှေးတိုင် (၉)တိုင် ထွန်းညှိလိုက်လေ၏။ ကျွန်ုပ်သည် ဘုရားခန်းထဲသို့ သွားပြီး ကျွန်ုပ် ပြုလုပ်နေကျ အစီအစဉ်တိုင်း ဘုရားရှိခိုး မေတ္တာပို့



www.burmeseclassic.com

www.burmeseclassic.com



ပုတီးစိပ်ပြီး အမျှအတန်း ပေးဝေလိုက်လေ၏။ ဒီလိုနှင့် ကျွန်ုပ်သည် အိပ်စက်လေတော့၏။

❑❑❑❑



www.burmeseclassic.com

www.burmeseclassic.com





ရွှေပေါက်ခဲဆိန်နှင့်တာပေးဆိုက်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

ကျွန်ုပ် ညနာရီပြန်နှစ်ချက်တီးလောက်တွင် အိပ်မက်မက်လေ၏။ အိပ်မက်ထဲတွင် မောင်သစ္စာဆိုသော ကောင်လေးတစ်ဦးရောက်လာ၏။ အသက်နှစ်ဆယ်လောက်ရှိမည် ထင်ပါ၏။ ဝတ်ပုံစားပုံမှာလည်း ရှေးဆန်လှ၏။ ခေါင်းပေါင်းလေးလည်းပေါင်းထား၏။ ကျွန်ုပ်အား–

"အကိုတော် . . . ထထ အမကြီးကိုလိုက်ရှာမယ်"လို့ ဆိုလေ၏။ ထိုအခါ ကျွန်ုပ်သည် ၎င်းမောင်သစ္စာခေါ်ရာနောက်သို့ လိုက်သွားလေ၏။ ကျွန်ုပ်အား တောထဲခေါ်သွားလေ၏။ တော၏လှပမှုများ၊ ပန်းပေါင်းစုံပွင့်နေပုံများ၊ တိရစ္ဆာန်ပေါင်းစုံတို့၏အသံများသည် ဂီတသံသဖွယ်ထွက်ပေါ်လို့နေ၏။ တစ်နေရာတွင် ရေကန်ကြီးတစ်ခုသို့ရောက်လေ၏။ ထိုအခါ မောင်သစ္စာဆိုသောကောင်လေးသည် ကျွန်ုပ်အား–

"အကိုတော် ခဏလေးနော်"ဆိုပြီး ရေထဲသို့ခုန်ဆင်းသွားလေ



www.burmeseclassic.com

၏။ ကျွန်ုပ်သည်နောက်မှနေ၍–

"ဟဲ့ . . . ကောင်လေး"ဟု စိုးရိမ်စိတ်ဖြင့် လှမ်း၍ခေါ်သော်လည်း ရေထဲသို့ရောက်သွားလေ၏။ ခဏနေတော့ ရေပြင်ကြီးတစ်ခုလုံးစိမ်းလို့လာ၏။ ရေများသည်လည်း ပူစီပေါင်းများပွက်၍လာ၏။ မီးခိုးလို အခိုးအငွေ့များသည်လည်း ထွက်၍လာလေ၏။ ကျွန်ုပ်သည် ရေကန်ကြီးလှုပ်ရှားလာသဖြင့် နောက်သို့တစ်ချက်ဆုတ်လိုက်ပြီး အကဲခတ်ကြည့်နေလိုက်၏။ ထိုအချိန်တွင် စပါးကြီးမြွေလို မြွေအကြီးစားကြီးတစ်ကောင်သည် ကူးခတ်နေလေ၏။ ပြီးလျှင် ကြီးသထက်ကြီးလာ၏။ ၎င်းမြွေကြီးသည် စည်ပိုင်းကြီးလောက်ကိုဖြစ်လာလေ၏။ ထိုအခါကျွန်ုပ်သည် ကြောက်ရွံ့လို့သွားပြီး ထွက်ပြေးဖို့ဟန်ပြင်လိုက်လေ၏။ ထိုအခါ ၎င်းမြွေနဂါးကြီးသည် ကျွန်ုပ်အား စကားလှမ်း၍ပြောလိုက်၏။

"အကိုတော် မလန့်ပါနဲ့။ တပည့်တော် မောင်သစ္စာပါ"ဟု လှမ်း၍ ပြောလိုက်၏။

ထိုအခါ ကျွန်ုပ်သည် စိတ်ထဲမှကြောက်စိတ်ကို ထိန်းမနိုင်သိမ်းမနိုင်ဖြစ်ပြီး ကြောက်လန့်ကာထွက်ပြေးလေတော့၏။ နောက်မှနေ၍ မြွေနဂါးကြီးကလည်း

"အကိုတော် မပြေးပါနဲ့၊ မပြေးပါနဲ့။ ညီတော်ကိုလာကယ်ပါ။ ညီတော်ကိုလာကယ်ပါ။ အကိုတော်ကယ်ရင် ညီတော်လူပြန်ဖြစ်ပါပြီ။ အကိုတော်ပြန်လာခဲ့ပါ၊ ပြန်လာခဲ့ပါ"လို့ လှမ်း၍အော်လေ၏။ ကျွန်ုပ်သည်လွန်စွာတုန်လှုပ်လို့သွားလေ၏။ နောက်ကြောင်းကိုပြန်လှည့်မကြည့်ဘဲ တစ်ချိုးထဲပြေးလေတော့၏။ ထိုအချိန်တွင် ကျွန်ုပ်သည် အိပ်မက်မှလန့်နိုးလေ၏။ ကျွန်ုပ်တစ်ကိုယ်လုံး ချွေးများဖြင့်ရွှဲနစ်နေ၏။ တကိုယ်လုံးလှုပ်လို့မရအောင် နာကျင်ကိုက်ခဲလို့နေလေ၏။

www.burmeseclassic.com



အပြင်မှလည်း ကျွန်ုပ်၏အခန်းတံခါးကို တဒုန်းဒုန်းထုသံကို ကြားရ၏။ ထို့ကြောင့် ကျွန်ုပ်သည် အတန်ငယ်ကြိုးစား၍ထလေ၏။ ပြီးလျှင် တံခါးတစ်ချက်ကိုလှမ်းဖွင့်ပြီး ခုတင်ပေါ်သို့ ဘိုင်းကနဲလဲ၍ ကျသွားလေ၏။ ထိုအခါ ကရင်သည် အခန်းထဲသို့ဝင်လာပြီး

"ဘုန်းဘုန်း ဘာဖြစ်တာလဲ" ဟုဆိုကာ အခန်းထဲသို့ဝင်လာလေ၏။ ကျွန်ုပ်သည် ကရင်အား လက်ဟန်ခြေဟန်ဖြင့် ရေတောင်းလိုက်၏။ လွန်စွာမှ အလိုက်သိလှသောကရင်သည် ကျွန်ုပ်အား ဆေးလိပ်တစ်လိပ်ထုတ်၍ပေးလေ၏။ ကျွန်ုပ်သည် ရင်ထဲတွင် တလှပ်လှပ်နှင့်မောနေသောကြောင့် တောင်းတာတစ်ခု ပေးတာတခြား ဖြစ်နေသော ကရင်၏မျက်နှာအား ဆေးလိပ်နှင့်ပိတ်ပေါက်လိုက်ပြီး

"ရေ . . . ရေ" ဟုသာ အော်ငေါက်လိုက်လေ၏။ ထိုအခါမှကရင်သည် အခန်းထဲမှအပြင်သို့ အပြေးထွက်သွားပြီး သောက်ရေအိုးမှရေကို ခပ်၍ပေးလေ၏။ ကတုန်ကယင်ဖြစ်နေသော ကရင်၏လက်သည် အရက်မသောက်ရသေးကြောင်း သက်သေပြလို့နေ၏။ ဒီလိုနှင့် ကျွန်ုပ်သည် ကရင်ပေးသောရေကို တစ်ကျိုက်ထဲ မော့ချလိုက်ပြီး အဝသောက်လိုက်၏။ ပြီး ခုတင်ပေါ်မှထလေ၏။ ထိုအခါ ကရင်သည် ကျွန်ုပ်အား ဝိုင်း၍ထူလေ၏။ ခုတင်နောက်ကျောကိုမှီထားလိုက်ပြီး ကရင်အားဆေးလိပ်တောင်းလိုက်၏။ ထိုအခါ ကရင်သည် ဆေးလိပ်ဘူးထဲမှဆေးလိပ်ကို လှမ်း၍ယူလေ၏။ သို့သော် ဆေးလိပ်ဘူးထဲမှာ ဆေးလိပ်မရှိတော့ချေ။

"ဘုန်းဘုန်း ဆေးလိပ်ကုန်သွားပြီ" ဟုဆိုလေ၏။ ထိုအခါ ကျွန်ုပ်က–

"မင်းကို ခုနက ပစ်လိုက်တဲ့ဆေးလိပ်ကော" ဟုဆိုသဖြင့် ကရင်သည် ၎င်း၏မျက်နှာကို ပစ်ပေါက်၍လွင့်စင်သွားသောဆေးလိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခုတင်အောက်သို့ငုံ့ပြီး လှမ်း၍ယူလိုက်သောအခါတွင် ရှူးခနဲဆိုပြီး နှာမှုတ်သံကြီးထွက်၍လာလေ၏။

ရှီး ...ရှီး ..ရှီး ...။

ထိုအခါ ကရင်သည် အောင်မလေးဟုဆိုပြီးလန့်ကာ နောက်သို့ ခုန်၍ရှောင်လေ၏။ ထိုအခါကျွန်ုပ်သည် ခုတင်နောက်သို့မှီ၍ ခြေကို ဆင်းထားရာမှလန့်သွားပြီး ခြေထောက်ကိုလှမ်း၍ ရုပ်လိုက်လေ၏။ ကရင်သည် လန့်ပြီး ငုတ်တုတ်ထိုင်နေလေ၏။ မလှုပ်မယှက်ကြောင် တောင်တောင်ကြီးဖြစ်လို့နေ၏။

"ဟေ့ကောင် .....ဟေ့ကောင်၊ ဘာလဲ"ဟု သတိပေးရ၏။ ထိုတော့မှကရင်သည် အသံဝဲဝဲဖြင့်

"မြွေ ...မြွေ ...မြွေ"ဟုဆိုလေ၏။

ကျွန်ုပ်သည် ကရင်မြွေလို့အော်လိုက်ကတည်းက ခုတင်ပေါ်က နေ ဆောင့်ကြောင့်ထိုင်ထားလိုက်တော့၏။ ထိုအခါ အောက်မှ တရှူး ရှူးနှင့် နှာမှုတ်သံကြီးထွက်လာပြီး ကရင်ဖွင့်ထားသောအခန်းတံခါး ပေါက်သို့ ဦးခေါင်းကြီးထွက်လာခါ လျှာကနဲလိမ့်ထွက်လေ၏။ ထို အခါ ကရင်သည် ကြောက်လန့်ပြီး ပုဆိုးထဲမှ သေးများထွက်ကျလေ ၏။ ၎င်းမြွေကြီးမှာ တခြားတော့မဟုတ်ချေ။ ကျွန်ုပ်တို့ သေတ္တာထဲမှ ထွက်သွားသော မိစန္ဒီပင်ဖြစ်လေ၏။ ၎င်းမြွေကြီးသည် ကျွန်ုပ်အခန်း ပေါက်ဝမှ တလိမ့်လိမ့်လျှောထွက်သွားပြီး ကျွန်ုပ်ကျောင်းဆောင်တော ထဲသို့ဝင်လေတော့၏။

"ဟေ့ကောင် ကရင်၊ ထထ။ ဟာ ဘာတွေလဲ၊ ဘာရေတွေ လဲ"ဆိုပြီး ဒီကောင်ရဲ့ခေါင်းအား ခေါက်လိုက်၏။

"အဲဒါ မင်းလန့်ပြီးထွက်တဲ့သေးတွေ မသာရဲ့"ဟုဆိုကာ ကရင် အား ခတ်မီးယူခိုင်းပြီး မိစန္ဒီနောက်သို့ လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒုက္ခပဲ၊ ကရင် ဟိုမှာတွေ့လား"

"တွေ့တယ်"

"တွေ့ရင်ဖမ်းလေကွာ"

"ဟာ မဖမ်းရဲဘူး၊ ဘုန်းဘုန်းဘာသာ ဘုန်းဘုန်းဖမ်း"

"ဟာ ဒီကောင်၊ ငါမဖမ်းရဲလို့ မင်းကိုဖမ်းခိုင်းတာပေါ့"

"ဟာ တပည့်တော်လည်း မဖမ်းရဲဘူး"

"ဟာ . . . ကရင်လုပ်ကွာ"

"မဖမ်းရဲဘူး၊ တပည့်တော်တောင်ကြောက်လို့သေးတွေထွက်ကုန်ပြီ"ဟုဆိုသဖြင့် ကရင်အားလှမ်းကြည့်လိုက်သောအခါတွင် ကရင့်ပုဆိုးတစ်ခုလုံး စိုရွှဲလို့နေလေ၏။

"ဟာ . . ဒုက္ခပဲ။ ဘယ်လိုလုပ်မလဲ။ ဘာကရင်လဲ မင်းသတ္တိမရှိဘူး၊ အလကားကရင်"

"အလကားကရင်တော့မဟုတ်ပါဘူး"

"ဒါဆို ဘာကရင်လဲ"

"ကတုန်ကရင်ပါ"ဟုဆိုလေ၏။

"အေး . . ဟုတ်တယ်။ မင်းသောက်သုံးမကျတဲ့ ကတုန်ကရင်။ သွားပြီ ဘယ်လိုလုပ်မလဲ"

"အောင်ဦးကို နှိုးလိုက်မယ်ဘုန်းဘုန်း"

"အေး နှိုးကွာ"

"အောင်ဦးရေ . . . အောင်ဦးရေ . . အောင်ဦးရေ"

"အောင်ဦး မရှိဘူး။ အလုပ်သွားတယ်။ ညဘက် ဈေးကားလိုက်နေတယ်"ဟု အောင်ဦးရဲ့မိန်းမအသံထွက်လာ၏။

"ဘုန်းဘုန်း"

"အေး . . ငါကြားတယ်"

www.burmeseclassic.com



''ဒါဆိုဘာယ်လိုလုပ်မလဲ။ တပည့်တော်မဖမ်းရဲဘူးနော်။ သူက ဒေါသထွက်နေတာ''

''ဟေ ဒါဆိုမင်းစောစောစီးစီးထဲက ဒါကြီးကို မယူလာနဲ့ပေါ့။ အခု ငါဘယ်လိုလုပ်မလဲ။ တနင်္ဂနွေနေ့ ဒီကောင်ကြီးကို မပြနိုင်ရင် ငါအရှက်ကွဲမယ် ခွေးသားရဲ့။ ဟိုမှာ တနင်္ဂနွေနေ့ကျရင် မြွေတွေလာကြည့်မယ့်သူတွေလာလိမ့်မယ်'' ကျွန်ုပ်တို့နှစ်ယောက် ပြောဆိုအငြင်းပွားနေချိန်မှာပင် မိစန္ဒီမြွေကြီးသည် ပျောက်သွားလေတော့၏။

ထိုအခါ ကျွန်ုပ်သည် စိတ်ဓာတ်ကျသွားလေ၏။ ကရင်လည်း ငင်းကြောက်ပြီးပန်းသောကြောက်သေးများကို သုတ်သင်ရှင်းလင်း၍ ရေမိုးချိုးကာ ကျွန်ုပ်ထံသို့ပြန်ရောက်လာ၏။ ထိုအခါကရင်သည် ကျွန်ုပ်အား

''စိတ်မကောင်းမဖြစ်ပါနဲ့ ဘုန်းဘုန်းရယ်။ မိစန္ဒီကို ဘုန်းဘုန်းပြန်ရပါလိမ့်မယ်။ ဪဒါနဲ့ ဘုန်းဘုန်း ညက မိစန္ဒီ ခုတင်အောက်ထဲ ရောက်နေတာ မသိဘူးလား''

''နင့်ကျီးတော် ငါမသိလို့ပေါ့။ သိရင် အခန်းတံခါးပိတ်ပြီး ဖမ်းရင် တောင်မိပြီ။ မဖမ်းရဲရင်တောင် အခန်းတံခါးပိတ်ထားပြီး သော့ခတ် ထားလိုက်ရင်တောင်မိပြီ''

''ဒါဆို ဘုန်းဘုန်း ညကဘာလို့အော်တာလဲ''

''အေး ‥ ငါအိပ်မက်မက်တယ်ကွ။ အိပ်မက်ထဲမှာ မောင်သစ္စာ ဆိုတဲ့ ကောင်လေးတစ်ယောက်ရောက်လာတယ်။ ပြီးတော့ ငါ့ကို တောထဲခေါ်သွားတယ်။ အဲဒီတောထဲက ရေကန်အနားလည်း ရောက် ရော ရေကန်ထဲကို သူခုန်ဆင်းသွားတယ်။ ပြီးတော့ မြွေကြီးဖြစ် သွားတယ်ကွ။ ငါလဲ ကြောက်ကြောက်နဲ့ထွက်ပြေးတယ်။ အဲဒီမှာ မောင်သစ္စာဆိုတဲ့မြွေကြီးက ငါ့ကို အကိုတော်ကယ်ပါ၊ အကိုတော်



www.burmeseclassic.com

www.burmeseclassic.com



ကယ်ပါနဲ့ တစာစာခေါ်ပြီး အကူအညီတောင်းတယ်''

''ဒါဆို ဘုန်းဘုန်းက မကယ်လိုက်ဘူးလား''

''ငါ ဘယ်ကယ်ရဲမလဲကွ။ တော်ကြာ ငါ့ကိုအန္တရာယ်ပေးရင် ဘယ်လိုလုပ်မလဲ''

''ဒါလည်း ဟုတ်တာပဲ''

'' အေး ဒါနဲ့ငါလည်း ထွက်ပြေးတာ၊ မောလိုက်တာကွာ။ ငါ လန့်ပြီးတော့နိုးတော့ တံခါးကိုထုသံကြားတာနဲ့ တံခါးဂျက်ကိုဖြုတ်ပြီး ခုတင်ပေါ်လှဲနေတာကွ''

''ဒါဆို မြွေကြီး ခုတင်အောက်ထဲရောက်နေတာ မသိဘူးပေါ့''

''ဘယ်သိမလဲကွ၊ သိမှတော့ မင်းတို့ကိုငါပြောမှာပေါ့''

''အောင်မလေး တော်ပါသေးတယ် ဘုန်းဘုန်းရယ်။ ဘုန်းဘုန်းကို ဘာမှအန္တရာယ်မပေးသွားတာပဲတော်သေးတယ်''

''အေးဟုတ်တယ်၊ ဒါနဲ့ မင်းဒီမြွေကြီးကို ဘယ်လိုဖမ်းဖို့ စီစဉ်ထားလဲ''

''မပူနဲ့။ လမ်းထိပ်ကကယ်ရီသမားတွေကို ပြောထားတယ်။ ဖမ်းမိတဲ့သူကို မုန့်ဖိုးတစ်သောင်းပေးမယ်လို့''

''အေး ကောင်းတယ်။ ဩော် ဒါနဲ့ မင်းကို ပြောထားမယ်နော်။ မထိခိုက်မိအောင် သေချာဖမ်း။ ထိမိခိုက်မိလို့ကတော့ မရဘူးဟေ့။ ဒီမြွေကြီးက သိုက်မြွေကွ။ သတိတော့ထား မနာမကျင်စေနဲ့''ဟု မှာထားလိုက်လေ၏။ ဒီလိုနှင့် ကရင်တို့အဖွဲ့သည် တောဘွတ်လို့ဆိုသော ဖိနပ်လည်ရှည်ကြီးတွေကိုစီးကာ မိစန္ဒီအား ရှာပုံတော်ဖွင့်လေတော့၏။

ကျွန်ုပ်လည်း အခန်းထဲဝင်၍ တမေ့လောက်မေ့လို့နေလေ၏။ ထိုအချိန်တွင် ကျွန်ုပ်အခန်းတံခါးကို ခေါက်သောအသံကိုကြားလေ၏။ ကျွန်ုပ်သည် အခန်းတံခါးကိုဖွင့်ပြီး အပြင်သို့ထွက်လိုက်လေ၏။ အဲဒီ

www.burmeseclassic.com



အချိန်တွင် ကရင်က ကားလေးတစ်စီးကို ကျောင်းထဲသို့ဝင်ရန် လမ်းပြလို့နေ၏။ ကားသည် ကျောင်းထဲသို့ ဝင်ပြီးနေရာချလေ၏။ ပြီးလျှင် ကားထဲမှ အသက်ဆယ့်ကိုးနှစ်ဆယ်ဝန်းကျင်လောက်ရှိသောကောင်လေးတစ်ဦးနှင့် ကောင်မလေးတစ်ဦး လက်ကလေးကိုတွဲကာ ထွက်လာ၏။ ထိုအခါ ကရင်သည် ကျွန်ုပ်အနားသို့ပြေးလာပြီး

"ဘုန်းဘုန်း ဒီလင်မယားက ဘုန်းဘုန်းကို မြွေလှူချင်လို့တဲ့"။ ကရင့်စကားဝဲသဖြင့် မြွေနှင့်ငွေမသဲကွဲပေ။

"အေး ‥ လှူလေ ရပါတယ်။ ဘုန်းဘုန်းလည်း ကျောင်းငွေလိုနေတာနဲ့ အတော်ပါပဲ။ သားတို့သမီးတို့လည်း ကုသိုလ်ရတာပေါ့" ဟုဆိုလိုက်လေ၏။ ထိုအခါ ကောင်လေးသည် ကားထဲမှမြွေအရေခွံအိတ်ကိုသွားယူပြီးမလာ၏။ ကရင်ကလည်း–

"ရလားအကို ကျွန်တော်ဝိုင်းမပေးမယ်"ဟုဆိုလေ၏။ ထိုအခါ ကျွန်ုပ်က

"နေပါစေကရင်ရယ် သေးထွက်ကျလို့ လဲစရာပုဆိုးမရှိဖြစ်နေပါဦးမယ်"ဟု ဆိုလိုက်၏။ ထိုအခါ ကရင်ကရယ်လေ၏။

"ဘုန်းဘုန်းရယ် တစ်ယောက်ထဲသာကြောက်တာပါ။ နှစ်ယောက်ဆိုမကြောက်ပါဘူး"ဟု ဆိုလေ၏။

"အေးပါကရင်ရယ် ကရင်တော့ကရင်ပဲ ဒါပေမယ့် ကတုန်ကရင်ဖြစ်နေတာခက်တယ်" ဟုဆိုလိုက်လေ၏။ ထိုအခါ အားလုံးက ဝိုင်းရယ်ကြလေတော့၏။

ထိုအချိန်တွင်ကောင်လေးသည် မြွေအရေခွံအိတ်ထဲမှ စပါးကြီးမြွေတစ်ကောင်ကို လက်နှင့်အလွယ်တကူဖမ်းယူပြီး–

"ကဲ ‥ သားလေးမောင်သစ္စာရေ မင်းဒီမှာနေခဲ့တော့"ဟုဆိုပြီး ကျွန်ုပ်ထံသို့ အကောင်လိုက်ကြီးလှူလေသည်။ ကျွန်ုပ်သည် မောင်



www.burmeseclassic.com

www.burmeseclassic.com



သစ္စာလို့ခေါ်သံကြားသဖြင့် တုန်လှုပ်သွားလေ၏။

"ဘာ ... ဘယ်လိုခေါ်တယ်"

"ဩော် .. မောင်သစ္စာလို့ခေါ်လိုက်တာပါဘုန်းဘုန်း၊ သူ့နာမည်က မောင်သစ္စာတဲ့"

"ဟော့ ဘာ ဘယ်လို"စသဖြင့် ကျွန်ုပ်ပါးစပ်မှ အာမေဋိတ်အသံများ ထွက်ပေါ်လာလေတော့၏။

"ဟို ဟို သေတ္တာထဲထည့်လိုက်ပါ။ ငါမကိုင်ရဲဘူး"ဟု ဆိုလိုက်သဖြင့် ကောင်လေးက

"ကိုင်ပါဘုန်းဘုန်း၊ ကိုင်ပါ ဒီမြွေက အရမ်းယဉ်ပါတယ်" ဟု ဆိုလေ၏။

"ဟင်အင်း ငါမကိုင်ရဲဘူး၊ ကရင် ... ကရင်"

"ဘုရား"

"သေတ္တာပေးလိုက်၊ သေတ္တာပေးလိုက်"

"တင်ပါဘုရား၊ တင်ပါ့"ဟု ဆိုကာ မိစန္ဒီထည့်သော ကျွန်းသေတ္တာကြီးကို သွားယူလာလေ၏။ ငင်းမောင်သစ္စာမြွေကြီးသည် ကျွန်ုပ်အား စိုက်၍ကြည့်နေ၏။ ကျွန်ုပ်သည် အိပ်မက်ကိုသတိရသွားပြီးတွေး၍ကြောက်နေ၏။

"ဘုန်းဘုန်း တပည့်တော်တို့ ဒေးစွန်ပါကလာတာပါ။ ဒီမြွေကြီးက လိမ္မာပါတယ်။ တပည့်တော်တို့ အိပ်မက်ရလို့ တောထဲကနေ တွေ့လို့ဖမ်းလာတာ"

"ဟေ ဘာ ဘယ်လို ဟုတ်လား"

"ဟုတ်ပါတယ်၊ တပည့်တော်တို့ဆီမှာရောက်နေတာ တစ်နှစ်ပြည့်တော့မယ်။ တပည့်တော်အမျိုးသမီးက မြွေဆိုရင် ကြောက်တတ်တယ်။ မြွေမပြောနဲ့ တီကောင်တွေ့ရင်တောင် ထပြေးခုန်တဲ့သူ။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီမြွေကြီးကိုသံယောဇဉ်ရှိပါတယ်။ ဒါပေမယ့် အိပ်မက်အရ ပေါက်ဆိန် ဆရာတော်ဆီ သွားလှူပါဆိုလို့ တပည့်တော်လှူချင်စိတ်ပေါက်တာ နဲ့ လာပို့တာပါ"

"ဟေ အဆန်းပါလား ဟာ လောကကြီး . . . လောကကြီး တော်တော်ဆန်းကြယ်တာပါပဲလား။ အေး အေး သားရယ် ကောင်းပါ တယ်"ဟုဆိုလိုက်၏။

"ဒါဆိုတပည့်တော်တို့ ပြန်ပါအုံးမယ်ဘုရား"ဟုဆိုကာ ကားလေး ကိုမောင်းပြီးထွက်သွားကြလေ၏။ ကျွန်ုပ်နှင့်မောင်ကရင်သည် တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မယုံနိုင်စရာဖြစ်နေတော့၏။

"ကရင်ရေ တော်သေးတယ်။ ငါအရှက်မကွဲတော့ဘူး။ ဒီ မြွေကြီး ကို မိစန္ဒီဆိုပြီး လိမ်ပြရတာပေါ့"ဟုဆိုလိုက်၏။ ထိုအခါကရင်က

"ဟာ ဘုန်းဘုန်းရေ ထူးဆန်းတာတွေ တော်တော်ဖြစ်ကုန်ပြီ နော်"

"ဟေ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ တပည့်တော်တို့ကမိစန္ဒီရှာတယ်။ ရောက်လာ တာကမောင်သစ္စာ။ ဘုန်းဘုန်းမက်တဲ့ အိပ်မက်ထဲကမြွေကလည်း မောင်သစ္စာနော်"

"အေး ဟုတ်တယ်လေ"

"ဒါကိုက ထူးဆန်းနေပြီနော်။ ဘုန်းဘုန်းလည်း တစ်ခုခုတော့ ထူးဆန်းနေပြီနဲ့တူတယ်"ဟု ကရင်သည် ကျွန်ုပ်အားမြှောက်လေ၏။

"ထူးတာမထူးတာတော့ မသိဘူး ကရင်ရေ။ မြွေသာအစားထိုး မရောက်ရင် ငါတော့ရှုံးမှာပဲဟေ့"ဟုဆိုကာ ပြောလိုက်လေ၏။ ထို အခါ ကရင်က

"မဟုတ်တာဘုန်းဘုန်းကလည်း ဒါ ဘုန်းဘုန်းစိတ်ဟာန်ခိုးစွမ်း



www.burmeseclassic.com

www.burmeseclassic.com



နေတာဖြစ်မယ်''

''ဟော့ကောင်ကရင် အပိုတွေ လျှောက်ပြောမနေနဲ့။ လူအထင် ကြီးတယ်။ ဒါတွေဟာဖြစ်တတ်တဲ့သဘောပဲ။ ငါကတော့ မြွေကြီးရတာ ပျော်လည်းပျော်တယ်၊ ကြောက်လဲ ကြောက်တယ်ကွ။ ပျော်တာက ငါ့ တပည့်တွေလာရင် ငါအရှက်မကွဲတော့ဘူး။ မြွေပြလို့ရပြီ။ ကြောက် တာက ဒီကောင်မောင်သစ္စာက အိပ်မက်ထဲကလိုကြီးပြီး ငါတို့ကို လိုက်ကိုက်ရင်တော့''လို့ ဆိုလိုက်သောအခါတွင် သေတ္တာထဲမှ မောင် သစ္စာခေါ် မြွေကြီးသည် တဒုန်းဒုန်းလှုပ်လေတော့၏။ ကျွန်ုပ်လည်း

''ဟော့ကောင်ရေ စနေပြီကွ'' လို့ဆိုလိုက်လေတော့၏။

ကျွန်ုပ်သည် ဒေးစွန်ပါမှဇနီးမောင်နှံနှစ်ယောက်လှူသွားသော မောင်သစ္စာဆိုသော စပါးကြီးမြွေတစ်ကောင်ကို ရရှိလိုက်သဖြင့် လာ မည့်တနင်္ဂနွေနေ့တွင် ကျွန်ုပ်တပည့်များအား ကြွားလို့ရသွားလေ၏။ မြွေဆိုတဲ့အသံကြားကတည်းက ပူးချင်တဲ့လူတွေရော မြူးချင်တဲ့လူ တွေရော မဆီမဆိုင် ငုဒ်မြွေတွေနဲ့သူတို့ဟာ ဘယ်လိုရေစက်ရှိတာ ရော၊ ဘယ်လို အမျိုးတော်စပ်တာတွေရော စုံလင်စွာ ဖုန်းများဆက် ကြလေတော့၏။

တချို့ကလည်း မြွေစကားနားလည်သလိုလိုနှင့် ခတ်ပူးသလို လို လုပ်ပြန်၏။ တချို့ကလည်း လူစင်စစ်ကနေ မြွေလိုဖြစ်ပြီး မြေကြီး ပေါ်တွင်လူးလိမ့်နေ၏။ လူအမျိုးမျိုးအတွေ့အကြုံအမျိုးမျိုး စုံလင်လှ ၏။ ဒီလိုနှင့် တနင်္ဂနွေနေ့သို့ရောက်လေ၏။ ရှမ်းအိုးစည် တီးမည့်သူ များလည်း ရောက်လို့နေ၏။ မြွေလာကြည့်ကြမည့် ပရိသတ်အပေါင်း ကိုလည်း နွားနို့တိုက်ရန်စီစဉ်ရတော့၏။ မြွေလာကြည့်မယ့် ကျွန်ုပ် တပည့်သာဝကများ BM ကားသုံးစီးနှင့် ရောက်ရှိလို့လာခဲ့ပါပြီ။ ကျွန်ုပ် ကျောင်းထဲမှာ ရှမ်းမဟုတ်၊ မြန်မာမဟုတ်၊ ကရင်မဟုတ် ပုဂ်ိရောဒီရော



www.burmeseclassic.com

www.burmeseclassic.com



အားလုံးတို့သည် ရှမ်းအိုးစည်ကိုစတင်၍တီးကြလေတော့ပြီ၊ မှောင်မှောင်မှောင်၊ နောင်နောင် နောင်စသည်ဖြင့် ရှမ်းအိုးစည်တီးသောအသံများသည် ဆူညံပွက်လော ရိုက်လေတော့၏။ သေတ္တာထဲမှ မောင်သစ္စာသည်လည်း တဒုန်းဒုန်း တဒိုင်းဒိုင်းဖြစ်လို့နေလေတော့၏။ တချို့အမျိုးသမီးများသည် ရှမ်းအိုးစည်သံကြားကတည်းက ကားပေါ်ကနေ ခုန်ပေါက်ပြီး ပြေး၍လာတော့၏။ ဘာမပြောညာမပြော မြေကြီးပေါ်တွင် လူးလိမ့်နေတော့၏။ ကျွန့်ပ်တပည့် မောင်ကရင်ကလည်း သွားကြီးကိုဖြီးပြီး သဘောကျလို့နေ၏။

"ဟာ ဘုန်းဘုန်းရေ စကုန်ပြီ၊ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှမလုပ်နဲ့ ကရင်ရေ၊ မင်းရဲ့ ဆွေတော်ရှစ်သောင်းမျိုးတော်အပေါင်းတွေက မလုံမခြုံတွေနဲ့ မထင်မရှားတွေလည်း ပြ၊ ထင်ထင်ရှားရှားတွေလည်းပြ၊ ပေါ်ပေ့ါပေါ်တွေရော၊ မပေါ်တပေါ်တွေရော ပြကုန်ပြီ၊ ငါကတော့ ရှက်တတ်တယ်။ ဒီတော့ မျက်နှာလွှဲမယ် မင်းက မလုံတလုံဖြစ်နေတဲ့သူတွေကို လုံလုံခြုံခြုံဖြစ်အောင် တာဝန်ယူ"ဟု အမိန့်ချရလေတော့၏။ ရှမ်းအိုးစည်တီးသူကလည်းမြူး၊ ခတ်တွေကလည်းပူး၊ နတ်တွေကလည်းမြူးနဲ့ ကားတစ်စီးလုံးပူးကုန်လေတော့၏။ ကျွန့်ပ်တပည့်မောင်ကရင်သည် မြေကြီးတွင်လူးလိမ့်ပြီး နဂါးသိုက်ဝင်ပူးသူများအား ၎င်းတို့ဝတ်စားထားသောအဝတ်အစားများ ကျွတ်ထွက်မသွားစေရန်အတွက် ကရင်သည် လိုက်လံ၍ဖုံးဖိရလေတော့၏။ အပူးတကာအပူးထဲတွင် နဂါးသိုက်ပူးရတာ တော်တော်ကြည့်ရဆိုးလေ၏။ မြေ ကြီးတွင်လူးလိမ့်ရလေ၏။ ရေတောင်းရင်လည်း ရေလောင်းပေးရလေ၏။ ကရင်သည် ဖုံးရဖိရ ရေလောင်းရနှင့် နောက်ဆုံးတွင်ပြေရာမရဖြစ်ကာ သစ်ပင်ရေဖြန်းသောရေပိုက်နှင့် ဒလဟောထိုးရလေတော့၏။ ကျွန့်ပ်သည် ၎င်းတို့၏အဖြစ်အပျက်ကိုကြည့်ပြီး ပြုံးမိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မသိလျှင် ကျောင်းသားအရေးအခင်းဖြစ်တုန်းကလိုမျိုး ထိန်းမနိုင်သိမ်းမနိုင်ဖြစ်ပြီး မီးသတ်ပိုက်နှင့်လူစုခွဲရသလို ဖြစ်နေ၏။ ကျွန်ုပ်ဆီမှာကတော့ နဂါးသိုက်ဝင်ပူးချက်ကတော့ ကမ်းကုန်လေ၏။ နောက်ဆုံးမီးသတ်ပိုက်ငှားရတော့မလိုဖြစ်ကုန်၏။ ကရင်လည်း ဘာရမလဲ နဂါးသိုက်အရေးအခင်းကို သစ်ပင်ဖြန်းတဲ့တစ်လက်မပိုက်ကို အသုံးပြုပြီးလူစုခွဲရလေတော့၏။

နောက်ဆုံးတွင်ကျွန်ုပ်က ရှမ်းအိုးစည်ဝိုင်းကို ခဏရပ်ခိုင်းရလေတော့၏။ ရှမ်းအိုးစည်ဝိုင်းလည်းရပ်ကော နဂါးသိုက်ပူးနေသူများသည် တန့်ကနဲရပ်လေတော့၏။

"အောင်မလေး ဘာဖြစ်တာလဲ၊ အောင်မလေး ဘာတွေလဲ၊ ဟာ ရေတွေ၊ ကျွန်မဘာဖြစ်တာလဲ။ ဟယ်တော့ ရေတွေစိုလို့ပါလား" စသည်ဖြင့် နဂါးသိုက်ဝင်ပူးသောအဖွဲ့သည် သူတို့ဖြစ်ပျက်ပုံကို သူတို့သတိမထားမိသည့်အလား တစ်ယောက်တစ်ပေါက်ပြော ဆိုနေလေတော့၏။ ထိုအချိန်တွင် မောင်သစ္စာဆိုသောမြွေကြီးသည် သေတ္တာထဲမှ ရှုးကနဲလုပ်ကာ အပြင်သို့လျှော၍ထွက်လာ၏။ တစ်ယောက်နှစ်တစ်ယောက်အပူးပြိုင်နေကြသော မယ်မင်းကြီးမ နဂါးသိုက်တို့သည် ထမိန်စွန်တောင်ဆွဲကာ အောင်မလေးဟုအော်ပြီး ထွက်ပြေးကြလေတော့၏။

"အောင်မလေး လုပ်ပါဦး၊ မြွေကြီးထွက်လာပြီ၊ ဟာ လုပ်ဟ၊ ဟော့ ဖမ်းဖမ်း၊ ဟာ ဒုက္ခပဲ"စသဖြင့် တစ်ယောက်တစ်ပေါက်တွေဖြစ်ကုန်၏။ တချို့ဆို မြွေကြီးကိုကြောက်လွန်းလို့ ရှူရှူးတွေထွက်ကုန်လေ၏။ ကရင်သည် မြိုင်ရာဇာတွတ်ပီအလား ဟိုခုန်ဒီခုန်ဇွေ့ဇွေ့ခုန်၍ မောင်သစ္စာ၏အမြီးအား လိုက်၍ဆွဲလေ၏။

"ဟာ လုပ်ကြပါဦး လွတ်ကုန်တော့မှာပဲ၊ အောင်ဦးရှေ့လာပါဟ၊



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းအိုးစည်သမားတွေ လုပ်ပါဦးကွ၊ ဖမ်းပါဦးကွ''စသည်ဖြင့် အသံပေါင်းစုံ ထွက်လာလေ၏။

အဲဒီထဲမှာ အဖွားကြီးတစ်ယောက်ကလည်း ခါတ်ကြောင်သလိုလို နတ်ကြောင်သလိုလိုလုပ်ပြီး–

''ဟေ့ ဝဋ္ဋသုတ်ရွတ်ကြ၊ ဝဋ္ဋသုတ် ရွတ်ကြ''ဟု ဆရာလုပ်ကာ သတိပေး၏။ ခမ္မကထိကဆိုသော ကိုတင်ဦးက ထပြီး

''ဒီအဖွားကြီး ဝဋ္ဋသုတ်ရွတ်ရအောင် ဒါကငုံးမှမဟုတ်တာ၊ နင့်လင်မြွေဟဲ့။ မြွေကိုရွတ်ရတဲ့ပရိတ်က ခန္ဓသုတ်''ဟုဆိုကာ ဆရာကြီးထလုပ်ပြန်၏။ ကြားထဲမှာ ဗိုက်ကြီးသည်တစ်ယောက်ကလည်း လန့်ပြီး

''ကျွန်မက ဒီသုတ်တွေမရဘူး။ အင်္ဂုလိမာလသုတ်ပဲရတာ၊ ဒါတောင် ကိုယ်ဝန်ရလို့ အမေကရအောင်ကျက်ဆိုလို့သာကျက်ရတာ။ အမေက ထောက်ပေးမှကျွန်မရွတ်တတ်တာ'' စသဖြင့် အိုးနင်းခွက်နင်းတွေဖြစ်ကုန်၏။

ထိုအခါ ကရင်တို့အဖွဲ့သည် မောင်သစ္စာကို ဖမ်းလို့မိသွားပြီး သေတ္တာထဲသို့ပြန်၍ထည့်ကြလေ၏။ ကရင်သည် ရင်ကိုကော့ပြီး မသီရင် ကာလနဂါးကြီးကို သူကဖမ်းလိုက်သည့်အလား ဟန်ကိုလုပ်ပြီး

''အားလုံးတိတ်ကြ၊ ခင်ဗျားတို့ဟာက မြွေလာကြည့်တာလား၊ ရန်လာဖြစ်တာလား၊ ဘယ်လိုတွေလဲ။ ဘုန်းကြီးတစ်ပါးလုံးရှေ့မှာထားပြီး ဘုန်းကြီးစာချ မိကျောင်းမင်းရေခင်းပြနေတာလား၊ ဘာတွေလဲ ခန္ဓသုတ်လည်း ရွတ်စရာမလိုဘူး၊ ဝဋ္ဋသုတ်လည်း ရွတ်စရာမလိုဘူး၊ အင်္ဂုလိမာလသုတ်လည်းရွတ်စရာမလိုဘူး၊ ဒီမှာ ကရင် မြွေဖမ်းလိုက်တာမြင်တယ်မဟုတ်လား''

''မြင်ပါတယ်''ဟု ဝိုင်း၍ ထောက်ခံကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကရင်ရွတ်လိုက်တဲ့သုတ်ကို ခင်ဗျားတို့သိလား"

"မသိပါဘူး ရှေ့ကရင်ရယ်၊ ကျွန်မတို့ကိုသင်ပေးပါ"ဟု ဝိုင်း၍တောင်းကြ၏။ ထိုအခါကရင်သည် စပ်ဖြဲဖြဲလုပ်ပြီး–

"ဟဲဟဲ တခြားတော့မဟုတ်ဘူး။ ခေါက်ဆွဲသုပ်"ဟုဆိုသဖြင့် ကရင်အား ဝိုင်း၍ထုကြလေတော့၏။

"သေတော့မယ်ဒီမသာတော့၊ ငရဲအိုးထဲကျိုးကပ်တော့မယ်"

"ဟာ ဒုက္ခပဲ၊ ကျုပ်မနက်က ခေါက်ဆွဲသုပ်တစ်ပွဲနဲ့ ထမင်းဖြူစားထားတာ၊ အားရှိသွားတယ်။ အဲဒီအားနဲ့ ကျုပ်ဒီမြွေကိုဖမ်းလိုက်တာပဲ"ဟု ထပ်၍ပြောသဖြင့် ကရင်အား ဝိုင်း၍ထုကြလေတော့၏။

ကျွန်ုပ်သည် ၎င်းတို့ဖြစ်ပျက်နေသမျှကိုကြည့်ပြီး ပြုံးမိလေတော့၏။

"ဩော် လူတွေလူတွေ၊ တယ်ခက်ပါလား"

"ဟဲ့ဟဲ့ လာလာ၊ ဟိုမှာ ဘုန်းကြီးဘုန်းကြီး"ဟုဆိုပြီး ၎င်းတို့အဖွဲ့သည် ကျွန်ုပ်အား ဝိုင်း၍ကန်တော့ကြလေ၏။ မသိရင် သင်္ကြန်ရေတော်ခံထွက်လာကြသည့်အလား ဖြစ်ကုန်၏။

ထိုအခါ ကျွန်ုပ်က ၎င်းတို့အား "ဘယ်လိုဖြစ်ကြတာလဲ။ နင်တို့ကလည်း မြွေလာကြည့်တာလဲ ရေပက်ခံထွက်တာကျနေတာပဲ။ ဘယ်လိုဟာတွေလဲ"

"မသိပါဘူးဘုန်းဘုန်းရယ်၊ ဘုန်းဘုန်းကျောင်းထဲဝင်လိုက်ရော၊ ရွမ်းအိုးစည်သံလည်းကြားရော တပည့်တော်တို့လည်း ဒီလိုဖြစ်ကုန်တာပါပဲ။ ဘယ်သူကဖြစ်ချင်ပါ့မလဲ၊ လုလုပပပြင်လာပြီး အခုတော့ နှံ့တွေရောဗွက်တွေရော၊ ဟိုကရင်မသာကလည်း ရေလောင်းပါ့ဆို အရွဲ့တိုက်ပြီး ရေပိုက်နဲ့ကိုပက်တာ။ ဘယ်တုန်းကတည်းက အငြိုးကတ်နေတယ်မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေချင်းဆိုး" ဟုကရင့်အားမျက်စောင်းထိုးကာဆဲလေ၏။ ထိုအခါကရင်က

"ဟုတ်တယ်လေ ခင်ဗျားတို့ပဲရေလောင်း ရေလောင်းဆို၊ ကျုပ်က သနားလို့ရေတွေ စေတနာနဲ့လည်း ပက်ပေးရသေးတယ်"

"အေးပါ နင်နဲ့ငါတွေ့မယ်" ဆိုပြီး ရန်တွေ့လေ၏။ ကရင်နဲ့ ၎င်းတို့မှာ ပြောမနာဆိုမနာများဖြစ်ကြလေ၏။ ဦးသူကစနောက်ကြေး စနစ်ဖြင့် တစ်ဦးနှင့်တစ်ဦး ခင်မင်လို့နေကြ၏။

ထိုအခါ ကျွန်ုပ်၏တပည့်တစ်ဦးရောက်လာ၏။

"ဘုန်းဘုန်း မြွေကြီးကော"ဟုဆိုသဖြင့် ကျွန်ုပ်က သေတ္တာအား လက်ညှိုးထိုးပြလိုက်လေ၏။ ထိုအခါ ကရင်က

"ဟိုမိန်းမကြီး ကြည့်ရင်ခဏကြည့်နော်၊ အကြာကြီးဖွင့်မထား နဲ့၊ သူကထွက်ပြေးချင်နေတာ"ဟု သတိပေးသဖြင့်

"အေးပါ အေးပါ ငါသိပါတယ်"ဟု ဆိုပြီး ၎င်းမောင်သစ္စာခေါ် မြွေကြီးကိုသွား၍ကြည့်လေ၏။

ပြီးလျှင် "ဟင် ဘုန်းဘုန်း ဒီမြွေကြီးက ပထမတုန်းကမြွေကြီးနဲ့ လည်းမတူဘူး"ဟုဆိုလေ၏။ ထိုအခါ ကရင်က မျက်စိမျက်နှာပျက် သွားပြီး

"ဟာ ဒီမိန်းမကြီးကလည်း ဒီမြွေပဲပေါ့"

"ဒီမြွေကပိန်သွားသလိုပဲ၊ ပထမငါတွေ့တဲ့မြွေကကြီးတယ်"

"ခင်ဗျားက လျှာကိုရှည်တယ်၊ သူကအစာမစားတော့ ပိန် သွားမှာပေါ့၊ ကြည့်မှာသာကြည့် ပြီးရင်ပြန်ပိတ်ခဲ့" ဟုဆိုသဖြင့် ၎င်း မိန်းမသည် ကရင်အားမျက်စောင်းတစ်ချက်လှမ်းထိုးပြီး ပေါင်းကြီး အောက်တွင်ပြန်ထိုင်လေသည်။

၎င်းမိန်းမပြောတာမှန်ပါသည်။ ယခု ကျွန်ုပ်ပြသောမြွေကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



မိစန္ဒီအစား မောင်သစ္စာအားအစားထိုးပြီး အရှက်မကွဲရအောင် ပြနေခြင်းပင်ဖြစ်လေ၏။ မိစန္ဒီမှာ ကျွန်ုပ် စမတောင် ပုတီးသွားစိပ်တုန်းက လွှတ်သွားခဲ့ခြင်းဖြစ်လေ၏။ အားလုံးက မြွေကြီးအား နွားနို့များ ကြက်ဥများနှင့် ဒါနလုပ်ကြလေ၏။ သို့သော် မောင်သစ္စာမှာ လုံးဝဘာမှ မစားပေ။ နွားနို့လည်းမသောက်၊ ကြက်ဥလည်းမသောက်ပေ။ ကရင်သည် မောင်သစ္စာကိုလှူသော နွားနို့များကိုသောက်လိုက်၊ ကြက်ဥများကို ကြော်စားလိုက်နှင့်ဟန်ကျလို့နေ၏။ အားလုံးပြန်သွားသောအခါ ကျွန်ုပ်သည် ရေမိုးချိုးပြီး ကရင်ကပ်သော လိမ္မော်ရည်တစ်ခွက်ကိုဘုဉ်းပေးကာ ပုတီးစိပ်ရန်ဟန်ပြင်လေတော့၏။

"ကရင် ဘယ်နှစ်နာရီထိုးပြီလဲ"

"ကိုးနာရီထိုးတော့မယ်"

"အေးအေး ဒါဆို ငါဘုရားရှိခိုး၊ ပုတီးစိပ်တော့မယ်။ မင်း တစ်ချက် ကြည့်ထား"ဟုဆိုကာ သတိပေးပြီး ဘုရားရှိခိုးလေတော့၏။ ပြီးလျှင် မေတ္တာပို့၏။ ပြီးလျှင် သမ္ဗုဒ္ဓေတစ်ထောင် ပုတီးစိပ်ရန် ဟန်ပြင်ရလေတော့၏။

ထိုအချိန်တွင် လော်စပီကာသံတစ်ခု ထွက်ပေါ်၍လာလေတော့၏။

"ရပ်ကွက်အတွင်း၌ရှိကြကုန်သော လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား၊ အဟမ်း အဟမ်း ရပ်ကွက်အတွင်း၌ ရှိကြကုန်သော လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား . ." ကျွန်ုပ်သည် ပုတီးမစိပ်နိုင်သေးဘဲ ၎င်းအသံအား နားစွင့်နေလိုက်၏။ ကရင်ကလည်း

"ဒီကောင်တွေကလည်း အချိန်အခါမဟုတ် ဘာလုပ်ဦးမှာလဲ။ တော်ကြာ ပိုလီယိုကာကွယ်ဆေး တော်ကြာဘာ တော်ကြာညာနဲ့ နားကိုငြီးတယ်"ဟု ဆိုကာ ခြံတံခါးကိုသွားပိတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ပုတီးမစိပ်သေးဘဲ ၎င်းတို့အော်ပြီးမှ စိပ်တော့မယ်ဟုဆိုကာ ပုတီးလေးကိုလည်ပင်းမှာ ဆွဲပြီး အာရုံယူထားလိုက်သည်။

"ရပ်ကွက်အတွင်းမှ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား၊ စမပေါက်ဆိန်ဆရာတော် ..."

"ဟင် ငါ့နာမည်ပါလား"ဟု နားစွင့်လိုက်၏။

"စမပေါက်ဆိန်ဆရာတော် မွေးထားသော စပါးကြီးမြွေကြီးသည် လွတ်သွားပါသဖြင့် ရုံးသို့လာရောက်တိုင်ကြားထားပါသည်။ ထို့ကြောင့် ၎င်းစပါးကြီးမြွေကြီးသည် အန္တရာယ်ပြုနိုင်သဖြင့် ကလေးများသတိထားကြရန်အတွက် သတိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့အိမ်ခြံဝန်းထဲတွင်လည်း ဝင်ရောက်နိုင်ပြီး မိမိတို့ရင်သွေးများအား ဝါးမြိုနိုင်ပါသောကြောင့် အထူးသတိပြုကြရန် အသိပေးနှိုးဆော်လိုက်ပါတယ်။ ပုံ အုပ်ချုပ်ရေးမှူး မော်ဘီ (၁) ရပ်ကွက်"

"ဟာ ဗုဒ္ဓေါ၊ ကျွန်ုပ်သည် တစ်ကိုယ်လုံးတုန်ခါလို့သွား၏။ မျက်နှာကြီးလည်း နီမြန်းလို့လာ၏။ ဒေါသမီးတို့သည် ဆူပွက်ကာ တရှိန်းရှိန်းနဲ့ထွက်ပေါ်လို့လာ၏။

ချက်ချင်းဘုရားကိုဝပ်ချလိုက်ပြီး သင်္ကန်းကိုသိမ်းကာ အုပ်ချုပ်ရေးမှူးအားပြဿနာရှာရန် မတ်တပ်ထရပ်လိုက်၏။

"တော်တော်ရိုင်းတဲ့ကောင်ပဲ။ ငါ့ကိုအရှက်ခွဲတာ၊ ဒါ ဘယ်သူ့လက်ချက်လဲ"ဟုဆိုပြီး ကျွန်ုပ်သည် ကြိမ်လုံးကိုလက်ဆွဲပြီး အော်တဲ့ကောင်တွေကို ဆော်ပလော်တီးရန် ထွက်တော်မူလေ၏။

ထိုအခါ ကရင်သည် ကျွန်ုပ် သင်္ကန်းစကိုနောက်ကဆွဲပြီး

"ဘုန်းဘုန်းနေပါဦး၊ ဘုန်းဘုန်းနေပါဦး" ဟုလှမ်း၍ဆွဲလေ၏။

"ဟေ့ကောင် ဟိုမှာ မင်းအဖေတွေအော်နေတာ ကြားလား"

"ကြားပါတယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကြားရင် ငါ့ကိုဘာလို့ဆွဲနေတာလဲ"

"ဟို ဟို"

"ဘာ ဟိုဟိုလဲ၊ ပြော။ ငါဒေါသထွက်နေပြီနော်။ ဒါ ငါ့ကို သက်သက်စော်ကားတာ။ ဒီမြွေက မင်းဇာတ်လမ်းရှုပ်ထားတာ။ မင်း လုပ်လို့ ငါပါအခုအရှက်ကွဲပြီ"

"ဟုတ်ပါတယ် တပည့်တော်ကို ရိုက်ရင်ရိုက်ပါ၊ ဒါတပည့်တော် အမှားပါ"ဟုဆိုလေသည်။

"အေး မင်းကိုလည်းရိုက်မယ်၊ ဟိုကောင်တွေကိုလည်း ရိုက်မယ်"ဆိုပြီး ကရင်ကို အရင်ဆုံး ကြိမ်လုံးနဲ့ သိမ်းကြုံးရိုက်လေတော့

"အောင်မလေး ကြောက်ပါပြီဘုရား"

" ကြောက်ရင်ဖယ်၊ ငါ့ရှေ့ကနေ ကာဆီးကာဆီးမလုပ်နဲ့"

"တင်ပါ ဖယ်ပါ့မယ်ဘုရား"ဟုဆိုကာ ကျွန်ုပ်၏ အနောက်တစ် လံလောက်အကွာကနေ လိုက်လာလေ၏။ ကျွန်ုပ်သည် ကြိမ်လုံးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး လေ်ာစပီကာနဲ့အော်နေသော ကားနား ကိုသွားပြီး

"ဟေ့ကောင်တွေ" ဟုအော်လိုက်၏။ ထိုအခါ မိုက်တန်းလန်း နဲ့ ဆယ်အိမ်မှူးသည်

"ရပ် ရပ် ရပ်ကွက်အတွင်းရှိ ..."

"ဟေ့ကောင် တိတ်စမ်း"

"တင်ပါဘုရား" မိုက်မှအသံများ ကျယ်လောင်စွာ ထွက်နေ သည်။

"မင်းကို ဘယ်သူကအော်ခိုင်းတာလဲ"

"အုပ်ချုပ်ရေးမှူးပါ ဘုရား"

"ဟေ့ကောင် မင်းအသံကြီးကိုပိတ်"



www.burmeseclassic.com

www.burmeseclassic.com



"ပိတ်ပါမယ်ဘုရား" ဆယ်အိမ်မှူးသည် မိုက်ဖွင့်လျက်နှင့် ပြော နေသောကြောင့် ကျွန်ုပ်နှင့် ဆယ်အိမ်မှူးတစ်ယောက်တစ်ခွန်း ပြော သမျှသည် တစ်ရပ်ကွက်လုံးကို ကြားနေရတော့၏။

"မင်းကိုဘယ်သူ အော်ခိုင်းတာလဲ"

"အုပ်ချုပ်ရေးမှူးပါဘုရား"

"ဟေ့ကောင် မင်းနားမလည်ဘူးလား"

"ဘာကိုပြောတာလဲ ဘုရား"

"ဘာလို့ငါ့နာမည်ကြီးကို ထည့်ပြီးအော်နေတာလဲ" အသံတွေ သည် တစ်ရပ်ကွက်လုံးကြားနေရသည်။

"ဟေ့ကောင် မင်းစက်ကို ပိတ်ထားစမ်း၊ အသံထွက်နေပြန်ပြီ"

"တင်ပါဘုရား" ကျွန်ုပ်သည် စိတ်မထိန်းနိုင်တော့ဘဲ ၎င်းဆယ် အိမ်မှူးအား ကြိမ်လုံးနှင့်ရိုက်လေ၏။

"အောင်မလေး ကြောက်ပါပြီဘုရား"

"ဟာ ဒီကောင် စက်ပိတ်ပါလို့ပြောနေတာကို"

"ပိတ်ပါမယ်ဘုရား"

"မင်းမိုက်ကြီးကိုပိတ်ထား၊ ကဲကွာ ကဲကွာ"ဟုဆိုပြီး ကြိမ်လုံးနဲ့ လိုမ့်ရိုက်လေတော့၏။ ဆယ်အိမ်မှူးနှင့်အပေါင်းအပါတို့သည် မိုက် တွေရော လော်တွေရောချကာ တစ်ချိုးတည်း ထွက်ပြေးကြကုန် တော့၏။

ကရင်သည် "ဘုန်းဘုန်းရယ် ကျောင်းကိုပြန်ရအောင်"ဟုဆို ကာ ကျွန်ုပ်အား ချော့၍ခေါ်သွားလေ၏။ ကျွန်ုပ်သည် ကြိမ်လုံးကြီးကို အနားတွင်ထောင်ထားပြီး ကွမ်းတစ်ယာကို ဒေါသတကြီးနဲ့ ဝါးလိုက် လေ၏။ ခဏကြာသော် ရပ်ကွက်လူကြီးများနှင့် အုပ်ချုပ်ရေးမှူးအဖွဲ့ သည် ကျောင်းထဲသို့ မဝင်ရဲဝင်ရဲနှင့် ဝင်လာကြလေ၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က အုပ်ချုပ်ရေးမှူးအား

"ဒီမှာ ဒကာကြီး၊ ခင်ဗျားဒီလိုလုပ်တာ ကျုပ်ကို အရှက်ခွဲသလို ပဲ"

"မှန်ပါ တပည့်တော်တောင်းပန်ပါတယ်ဘုရား"

"ဒါကလည်း တပည့်တော်ကို ဆရာတော်ရဲ့တပည့် မောင်ကရင် က မြေကြီးလွတ်သွားတာလာပြီးအကြောင်းကြား အကူအညီတောင်း လို့ပါ"

"ဟေ ဘာ ဘယ်လို၊ ကရင်ဟုတ်လား" ကျွန်ုပ်သည် ကရင် အား တစ်ချက်ကြည့်လိုက်သည်။ ကရင်သည် အသားများတဆတ် ဆတ်တုန်လို့နေ၏။

"ဟေ့ကောင် မင်းဘာလို့ လူမသိအောင်လုပ်မှာပါဆို တစ်ရပ် ကွက်လုံးသိအောင် မောင်းထုတာလား"

"မဟုတ်ပါဘူး၊ တပည့်တော် ဘုန်းဘုန်းစိတ်မချမ်းသာတာကို မကြည့်ရက်တာနဲ့ ရပ်ကွက်လူကြီးကို အကူအညီတောင်းတာပါ"

"ဘာကွ"

"ဒီလိုပါ ရပ်ကွက်လူကြီးက မျက်မှန်လုပ်လည်းလော်နဲ့အော် တယ်၊ ပိုလီယိုဆေးတိုက်လည်း လော်နဲ့အော်တယ်၊ လူပျောက်နွား ပျောက်လည်း လော်နဲ့အော်တယ်။ တပည့်တော်တစ်ယောက်တည်း ရှာနေရင် ပြီးမှာမဟုတ်ဘူးထင်ပြီး ရပ်ကွက်လူကြီးကို ကျွန်တော်မြေ ပျောက် ကြေညာခိုင်းလိုက်တာပါ"

"တပည့်တော်မှားတာရှိရင် ခွင့်လွှတ်ပါ"

"ဘာ မှားတာရှိရင်ဟုတ်လား၊ မှားတာမှ ကမ်းကုန်အောင်မှား တာ။ ငါပါအရှက်ကွဲပြီမသာရဲ့၊ မင်းလုပ်လိုက်ရင်တလွဲပဲ" ဟုဆိုပြီး ကရင်အား ကြိမ်လုံးဆွဲကာ ရိုက်လေတော့၏။ ရပ်ကွက်လူကြီးများ



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးမှူးများဝိုင်း၍ဆွဲ၏။

"စိတ်လျှော့ပါ စိတ်လျှော့ပါဘုရား၊ တပည့်တော်လည်း မလုပ်ပါဘူး။ ဒီကရင်က လုပ်ဆိုလို့ပါ။ တပည့်တော်အုပ်ချုပ်ရေးမှူးဘဝမှာ လူပျောက်နွားပျောက်ပဲအောင်ပေးတာပါ။ မြွေပျောက်တာလဲ မအောင်ရပါဘူး။ ဘုန်းဘုန်းတပည့်က အောင်နိုင်းလို့ပါ"

"ဒီကောင်အရူး အောင်နိုင်းတိုင်း မင်းတို့အောင်ပေးရမလား။ ရပ်ကွက်ထဲကလူတွေ အလန့်တကြားဖြစ်ကုန်မှာပေါ့။ နောက်ပြီး ငါ့နာမည်ကြီးတပ်ပြီး စမပေါက်ဆိန်ဆရာတော်၊ စမပေါက်ဆိန်ဆရာတော်နဲ့ လူမသိအောင်လုပ်ရမှာ မင်းတို့လုပ်တာနဲ့ လူတွေကငါ့ကိုတစ်မျိုး မြင်ကုန်ပြီ"

"ဘုန်းဘုန်းကလည်း မြွေတွေမမွေးပါနဲ့"

"ဟ ငါ့မွေးတာမှမဟုတ်တာ။ သူတို့လာလျှုတာ။ ဟော့ကောင်ကရင်"

"ဗျာ ဘုရား"

"ဗျာမနေနဲ့၊ ရော့ အဲဒီသေတ္တာကြီးပါပေးလိုက် အုပ်ချုပ်ရေးမှူးကို"

"ဘာကြီးလဲ ဘုရား၊ မြွေကြီးမြွေကြီး၊ အောင်မလေး မလုပ်ပါနဲ့။ တပည့်တော်လည်းကြောက်တယ် ဘုရား"

"အေး ငါလည်းကြောက်တယ်၊ ဒီကောင်တွေကိုပြန်လွှတ်မှာ၊ လော်ကားမှာသွားပြီးလွှတ်မှာ၊ ဒီကရင် ရှုပ်ရှုပ်ယှက်ယှက်လုပ်ပြီး ကျောင်းကို ခေါ်လာတာ။ မင်းတို့အဖွဲ့တွေပြန်ရင် ရုံးကိုယူသွား။ ကရင်ဖွင့်ပေးလိုက်" ကရင်သည် သေတ္တာကိုဖွင့်မည်အလုပ်တွင် ရပ်ကွက်လူကြီးများလည်း တစ်ချိုးထဲပြေးလေတော့၏။

ရပ်ကွက်လူကြီးများ ပြန်သွားသောအခါတွင် ကျွန်ုပ်သည် ကရင်



www.burmeseclassic.com

အား ဆုပ်ပူကြိမ်းမောင်းရလေတော့၏။

"မင်းကွာ ငါကဘာယ်သူမှမသိအောင် လုပ်ပါဆိုမှ မင်းလုပ်တာနဲ့ တစ်ရပ်ကွက်လုံးသိကုန်ပြီ။ ဒါတင် မပြီးသေးဘူး ရပ်ကွက်လူကြီးကပါ လော်တပ်ပြီးအော်တော့ ငါပါအရှက်ကွဲရပြီ။ မင်းလုပ်ရပ်ကိုလည်း မင်းပြန်ကြည့်ဦး"ဟုဆိုကာ ဆူပူလေတော့၏။ ကရင်သည် ပြောမနာ ဆိုမနာတင်မကပါ ရိုက်ရင်လည်းမနာတတ်ပေ။

ကရင်သည် စပ်ဖြဲဖြဲလုပ်ပြီး–

"ဘုန်းကြီးရယ် စိတ်လျှော့လိုက်ပါ၊ တပည့်တော် နောက်မမှားအောင် လုပ်ပါမယ်"ဟု စောဒကတက်ပြန်၏။ ထို့ကြောင့် ကျွန်ုပ်ပြောတာကို ငြိမ်ငြိမ်လေးနားမထောင်သော ကရင်အား ကြိမ်လုံးနဲ့ခေါင်းအား–

"ငါပြောရင် သေချာနားထောင်"ဟုဆိုကာ လေးငါးချက်လောက်ရိုက်လိုက်၏။ ကရင်သည် ခေါင်းလေးပွတ်ပြီး မှန်ပါ တင်ပါစသည်ဖြင့် ဗလုံးဗထွေးပြန်၍ ပြောလေ၏။

ကျွန်ုပ်သည် ၎င်းမြွေများအား ဒေါသထွက်၍နေလေတော့၏။

❑❑❑❑



www.burmeseclassic.com

www.burmeseclassic.com







အမျိုးသမီးဒိုးဘော်စေတီ ထီးတော်တင်ပွဲ၌ ပရိသတ်များမှာ အထူးစည်ကားလှသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

အဲဒီညတွင် ကျွန်ုပ်အိပ်မက်မြင်မက်လေ၏။ အိပ်မက်ထဲတွင် နန်းဝတ်နန်းစားနှင့်အမျိုးသမီးတစ်ဦးသည် ကျွန်ုပ်၏ကျောင်းကို နောက်ခိုင်းပြီး တရှုံ့ရှုံ့ငိုနေလေ၏။

"အစ်ကိုတော် အစ်ကိုတော် ညီမတော်ကိုကယ်ပါဦး။ ညီမတော်ကို လူတွေလိုက်ဖမ်းနေကြပြီ။ ကောင်းတဲ့လူတွေလက်ထဲရောက်ရင်တော်ပါသေးတယ်။ တချို့က ညီမလေးကိုသတ်ပြီး သည်းခြေတွေကိုယူဖို့ အရက်ဆိုင်တွေမှာ တိုင်ပင်နေကြတယ်။ ညီမတော်ကြောက်လွန်းလို့ မော်ဘီဆေးရုံထဲက လိုဏ်ခေါင်းကြီးထဲမှာ နေနေရပါတယ်။ အစ်ကိုတော်ကိုစိတ်ဆိုးပြီးထွက်သွားလိုက်တာ အခုနှမတော် ဒုက္ခရောက်တော့မယ်။ ဒီနေရာမှာလည်း နှမတော်တို့လိုမြွေမျိုးတွေ လေးငါးကောင်လောက် ရှိပါတယ်။ နှမတော်ကို အနိုင်ကျင့်ဖို့ချောင်းနေကြတယ်။ သူတို့ကိုလည်း ကြောက်ရပါတယ်။ ပြီးတော့ ဒီနေရာမှာ စောင့်တဲ့ ကွင်းပိုင်ကြီးကလည်း နှမတော်ကိုမောင်းထုတ်နေပါတယ်။ နှမတော်



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ဒုက္ခရောက်နေပါတယ်။ ဒီနေ့ လူခြေတိတ်ရင် နှမတော် ဒီနယ်ကနေ ထွက်ရပါလိမ့်မယ်''ဟုဆိုကာ ငိုလို့နေ၏။ မျက်နှာကိုတော့ ပုဝါလေးနဲ့စည်းလို့ ထားလေ၏။ ကျွန်ုပ်သည် ၎င်းအိပ်မက်ကို မြင်မက်ပြီး လန့်နိုးသွားလေ၏။

''ဟော့ကောင်ကရင် ဟော့ကောင်ကရင်''

''ဘုရား'' ''ဘုရားမနေနဲ့ ထဦး''

''ဘုန်းဘုန်း ဘာဖြစ်လို့လဲ''

''ငါအိပ်မက်မက်တယ်''

''ဘာအိပ်မက်လဲ ဘုရား''

''မိစန္ဒီဆိုတဲ့မြွေကြီးပဲဖြစ်မယ်။ ငါကျောင်းရှေ့မှာ ထိုင်ပြီးငိုနေတယ်။ ပြီးတော့ သူဒုက္ခရောက်နေတယ်လို့လည်းပြောတယ်။ မှော်ဘီဆေးရုံနားက ပိုက်လုံးခေါင်းကြီးထဲမှာရှိတယ်လို့ပြောတယ်။ ငါတို့သွားဖမ်းရအောင်''

''ဟာ ညကြီးအချိန် မတော် တပည့်တော်လည်းမဖမ်းရဲဘူး''

''ဘာဖြစ်လို့လဲ''

''မှော်ဘီဆေးရုံနားက ဖိုးပင်နဲ့ယူကလစ်ပင်က သရဲခြောက်တယ် ညဘက်ဘယ်သူမှ မသွားရဲဘူး။ အဲဒီသရဲညီအစ်မက အရမ်းဆိုးတယ်။ အရက်သမားသန်းရွှေတောင် နောက်ကလိုက်ခြောက်လို့ တစ်ပတ်လောက်ဖျားသွားတယ်။ လုပ်မနေပါနဲ့ဘုန်းကြီးရယ်။ မနက်မှ သွားရင်သွားပါလား။ တပည့်တော် စိတ်အထင်တော့ ဒီသရဲမတွေ ဘုန်းကြီးကို ခြောက်ချင်လို့ အိပ်မက်ပေး ...''

''တော် ဘာတွေလျှောက်ပြောနေတာလဲ ငမူးရဲ့။ အဲဒီသရဲလောက်က အမှုန့်တောင် ချေပစ်လို့ရတယ်။ ငါသရဲမကြောက်ဘူး။ လာ ငါနဲ့လိုက်ခဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး မလုပ်ပါနဲ့ဘုန်းဘုန်းရယ်၊ သရဲနဲ့မြွေနဲ့ပေါင်းလိုက်ရင် တပည့်တော်သေသွားလိမ့်မယ်၊ မလုပ်ပါနဲ့။ မနက်ကျမှ အောင်ဦးကိုပြောပြီး တပည့်တော် ..."

"မင်းကိုမယုံဘူး၊ အလကား သောက်ရူး ငမူး၊ အရင်တစ်ခါတုန်းက အကုန်သိကုန်တယ်။ ဒီတစ်ခါ သမ္မတပါသိအောင်လုပ်မဲ့ကောင်။ မင်းမလိုက်ရင်နေ ငါတစ်ယောက်တည်းသွားမယ်။ ငါ့ကိုလက်နှိပ်ဓာတ်မီးပေး"ဟုဆိုပြီး ဓာတ်မီးကိုယူပြီး တောင်ဝှေးကိုလက်ကဆွဲကာ မိစန္ဒီအားတွေ့ချင်ဇောဖြင့် သင်္ကန်းကိုပြင်ဝတ်ကာ ညကြီးအချိန်မတော် ၁၂ နာရီအကျော်တွင် မော်ဘီဆေးရုံနောက်ကျောသို့ထွက်လာခဲ့လေသည်။ ထိုအခါ ကရင်သည် အနောက်မှ

"ဘုန်းဘုန်း နေပါဦး၊ ဘုန်းဘုန်း နေပါဦး"ဟုဆိုကာ နောက်မှဓါးရင်းတုတ်ကြီးနှင့် ဓာတ်မီးကိုကိုင်ကာ ကျွန်ုပ်နောက်မှပြေးလိုက်လာလေ၏။

"လိုက်ရင်မြန်မြန် လိုက်ကွာ"ဟုဆိုပြီး ကရင်အားဓာတ်မီးနှင့်လှမ်းထိုးပြီး ခဏစောင့်နေလိုက်သည်။

ကရင်သည် ကျွန်ုပ်နားသို့ ရောက်လာပြီး ဘုန်းဘုန်း ဘယ်ကိုသွားမှာလဲ"

"ဆေးရုံနောက်က ပိုက်လုံးနားကိုသွားမှာ"

"အောင်မလေး အဲဒါ ရင်ခွဲရုံနောက်ပေါက်ကရေပိုက်လုံးပဲ"

"အေးလေ ဘာဖြစ်လဲ"

"အောင်မလေး ကြောက်လှပါတယ် ဘုန်းဘုန်းရယ်၊ မနက်ကမှသစ်တောရုံးဘက်က အသက်နှစ်ဆယ်အရွယ်ကောင်မလေး ဆွဲကြိုးချပြီးသေထားတာ။ တပည့်တော်တို့တောင် မနက်က လူတွေအများကြီးနဲ့သွားကြည့်ကြသေးတယ်။ အောင်မလေး ဘုန်းဘုန်းရေ ကြက်



www.burmeseclassic.com

www.burmeseclassic.com



သီးတွေတောင် ထလာပြီ"

"ဟော့ကောင် သရဏဂုံ ရွတ်"

"ရွတ်ပါတယ်ဘုရား"

"ရွတ်ရင်ကြောက်စိတ်တွေပျောက်သွားလိမ့်မယ်"

"ပျောက်တာ မပျောက်တာတော့မသိဘူး။ ကြောက်တာတော့ ကြောက်တာပဲ" ထိုအချိန်တွင် ခွေးအူသံများထွက်ပေါ်လာလေ၏။

"ဟာ ဘုန်းဘုန်းရေ၊ လာပြီနဲ့တူတယ်"

"ဘာလာတာလဲ"

"ဆွဲကြိုးချတဲ့ကောင်မလေးများလားမသိဘူး" ဟုတ်ပါတယ်၊ ခွေးတွေဟာ မတရားအူလို့နေပါတယ်။ ကရင်မပြောနဲ့ ကျွန်ုပ်တောင် နည်းနည်းဖျိုလာ၏။ ကျွန်ုပ်သည် ခဏရပ်လိုက်ပြီး မေတ္တာသုတ်ကိုရွတ်ပြီး အမျှပေးဝေလိုက်သည်။ မရပါ၊ ပို၍ခွေးအူသံများ၊ ခွေးအချင်းချင်း ကိုက်သံများ၊ ဆူညံပွက်လောရိုက်သွားလေ၏။ ကရင်လည်း ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံ သရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဟု အသံပြဲကြီးနှင့် အော်လို့နေ၏။ ကျွန်ုပ်သည်ကရင်အား

"ဟော့ကောင် တိုးတိုးရွတ်ပါကွ၊ မင်းဟာက သရဲ ကြောက် ကြောက်နဲ့လိုမ့်ပြီးအော်နေတာ။ မသိရင် အဆိုတော်စိုးပိုင် သရဏဂုံကို သီချင်းလုပ်ပြီးဆိုသလိုဖြစ်နေပြီ"ဟုလှမ်း၍ပြောလိုက်ရ၏။

"ဖြစ်လည်းမတတ်နိုင်ဘူး၊ တပည့်တော် ဒီလိုအော်ပြီးဆိုမှ ကြောက်စိတ်တွေပျောက်တာ"

"ဒါဆိုလည်းဆိုကွာ" ထိုအခါ ကျွန်ုပ်သည် နူတ်မှ ဖွင့်ဟလျက် ဤနေရာမှာ စောင့်ရှောက်ကြကုန်သော ကွင်းပိုင်၊ ရွာပိုင်၊ တောပိုင်၊ တောင်ပိုင်များကို မေတ္တာပို့လိုက်၏။ ကျွန်ုပ်တို့အား စောင့်ရှောက်ရန်လည်း တိုင်တည်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက်ပါ ခွေးအူသံများ ချက်ချင်းပျောက်လို့သွားလေ၏။ ထိုအခါ ကရင်သည် ကျွန်ုပ်အား သေသေချာချာကြည့်ပြီး

"ဟာ ဘုန်းကြီး ဟုတ်လှချည်လား"

"မေတ္တာပဲလေ၊ မေတ္တာဆိုတာ အေးချမ်းတဲ့ဓာတ်၊ ငြိမ်းချမ်းတဲ့ဓာတ်ပဲလေ။ လာ ပေ့ကောင် ဆက်သွားရမယ်"ဟုဆိုကာ ကရင်ကိုခေါ်ပြီး ထွက်လာခဲ့လေ၏။ ကျွန်ုပ်နှင့်ကရင် မော်ဘီဆေးရုံနားသို့ရောက်သွား၏။ ပြီးလျှင် နောက်လမ်းလေးအတိုင်း ဆင်းလို့သွားလေ၏။ မိုးတွင်းကာလဖြစ်သောကြောင့် မြွေဆိုးများနှင့် အဆိပ်ရှိသောသတ္တဝါဆိုးများအားလည်း ခန္ဓသုတ်ကိုရွတ်ကာ မေတ္တာပို့လေ၏။ ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်၏ မလှမ်းမကမ်းတွင် ဓာတ်မီးများနှင့် လူတချို့တွေ့လေ၏။ ၎င်းတို့သည် နဖူးပေါ်တွင် ဓာတ်မီးလေးများကို ချိတ်၍ နောက်ကျောတွင် ပလိုင်းများကို လွယ်ထားကြလေသည်။ ဖားများကလည်း အုံးအွမ် အုံးအွမ်နှင့် အော်လို့နေလေ၏။ ဟိုဘက်လယ်ကွင်းမှ ဖားရိုက်နေသော လူများဖြစ်မည်ဟု ကရင်ကပြောလေ၏။

"ပေ့ကောင် ဒီကောင်တွေက မိုးကြီးချုပ်မှ မြွေမကြောက် ကင်းမကြောက် ဘာလုပ်နေတာလဲ"

"ဘုန်းကြီး ဒါ တင်လှတို့အဖွဲ့ဖားရိုက်နေတာ"

"ဟေ ဖား ရိုက်တာဟုတ်လား"

"ဒီအချိန် ဖားတွေထွက်တယ်"

"ဒီကောင်တွေကွာ အကုသိုလ်များလိုက်တာ" ထိုအခါ ကရင်သည် ကရင်စကားဖြင့် တင်လှတို့အဖွဲ့အား လှမ်းအော်နှုတ်ဆက်လိုက်လေ၏။ တင်လှမှာလည်း ကရင်နှင့် ညီအစ်ကိုတစ်ဝမ်းကွဲတော်လေ၏။ အရက်သမားလည်းဖြစ်၏။ ထိုအခါ တင်လှသည် ကရင်လို မှုး



www.burmeseclassic.com

မူးနှင့်ပြန်၍ပြောလေ၏။

"ဟော့ ကောင်ကရင် ဘာပြောတာလဲ၊ ငါ့ နာမည်ပါသလိုပဲ"

"တင်လှက မင်းတို့ဆရာတပည့်နှစ်ယောက် ဖားလိုက်ရိုက်နေတာလားလို့ မေးနေတာပါ ဘုရား"

"ဘာကွ ဘာပြောတယ်၊ ဒီမသာတော့သေတော့မယ်။ ပြန်ပြောလိုက်စမ်း" ကရင်သည် ကရင်လိုပြန်ပြောဖို့လုပ်နေချိန်မှာ

"ဟော့ကောင်ကရင် မြန်မာလိုပြော၊ ကရင်လိုပြောရင် မင်းတို့ငါ့အတင်းတုတ် နေကြမှာ" ထိုအခါ ကရင်သည် တင်လှကို

"မဟုတ်ပါဘူး မြွေပျောက်လို့"လှမ်း၍ပြောလေ၏။

"ဘာမြွေလဲ၊ ဒီအချိန်ထွက်တဲ့မြွေက မြွေဆိုးတွေ၊ မင်းဘုန်းကြီးကိုပြောလိုက် ကိုယ့်ကျောင်းမှာကိုယ်အေးအေးဆေးဆေးနေပါ။ စားချင်ရင်လာပို့ပေးမယ်"ဟု ကရင်လိုပြန်၍ပြောသည်။

"ဟော့ကောင် ဘာပြောတာလဲ"

"ဘုန်းကြီး မြွေသားစားချင်ရင် သူ ရိုက်ပြီးတော့. ."

"ဒီကောင်တွေ ငါ့ကိုအထင်လွဲနေပြီနဲ့တူတယ်၊ ဟော့ကောင် မင်းအမျိုးတွေကို သေသေချာချာပြောလိုက်"

"ဟော့ ငါ့ဘုန်းကြီးကဖားမစားဘူး၊ မြွေလာရှာတာ"

"ဟော့ဘာလဲ ဘာမြွေလဲ၊ လင်းမြွေအသားက ပိုကောင်းတယ် ဘုန်းကြီး၊ မြွေခြင်ထောင်လို့တောင်ခေါ်တယ်။ တချို့ဆို ခြင်ထောင်ထောင်ပြီးတော့တောင်စားရတယ်။ ကရင်သည် ကျွန်ုပ်ကို ဘာသာပြန်ပြသည်။ ကျွန်ုပ်သည်ဒေါသအလွန်ထွက်သွားပြီး

"ဟာ ဒီခွေးသားတွေ ပြောလေရှုပ်လေပဲ၊ ကဲကွာ"ဟုဆိုပြီး ခြေထောက်နှင့်တင်ပါးကို ဆောင့်ကန်လိုက်၏။

"အောင်မလေး ကြောက်ပါပြီဘုရား၊ တပည့်တော်တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်''

''လာပြန်မယ်၊ လူမသိအောင်လုပ်လေ အရှက်ကွဲလေပဲ၊ သွားမယ် ကရင်။ စမပေါက်ဆိုနိုက်ကတော့ နာမည်ကြီးသထက်ကြီးအုံးမယ်၊ ဒီ မသာကရင်နဲ့ပေါင်းသရွေ့ကတော့ ငါပါအရှက်တကွဲဖြစ်မှာပဲ''ဟုဆိုပြီး ကရင်အား ကြိမ်လုံးနှင့်လှမ်းရိုက်ပြီး ကျောင်းသို့ပြန်လာခဲ့လေ၏။ ကရင်ကလည်း

''ဘုန်းဘုန်း တပည့်တော် ဘာလုပ်လို့လဲ၊ ဟိုကောင်တွေလုပ်တာလေ ဟိုကောင်တွေ''ဟုဆိုပြီး နောက်မှလိုက်၍လာလေ၏။

ကျွန်ုပ်သည် ဒေါသထွက်ခြင်း၊ သက်န်းဝတ်ကြီးနှင့် ဖားလိုက်ရိုက်ထယ်လို့ လူတွေထင်မှာကိုရှက်ခြင်းတို့ဖြင့် ကြိတ်မနိုင်ခဲမရဖြစ်ကာ ကျောင်းကိုဘယ်လိုပြန်ရောက်လာမှန်းမသိ လယ်ကွက်တွေကိုဖြတ်ပြီး ပြန်လာခဲ့ကြ၏။

ကျောင်းပြန်ရောက်ရောက်ချင်း သင်္ကန်းကို ကတောင်းကျိုက်၍ ပေကျံနေသောရွှံ့နွံများကို ဆေးကြောရလေ၏။ ကျွန်ုပ်ခြေထောက်တွင်ကပ်နေသောရွှံ့မှာ နှစ်ပိဿာသုံးပိဿာလောက်ရှိမည်ထင်၏။ ကျောက်စည် အသေးလေးတစ်လုံးကုန်သည်အထိ ရွှံ့ကမပြောင်သေးပေ။ ကရင်သည် ရေတုံကင်ကိုနှိပ်လိုက်၊ ရေပုံးလေးဆွဲပြီး ထည့်လိုက်နှင့် ကျွန်ုပ်အား သေချာလိုက်၍အကဲခတ်လို့နေ၏။ ကျွန်ုပ်သည် မထင်ရင်မထင်သလို တွေ့ရာဆွဲပြီးရိုက်တတ်သဖြင့် ကရင်သည် ကျွန်ုပ်အားအလစ်မပေးဘဲ ရှောင်လို့တိမ်းလို့ရအောင် အကဲခတ်နေခြင်း ဖြစ်သည်။

ကျွန်ုပ်သည် မိုးလေးကလည်း တဖွဲဖွဲကျလာသဖြင့် ကျောင်းပေါ်သို့ ပြန်တက်ပြီး သင်္ကန်းကိုလဲကာ ကရင်ကပ်သောရေနွေးကြမ်းကို သောက်လို့နေ၏။ ထိုအချိန်တွင် ကျော်စန်ကွေ့ဟုခေါ်သော ကောင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



များသည် အုံးအွမ် အုံးအွမ်နှင့် ဆူညံလို့နေ၏။ ကရင်သည်

"ဒီဖားတွေကလည်းကွာ နားကိုငြီးနေတာပဲ"ဟု စကားမရှိ စကားရှာပြောနေ၏။

ထိုအခါကျွန်ုပ်သည် ကရင်အား "အမွှေးတိုင်၊ ဖယောင်းတိုင် ယူကွာ"

"ဘာလုပ်မလို့လဲဘုရား"

"ငါတို့ နဂါးရုံဘုရားမှာ ဆုတောင်းချင်တယ်၊ မိစန္ဒီကို အလွယ်တကူပြန်ပြီးမိပါစေလို့ ငါဆုတောင်းမယ်။ ပြီးရင် ငါ့ကို အင်းချဖို့ စက္ကူယူပေး၊ ငါအင်းချမယ်"

ထိုအခါ ကရင်က "ဘုန်းကြီး စောစောစီးစီးထဲကလုပ်ရမှာ၊ တပည့်တော်ပြောရင် ဆရာလုပ်တယ်ဖြစ်မှာစိုးလို့ ့ "

"မင်းပါးစပ်ပိတ်ထား"

"တင်ပါ့"

"ငါမလုပ်ချင်လို့ပေါ့"

"သူများတွေ လူပျောက်တာတွေ၊ ငွေပျောက်တာတွေတောင် ဘုန်းကြီး ယတြာလုပ်ပေးရင် အကုန်ပြန်ရတာပဲ၊ အခုလဲ ဒီမြွေပျောက်တာကို လုပ်ရင်ရမှာပါ"

"အေး ငါခိုင်းတာကို သာလုပ်၊ မင်းလျှာမရှည်နဲ့"

"တင်ပါ့"ဟုဆိုပြီး ကရင်သည် အင်းချရန်အတွက် ကျွန်ုပ် အသုံးပြုနေကျခုံလေးကိုဆင်ပြီး ခဲတံ၊ စက္ကူ၊ ပေတံများ အဆင်သင့်လုပ်ထားပေးလေ၏။ ကျွန်ုပ်သည် ကျွန်ုပ်ကျောင်းဝင်းထဲရှိ စကျင်နဂါး၏ ဘုရားကြီးရှေ့တွင် အမွှေးတိုင်ဖယောင်းတိုင်များပူဇော်ပြီး အင်းစဆွဲရန် မန္တန်များကို စတင်၍ရွတ်ဆိုလေတော့၏။ ပြီးလျှင်

"ကရင် ဘယ်သူလာလာ ဘာစကားမှ မပြောနဲ့ကြားလား၊ ငါမှာ



www.burmeseclassic.com

ထားတဲ့အတိုင်း သေသေချာချာလုပ်။ ငါ့ကိုလဲ ဘာမှလာမပြောနဲ့ ပြောရင် အင်းဆွဲတာပျက်သွားလိမ့်မယ်။ မင်းရောငါရော ဒုက္ခရောက်လိမ့်မယ်။ ငါပြောတာကြားလား''

''တင်ပါ့ စိတ်ချပါ တပည့်တော် ဒီတစ်ခါ မမှားစေရပါဘူး၊ ဘုန်းဘုန်း အင်းချမှာသာချပါ၊ တပည့်တော်အသက်နဲ့လဲပြီးကာကွယ်ပါမယ်''လို့ စစ်သားတစ်ယောက်လို မတ်တပ်ရပ်ကာ သတိစွဲသလို လုပ်ပြနေ၏။

''ဒါဆိုလဲပြီးရော သောက်ရူး ဟိုနားမှာသွားထိုင်နေ''ဟုဆိုကာ ကျွန်ုပ်သည် နဂါးရုံဘုရားကြီးရှေ့တွင် အင်းဆွဲရန် ကညစ်တံကိုမန္တန်စုတ်ရလေတော့၏။ ပြီးလျှင်ကျွန်ုပ်သည် အင်းကိုစတင်ချလေ၏။ ကျွန်ုပ် အစီအရင်မပျက်အောင် မနည်းကြီးသတိကြီးစွာ အင်းချနေရ၏။ မိုးသည် တဖြည်းဖြည်းသည်းသည်းလို့လာလေ၏။ ကျောင်းအမိုးပေါ်သို့ကျနေသော မိုးစက်မိုးပေါက်အသံများသည် ကျယ်လောင်စွာ ထွက်ပေါ်နေ၏။ လေလဲ နည်းနည်းကြမ်းလာ၏။ ကျောင်းအမိုးခနိများသည် တဖက်ဖက်နှင့်လန်ကုန်၏။ ကရင်သည် လန်သွားသော ခနိများကို ပြန်ပြုပြင်လို့နေ၏။

ထိုအချိန်တွင် နဂါးရုံဘုရားရှေ့မှ လှုပ်လှုပ်ရှားရှားနှင့် အရိပ်ကြီးတစ်ခုကိုတွေ့ရသည်။ ကရင်သည် အသံမထွက်ဖို့ ပြောထားသဖြင့် အင်း အင်း အင်းဆိုပြီး အသံထွက်နေ၏။ ကရင်လန့်ပြီးထွက်ပြေးမှာကိုလည်း စိုးရိမ်နေရ၏။ ကျွန်ုပ်သည် ဂုဏ်တော်များကိုရွတ်ပြီး အင်းများကို တစ်ကွက်ပြီးတစ်ကွက်မမှားရအောင် သေချာသွင်းလို့နေရ၏။ ကျွန်ုပ်သည် အင်းဆံသွင်းခြင်းကိစ္စပြီးဖို့ နည်းနည်းပဲလိုတော့၏။ ကရင်သည် အင်း အင်းနှင့်ဖြစ်နေ၏။ နောက်ဆုံးတစ်ကွက်သွင်းပြီးရင် အောင်လေပြီ။ ကျွန်ုပ်သည် အာရုံစူးစိုက်ကာရအောင်သွင်းဖို့ ဂါထာ

www.burmeseclassic.com



စုတ်ရလေတော့၏။ လေသည်လည်း ကြမ်းသထက်ကြမ်းလို့ လာလေ၏။ ကျွန်ုပ်ညောင်ပင်ကြီးမှ သစ်ကိုင်းတို့သည် အချင်းချင်းရိုက်ခတ်ပြီး ကျိုးကုန်လေ၏။ ညောင်ပင်မှညောင်ကိုင်းတို့သည် လွင့်စင်ကျကုန်၏။ နောက်ဆုံး ဂါထာစုတ်လို့ ပြီးလေ၏။ ကျွန်ုပ်သည် ဂုင်းအင်းကွက်ထဲသို့ အင်းဆံသွင်းလိုက်လေ၏။

ပြီးလျှင် မတ်တပ်ရပ်လိုက်ပြီး "အောင်ပြီ အောင်ပြီ အောင်ပြီ" ဟု ကြွေးကြော်လိုက်၏။ မိုးသည်စဲသွားလေ၏။ လေတို့သည်လည်း ငြိမ်သွားလေသည်။ အသံတွေတိတ်ဆိတ်သွားသည်။ ကျွန်ုပ်သည် ကရင်ဘက်သို့လှည့်ကြည့်လိုက်သောအချိန် ကရင်သည် မျက်လုံးကြီးပြူးပြီး ပါးစပ်မှအမြှုပ်များထွက်ကာ တက်သလိုလိုကြီးဖြစ်နေ၏။ ကျွန်ုပ်သည် ကရင်အား နားရင်းနှစ်ချက်လောက်အုပ်လိုက်ပြီး သတိရအောင်ပြန်၍လုပ်ရလေတော့၏။ ကရင်၏ကိုယ်ကိုလှုပ်ပြီး

"ဟော့ကောင်ကရင် ကရင်" ဟု သတိဝင်အောင်လုပ်ရလေတော့၏။

ထိုအခါ ကရင်သည် ဟင်း .. ဆိုပြီး သက်ပြင်းရှည်ကြီးချကာ သတိ ပြန်ဝင်လာသည်။ ကျွန်ုပ်သည် သောက်ရေအိုးထဲမှရေကိုခပ်ပြီး ကရင်အားတိုက်လိုက်၏။ ကရင် သည် အလွန်ကြောက်နေပုံရသည်။

"ဘုန်းဘုန်း ဘုန်းဘုန်း"

"ငါသိတယ် မကြောက်နဲ့ ဒါဒီနဂါးရုံဘုရားကအစောင့်၊ အန္တရာယ် မပေးပါဘူး။ သူတော်ကောင်းပါ"

"မဟုတ်ဘူး" ကျွန်ုပ်သည် ကရင်ပါးစပ်အား လက်နှင့်ပိတ်ပြီး

"ပေါက်ကရတွေ လျှောက်မပြောနဲ့ ငါသိတယ်လို့ မင်းကိုပြောထားတယ်မဟုတ်လား"

www.burmeseclassic.com



"တ တပည့်တော် ကြောက်"

"အေး အေး ရေမန်းသောက်လိုက်"ဟုဆိုပြီး ရေတစ်ခွက်ကို မေတ္တာသုတ်ရွတ်ပြီး ကရင်အားတိုက်လိုက်သည်။

"ကရင် ဘယ်သူမှလျှောက်မပြောနဲ့ မင်းက ကတိမတည်ဘူး။ ကတိမတည် ဘဲလျှောက်ပြောရင် မင်းဒုက္ခရောက်လိမ့်မယ် ကြားလား"

"တင်ပါ့၊ တပည့်တော် ဘုန်းဘုန်းကိုပြောပြမယ်လေ"

"ငါသိတယ်လို့ပြောပြီးပြီပဲ၊ ဘာလို့လျှောက်ပြောနေတာလဲ မင်းဒုက္ခရောက်ချင်လို့လား။ ငါသူ့ကို မေတ္တာပို့ပြီးပြီ။ အခုမှ သူကျွတ်သွားတာ၊ ဒါပေမယ့် မပြီးသေးဘူး၊ ညောင်ပင်မှာရှိသေးတယ်။ သူ က အဆင့်မြင့်သွားတာပဲရှိတယ်။ နောက် တစ်နှစ်လောက်ဆို သူ ဘဝကောင်းသွားပြီ။ ငါသူ့ကိုကူညီမှာပါ။ မင်းကိုလဲဒုက္ခမပေးပါဘူး။ ဒီအကြောင်းကို ဘယ်သူမှမပြောဘူးလို့ကတိပေး။ ပြောတဲ့နေ့ကတော့ မင်းဒုက္ခရောက်တဲ့နေ့ပဲ ကြားလား"

"တင်ပါ့ဘုန်းဘုန်း တပည့်တော် ဘုန်းဘုန်းနားမှာတောင် မနေရဲတော့ဘူး။ ကြောက်လာပြီ တပည့်တော် ဆိုက်ကားပဲပြန်နင်းတော့မယ်"

"ဟေ့ကောင် မင်းကိုငါကကောင်းစားစေချင်လို့ ကောင်းတဲ့နေရာမှာခေါ်ထားတာ မင်းက ဆိုက်ကားပြန်နင်းချင်တယ်ဆိုလဲ မင်းသဘောပဲ။ မင်းနဲ့ ငါလမ်းခွဲရတာပေါ့"

"ဒီလိုတော့မဟုတ်ပါဘူး၊ တပည့်တော် မနက်ပိုင်းတော့နေပေးပါမယ်။ ဒါပေမယ့် ညပိုင်းတော့ ဘုန်းဘုန်းနဲ့မနေရဲဘူး။ တပည့်တော်ကို ပြန်ခွင့်ပေးပါ"ဟု ပြောလေ၏။

ကျွန်ုပ်သည် ကရင်အား သေသေချာချာစိုက်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ပြန်လို့ရပါတယ်၊ ငါ့ကို ဝေယျာဝစ္စလုပ်ပေးပြီးရင် မင်းပြန်တော့၊ ညဘက် ငါ အလုပ်လုပ်ရင် ဘယ်သူမှမရှိလို့တော့ မရဘူး။ ဒါပေမယ့် မင်းမနေရဲလဲ ပြန်လေ။ ငါ့ဆီကိုတော့ စောစောလာခဲ့၊ မနက်ဖြန်ကျရင် ငါ့ကို ဘယ်သူကအရုဏ်ဆွမ်းကပ်မှာလဲ"ဟုဆိုသဖြင့် ကရင်သည် သက်ပြင်းရှည်ကြီးချကာ

"ဒါတော့လည်း ဟုတ်သားပဲ၊ ဘုန်းဘုန်းတစ်ပါးတည်း၊ တပည့်တော်စိတ်မချပါဘူး။ ဘုန်းဘုန်း ဒီစကျင်ကျောက်နဂါးကြီးက အသက်ဝင်တယ်နော်၊ အသက်ဝင်တာတင်မဟုတ်ဘူး။ အသက်ရှိတာ၊ တပည့်တော်ကိုလှူပ်ပြတယ်၊ မျက်လုံးလည်းဖွင့်လိုက်ပိတ်လိုက်လုပ်ပြတယ်။ ပြီးတော့ စိတ်ဆိုးပြီး ကနေသလိုမျိုးလုပ်ပြတယ်"

"တော်တော့ လျှောက်မပြောနဲ့"

"ဟုတ်တယ်ဘုန်းဘုန်း ဒီစကျင်ကျောက်နဂါးကြီးကို စမကျောင်းကနေ ဘုန်းဘုန်းစယူကာထဲက တပည့်တော်သိတယ်။ နောက်ပြီး တပည့်တော်ကိုလှူပ်လှူပ်ပြတယ်၊ မသိရင် ရယ်ပြသလိုလုပ်တယ်။ ပထမတော့ တပည့်တော်မူးနေလို့ မျက်စိမှောက်တာပဲအောက်မေ့တယ်၊ ဒီတစ်ခါ တကယ်ယုံသွားပြီဘုန်းဘုန်း၊ ဒီနဂါးကြီးက အသက်ဝင်နေတာမဟုတ်ဘူး၊ အသက်ရှိနေတာ။ ဘုန်းဘုန်း ခုနကအင်းချနေတုန်းက နဂါးကြီးက ဘုန်းဘုန်းကိုခေါင်းကြီးငုံ့ပြီး စိုက်ကြည့်နေတာ၊ တပည့်တော်အသံမထွက်နဲ့ဆိုလို့ မပြောရဲတာ၊ ဘယ်လောက်အထိငုံ့သလဲဆိုရင် ဘုန်းဘုန်းခေါင်းနဲ့ထိတော့မယ့်အထိကို ငုံ့လာပြီးတော့ သူ့ကိုယ်လုံးကြီးကလည်း တကယ့်သက်ရှိနဂါးကြီးလို လှုပ်နေတယ်။ တပည့်တော်ထွက်တောင်ပြေးတော့မလို့။ ဘုန်းဘုန်းကို သနားလို့"

"ဟော့ကောင် လျှောက်မပြောနဲ့။ မင်းကို အရူးလို့ပြောကြလိမ့်မယ်။ ဒီနဂါးက စကျင်နဂါး၊ ဘယ်လိုငုံ့လာမှာလဲ။ ဒီလောက်မှာတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကျောင်တုန်းကြီးက”ဟုဆိုလိုက်၏။

“မဟုတ်ဘူး တပည့်တော်တကယ်ပြောတာ၊ တပည့်တော် လိမ်ပြောရင် သွေးအန်ပြီးသေရပါစေ”

“ဟော့ကောင် မပြောနဲ့တော့လို့ ငါပြောနေတယ်လေ”

“ဘုန်းဘုန်း ဒီ အင်းက ဘယ်သူ့အတွက်လဲ”

“မိစန္ဒီအတွက်၊ ဒီအင်းကို ဖယောင်းတိုင်မှာပတ်ပြီးထွန်းမယ်။ ငါ ခန္ဓသုတ်ကို ပုတီးစိပ်ပြီးရွတ်မယ်။ မိစန္ဒီ နဂါးပြည်ပြန်ရောက်သွားရင်တောင် ငါဆီ ပြန်ရောက်လာစေရမယ်။ ဘယ်သူ့ကိုမှ အန္တရာယ်ပေးလို့မရအောင် ငါစီရင်လိုက်တာပဲ၊ မင်းမယုံဘူးလား”

“ဘုန်းဘုန်းကိုယုံပါတယ်။ ဘုန်းဘုန်း တပည့်တော်ရှေ့မှာတင်လုပ်ပေးနေတာတွေ့သားပဲ။ ဟိုတစ်ခါ သေနေတဲ့လူတောင် ဘယ်ရောက်သွားလဲလို့ ဘုန်းဘုန်းပညာစမ်းတော့ သရဲဘဝနဲ့ပူးပြီး သူပြန်ဝင်ပြောရတာ တပည့်တော်တွေ့သားပဲ”

“အေး ဟုတ်တယ် ဒီမိန်းမကြီးက သနားပါတယ်။ သူ့သားသေတာကိုသိရက်နဲ့ ဗေဒင်တွေမေးပြီး ဘယ်ရောက်နေလဲ၊ ပြန်လာမှာလားဆိုပြီး သားရှူးရှူးနေတာကွ။ သနားပါတယ် အဲဒီတုန်းကလဲ ငါစိတ်မသက်ာတာနဲ့ တဲရှေ့ကတတ်စွဲလိုက်တာကွ။ ဘယ်ရမလဲ သေခြင်းတရားဆိုတဲ့ကတ်ထွက်လာတယ်။ ဒါနဲ့ငါလည်း ဒီမိန်းမကိုခင်များသား သေနေတာကို ဘာလို့လာမေးနေတာလဲလို့ဟောလိုက်တယ်။ ငါကံကောင်းချင်တော့ ဘေးနားကမိန်းမကို သူ့သားကဝင်ပူးပြီး အမေ ဘာတွေလျှောက်လုပ်နေတာလဲ၊ သားကိုကျွတ်အောင် အမျှဝေပေးပါလို့ ပူးပြီး ပြောသွားသေးတယ်မဟုတ်လား”

“ဟုတ်ပါတယ်၊ ဒါကြောင့် ဘုန်းဘုန်း လုပ်တတ်ရဲ့သားနဲ့ ဘာကြောင့်အပင်ပန်းခံနေတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ပညာဆိုတာ လိုအပ်မှသုံးရတယ်ကွ၊ တစ်ခါက ဆိုင်းဘာဘာ ဆိုတဲ့ အိန္ဒိယသူတော်စင်ကြီးက သူ့တပည့်တစ်ယောက်ကို ကျောက်ခဲ တစ်လုံးကောက်ယူခိုင်းပြီး သကြားလုံးဖြစ်အောင်လုပ်ပြခဲ့တယ်။ ပြီး တော့ သူ့တပည့်ကို စားခိုင်းတယ်။ သူ့တပည့်ကစားလိုက်ပြီး ဘာ ဘာကြီး ဒီဟိမဝန္တာတောင်ကြီးကိုလည်း သကြားလုံးဖြစ်အောင် လုပ် နိုင်လားလို့ပေးလိုက်တယ်။ ဘာဘာကပြုံးပြပြီး လုပ်နိုင်ပါတယ်။ ဒါ ပေမယ့် သဘာဝတရားဆိုတာ သူ့ဘာသာသူအလုပ်လုပ်နေတာ ဒါကို သွားပြီး တန်ခိုးသိဒ္ဓိနဲ့ပြောင်းလိုက်ရင် သဘာဝတရားကြီးကို စော်ကား သလိုဖြစ်သွားမှာပေါ့။ အရာရာကို တန်ခိုးနဲ့မပြောင်းလဲရဘူးဒါ့တပည့် လို့ ပြောဆိုဆုံးမခဲ့ဖူးတယ်"ဟု ကရင်အားရှင်းပြလိုက်၏။

"ဒါဆိုလဲ ဘုန်းဘုန်းရယ် မိစ္ဆာကိုတော့ ပညာလေး သုံးပြီးဖမ်းပေး ပါလား"

"အေးပါ၊ ငါ လိုအပ်ရင်လုပ်ပါ့မယ်"ဟု ဆိုလိုက်လေတော့၏။

ကျွန်ုပ်သည် ကရင်အား

"ဟေ့ကောင် ငါတို့ တောင်တွေမြောက်တွေလိုက်မရှာတော့ဘူး။ ဒီလိုမြွေမျိုးတွေက ညဘက်ကျမှအလုပ်လုပ်တာ၊ မသိရင် လျှပ်လီ လျှပ်လဲ့နဲ့နေတာ။ သူတို့တွေတကယ်သွားရင် တစ်နာရီကို မိုင်ပေါင်း မနည်းဘူးသွားနိုင်တယ်။ ဒီတော့ ငါအစီအစဉ်ဌာန်လုပ်မယ်"

"ဘယ်မှာလုပ်မှာလဲဘုန်းဘုန်း"

"နဂါးရုံ ဘုရားရှေ့" ဟု ဆိုလိုက်လေ၏။ ထိုအခါကရင်သည် တွန့်သွားလေသည်။

"ဘာဖြစ်တာလဲ"

"ကြောက်လို့ပါ ဘုရား"

"ဟေ့ကောင် မင်းရူးနေလား၊ ငါတို့ကသက်ရှိ သူကသက်မဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တုန်းကြီး ဘာလို့ကြောက်ရမှာလဲ''

''ကျောက်တုန်းမို့လို့ ကြောက်မိတာပဲ''

''ဟာ ဒီကောင်တော်တော် လျှာရှည်တဲ့ကောင်ပဲ၊ သွား မော်တီဈေးကို၊ ကန်တော့ပွဲတစ်ပွဲဝယ်ခဲ့။ ငှက်ပျောသီးကဖီးကြမ်းနော်၊ မှည့်တဲ့ဟာကိုဝယ်ခဲ့ အစိမ်းတွေမလှူချင်ဘူး။ မှည့်ပြီးစားလို့ရမယ့် ဖီဝါလေးတွေဝယ်လာခဲ့။ မမှည့်တဲ့ငှက်ပျောသီးတွေနဲ့ ကန်တော့ပွဲ လှူရတာ ငါမကြိုက်ဘူး''

''တင်ပါ့၊ တပည့်တော် သွားဝယ်ပါမယ်''ဟုဆိုလေ၏။

''ရော့ ငွေငါးထောင်ယူသွား မြန်မြန်ပြန်လာခဲ့၊ ဒီနေ့ည အဓိဋ္ဌာန်စမယ်'' ဟုဆိုပြီး ကရင်အား ကန်တော့ပွဲ ဝယ်ခိုင်းလိုက်လေ၏။

ကရင်သည် တအောင့်လောက်နေတော့ ဆိုင်ကယ်ကယ်ရီဖြင့် ပြန်ရောက်လို့လာလေ၏။ ကျွန်ုပ်သည် ကန်တော့ပွဲပြင်ဆင်ရန်အတွက် ကရင့်ကိုပြောပြီး ငှက်ပျောသီးအုန်းသီးများကို အနာအဆာလွတ်လား သေချာကြည့်လိုက်၏။ ပြီးလျှင် ကရင်အား ရေမိုးချိုးခိုင်းလိုက်၏။ ကျွန်ုပ်လည်းရေချိုးပြီး နဂါးရုံဘုရားရှေ့တွင် ဖယောင်းတိုင်အမွှေးတိုင်များထွန်းပြီး မီးပူဇော်ကာ ခန္ဓသုတ်ကိုကိုးခေါက်ရွတ်၊ မေတ္တာသုတ်ကို ကိုးခေါက်ရွတ်၊ သမ္ဗုဒ္ဓေငါးမျိုးကိုလည်း ကိုးခေါက်ရွတ်ဆို၏။ ပြီးလျှင် အဓိဋ္ဌာန်ပြုကာ ကျွန်ုပ်သည် ဒီနေ့ ညကိုးနာရီမှစတင်၍ စနေနေ့ညကိုးနာရီတိုင်တိုင် ခန္ဓသုတ်ပရိတ်တော် ကို တစ်နေ့လျှင် ၁၀၈ ခေါက်၊ မေတ္တာသုတ်ပရိတ်တော်ကို တစ်နေ့လျှင် ၁၀၈ ခေါက်၊ သမ္ဗုဒ္ဓေငါးမျိုး တစ်မျိုးကို ၁၀၈ ခေါက်စီ ရွတ်ဆို၍ပုတီးစိပ်ပါမည်။ နဂါးမျိုးများမှစ၍ ခန္ဓသုတ်တွင်ပါသတ္တဝါ၊ မေတ္တာသုတ်တွင်ပါ သတ္တဝါအများအား မေတ္တာပို့ပါမည်။ ယခု ကျွန်ုပ်အဓိဋ္ဌာန်ပြုသော တစ်ပတ်အတွင်း ကျွန်ုပ် ထံမှထွက်သွားသော မိစန္ဒီခေါ်မြွေကြီးသည် အန္တရာယ်ကင်းသောရှင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကျွန်ုပ်ထံသို့အမြန်ပြန်ရောက်ရပါလို၏ဟု ဆုတောင်းကာ နဂါးရုံဘုရားအား ရှိခိုးလိုက်၏။

**(ကျောက်နဂါးကြီး ရောက်ရှိလာပုံနှင့်နဂါးရုံဘုရားအကြောင်း အခန်း(၇)တွင် ဖော်ပြပါမည်။)**

ကျွန်ုပ်နှင့်ကရင်သည် ညကိုးနာရီထိုးလျှင် နဂါးရုံဘုရားရှေ့တွင် အဓိဋ္ဌာန်ပြုရန်နှင့် ကန်တော့ပွဲအပ်ရန် စီရင်ရလေတော့၏။

"ကရင် အောင်မောင်းတီးရမယ်၊ ကြေးစည်တီးရမယ်၊ ပုဂ္ဂိုလ်တွေပါပင့်မယ်၊ ငါ့ရဲ့ဓာတ်ဆက်ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်တွေကို ငါအကူအညီတောင်းမယ်။ ရှေ့ မင်းကြောက်ရင် ဒီပုတီးကိုလည်မှာ ဆွဲထား။ ဒီကြိမ်လုံးကို မင်းဘေးနားမှာထား။ ဒီကြိမ်လုံးက ရှင်မထီး ဆရာတော်ဘုရားကြီးရဲ့ကြိမ်လုံး။ ကြိမ်တစ်လုံးနဲ့ အချိန်မဖြုန်းနဲ့ဆိုပြီး ငါရထားတာ။ ဒီကြိမ်လုံးက အရမ်းစွမ်းတာ။ မင်းကြားဖူးလား ကြိမ်စကြာဆိုတာ"

"ကြားဖူးပါတယ် ဘုရား"

"အလောင်းစည်သူမှာ ကြိမ်စကြာရှိတယ်၊ အနော်ရထာမင်းမှာလည်း ကြိမ်စကြာရှိတယ်။ အဲဒါ သိကြားမင်းဆက်သတဲ့ ကြိမ်စကြာပဲ၊ ကြိမ်လုံးနဲ့ရိုက်ပြီးခေါ်ရင် ဘယ်လောက်ပဲဝေးနေတဲ့နတ်တွေပဲဖြစ်ဖြစ် သူ့ရှေ့မှောက်ကိုချက်ချင်းရောက်လာရတယ်။ အနော်ရထာမှာ သိကြားမင်းဆက်သတဲ့ ကြိမ်စကြာ ရှိတယ်ကွ။ အနော်ရထာကို ငါတို့မြန်မာတွေဟာ တင်စားပြီးဘွဲ့တွေ ပေးခဲ့တယ်။ သာသနာဒါယကာ အနော်ရထာ၊ အနုရုဒ္ဓါအနော်ရထာလို့လဲခေါ်ကြတယ်။ အနော်ရထာမင်းဟာ သာသနာပြုမင်းကောင်းမင်းမြတ်တစ်ပါးပဲ။ အနော်ရထာကို မြန်မာသက္ကရာဇ် (၃၇၆)ခုနှစ် (၁၃-၄-၁၀၁၄)မှာ မွေးဖွားခဲ့တယ်။ သူ့ရဲ့ နောင်တော် စုက္ကတေးမင်းကို စီးချင်းထိုးအနိုင်ရပြီး ၁၀၄၄ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ သက်တော် ၃၀မှာ နန်းတက်ပြီ ပုဂံ ဘုရင်ဖြစ်လို့လာခဲ့တယ်ကွ။ ရှင်အရဟံမထေရ်မြတ်နဲ့တွေ့ဆုံပြီး အဆုံးအမကိုခံယူကာ ရှင်အရဟံရဲ့ တရားမွေကို ကြားနာတော်မူတဲ့အချိန်ကစပြီး သာသနာဆိုတဲ့ အဆုံးအမကို သဘောတွေ့နှစ်သက်တော်မူလို့ ရှင်အရဟံကိုကြည်ညိုလှသည်ဖြစ်ကာ ကိုယ့်အသက်နှစ်ပါးကို မထေရ်အား ဆောင်နှင်း၍ ဆုံးမခြင်းအစဉ်ကိုခံ ယူတော်မူခဲ့တယ်ကွ။ မင်းနဲ့တော့တခြားစီပဲ ကရင်ရေ။ မင်းကတော့ လှုပ်လှုပ်လှုပ်လှုပ်မြင်တာနဲ့ ငါ့ကိုထားပြီးပြေးမယ့် တပည့်ပဲဆိုတာ ငါသိတယ်။ ဒီတော့မပြေးနဲ့ မင်းကို ငါအဆောင်တွေ ပေးထားတယ်။ အဆောင်အယောင်ဆိုတာကော သိလား''

''မသိပါဘူးဘုရား''

''အေး မသိရင်မှတ်ထား။ အဆောင်အယောင်ဆိုတာ အယောင်ဆောင်တွေပေါ့ကွာ၊ အယောင်ဆောင်ပါဆိုမှတော့ အစစ်မဟုတ်တော့ဘူး အတုပဲ၊ အတုကအတုပဲကွ။ အစစ်လိုတော့ ဘယ်စွမ်းပါမလဲ။ ဒီတော့ မင်းကိုငါပေးထားတဲ့ အဆောင်တွေက အတုတွေကွ၊ ရေစိမ်ဆောက်ရင် သေးပေါက်တယ်။ လှွင့်ပစ်ရင်အဝေးရောက်တယ်''

''ဟားဟား ဟားဟား'' ဆိုပြီး ကရင်သည် မျက်လုံးနှစ်လုံး ပိတ်သွားအောင် အားရပါးရရယ်လေသည်။

''ဒါဆိုလဲဘုန်းဘုန်းရယ် ဘာဖြစ်လို့ဆောင်ခိုင်းတာလဲ''

''မင်းရဲ့ ကြောက်စိတ်ကို ရဲစိတ်ဖြစ်အောင် အဖော်သဘောနဲ့ ဆောင်ခိုင်းထားတာပါ။ ငါလဲအရင်ကမင်းလိုပဲ ဟိုဟာကြောက်လို့ဆောင်၊ ဒီဟာကြောက်လို့ဆောင်နဲ့ ငါ့တစ်ကိုယ်လုံး အဆောင်တွေနဲ့၊ လက်ဖွဲ့တွေရော၊ ကိုယ်လွှဲတွေရော ရှုတ်ယှက်ခတ်နေတာပဲ။ တစ်နေ့ အိပ်မက်မက်တယ်။ မင်းကအဆောင်အယောင်တွေနဲ့ဆိုတော့ အယောင်ဆောင်ကြီးပဲဖြစ်လိမ့်မယ်လို့ ပုဂ္ဂိုလ်ကြီးတစ်ဦးကအိပ်မက်ပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါလဲ ငါ့ကိုယ်ငါမှန်ထဲပြန်ကြည့်တယ်။ ဟုတ်တယ် သူပြောသလိုပဲ၊ ဟိုလူကဒါလေးဆောင်ထား၊ ဒီလူက ဒါလာဘ်ကောင်းတယ်၊ ဒီလက်ဖွဲ့ကအန္တရာယ်ကင်းတယ်၊ ဒီဝက်အစွယ်က ကျည်ပြီးတယ် စသည်ဖြင့် ဘိုးတော်လိုလို၊ မယ်တော်လိုလို လူတွေပေးသမျှအကုန်ယူပြီး ဆောင်ထားလိုက်တာကွ၊ ရေချိုးလည်းဒုက္ခရောက်၊ အိမ်သာတက်လည်း ဒုက္ခရောက်၊ နောက်တော့ ငါ့ပုံကတဖြည်းဖြည်းနဲ့ ကြိုးတွေရော၊ ကွင်းတွေရော၊ လက်ဖွဲ့တွေရော ကိုယ့်ကိုယ်ကိုမှန်ထဲပြန်ကြည့်လိုက်တာ ပုဂံခေတ်က အရုပ်ကြီးပုံ ပေါက်နေတယ်။ ဒါနဲ့ငါလဲ သံဝေဂရပြီး အကုန်လွှင့်ပစ်လိုက်တယ်။ အခုမှလွတ်လပ်ပေါ့ပါးသွားတော့တယ်ကွ။ အခု ငါဘာဆောင် လဲသိလား"

"မသိဘူးဘုရား"

"အေး မှတ်ထား၊ သရဏဂုံပဲဆောင်တော့တယ်။ ဘုရားတရား သံဃာထက် တန်ခိုးကြီးတာမရှိဘူးကွ၊ ကရင်ရဲ့"

"ဟာ ဒါဆို တပည့်တော်ကိုပေးထားတဲ့ အဆောင်တွေက ကော"

"ဒါလား၊ အေး မင်းဒီအဆောင်ကိုယုံကြည်လား"

"တင်ပါ့"

"အေး ယုံကြည်နေတဲ့နေ့က သက်ဝင်တဲ့နေ့ပေါ့ကွ၊ မယုံကြည်တဲ့ နေ့ကတော့ သက်မရှိတော့ဘူးကွ။ အခု တစ်ခါထဲမေးလိုက်မယ်၊ မင်း သရဏဂုံနဲ့ ရေစိမ်သောက်သေးပေါက်တဲ့ဟာ ဘယ်ဟာကို ယုံကြည်လဲ"

"သရဏဂုံပဲ ယုံကြည်တယ်ဘုန်းဘုန်း"

"ဒါဆို ရေစိမ်သောက် သေးပေါက်တဲ့ဟာတွေမှာ သက်မရှိတော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါဆို ဒီအဆောင်တွေ တပည့်တော် ဝဲပစ်လိုက်ရမလား"

"ဘာလဲ ဝဲပစ်လိုက်တယ်"

"ဩော် ဘုန်းဘုန်းကလဲ လွှင့်ပစ်တယ်ကိုပြောတာပါ။ ဒါဒီခေတ် ဘန်းစကားပဲ၊ ဒီလိုစကားမပြောတတ်ရင် ခေတ်နောက်ကျတယ်ဆိုပဲ၊ လွှင့်ပစ်တာကို လွှင့်ပစ်တယ်လို့မပြောဘဲနဲ့ ဘာလို့ ဝဲတာတွေရှုံတာ တွေကိုပြောတာလဲမသိဘူးလေ"

"မသိရင် မပြောနဲ့သောက်ရူးရဲ့၊ ဓာတ်တွေအလုပ်လုပ်ရင် စကား ပြောတာကအစ ဆင်ခြင်ရတယ်ကွ၊ ဘာလဲဝဲတာ။ အေး မှတ်ထား။ တဘောင်စကားတွေက ဒီလိုစကားတွေမပြောရဘူး။ မြန်မာအယူတွင် တောဘူး ကမ္ဘာမှာတောင် တဘောင်တွေစနည်းတွေရှိတယ် ကတုန် ကရင်ရဲ့။ အဲဒီလို ဝဲတဲ့အကြောင်းတွေကို မပြောရဘူး။ ဂျပန်ခေတ်ကိုပြန် ရောက်သွားမယ်။ ဂျပန်ခေတ် အင်္ဂလိပ်ခေတ်မှာ ဝဲတာဆိုလို့ စစ်လေ ယာဉ်တွေပဲရှိတယ်။ အပေါ်ကနေ ဗုံးချတာကွ။ ကြပ်ကြပ်ဝဲတဲ့ အကြောင်းတွေကိုပြော။ မင်းတို့ ဒုက္ခရောက်လိမ့်မယ်။ နောက် တောင်းကင်မှာ လေယာဉ်တွေ ဝဲကုန်လိမ့်မယ်ကြားလား"

"တင်ပါ့"

"ဘာမှ သောက်မှန်းကမ်းမှန်း မသိတဲ့ကောင်" ဟုလှမ်းပြော လိုက်လေ၏။ ထိုအခါ ကရင်သည် ကျွန်ုပ်ပေးထားသောအဆောင် အယောင်ကို ကျွန်ုပ်အား ပြန်ပေးလေတော့၏။ ပါးစပ်ကလည်း

"တတ်လည်းတတ်နိုင်တဲ့ဘုန်းကြီး" ဟု မကြားတကြား ပြောလေ ၏။

"ဟေ့ကောင် ငါ့ကို ဘာပြောတာလဲ"

"ဘာမှမဟုတ်ပါဘူး။ အရှင်ဘုရားတို့ ဝိဇ္ဇာလိုင်းတွေကိုကြော်က ထို့ပဲ တော်ကြာ ကြမ်းပိုးကနေလိပ်ဖြစ်အောင်ပြော၊ တော်ကြာ လိပ်



www.burmeseclassic.com

www.burmeseclassic.com



ကနေ ကြမ်းပိုးဖြစ်လို့ဖြစ်နဲ့ ကြာရင် ကရင်တောင်ရှူးသွားနိုင်တယ်'' ဟု ဒဲ့ဒိုးပြောချလေတော့၏။ ကျွန်ုပ်သည် ကရင်၏ပြတ်သားသော စကားကြောင့် စိတ်ပဲဆိုးရမလိုရယ်ပဲရယ်ရမလို ဖြစ်သွားလေတော့၏။

''ကရင် မင်းပြောတာမှန်တယ်၊ အမှန်ကို အမှန်အတိုင်းပြောရဲတဲ့ သတ္တိရှိရတယ်ကွ။ ဒါမှ တပည့်ကောင်းပီသတာ။ ဆရာကို ကြောက်လို့ ပြန်မပြောရဲတာတို့၊ မိတ်ပျက်မှာစိုးလို့ ပြန်မပြောရဲတာလို့၊ တစ်ဦးနဲ့တစ်ဦး မုန်းမှာစိုးလို့ပြန်မပြောရဲတာတို့မလုပ်နဲ့၊ ငါစိတ်မဆိုးဘူး ပြောသာပြော၊ ငါလဲမှားရင်မင်းပြန်ပြောနိုင်တယ်။ မင်းမှားရင်လဲ ငါပြောမှာပဲ''ဟုပြောလိုက်သဖြင့် ကရင်သည် အရှူးကိုဘုံမြှောက်လိုက်သည့်အလား ကျွန်ုပ်အား ပြန်ပြီးအာခံတတ်သောအကျင့်ကို ဘယ်သူမှမသင်ပေးရဘဲ အလိုလိုတတ်မြောက်သွားလေ၏။

''ကရင် ဒါမှဒီမိုကရေစီဝိဇ္ဇာလိုင်းလို့ ခေါ်တာကွ၊ မင်း ဝိဇ္ဇာလိုင်းဆိုတာ ကောသိလား''

''သိတယ်လေ ဘုန်းဘုန်း။ ဘိုးဘိုးအောင်တို့ ဘိုးမင်းခေါင်တို့ကို ပြောတာလား''

''အေး ဒါက လူတွေကတင်စားထားတဲ့ဝိဇ္ဇာပါ။ တကယ်တော့ အဘိဓမ္မာကျမ်းလာ သိဒ္ဓိရှင်တွေက ဝိဇ္ဇာလို့လည်းခေါ်လို့ရပါတယ်။ ဝိဇ္ဇာနဲ့ အဝိဇ္ဇာဆိုတာရှိတယ်ကွ။ အရှေ့က အ,ပါတဲ့အဝိဇ္ဇာဆိုတာ အမိုက်အမှောင်ဖုံးခြင်းလို့ သဘောရတယ်။ အဝိဇ္ဇာဆိုတဲ့ အမိုက်အမှောင်တွေဖုံးလွှမ်းနေရင် အမှန်ကိုမမြင်နိုင်တော့ဘူးကွ။ အမှန်ကို မြင်နိုင်တဲ့ပုဂ္ဂိုလ်ကို ဝိဇ္ဇာလို့ခေါ်တယ်။ ဝိဇ္ဇာဖြစ်မှတော့ နိဗ္ဗာန်တံခါးပွင့်သွားပြီကွ။ အဝိဇ္ဇာဖုံးနေတဲ့သူတွေက ဝိဇ္ဇာကိုမသိဘူး။ ဒါပေမယ့် ဝိဇ္ဇာကတော့ အဝိဇ္ဇာကိုသိတယ်ကွ။ အဝိဇ္ဇာနဲ့ဝိဇ္ဇာကို ဘယ်လိုတို့ခွဲခြားနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြည့်ရမယ်"ဟု ဆိုလိုက်၏။ ထိုအခါကရင်သည် ခေါင်းကို တချင်းချင်းကုတ်ပြီး

"ဘုန်းကြီး သိပ်မပြောနဲ့တော့၊ တပည့်တော် ရှုးချင်လာပြီ၊ အဝိဇ္ဇာတွေရော၊ ဝိဇ္ဇာတွေရော ဉာဏ်နီတွေရော ဉာဏ်နက်တွေရော၊ ဇုန်ဖိုးတွေရော လိပ်တွေရော တပည့်တော်ကို ရှုးအောင်မလုပ်ပါနဲ့။ တပည့်တော် ခေါင်းတွေရှုပ်လာပြီ"

"အေးပါ၊ ဒီ အကြောင်းတွေကိုမင်းကိုပြောရင် နွားကိုပလာတာ ကျွေးသလိုဖြစ်မှာပဲ"

"ပလာတာကျွေးကျွေး ပက်စီပဲတိုက်တိုက်၊ ဘုန်းကြီးဘာသာ ဘုန်းကြီး ဝိဇ္ဇာပဲဖြစ်ဖြစ် လိပ်ပြာပဲဖြစ်ဖြစ် တပည့်တော်ကတော့ ဘုန်းကြီးကို သနားလို့ ခင်လို့ ကြည်ညိုလို့ လုပ်ပေးနေတာပဲ။ ဘုန်းကြီး ကို တပည့်တော်မကြည်ညိုတဲ့တစ်နေ့ကျရင် တပည့်တော်လည်း ထွက်သွားမှာပဲ"

"အောင်မာ အောင်မာ၊ မင်းက ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြော တဲ့လေသံတွေကို အတုခိုးပြီး ငါ့ကိုလာပြောနေတာလား"

"အင်း ဘုန်းဘုန်းဘယ်လိုသိလဲ"

"သိတာပေါ့ ဒီအသံနေ အသံထားက ဗိုလ်ချုပ်သီချင်းတွေ ထောခင် ဗိုလ်ချုပ်မိန့်ခွန်းပြောတဲ့အသံထည့်ထားတယ်။ တစ်ရပ် ကွက်လုံး ဗိုလ်ချုပ်သီချင်းတွေ နားထောင်နေတာပဲ၊ ငါသိတာပေါ့"

"မသိပါဘူး ဘုန်းကြီးက အကြားအမြင်တွေများ ပေါက်သွားပြီ လားလို့"ဟုဆိုလေ၏။

"ကရင် အကြားအမြင်ဆိုတာကော သိလား"

"လုပ်ပြန်ပြီ၊ ဘာတွေပြောဦးမလဲမသိဘူး"

"မင်းမသိရင်မှတ်ထား၊ အကြားအမြင်ဆိုတာ သူပြောတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြားတာ မြင်တာက မင်းက သူဌေးလားဆင်းရဲလားဆိုတာ မင်းရေ့ ရောက်မှတော့ ကိုယ့်ဉာဏ်နဲ့ ကိုယ်ဆုံးဖြတ်ပေါ့။ ဒါကို အကြားအမြင် ပေါက်တယ်ဆိုပြီး လုပ်နေတာကွ၊ ဥပမာကွာ ဗေဒင်မေးမယ်။ မင်း အိမ်ရှေ့မှာ သဘော်ပင်ရှိလားလို့ ငါမေးလိုက်မယ်။ မင်းက ရှိတယ် လို့ဆိုမယ်။ အေး အဲဒါပဲ အဲဒါပဲ၊ မင်းတို့တွေခိုက်နေတာ ဒါကြောင့် ကိုး၊ အေး အေး ဟုတ်ပြီ ဟုတ်ပြီဆိုပြီး ဟန်တွေ လုပ်မယ်။ လူတွေ က လန့်သွားပြီး သဘော်ပင်က ဘာတွေများဒုက္ခပေးလဲပေါ့။ လုပ်ပါ ဆရာရယ်၊ ဘာဖြစ်လို့လဲဟင်။ အေး မှတ်ထား ဒီကောင် ဒုက္ခပေး နေတာ၊ နင်တို့ကို ဒီကောင် ဒုက္ခပေးနေတာ။ ဟင် ဒါဆိုဘယ်လို လုပ်ရမလဲ။ ခုတ်ပစ်လိုက် ကြားလား၊ ဟုတ်ဟုတ် ဟုတ်ကဲ့ပါဆရာ၊ နောက်တစ်ယောက်လာပြီး တောင်ဝင်စားမြောက်ဝင်စားလုပ်မယ်။ မင်း တို့အိမ်ရှေ့မှာ သဘော်ပင်မရှိဘူးလား၊ မရှိပါဘူး။ အေး ဟုတ်ပြီဟုတ် ပြီ။ ဘာဟုတ်တာလဲဆရာ၊ ဒါကြောင့်ကိုး၊ မှတ်ထားလိုက်စမ်း၊ ဟုတ် ကဲ့ပါဆရာ၊ သဘော်ပင်တစ်ပင်စိုက်'' ဟု ကျွန်ုပ်ကပြောလိုက်သဖြင့် ကရင်သည် ခွက်ထိုးခွက်လန်ရီလေ၏။

''ဟာ တယ်ဟုတ်ပါလား ဘုန်းကြီး၊ ဒါအကြားအမြင်လား''

''အေး ဟုတ်တယ်၊ မရှိရင်စိုက် ရှိရင်ခုတ် ဒါဟာနိယာမတစ်ခု ပဲ။ အကြားအမြင်ပေါက်မှတော့ ဒီမှာမနေတော့ဘူး။ မိုးကုတ်တက် ပြီး ကျောက်သွားတူးမယ်ကွာ။ မဟုတ်ဘူးလား''

''ဟာ ဟုတ်တာပေါ့ဘုန်းကြီးရယ်''

''အေး မှတ်ထား လူတွေကလည်း ဒါတွေကိုမှ သဘောကျ တာ။ ခတ်ပူးသလို နတ်ပူးသလိုလုပ်ရင် ပိုတောင်သဘောကျသေး တယ်။ ဥပမာ မိန်းကလေးတွေဆို ပိုလိမ်လို့တောင်ကောင်းတယ်''

''ဘုန်းကြီးကတပည့်တော်ကိုလိမ်နည်းတွေသင်ပေးနေတာလား''



www.burmeseclassic.com

www.burmeseclassic.com



“မင်းကို ဗဟုသုတရအောင်ပြောနေတာ ခွေးသားရဲ့။ ဘာမှနားမလည်ဘူး။ သေချာမှတ်ထား။ ဒီခေတ်မှာ အစစ်နဲ့အတုနဲ့အယောင်တွေကိုခွဲခြားနိုင်အောင် မင်းကိုပြောနေတာကြားလား”

“တင်ပါ”

“ဒါဆို ငြိမ်ငြိမ်လေးနားထောင်၊ လူကြီးစကားကို ဖြတ်ဖြတ်ပြီး မပြောရဘူး။ အဲဒီလို ပြောလိုက်ရင် ရှေ့ဘာဆက်ပြောလို့ ပြောရမှန်း မသိဖြစ်သွားတတ်တယ်။ အဲဒါ ရိုင်းတယ် မှတ်ထား။ စကား ပြောသင်ပေးမယ်၊ ကိုယ့်ကို သူတစ်ဖက်သားကစကားပြောရင် သေချာနားထောင်ပေးရတယ်ကွ၊ နားထောင်ပေးတဲ့အတွက် သူ့ရင်ထဲကစကားတွေဟာ အားရပါးရပြောလိုက်ရတော့ ကျေနပ်သွားတာပေါ့။ တချို့ဆို စကားကို တကူးတကပြောချင်လွန်းအားကြီးလို့တောင် လက်ဖက်ရည်ဆိုင်တွေ၊ အရက်ဆိုင်တွေ၊ စားပွဲသောက်ပွဲတွေလုပ်ပြီး သူ့စကားနားထောင်အောင်လုပ်ရတာကွ။ မင်းလိုကောင်ကိုပြောရတာ လေကုန်တာပဲ အဖတ်တင်တယ်။ ကိုယ်က စကားပြောမယ်ဆိုရင်လည်း ကောင်းခန်းလေးတွေရောက်ရင် ဖြတ်ဖြတ်ပစ်ရတယ်။ အဲဒီလိုဖြတ်ဖြတ်ပစ်လိုက်ရင် သူတို့က ပိုနားထောင်ချင်လာလေပဲ။ အဲဒီလိုနားထောင်ချင်ပြီဆိုမှ ကိုယ့်စကားကိုဆက်ပြောရတယ်။ ဒါမှ ဒီ လူရဲ့ရင်ထဲမှာ ထိပြီးကျန်ခဲ့တယ်။ ဘယ်တော့မှမမေ့တော့ဘူးကွ။ ဒီလူက တောင်းဆိုမှပြော၊ စိတ်ဝင်စားအောင်ပြော၊ စိတ်ဝင်စားပြီဆိုမှ ဆက်ပြော။ ပြောချင်တာတွေစွတ်ပြော၊ နားထောင်လားမသိ နားမထောင်လားမသိ၊ စိတ်ဝင်စားလား မဝင်စားလားမသိဘဲ စွတ်ပြောနေတဲ့လူတွေကများတယ်။ ဒီတော့ ထောင်တန်တဲ့စကားတွေဟာ ဆယ်ရင်းပေါ့သွားတော့တာပေါ့။ သေချာနားထောင်ကြားလား”

“ဒါဆိုလည်း တပည့်တော်ကို စိတ်ဝင်စားအောင် အရင်လုပ်

လေ''

''အေးလုပ်ပေးမယ် မှတ်ထား''ဟုဆိုပြီး ကျွန်ုပ်သည် ကရင်အား ကြိမ်လုံးကိုခဏတောင်း၍ လေးငါးချက်ဆင့်ပြီး ရိုက်ရလေတော့၏။

''အောင်မလေး ကြောက်ပါပြီ ဘုရား၊ အောင်မလေးသေပါပြီ ဘုရား''

''စိတ်ဝင်စားပြီလား''

''စိတ်ဝင်စားပါပြီဘုရား''

''စိတ်မဝင်စားတဲ့ တပည့်ကို စိတ်ဝင်စားပြီး နားထောင်လာအောင်သင်တဲ့နည်းက ဒီနည်းပဲရှိတယ် ကရင်ရယ်။ ငါကမင်းကို မရိုက်ချင်ပါဘူး၊ ဒါပေမယ့် မင်းရဲ့စိတ်ကို ဝင်စားလာအောင်လုပ်တဲ့ နည်းက ကြိမ်လုံးပဲရှိတယ်။ ဒီတော့ ဆရာတွေဟာ တပည့်ကိုရိုက်ရတာဟာ တခြားတော့မဟုတ်ဘူး၊ မှတ်မိအောင်လို့။ ငါတို့ဆရာတွေဆိုရင် တန်ဖိုးရှိတဲ့စကားတွေပြောမယ်ဆိုရင် ပါးကိုပြောင်းကနဲ့ရိုက်ပြီး ပြောတယ်၊ သင်ပေးတယ်။ ပထမတော့စိတ်ဆိုးတယ်၊ နောက် သဘောပေါက်သွားတယ်။ ဟော့ကောင် မင်းပါးကိုတစ်ချက်ရိုက်ပြီး သင်ပေးတဲ့အကြောင်းကိုမှတ်မိလား''

''တင်ပါ့ မှတ်မိပါတယ်''

''နာတာကြီးနဲ့ ဒေါသထွက်တာနဲ့ပေါင်းလိုက်တော့ သေတာတောင်မမေ့တော့ဘူး။ ကိုယ်မေ့သွားသည့်တိုင် ပါးကိုင်ပြီးစဉ်းရင်မှတ်မိတယ်။ ဒါလက်တွေ့ပဲ။ ငါ့ဆရာငါ့ကိုပါးရိုက်ပြီးသင်ပေးတာ မေ့တဲ့အပြင် တစ်သက်လုံးမှတ်မိသွားလို့ ကိုယ့်ဆရာကိုပိုလို့ တောင်ချစ်လာတယ်။ အဲဒီလိုပါးရိုက်နားရိုက်ခံပြီး သင်ထားရတဲ့ပညာတွေဖြစ်လို့ ငါတန်ဖိုးထားရတယ်။ အခု မင်းကို ငါကြိမ်လုံးနဲ့ရိုက်ပြီး သင်ပေး

www.burmeseclassic.com



လိုက်တဲ့စကားပညာဟာ မင်းဉာဏ်ကိုဖွင့်ပေးလိုက်တာပဲ။ တရေးနိုး လို့ထမေးလဲ မင်းမမေ့တော့ဘူး။ သေတဲ့အထိ မင်းမှတ်မိသွားလိမ့် မယ်ကွ"

"တင်ပါ့ ဘုန်းဘုန်း တပည့်တော်ကိုခွင့်လွှတ်ပါ"

"ပေး မင်းလက်ထဲကကြိမ်လုံး"

"ဘာလုပ်မလို့လဲ"

"မင်းစိတ်မဝင်စားရင် ရိုက်ပြီးသင်မလို့။ တချို့က အသားနာမှ မှတ်မိတဲ့သူတွေရှိတယ်။ မင်းစိတ်တွေပျံ့လွင့်သွားရင် ကြိမ်လုံးနဲ့ထိန်း ပေးမယ်မှတ်ထား"

"တင်ပါ့ တပည့်တော် စိတ်ဝင်စားစွာ နားထောင်ပါမယ်"

"အေးဟုတ်ပြီ"

"ဆက်ပြောမယ်၊ သေချာနားထောင်၊ ဒီခေတ်အမျိုးသမီးတွေက ပိုပြီးအလိမ်ခံရတယ်ကွ၊ ပေဒင်တို့ အကြားအမြင်တို့ကို ဝါသနာပါတာ မိန်းမတွေကများတယ်။ အဲဒီမှာ အယောင်ဆောင်တွေအတုတွေက လိမ်တတ်တယ်။ ဥပမာ မျက်စိလေးမှိတ်ပြီး အေး ငါ့နှမ မှတ်ထား စမ်း နင်က သိုက်ကလာတာပဲလို့ အစချီလိုက်ရင် စိတ်ဝင်စားသွားပြီ။ ဒီမိန်းကလေး သိုက်ဆိုကတည်းက သူတွေးပြီ၊ ဘာသိုက်လဲ ညာ သိုက်လဲပေါ့။ သိုက်တွေဟာအများကြီးပဲကရင်ရဲ့ သိုက်ဆိုတဲ့သဘော တာ အဖွဲ့အစည်းပဲကွ၊ တစ်လုံးတစ်စည်းထဲ အတူတကွရှိတယ်လို့ ဆိုတာ။ ဥပမာ ဥမကွဲသိုက်မပျက်ဆိုတာကြားဖူးလား"

"ကြားဖူးပါတယ်"

"ဥကွဲသိုက်ပျက်ရင် ဘဝတွေ ပျက်စီးသွားတော့တာပေါ့ကွာ။ အေး ဒီလိုပဲမှတ်ထား။ ဒီခေတ်မှာ ဒါတွေများလာပြီ။ လူလည် ပြင် ဆင်ဝတ်စားထားတဲ့သူတွေကို ဒီအရောင်တွေက လုပ်စားတယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com



ညည်းက သိုက်ကလာတာ၊ ဘာသိုက်လဲ၊ မြနန်းနွယ်၊ ဘောဂဝတီ၊ စောမွန်လုစသဖြင့် ခေတ်နဲ့အညီရေပန်းစားနေတဲ့ သိုက်နန်းရှင်တွေကို သူတို့ကပဲ သိုက်နဲ့ဆက်သွယ်လို့ရသလိုလို ဘိုးတော်တွေနဲ့ ပြေးတွေ့လို့ရသလိုလို ပြောပြီးလုပ်တတ်ကြတယ်။ ဒီတော့ တစ်ဖက်က မေးတဲ့လူကလဲ အားကိုးရှာရပြီလေ။ ဟုတ်လား၊ ဟုတ်တယ် ညီး ကိုစိတ်ဆိုးနေတယ်၊ ဟင်၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်ရမှာလဲ ညီးက လှူပြည်လာပြီး လင်ယူသားမွေး ကုလားလေးနဲ့ပျော်နေတယ်ပေါ့လေ ဟုတ်လား စသဖြင့်ပြောလိုက်ရင် တစ်ဖက်လူကစိတ်ဝင်စားသွားပြီး အေး ညီးစီးပွားရေးတွေ အိမ်ထောင်ရေးတွေ အဆင်ပြေချင်ရင် သိုက်ပွဲလှူ။ ဘယ်သူ့ကိုလှူရမှာလဲဟင်၊ ငါ့ကိုလှူမသာမရဲ့ ငါကနင့် ကိုယ်စား အမတော်တို့ကိုတောင်းပန်မယ်ဟုဆိုလိုက်ရင် ဆွဲကြိုးလေး ပေါင် နားကပ်လေးပေါင်ပြီး အမတော်နဲ့ သိုက်ဆက်ပေးလိုက်ရတော့တာပေါ့။ မိုလ်တထောင်က အမတော်ကတော့ မသိဘူး။ သူကတော့ နှစ်သောင်းလောက်ရသွားပြီ။ အဲဒါလိမ်ခံရတာပဲ''

''ဟင် ဒါဆို''

''အေး မပြောနဲ့ ဒီမှာတွေ့တယ်နော် ကြိမ်လုံး''

''တင်ပါ''

''သိုက်တွေဟာ အများကြီးရှိတယ်။ သိုက်စုတ်၊ သိုက်ပျက်၊ သိုက်မွဲ၊ ကုန်းကောက်စရာမရှိတဲ့သိုက်တောင်ရှိတယ် မှတ်ထား။ သူတို့က ဒုက္ခရောက်နေတာ။ ပွဲမလိုဘူး။ မေတ္တာနဲ့အမျှအတန်းပဲလိုတာ။ သူတို့တွေကိုလဲ ကူညီရတယ်ကွ။ ဒါမှ ကုသိုလ်ရတာကွ''

''ဒါဆို ဘုန်းဘုန်းကိုကော စောင့်တဲ့သိုက်တွေဘာတွေ မရှိဘူးလား''

''ရှိတယ်၊ သူကဘောဂဝတီမယ်တော်ကြီးပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်ဟုတ်လား"

"ဟုတ်တယ်၊ ငါကနဂါးမျိုးကွ"

"ဘုန်းဘုန်းက ဘယ်လိုလုပ်သိလဲ"

"သိချင်ရင် မင်းငါ့မယ်တော်ကြီးကိုမေးလိုက်၊ ငါ့ကိုမွေးတဲ့ မယ်တော်ကြီးကိုပြောတာ၊ သူကငါ့ကိုမမွေးခင်မှာ သူအဓိဋ္ဌာန်ဝင်ရတယ်။ မင်းကိုငါပြောရင်ကြွားသလို ဖြစ်သွားမယ်။ သိချင်ရင်မယ်တော်ကြီးကိုမေး"

"မမေးပါဘူး၊ ဘုန်းဘုန်းကိုယုံပါတယ်"

"ဒါဆိုငြိမ်ငြိမ်နားထောင်"

"ဘုန်းဘုန်းကနဂါးမျိုးဆိုရင် ဘာလို့အသားမည်းတာလဲ"

"ဟာ ဒီကောင်ကတော့ လျှာကိုရှည်တယ်ကွာ"

"ဘုန်းဘုန်းပဲ ဆရာတပည့်ဆိုတာ အားမနာရဘူး၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောဆို၊ ဒါဆိုပြောမယ်နော်၊ ဘုန်းဘုန်းက နဂါးမျိုးထက်စာရင် ကုလားမျိုးဖြစ်ဖို့ကပိုများတယ်"

"ဘာဖြစ်လို့လဲ"

"ဘုန်းဘုန်းက အသားမည်းနေလို့ပဲ"

"အေး ဟုတ်လား၊ အသားမည်းတာဖြူတာနဲ့မဆိုင်ဘူး ကရင်ရဲ့၊ ဒါ အကျိုးပေးတွေပဲ ဟိုဘဝတွေမှာ ကုလားလည်းဖြစ်ခဲ့တာပဲ၊ တရုတ်လည်းဖြစ်ခဲ့တာပဲ၊ အကုန်ဖြစ်နိုင်တယ်။ ကုလားနဲ့အမျိုးမတော်ဘူးလို့ထဲ ဘယ်ပြောလို့ရမလဲ၊ တော်ခဲ့မှာပါ။ ဖြူတာမည်းတာဟာ အတိတ်ဘဝရဲ့ကုသိုလ်ပေါ့ကွာ။ အတိတ်ဘဝက စိတ်ထားတွေပုပ်ခဲ့မယ်၊ ညစ်ပတ်ခဲ့မယ်၊ လိမ်ခဲ့မယ်၊ ညာခဲ့မယ်၊ လူတွေကိုဒုက္ခပေးခဲ့မယ်၊ ဒါတွေကလည်း အကျိုးပေးတယ်ကရင်ရဲ့။ အခုပဲကြည့်လေ မင်းနဲ့ငါ ရဲ့ မင်းကအသားဖြူတယ်၊ ငါကအသားမည်းတယ်။ ဒါ မင်းဟာအတိတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဝက ငါ့ထက်ပိုပြီး ကုသိုလ်ကောင်းမှုတွေပိုလို့ပေါ့ကွ" ဟုဆိုလိုက်သဖြင့် ကရင်သည် မာန်တက်လို့သွားလေသည်။

"ဟုတ်တယ်၊ ဟုတ်တယ် ဒါလုံးဝထောက်ခံတယ်"

"နောက်ဘဝတွေမှာ မင်းထက်ငါ ပိုအသားဖြူသွားလိမ့်မယ် ကရင်ရေ၊ ဟုတ်ပြီလား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါကြောင့်မို့လို့ ဘုန်းဘုန်းကို တပည့်တော်ချစ်တာ၊ ဘုန်းဘုန်းက သည်းခံတတ်တယ်နော်"

"အရင်ကဆိုရင်တော့ မင်းငါ့ကိုအဲဒီလိုပြောလိုက်တာနဲ့ မင်းရဲ့ သွား ၃၂ ချောင်းလုံး ဘုရားဖူးထွက်သွားနိုင်တယ်။ ငါလူ့ဘဝက ဒေါသသိပ်ကြီးတာ။ သူများပြောတာကို မခံနိုင်တဲ့ကောင်၊ ပြောတဲ့ ပါးစပ်ကတော့ အနည်းဆုံး သွေးထွက်အောင်ကို ထိုးရမှ ကျေနပ်တာ။ ဒါ ဒေါသ၊ မာနတွေကြောင့်ဖြစ်တာကွ။ ငါလုပ်တာ အမှန်ပဲ ဆိုပြီး ယူဆတဲ့အချိန်ပေါ့။ အခုတော့ ဒါတွေကိုခေါင်းပါးသွားအောင် ကျင့်နေတဲ့အချိန်ရောက်ပါပြီ။ ဒေါသမရှိတာတော့မဟုတ်ဘူး။ ရှိတာပေါ့။ ဒေါသကိုမထွက်အောင် တတ်နိုင်သလောက် ထိန်းသိမ်းနေတာပေါ့ကရင်ရယ်"

"ဘုန်းဘုန်းကို လေးစားတယ်"

"မင်းကိုလည်း ငါလေးစားတယ်၊ မင်းက အရက်သောက်တာလေးတစ်ခုပဲအပြစ်ရှိတာပါ။ ကျန်တာငါ့အပေါ်အကုန်ကောင်းတယ်။ ငါမင်းကို အရက်မသောက်စေချင်ဘူး။ မသောက်ပါနဲ့လို့လဲ မပြောဘူး။ မင်းရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်လေ။ ဒီကိစ္စက ပြောလို့ရတာမဟုတ်ဘူး။ ကျင့်မှရတာကွ၊ ဒီတော့ မင်းအရက်မသောက်ဘဲနေနိုင်အောင် အရင်ကျင့်အုံးကွ"ဟု သွန်သင်ရလေတော့၏။

"တင်ပါ တပည့်တော် ကြိုးစားကြည့်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းတယ် ကြိုးစား၊ ကောင်းတာလုပ်တာကို ငါအား ပေးတယ်။ မင်းမှာအရည်အချင်းတွေရှိတယ်။ မင်းလုပ်စမ်းပါ ဖြစ်နိုင်ပါတယ်။ အေး မင်းကိုငါပြောပြမယ်။ ရယ်စရာလေးတစ်ခုပေါ့ကွာ။ ငါနဲ့နေရင် မင်းပျော်ရပါမယ်၊ ဒီလိုကွ ရှေးခေတ်တုန်းက ဘုန်းကြီး တစ်ပါးရှိတယ်။ သူက ခေါင်းလုံးထိုးတာ အရမ်းဝါသနာပါတယ်။ နေရာတကာ ခေါင်းလုံးပဲအားကိုးတယ်။ သူ့မှာ တပည့်တစ်ယောက် ရှိတယ်။ သူ့တပည့်က မင်းလိုပဲအရက်သမား။ သူက အရက်မသောက် ရရင်ကိုမနေနိုင်ဘူးကွ။ ဒီဘုန်းကြီးက ခေါင်းလုံးဘုန်းကြီး သူကနေ့တိုင်း ဗိုထိုးတယ်။ သူ့ခေါင်းလုံးကို တသသကြည့်ပြီး သူ့တပည့် အရက် သမားကိုပြတယ်။ ဒီခေါင်းလုံးဟာ မြေလျှိုးမိုးပျံနိုင်မယ်ပေါ့။ သူ့ တပည့်ကလည်း သိပ်စိတ်ဝင်စားတာမဟုတ်ဘူး။ အရက်သောက်နေ ရရင်ပြီးရော။ နေ့တိုင်း သူဟာ သူ့တပည့်ကိုခေါ်ခေါ်ပြီး ဟော့ကောင် မင်းငါ့ကိုမြင်လား၊ မင်းငါ့ကိုမြင်လားနဲ့ အမြဲတမ်းမေးတယ်။ ဒီတော့ အရက်သမားက နေ့တိုင်း အမေးခံနေရတော့ သိပ်စိတ်မရှည်တော့ ဘူး"

"ဘာလို့ မြင်လားလို့မေးတာလဲဘုန်းဘုန်း"

"ဒီလိုကွ မမြင်တော့ဘူးဆို သူကိုယ်ပျောက်ပြီပေါ့။ မြင်နေသေး တော့ ခေါင်းလုံမအောင်သေးဘူး။ ဆက်ပြီးထိုးနေရတယ်၊ ကြာတော့ သူ့တပည့်လဲစိတ်မရှည်တော့ဘူး။ အရက်ကလေးခိုးသောက်ပြီး မှိန်း နေမယ်ကြံလိုက်၊ ဘုန်းကြီးကခေါ်ပြီး ခေါင်းလုံးငုံပြီး သူ့တပည့်ကိုမြင် သေးလားမေးမေးခံနေရတော့ စိတ်တိုလာပြီပေါ့။ အဲဒီမှာစပြီကွ ဒီ ဆရာတော် ခေါင်းလုံးဘုန်းကြီး နောက်တစ်ခေါက်လဲခေါ်ပြီး မြင်သေး မေးရော ဘာရမလဲ အရက်သမားက ဟင် အရှင်ဘုရား၊ မေး ဘာလဲ ဟော့ကောင်၊ အရှင်ဘုရားအခုဘယ်မှာလဲ၊ ငါဒီမှာလေ၊ မင်းငါ့ကိုမမြင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား။ တင်ပို့ မမြင်ပါဘူးဘုရား။ ဟေ မင်းတကယ်ပြောတာလား။ တကယ်ပါဘုရား တကယ်ပါဘုရား တပည့်တော်တကယ်မမြင်တာပါ ဘုရား။ ဟေဟုတ်လား။ သေချာတယ်နော်၊ သေချာပါတယ်။ အခု တပည့်တော် ဘုန်းဘုန်းရဲ့အသံပဲကြားနေရတယ်။ ဘုန်းဘုန်းကို လုံးဝ မမြင်ရပါဘူးလို့ ပြောပြီး ဘုန်းကြီးကိုကြပ်လိုက်တယ်။ ဟိုခေတ်လုံး ဘုန်းကြီးလည်း သူ့တပည့်မမြင်တော့ဘူးဆိုတော့ သူ့ခေတ်လုံး အောင်ပြီပေါ့။ အဲဒီမှာဘယ်ရမလဲ သူ့တပည့်ကို မောင်းတီးခိုင်းပြီး တစ်ရွာလုံးကိုခေါ်ခိုင်းလိုက်တယ်။ ဟိုတုန်းကဆို ရွာဦးကျောင်းက မောင်းတီးရင် အကုန်လုံးလာရတယ်။ တစ်ရွာလုံးကလူတွေလဲ ရောက် ရော ခေတ်လုံးဘုန်းကြီးဟာ သူ့ခေတ်လုံးအစွမ်းကို ပြမယ်ဆိုပြီး ကျောင်းခေါင်မိုးပေါ်တက်သွားတယ်။ ရွာကလူတွေကလည်း အံ့ဩ နေတာပေါ့။ ဆရာတော် ကျောင်းခေါင်မိုးပေါ်တက်သွားတော့ အားလုံး စိတ်လှုပ်ရှားနေကြတယ်။ တချို့တကာရင်းတွေက ဟာ ဘုန်းကြီး ဘာလုပ်တာလဲ၊ ဒုက္ခပဲ။ ဘာများအလိုမကျလို့ ကိုယ့်ကိုယ်ကို အဆုံး စီရင်တော့မလို့လားပေါ့။ တချို့ကလည်း ဘုန်းဘုန်းမလုပ်ပါနဲ့ ပြန် ဆင်းခဲ့ပါပေါ့။ တချို့ကလည်း ဘုန်းကြီးစိတ်ဖောက်သွားပြီ။ အဲဒီမှာ အရက်သမားကြီးကလည်း ဘုန်းကြီးခိုင်းထားတာတစ်ခုရှိလို့ ရွာထဲကို သွားနေတယ်။ ရွာသူရွာသားတွေက ဘုန်းကြီးတော့ ဒုက္ခပဲပေါ့။ ဘုန်း ဘုန်းပြန်ဆင်းခဲ့ပါ၊ ဘုန်းဘုန်းပြန်ဆင်းခဲ့ပါ စသဖြင့် ပိုင်းအော်ကြတာ ပေါ့။ ဒါပေမယ့် ဒီဘုန်းကြီးက သူ့တပည့်စကားကိုယုံတယ်။ သူများ ပြောတာကို မယုံတော့ဘူး။ ဒီနေရာမှာ ပညာပေးစရာတစ်ခုရှိတယ် ကွ။ တပည့်တွေမြှောက်တိုင်း သိပ်အထင်မကြီးရဘူး။ ဒီကောင်တွေ စားကောင်းသောက်ကောင်းအောင် လျှောက်ပြောနေတာ၊ ဘဝင် မြင့်တဲ့ဘုန်းကြီးဆို ဒုက္ခတွေ့တော့တာပဲ။ အဲဒီဘုန်းကြီးဟာ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးပေါ်ကနေ သူခုတ်လုံး အောင်တာကို ရွာသားတွေကိုကြွား ချင်တော့ ကာယသိဒ္ဓိပြီးပြီဆိုပြီး ကျောင်းခေါင်မိုးပေါ်ကနေ ခုန်ချပါ လေရောကွာ။ မြေကြီးပေါ်လည်းကျရော ခွေခွေလေး ခြေတွေ လက် တွေ ကျိုးပဲ့ကုန်တယ်။ ရွာသူရွာသားတွေက ဆေးရုံကို ပို့လိုက်ရတာ ပေါ့။ အရိုးတွေကျိုးကုန်တော့ တစ်ကိုယ်လုံး ကျောက်ပတ်တီးတွေ နဲ့ပေါ့။ ပုခက်စင်လေးပေါ်မှာ လှဲနေတယ်။ ဆရာတော်ဆေးရုံတင်ထား ရတယ်ဆိုတော့ ဒကာဒကာမတွေလည်း တဖွဲဖွဲနဲ့ လူနာလာမေးကြတာ ပေါ့။ နောက်ဆုံး ဘာမှဆရာတော်မပြောနိုင်တော့ဘူး။ မောနေပြီး ဒီကိစ္စရဲ့တရားခံက သူ့တပည့်အရက်သမားပဲလေ။ ဒီတော့ စိတ်မရှည် တော့ဘူး။ ကဲဟေ့ ဒီအကြောင်းတွေကိုငါ့မမေးနဲ့ သိချင်ရင် ဟိုခွေး သားကိုသာ မေးကြည့်လိုက်လို့ တစ်လုံးထဲပြောပြီးမေ့သွားတော့ တယ်''ဟုဆိုကာ ပြောပြလိုက်သဖြင့် ကရင်သည် သဘောကျသွားပြီး ခွက်ထိုးခွက်လန်ရယ်လေ၏။

''အောင်မလေး ဖြစ်ချင်အုံးဟဲ့ဝိဇ္ဇာကြီး'' ဟား ဟား ဟား ဟား နဲ့ရယ်လိုက်တာ မျက်ရည်တွေတောင်ထွက်လေတော့၏။

''ဟေ့ကောင် မှတ်ထား။ လူတွေဟာ သံသရာလည်နေသရွေ့ ဘဝပဋ္ဌာန်းဆက်ဆိုတာရှိတယ်။ သိကြားမင်းနဲ့လဲ ငါအမျိုးတော်မှာပဲ။ နဂါးမင်းနဲ့လဲ ငါအမျိုးတော်မှာပဲ။ အကြောင်းအကျိုးတွေချည်းပဲ တရင်''ဟုဆိုကာ အမျိုးတော်ခဲ့ပုံအကြောင်းကို ရှင်းပြလိုက်၏။

''အေးမှတ်ထားဦးကွ့ရင် မင်းကို နမူနာလေးတစ်ခုပြမယ်။ ကုလား တော တရုတ်ကော မြန်မာကော အစုံပါတဲ့ဇာတ်လမ်းလေးပဲ။ ဒါဇာတ် လမ်းတော့မဟုတ်ဘူး။ တကယ့်အဖြစ်အပျက်ကွ''ဟုဆိုကာ ကရင် အား

''ဒီလို ကရင်ရဲ့ ငါတို့ရဲ့ရှင်ဘုရင် အနော်ရထာဟာ သာသနာ



www.burmeseclassic.com

www.burmeseclassic.com



အဆုံးအမကို အလွန်ကြည်ညိုယုံကြည်သက်ဝင်တဲ့အချိန်ကစပြီး ရှင်အရဟံကို ဆရာအဖြစ်တင်မြှောက်ကာ သာသနာကိုချီးမြှောက်လိုတဲ့စိတ်ဟာ အစဉ်တစိုက်ပေါ်ခဲ့တယ်ကွ။ အဲဒီမှာ အနော်ရထာဟာ တရုတ်ပြည်မှာရှိတဲ့ မြတ်စွာဘုရားရဲ့ဆွယ်တော်တစ်ဆူကို ပင့်ဆောင်ပူဇော်ချင်တဲ့အာသီသဟာ အလွန်ပြင်းပြလိုလားခဲ့တယ်။ အဲဒီမှာ ကြံစည်တော်မူသည့်အတိုင်း နိုင်ငံတော်မှာရှိတဲ့ များပြားလှစွာသော စစ်သည်ဗိုလ်ပါတို့ကို စုတော်မူတယ်။ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလဖယ်၊ ညောင်ဦးဖီး စတဲ့စစ်သားလေးဦးဟာ စစ်သည်လေးသိန်းအားနဲ့ ညီမျှတယ်ကွ။ တစ်ခါက တရုတ်တွေ မြန်မာပြည်ကနေ စစ်အင်အားကိုတောင်းတဲ့အချိန်မှာ ငါတို့မြန်မာစစ်သူကြီးလေးဦး တရုတ်ဘက်ကနေ ကူညီပြီးတိုက်ခဲ့ဖူးတယ်။ တရုတ်ကားတွေထဲက ဂျက်လီ၊ ဘရုစလီတို့က ရုပ်ရှင်အဆင့်ပဲရှိတာ။ ငါတို့ မြန်မာစစ်သူကြီးလေးဦးဟာ တကယ့်သမိုင်းမှာ မော်ကွန်းတင်နိုင်တဲ့ စစ်သည်လေးသိန်းအားနဲ့ ညီမျှတဲ့သူရဲကောင်းတွေပဲကွ။ သူ့နေရာနဲ့သူ အစွမ်းဆိုတာရှိကြတာပဲကွ။ တရုတ်မှ၊ ကုလားမှ၊ မြန်မာမှမဟုတ်ဘူး။ သူ့နေရာနဲ့သူ လောကကြီးမှာ အသုံးဝင်တာပဲကွ။ အဲဒီလို မြန်မာစစ်သူကြီးလေးဦးရဲ့အစွမ်းနဲ့ စွယ်တော်ကိုပင့်ဖို့ ကြံခဲ့ပေမယ့် သူတို့အစွမ်းထက်ပိုပြီးစွမ်းတဲ့ပုဂ္ဂိုလ်နှစ်ဦး ရှိနေသေးတယ်ကွကရင်ရဲ့"

"ဟင် အဲဒီပုဂ္ဂိုလ်နှစ်ဦးက ဘယ်သူတုန်းဘုန်း"

"အုတ်နှစ်ချပ်လုပ်လို့ အသက်ပေးလိုက်ရတဲ့ ရွှေဖျဉ်းညီနောင် ပုပ္ပါးမယ်တော်ရဲ့သား ကိုယ်တော်ကြီးကိုယ်တော်လေးပဲကွ။ ပုပ္ပါးမယ်တော် မယ်ဝဏ္ဏနဲ့ ဗျတ္တတို့ အကြောင်းဆက်ပေါင်းဖက်ပြီးရလာတဲ့ ညီအစ်ကိုနှစ်ယောက်ကွ။ သူတို့ကလည်းစွမ်းတယ်။ မယ်ဝဏ္ဏဆိုတဲ့ ပုပ္ပါးမယ်တော်ကလည်း တခြားတော့ မဟုတ်ဘူးကွ။ သိကြားမင်းရဲ့သမီး



www.burmeseclassic.com

www.burmeseclassic.com



တွေ သူတို့ကလည်း ရာဇဝင်ရှိတယ်ကွ”

“ပြောပါအုံးဘုန်းဘုန်းရယ်၊ ဘုန်းဘုန်းပြောတာ ဗဟုသုတရပါတယ်”

“အေး ဒါဆိုလည်း သေချာနားထောင်ကွာ။ ဟိုးအရင်တုန်းက ဒီပုပ္ပါးတောင်ဟာ မီးတောင်ကြီးကွ”

“ဟင် ဟုတ်လား”

“မီးတောင်က ပေါက်ကွဲပြီး မီးငြိမ်းတောင်ဖြစ်သွားခဲ့တယ်။ အဲဒီမီးငြိမ်းတောင်ပုပ္ပါးရဲ့ ပတ်ဝန်းကျင်ဟာ ဝိဇ္ဇာတွေ၊ ဇော်ဂျီတွေ၊ ဂန္ဓာရီပညာရှင်တွေ ပျော်မွေ့တဲ့နေရာဖြစ်ခဲ့တယ်။ ငါတို့အဘဘိုးမင်းခေါင်ကြီးဆို ပုပ္ပါးကိုအမှီပြုပြီး ဗုဒ္ဓသာသနာ ကမ္ဘာကိုလွှမ်းရမယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ သာသနာပြုလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့တဲ့ ဓမ္မဝိဇ္ဇာကြီးပဲကွ။ အဲဒီ အဘဘိုးမင်းခေါင်တို့ မရောက်ခင်မှာ ပုပ္ပါးတောင်မှာ ကမ္ဘာ့ဂန္ဓာရီဝိဇ္ဇာတွေ ကျက်စားတဲ့နေရာပဲကွ။ ကမ္ဘာပေါ်မှာ ဂမ္ဘီရအလုပ်လုပ်နေတဲ့ပုဂ္ဂိုလ်တွေ ဆေးဝိဇ္ဇာတွေ၊ အင်းဝိဇ္ဇာတွေ၊ မန္တန်ဝိဇ္ဇာတွေ အစရှိတဲ့ ကမ္ဘာ့ဝိဇ္ဇာတွေဟာ ပုပ္ပါးတောင်ကို အောင်မြေအဖြစ် သွားလာရတယ်ကွ။ ပုပ္ပါးတောင်မှာပေါက်ရောက်တဲ့ သစ်ဥသစ်ဖု ဆေးပင်ဆေးမြစ်တွေဟာ အရမ်းစွမ်းတယ်။ ဆေးကောင်းတွေလည်း ပေါက်တယ်။ အဲဒီဆေးတွေဟာ အသက်ထောင်သောင်းထိနေနိုင်တယ်။ ကိုယ်ပျောက်နိုင်တယ်။ မိုးပျံနိုင်တယ်။ တန်ခိုးသိဒ္ဓိတွေစုနေတဲ့ ဆေးပင်ဆေးမြစ်တွေဟာ အလျှို့ပုန်းကို ပေါက်တယ်ကွ။ အဲဒီတော့ ကမ္ဘာမှာရှိတဲ့ဝိဇ္ဇာတွေ၊ သိဒ္ဓိရှင်တွေဟာ ပုပ္ပါးကိုလာပြီး တူးကြဆွကြတာပေါ့။ အဲဒီ ဆေးပင်ဆေးမြစ် ဓာတ်ပစ္စည်းတွေဟာ နတ်ပြည်ကလေးတောင် လာပြီးယူရတယ်။ နတ်တွေဟာ ဖွက်ရတဲ့အဆင့်တောင်ရောက်တယ်။ မင်းတရုတ်ကားတဲ့က စွန်းဇုခုံးကိုသိတယ်မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ဘုန်း ဘုန်းရယ်"

"အေး အဲဒီဂူခုံးဟာ နတ်ပြည်တောင်တက်ပြီး မီးရှို့နိုင်တဲ့ အစွမ်းရှိတယ်။ နဂါးပြည်လည်းသွားပြီး သောင်းကျန်းနိုင်တယ်။ မျောက်ဆိုပြီး အထင်မသေးနဲ့။ သူလဲ သူ့အစွမ်းနဲ့သူရှိတယ်။ အဲဒီပုပ္ပါးမှာလည်း မျောက်တွေရှိတယ်။ ဒီမျောက်တွေဟာ စွန်းဂူခုံးရဲ့ မျိုးနွယ်တွေပဲကွ။ အရင်တုန်းက သူတို့လဲ မြေလှိုးမိုးပျံနိုင်တဲ့ အစွမ်းတွေရှိခဲ့တယ်ကွ။ ဘာလို့လဲဆိုတော့ အရင်ဦးဆုံး ဒီမျောက်တွေဟာ သစ်ဥသစ်ဖု ဆေးမြစ်တွေကို စပြီးစားရတဲ့သတ္တဝါတွေကွ။ သူတို့ဟာ ပေါ့ပါးပြီး လေပေါ်မှာ ပျံတက်နိုင်တဲ့အစွမ်းတွေ ရှိတယ်ကွ။ နောက် ဆေးအကြောင်းတွေ သိတဲ့ဝိဇ္ဇာတွေဟာ နယ်ကျော်လာပြီး ပုပ္ပါးတောင်မှာရှိတဲ့ဆေးကောင်း ဆေးမြစ်တွေကို အသုံးပြုပြီး နတ်တွေကို အမျိုးမျိုးခိုင်းစားတော့တာပေါ့။ တချို့ဆေးတွေဟာ နတ်တွေ ဝှက်ထားရတယ်။ မသမာတဲ့ ပုဂ္ဂိုလ်တွေလက်ထဲရောက်သွားရင် ပြဿနာတက်ကုန်မယ်။ သိဒ္ဓိရှင် တန်ခိုးရှင်တွေထဲမှာ ဗုဒ္ဓဘာသာတွေရှိသလို လူမျိုးခြားသိဒ္ဓိရှင်တွေ လည်းရှိတယ်ကွ။ သူတို့က ဗုဒ္ဓသာသနာထွန်းဖို့ဘာတို့လုပ်မှာမဟုတ်ဘူး။ သူတို့အကျိုးအတွက်ပဲ သူတို့လုပ်တာ။ တန်ခိုးပြိုင်တယ်၊ စွမ်းအားပြိုင်တယ်၊ တစ်ဦးနဲ့တစ်ဦး ပညာစမ်းတယ်၊ သူတို့ရရှိထားတဲ့ တန်ခိုးသိဒ္ဓိနဲ့ မကြည်ရင်မကြည်သလိုချတာကွ။ သူတို့မှာ ဆေးကောင်း ဝါးကောင်း မန္တန်ကောင်း၊ ဂါထာကောင်းတွေ ရှိတယ်ကွ။ အဲဒီဆေး ဝါး မန္တန်တွေ ရွတ်ပြီး နတ်တွေကိုလိုသလိုခေါ်ပြီး စေခိုင်းနိုင်တဲ့ အစွမ်းတွေရှိတယ်ကွ။ ဒီတော့ ဒီဆေးမြစ်တွေ ဆေးပင်တွေကို စောင့်တဲ့နတ်တွေဟာ သိကြားမင်းကြီးဆီတက်ပြီး အကူအညီတောင်းရတယ်။ သူတို့ကို တူးဆွဖော်ယူပြီး မကောင်းတဲ့နေရာတွေမှာ ခိုင်းနေပါတယ်ဆိုပြီးတော့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ သိကြားမင်းကြီးဟာ သူ့ရဲ့သမီးနှစ်ပါးကို ပုပ္ပါးတောင်ကို စောင့်ရှောက်ဖို့ဆိုပြီး ဝဏ္ဏပပနဲ့ ဝဏ္ဏသုဇာဆိုတဲ့ ညီအစ်မနှစ်ယောက်ကို တာဝန်ပေးခဲ့တယ်။ တကယ် တော့ ဝဏ္ဏပပနဲ့ ဝဏ္ဏသုဇာတို့ဟာ သိကြားမင်းရဲ့သမီးတော်တွေကွ။ အဲဒီမှာသူတို့ဟာ ကြောက်မက်ဖွယ်ရာ နတ်ဘီလူးမတွေအသွင်ဆောင်ပြီး ပုပ္ပါးတောင်ကိုစောင့်ရှောက်ရတယ်။ မသမာတဲ့ ဟိုမရောက်ဒီမရောက် ဝိဇ္ဇာတွေကို နှိပ်ကွပ်ဖို့ပေါ့ကွာ။ အောက်လမ်းဆရာတွေ ကဝေတွေ၊ စုန်းတွေပါမကျန် သူတို့ဆေးမြစ်တွေ လာရှာရင် လာတူးရင် ခြောက်ပြီး လန့်အောင်လုပ်ရတာပေါ့''ဟုရှင်းပြ လိုက်တယ်။ အဲဒီမှာကရင်ဟာ စိတ်ဝင်စားသွားပြီး မျက်စပ်ကြီးအပြောင်းသားနဲ့ ကျွန်ုပ်ကို အသေအချာစိုက်ပြီးကြည့်နေတယ်။

''ဟော့ကောင်ကရင် ... ဟော့ ကောင်ကရင်''လို့ ပြန်ခေါ်ရတယ်။

''ဟာ ဘုန်းဘုန်းကလည်း ဆက်ပြောပါ။ ဒီမှာနားထောင်ကောင်းနေတုန်းပဲရှိသေးတယ်''

''အေး အဲဒီမှာ အခု ပုပ္ပါးမယ်တော်လို့ခေါ်တဲ့ မယ်ဝဏ္ဏပပနဲ့ ဖုံပြည်ကလူစွမ်းကောင်း ဗျတ်ဝိနဲ့ဗျတ္တဆိုတာ ရှိတယ်ကွ။ ဗျတ္တ နဲ့ မယ်ဝဏ္ဏဟာ အကြောင်းပါပြီး ချစ်ကျွမ်းဝင်သွားခဲ့တယ်ကွ။ ဗျတ္တကလဲ အေသူမဟုတ်ဘူးကရင်ရေ။ ဇော်ဂျီဖိုဝင်သားစားပြီး ကျောင်းကိုတောင်ပြောင်းပြန်လှန်နိုင်တဲ့အစွမ်းရှိတယ်ကွ။ ရှေးတုန်းက လူစွမ်းကောင်းတွေဟာ ကြာကြာမခံပါဘူး။ မနာလိုသူတွေက ချောက်တွန်းတာနဲ့ ရှင်ဘုရင် သူရဲဘောကြောင်တာနဲ့ပေါင်းပြီး ကွပ်မျက်ခံရတော့တာပါပဲ။ ဗျတ်ဝိဗျတ္တ ညီနောင်ဟာလဲ မြေလျှိုးမိုးပျံနိုင်တဲ့ အစွမ်းမရှိတယ်ကွ။ ဒီတော့ရှင်ဘုရင်ကလည်း သူ့ကိုအာမခံအောင် နေရာကောင်းပေးပြီး ဗျတ္တကိုပန်းဆက်တဲ့နေရာမှာ တာဝန်ပေးထားတယ်။ ပန်းဆက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကလည်း တခြားမဟုတ်ဘူးကာရင်ရဲ့။ ပန်းဆိုတာ ကုလားလို ကွမ်းလို့ခေါ်တာကွ။ ကွမ်းဆက်တာ။ ဗျတ်ဝိနဲ့ဗျတ္တဟာ ကုလားမျိုး နွယ်တယ်ကွ။ ကွမ်းယာကို ကုလားလိုပန်းလို့ခေါ်တယ်။ မြန်မာသမိုင်း တွေမှာ မှားနေတာတွေရှိတယ်ကွ။ ဒါကြောင့် မြန်မာရာဇဝင်ကိုရှင်း ရင် ငြင်းလွန်းအားကြီးလို့ ဓားထမ်းတုတ်ထမ်းပြီး ရှင်းရတယ်လို့ အဆို ရှိတယ်ကွ။ ရှင်ဘုရင်ကလည်း သက်သက်ဗျတ္တကို အချိန်ဖြုန်းခိုင်း တာကွ။ သူမတော်လှန်ရင်၊ သူမပုန်ကန်ရင်ပြီးရောဆိုပြီး ဗျတ္တကို ပုပ္ပါး ကနေပုဂံကို ပန်းဆက်ဖို့တာဝန်ပေးထားတယ်။ ဒီလုပ်ငန်းကလည်း နေ့တိုင်းလုပ်ရတဲ့အလုပ်ကွ။ မင်းတွက်ကြည့်လေ။ ပုပ္ပါးနဲ့ပုဂံခရီးက နေချင်းပြီးလမ်းလျှောက်သွားလား။ မြေလျှိုး မိုးပျံသွားလား ကိုယ့်ဘာ သာကိုဆုံးဖြတ်ပေါ့ကွာ။ တော်ရုံသာမန်လူဆို နေ့ချင်းပြီးဘယ်သွား နိုင်မလဲ။ ဒါကြောင့် ဗျတ္တပန်းဆက်လမ်းဆိုပြီး အခုထက်ထိရှိတယ်ကွ။ တကယ်တော့ ပန်းဆက်တယ်ဆိုတာ ပန်းကို ပြောတာမဟုတ်ဘူး။ ဘုရင်တွေစားဖို့ ကွမ်းဆက်တာကိုပြောတာ။ ကွမ်းယာဆိုတာ ရှင် ဘုရင်တွေလက်ထက်ကတည်းက ရှိတာကွ။ ဒီတော့ ရှင်ဘုရင်စားဖို့ ဗျတ္တကပုပ္ပါးကနေကွမ်းပင်ကိုယူလာပြီး ရှင်ဘုရင်ကို ဆက်သတာကွ။ ဒီ ခေတ်လို လမ်းဘေးကွမ်းယာဆိုင်တွေ မပေါ်သေးဘူး။ ကွမ်းမှာလည်း နတ်စောင့်တယ်ကွ။ ငါတို့ စားတဲ့ကွမ်းဟာ ဂမုန်းမျိုးထဲမှာပါတယ်။ ကွမ်းပင်ဟာနတ်ကြီးတယ်ကွ။ ဒါကြောင့် ကွမ်းစိုက်တဲ့နေရာမှာ ကွမ်းခြံ တွေမှာ မိန်းကလေးတွေ အဝင်အထွက်သတိထားရတယ်။ ကိုယ်မသန့် ရင် မဝင်ရဘူး။ ကွမ်းပင်ကိုစောင့်တဲ့နတ်တွေစိတ်ဆိုးတယ်။ ကွမ်းရွက် ရဲ့အညှာမှာ မကောင်းဆိုးဝါးရှိတယ်။ အရိုးမှာနတ်ကောင်းစောင့်တယ်။ အရွက်မှာ ဆေးဝိဇ္ဇာရှိတယ်ကွ။ ရှေးမြန်မာမင်းတွေဟာ ကွမ်းယာကို ငုံပြီး ဆောင်ထားခြင်းအားဖြင့် အန္တရာယ်ကင်းတယ်၊ လာဘ်ပွင့်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကျက်သရေတိုးတယ်။ ဒီခေတ်မှာတော့ ကွမ်းယာကိုလူတွေဟာ စည်းမရှိကမ်းမရှိနဲ့ စားတတ်လာကြတယ်ကွ။ ကျက်သရေမပြောနဲ့ ကျက်သရေကုန်အောင်ကိုစားတယ်။ တွေ့တဲ့နေရာတိုင်းမှာ ဟိုထွေး ဒီထွေးလုပ်ပြီး ညစ်ပတ်တတ်လာတယ်''ဟု ဆိုသဖြင့် ကရင်သည် ကျွန်ုပ်အား သေသေချာချာကြည့်ပြီး သူစားနေသောကွမ်းကို မထွေးတော့ဘဲ နိုးပြီးမြိုချလေတော့၏။

''ဟေ့ကောင် ဘာလို့ကွမ်းကို မြိုချတာလဲကွ။ ထွေးထုတ်လေ''

''မဟုတ်ပါဘူး။ ဘုန်းဘုန်းကို အားနာလို့ပါ''

''ဟေ့ကောင် မင်းကဘာမှမဟုတ်ဘဲ သံယောင်လိုက်ပြီး စည်းကမ်းရှိချင်ယောင်ဆောင်တာလား။ မင်းကိုလဲ ၁၅ မိနစ် သူတော်ကောင်း စာရင်းထဲမှာ ငါ့ထည့်ထားလိုက်ပါမယ်''ဟုဆိုလိုက်၏။ ထိုအခါကရင်သည် သဘောကျလွန်းသဖြင့် အားရပါးရရယ်လေတော့၏။ ကျွန်ုပ်သည် စားလက်စကွမ်းလေးကို ထွေးခံထဲသို့ထွေးလိုက်ပြီး ကွမ်းတစ်ယာထုတ်ကာစားလိုက်၏။ ထိုအခါ ကရင်က–

''လုပ်ပါဦးဘုန်းဘုန်းရယ်။ နားထောင်လို့ကောင်းလို့ပါ''

''အေး အဲ ဒီမှာဗုဒ္ဓဟာ ပုပ္ပါးကနေကွမ်းယူပြီး ပုဂံမှာ ရှင်ဘုရင်ကိုဆက်ရတယ်။ မင်းစဉ်းစားကြည့်လေ ဘုရင်ဆိုတာ ယောကျာ်းကြီးပဲ ဘာလို့ အဓိပ္ပါယ်မရှိပန်းဆက်ရမှာလဲ။ မိဖုရားဆိုလဲ ထားပါဦး။ ဘုရင်က ပန်းဆက်ခံရအောင် အခြောက်ကြီးမှမဟုတ်တာ'' ဟုဆိုလိုက်သဖြင့် ကရင်သည် အူတက်မတတ်ရယ်လေ၏။

''ဘုန်းဘုန်းကတော့ လုပ်တော့မယ်''

''ဟာ ငါတကယ်ပြောတာကွ။ မင်းလဲ စဉ်းစားပြီးမှယုံလေကွာ။ မင်းကို ပန်းနဲ့ ကွမ်းကိုငါပေးမယ်။ မင်းဘာယူမလဲ''

''ကွမ်းပဲယူမှာပေါ့။ ကွမ်းကစားလို့ရတယ်။ ပန်းက စားလို့မှမရ



www.burmeseclassic.com

www.burmeseclassic.com



တာ''

''အေး အဲဒါမှန်တယ်။ ဒါမှယုတ္တိရှိတာပေါ့''

''ဒါဆို ပုပ္ပါးမယ်တော်ကြီးကို ဘာလို့ ပန်းစားဘီလူးမလို့ခေါ်တာလဲ''

''ဒါလည်း မဖြစ်နိုင်ဘူး ကရင်ရဲ့ ခြသေ့်ကမြက်စားလား''

''မစားဘူးလေ''

''အေး ဒီလိုပဲပေါ့။ ဘီလူးပါဆို ပန်းစားမလား ကွမ်းစားတာဖြစ်နိုင်တယ်။ ပုပ္ပါးမယ်တော်ဟာ ပန်းမစားဘူး ကွမ်းစားတာ။ သူလဲ ကွမ်းအခူး ဗျတ္တလည်းကွမ်းအခူးနဲ့ဆိုတော့'' ဟု ကျွန်ုပ်ကပြောလိုက်သောအခါတွင် ကရင်သည် ပါးစပ်လေးကိုပိတ်ပြီး တခွိခွိနဲ့ရယ်ပြန်၏။

''ဘာရယ်တာလဲ''

''ကွမ်းကစတဲ့ သံယောဇဉ်ပေါ့ဘုန်းဘုန်းရယ်'' ဟု ဆိုလေ၏။

''အေး ဟုတ်တယ်။ အဲဒီလိုနဲ့ သံယောဇဉ်တွေဖြစ်ပြီး မယ်ဝဏ္ဏနဲ့ဗျတ္တတို့ ချစ်ကြိုးသွယ်ကြတော့တယ်'' ဟုဆိုလိုက်သဖြင့် ကရင်သည်

''ငါတို့ဘုန်းကြီးက ဒါလဲသိတာပဲ''ဟုဆို၏။ ကျွန်ုပ်သည် ကရင်အား ကြိမ်လုံးနှင့်ခေါင်းကို နှစ်ချက်လောက်ခေါက်ရပြန်သည်။

''သေချာနားထောင် ကောင်းခန်းရောက်နေပြီ၊ အဲဒီမှာ သူတို့နှစ်ယောက် ချစ်ကြိုက်တဲ့သံယောဇဉ်တွေဖြစ်ကုန်တယ်။ မယ်ဝဏ္ဏမှာ အစ်မတစ်ယောက်ရှိသေးတယ်၊ ဝဏ္ဏသူဇာတဲ့၊ သူက မယ်ဝဏ္ဏကို ဗျတ္တနဲ့ကြိုက်တာ သဘောမတူဘူး။ ဒီတော့ သူ့ညီမမယ်ဝဏ္ဏကို မကြိုက်ဖို့တားတယ်။ အသွင်မတူဘူးပေါ့။ ဒါကို မယ်ဝဏ္ဏကဘာ မတွေ့ဘူး၊ ဗျတ္တလာရင် ခိုးခိုးပြီးတွေ့တယ်။ မယ်ဝဏ္ဏကနေသမီးကွ။ ဗျတ္တကလည်း ဖော်ကြီးဖိုဝင်သားစားထားတာဆိုတော့ နတ်လောက်

www.burmeseclassic.com

www.burmeseclassic.com



တော့တန်ခိုးရှိတယ်ကွ။ တကယ်တမ်းပြောရရင် မယ်ဝဏ္ဏာက ချော တယ်''

''နတ်သမီးပါဆို ဘယ်ရုပ်ဆိုးပါ့မလဲဘုန်းဘုန်းရယ်''လို့ ကရင်သည် ဝင်ပြီးလျှာရှည်ပြန်သည်။ ထိုအခါ ကြိမ်လုံးကိုကိုင်ပြီး ခြောက်ရပြန်၏။

''အဲဒီနတ်သမီးမယ်ဝဏ္ဏာဟာ သူ့နဂိုချောမောတဲ့အသွင်ကို မပြဘူး။ ဘီလူးအသွင်နဲ့ သူ့ကိုစိတ်ကုန်သွားအောင်ပဲ အမျိုးမျိုးခြိမ်းခြောက်တယ်။ ဒါလဲ ဗျတ္တကမရဘူး။ အဲဒီမှာ မယ်ဝဏ္ဏာက ဗျတ္တကို သံယောဇဉ်ကုန်အောင် အမျိုးမျိုးလုပ်တယ်။ ကြောက်အောင်လဲခြိမ်းခြောက်တယ်။ ဒီမှာ မယ်ဝဏ္ဏာ ငါကနင့်ကိုချစ်မိပြီဆိုတော့ နင့်ဘာသာ ဘီလူးမကလို့ သရဲပဲဖြစ်ဖြစ် ငါကတော့ချစ်မှာပဲဟု နောက်ဆုံးစကားကိုပြောလိုက်တော့ မယ်ဝဏ္ဏာလည်း ဘယ်ခံနိုင်ပါလဲ ကရင်ရယ်။ အသည်းကြွေပြီပေါ့။ တစ်ဖက်ကလည်း အစ်မတော်မယ် ဝဏ္ဏာသူဇာ၊ တစ်ဖက်ကချစ်သူဗျတ္တ။ နောက်တော့ ဗျတ္တနဲ့ပဲအကြောင်းပါခဲ့ရတော့တာပေါ့။ အဲဒီလိုမယ်ဝဏ္ဏာဟာ နတ်သမီးရဲ့ဂုဏ်သိက္ခာကိုစွန့်ပြီး ဗျတ္တကိုချစ်ခဲ့တာကွ။ အဲဒီမှာ မယ်ဝဏ္ဏာရဲ့အစ်မ ဝဏ္ဏာသူဇာဟာစိတ် ဆိုးပြီး နတ်ပြည်ကိုပြန်သွားခဲ့တယ်။ မယ်ဝဏ္ဏာကတော့ လူမကျ၊ ဘီလူးမကျ၊ နတ်မကျနဲ့ ဘဝကိုပုံအပ်ပြီး ဗျတ္တကိုချစ်ခဲ့ရတော့တယ်။ နတ်ပြည်ထည်းပြန်လို့မရတော့ဘူးပေါ့။ အဲဒီလိုနဲ့ သူတို့နှစ်ယောက် ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေးကိုမွေးခဲ့တယ်။ သူတို့နှစ်ယောက်ကလည်း ခေသူတော့ မဟုတ်ဘူးကရင်ရ၊ နတ်နဲ့ဝိဇ္ဇာနဲ့ ဖောက်ထားတာဆိုတော့ သူတို့အစွမ်းက တွေးသာကြည့်ပေတော့ကရင်ရေ''

''ဒါဆို ကိုယ်တော်ကြီးကိုယ်တော်လေးဟာ တော်တော်ခြေမှာ ပေါ့နော် ဘုန်းဘုန်း''



www.burmeseclassic.com

www.burmeseclassic.com



"အေး ချောလိမ့်မယ်ကွ။ ဟိုက ကုလားစပ်ကွာ မယ်ဝထ္ထုက လည်း ဘီလူးအစစ်မှ မဟုတ်ဘဲ။ နတ်သမီးလေ။ ငါ့အထင်တော့ မင်းကြီးမင်းလေးရဲ့ဥပမိရုပ်ဟာ လီယိုနာဒိုတို့လို ရုပ်ရည်သန့် ပြန့်လိမ့် မယ်ထင်တယ်"

"လီယိုနာဒိုဆိုတာ ဘယ်သူလဲဘုန်းဘုန်း"

"လီယိုနာဒိုဆိုတာ တိုက်တန်းနစ်ကားကို မင်းကြည့်ဖူးလား"

"ကြည့်ဖူးတယ်"

"အဲဒီကားထဲက မင်းသားရဲ့ ဥပမိရုပ်ကိုပြောတာကွ"ဟု ဆို လိုက်၏။

"ဟုတ်တယ်ဘုန်းဘုန်း။ ဖြစ်နိုင်တယ်"

"ဖြစ်နိုင်တာ မဖြစ်နိုင်တာတော့မသိဘူးကရင်ရေ ဒီညီနောင် နှစ်ပါးဟာ မိန်းမသိပ်ပေါတာ။ သူတို့ကိုကြိုက်တဲ့မိန်းမတွေကတော့ ဒုနဲ့ ဒေးပဲကွ။

ကိုယ်တော်တွေဟာ တန်ခိုးဣဒ္ဓိပါဒ်ရှိတယ်ကွ။ လူစွမ်းကောင်း တွေပဲ။ သူတို့မှာ နတ်ကျား တစ်ယောက်တစ်ကောင်ပိုင်တယ်ကွ။ လူ ပျိုလှည့်ရင် ဒီခေတ်မှာလို ပရာဒိုတို့ လင်ခရူစာတို့ စီးတာမဟုတ် ဘူး။ နတ်ကျားကို စီးပြီးသွားတာကွ။ သူတို့မှာ အဲဒီမိန်းမ ရှုပ်တဲ့ အကျင့်ဆိုးလေးကလွဲရင် ကျန်တာအကုန်တော်တယ်ကွ။ မိန်းမက တော့ သူတို့ကြိုက်ပြီဆိုရင် လင်ရှိမယားလည်းမရဘူး။ အကုန်သိမ်း သွင်းတော့တာပဲ။ အဲဒီထဲမှာ ကိုယ်တော်လေးက အဆိုးဆုံးပဲကွ။ မရွှေဉကို ကိုယ်တော်လေးက အရမ်းကြိုက်တာကွ။ သူ့အဖေဆီသွား သွေးပါတယ်။ မရရအောင်ယူတယ်။ မရွှေဉက အိမ်ထောင်ရှိတယ်။ ဒါကို မရဘူး။ သူ့ကိုအတင်းကြိုက်ရမယ်ဆိုပြီး သိမ်းသွင်းတယ်။ နောက်ဆုံး မရတဲ့အဆုံးစီးတော်ကျားနဲ့ကိုက်သတ်ခိုင်းလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ကြောက်စရာကြီးဘုန်းဘုန်းရယ်"

"မကြောက်ပါနဲ့ကရင်ရယ် မင်းတို့လူတွေပြောပြောနေကြတဲ့ အချစ်နဲ့စစ်မှာ မတရားတာ တရားတာမရှိဘူးဆိုပဲ၊ ဒီတော့ ကိုယ်တော်လေးလဲ မမှန်မှန်သွားတာပေါ့။ တစ်ခုချီးကျူးဖို့ကောင်းတာက မရွှေ ဝဲကွ။ သူက ကာမပိုင်လင်ရှိတော့ မယူဘူး အသက်ကိုပေးပြီးတော့ သီလစောင့်သွားရှာတယ်။

အနော်ရထာဘုရင်ဟာ ဒီကိုယ်တော်ကြီးနဲ့ကိုယ်တော်လေးကို အရမ်းချစ်တာကွ။ မြေးတော်တွေအဖြစ် မွေးစားထားတာ။ မြန်မာ တွေကြားထဲမှာ ကုလားဖြူလေးနှစ်ယောက် ရောက်နေတော့ ချစ်စရာ လေးပေါ့ကွာ။ အဲဒီညီနောင်ကို အနော်ရထာဟာ ပစားပေးထားတာ ကို၊ မကျေနပ်တဲ့စစ်သူကြီးတွေ၊ မှူးကြီးမတ်ကြီးတွေလဲရှိတယ်ကွ။ သူ တို့က မလောက်လေးမလောက်စားလေးတွေကို အရေးပေးထား ရမလားဆိုပြီး မနာလိုရှိမယ့်ပုံလဲပေါက်တယ်ကွ။ အနော်ရထာဟာ နန္ဒာလရစ်တိုင်းဖြစ်တဲ့ တရုတ်ပြည်မှာ ကိုးကွယ်ထားတဲ့ စွယ်တော် မြတ်ကို ပင့်ယူတော်မူဖို့ စစ်သူကြီးတွေ ကျန်စစ်သား၊ ငထွေရူး၊ ငလုံး လဖယ်၊ ညောင်ဦးဖီးတို့နဲ့ တိုင်ပင်တဲ့အထဲမှာ ရွှေဖျဉ်းညီနောင် မယ် ဝဏ္ဏရဲ့သားနှစ်ပါးပါတယ်။ ဧရာဝတီ မြစ်ကိုဆန်တက်ပြီး ဗန်းမော် လမ်းကြောင်းကနေတစ်ဆင့် တရုတ်ပြည် ယူနန်နယ်ဘက်ကို ဗုဒ္ဓမြတ် စွာ စွယ်တော်ပင့်ခရီးစဉ်ချီခဲ့ကြတယ်။ အနော်ရထာရဲ့ အသက်က လေးဆယ်ကျော်လောက်ပဲရှိသေးတယ်။ အဲဒီ အနော်ရထာဘုရင် ဗုဒ္ဓစွယ်တော်ပင့်ခရီးအသွားမှာ အနော်ရထာနှင့် စောမွန်လှတို့က ရှေးပါရမီရေစက်ကြောင့် တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်မိ ကြပြန်တော့တယ်"ဟုဆိုလိုက်၏။ ထိုအခါကရင်က

"ဟာ ဘုန်းဘုန်းကလည်း ဒီ ဇာတ်လမ်းက တကယ်ဟာမ်း ကိုရိုး



www.burmeseclassic.com

www.burmeseclassic.com



ယားကားလောက်ကတော့ အသာလေးပဲနော်''

''အေး ဒီလိုဇာတ်လမ်းမျိုး ရိုက်လိုက်လို့ကတော့ အကယ်ဒမီ မနည်းဘူးကရင်ရေ။ အဲဒီမှာ စောမွန်လှနဲ့အနော်ရထာလဲ ချစ်ကြိုး သွယ်ခဲ့ကြတယ်ကွ။ အဲဒီမှာ အနော်ရထာဟာ စောမွန်လှကို တော် ကောက်ပြီး ယူနန်ပြည်နယ်ကို ဆက်လက်ချီတက်ခဲ့ကြတယ်။ ဟို ရောက်တော့ ဘုရင် ဥတည်ဘွားဟာ မြို့တော်တံခါးကို ခိုင်လုံစွာ ပိတ်ဆို့ပြီး အတင်းအကြပ် ခုခံတော့တယ်။ အနော်ရထာမင်း ချီတက် ရောက်ရှိသောမြို့ကို 'တောင်ဘက်ကျသောမင်း'လို့ အဓိပ္ပါယ် ဖွင့်ဆို ထားတယ်။ ရှမ်းဘာသာနဲ့ဆိုရင် 'နန်းချောက်'မည်သောပြည်၏ မြို့တော် တာလီဖူးမြို့လို့ခေါ်တယ်။ အဲဒီအချိန်တုန်းက အဲဒီနန်းချောက် ပြည်ဟာ မဟာယာနဂိုဏ်း ဗုဒ္ဓဘာသာထွန်းကားပြီး များစွာစည်ပင်ဝ ပြောသော ပြည်ကြီးဖြစ်တယ်လို့ ကမ္ဘာ့ရာဇဝင်ဆရာကြီးတွေက ဆို ထားတယ်။

ဥတည်ဘွားမင်း အတင်းအကြပ်ခုခံနေကြောင်းကို အနော်ရထာ မင်းသိတော့ ရွှေဖျဉ်းညီနောင်တို့ကိုခေါ်ပြီး ဥတည်မင်း၏ကိုယ်မှာ ထုံးသုံးတန်းတားစေရန် အမိန့်ထုတ်ခဲ့တယ်။ မြေလျှိုးမိုးပျံနိုင်တဲ့ ညီ အစ်ကိုတွေဆိုတော့ ဒီနေရာမှာ ကျန်စစ်သားတို့ အသုံးမဝင်ဘူး။ ကိုယ်တော်ကြီးနဲ့ကိုယ်တော်လေးဟာ ဘဘိုးတော်ဖြစ်တဲ့ အနော်ရထာ ကို အရိုအသေပေး မြေလျှိုးပြီး ဥတည်ဘွားအိပ်နေတဲ့ နန်းတော် ထဲကိုသွားခဲ့တယ်။ ဥတည်ဘွားရဲ့ ဗိုက်မှာ ထုံးသုံးတန်တားပြီး စာရေး ခဲ့တယ်။ အသာတကြည်ပေးရင်ပေး မပေးရင် ထုံးသုံးတန်တားထား တဲ့ ဗိုက်ကနေပြီး အူတွေအပိုင်းပိုင်းပြတ် ထွက်လာလိမ့်မယ်လို့ ခြိမ်းခြောက်ခဲ့တယ်။ ဒီတော့ ဥတည်ဘွားလည်း တွေးရင်းတွေးရင်း ကြောက်စိတ်တွေ ပိုလာတယ်။ အဲဒီခေတ် တရုတ်ပြည်မှာ စန္ဒီဒေဝီ



www.burmeseclassic.com

www.burmeseclassic.com



နတ်ကိုးကွယ်မှု အလွန်အားကြီးခဲ့တယ်။ တော်ရုံတန်ရုံလောက်က တော့ စန္ဒီဒေဝီဟာ ပြန်ပြီးချနိုင်တယ်။ အနော်ရထာဟာ သိကြားမင်း ဆက်သထားတဲ့ ကြိမ်စကြာနဲ့ စန္ဒီဒေဝီမယ်တော်ရုပ်ကို ကြိုးတုတ်ပြီး ရိုက်တယ်။ အနော်ရထာရဲ့အာဏာစက်ဟာ ဘယ်လောက်ပြင်းသလဲ ဆိုရင် စန္ဒီဒေဝီရဲ့ နာလွန်းလို့အော်ငိုတဲ့အသံဟာ တရုတ်ပြည် တစ်ပြည် လုံး ကြားရတယ်ဆိုပဲ။ အနော်ရထာရဲ့အစွမ်းကိုသိတော်မူတော့ ဥ တည်ဘွားလည်း နတ်လည်းမကယ်နိုင်၊ နတ်ထက်အစွမ်းကြီးတဲ့ အနော် ရထာနဲ့လည်းတွေ့ရော ပုန်းမနေနိုင်တော့ဘဲထွက်လာပြီး အနော် ရထာမင်းကို ခရီးဦးကြိုဆိုရတော့တယ်။

အဲဒီလို ငါတို့မြန်မာတွေ တစ်ခါက တရုတ်ဘုရင် ဥတည်ဘွား မင်းတောင်ကြောက်ရတယ်ကွ။ အခုနဲ့တော့ ငါမပြောတော့ပါဘူး ဗာရင်ရယ်၊ အများတွေပါသွားလိမ့်မယ်''

''မပြောပါနဲ့ဘုန်းကြီးရယ်။ မှန်တာပြောရင် ရွာပြင်ထုတ်ခံရလိမ့် မယ်'' ဟုဆိုသဖြင့် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦး ရယ်ကြလေတော့ သည်။

''ဒီခေတ်မှာတော့ တရုတ်က နယ်ချဲ့လာပြီကွ။ ကျွန်စစ်သားတို့၊ ထွေရှူးတို့၊ လေးလဖယ်တို့၊ ညောင်ဦးဖီးတို့၊ မင်းကြီးမင်းလေးတို့ ကို ပြန်ခေါ်ရလိမ့်မယ်ကွ။ ဒီပုဂ္ဂိုလ်တွေကို ကန်တော့ပွဲပေးပြီး စောင့် ရှောက်ခိုင်းထားရင် ရပါတယ်ကွာ''ဟုဆိုသဖြင့် ကရင်သည် ရယ်ပြန် ဆိုး။

''မရယ်နဲ့ တကယ်ပြောတာ၊ သိဒ္ဓိရှင်နတ်တွေကွ။ နောက်ဆုံး တော့ ဥတည်ဘွားလည်း အနော်ရထာနဲ့ ဘုန်းသမ္ဘာချင်း မယှဉ်နိုင် တော့ လွန်စွာကြောက်ရွံ့ထိတ်လန့်ပြီး အနော်ရထာမင်းကို အဖော်မြော် ရှောက်ရပါတော့တယ်။ အဲဒီမှာ အနော်ရထာမင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



"အဆွေတော်တို့ တိုင်းပြည်သို့လာရောက်ရခြင်းမှာ အခြားသော သော လောကီစည်းစိမ်ကို အလိုရှိ၍ရောက်လာခြင်းမဟုတ်။ လောကု တ္တရာချမ်းသာဖြစ်သော ဗုဒ္ဓမြတ်စွယ်တော်ကို ကိုးကွယ်ရန် တောင်းဖို့ လာသည်ဟု မိန့်တော်မူလေတယ်။ အဲဒီညမှာ ဥတည်ဘွားလည်း စိတ်အေးသွားပြီး စွယ်တော်မြတ်ကိန်းဝပ်တော်မူတဲ့နေရာကို ခေါ် ဆောင်သွားပြီး သူ့အသက်မသေရင်နေပစေ၊ မင်းကြီးစွယ်တော် အလို ရှိက ပင့်တော်မူပါဟုဆိုလေတယ်။ အဲဒီထဲက ငါတို့ မြန်မာတွေဟာ တရုတ်ပြည်ကစွယ်တော်ကို အပိုင်ရပြီးသားကွ။ စစ်ရှုံးတဲ့အတွက် ပေးရတာ။ ဒါပေမယ့် ငါတို့မြန်မာတွေ အနိုင်မကျင့်ပါဘူး။ အဲဒီမှာ အနော်ရထာဟာ စွယ်တော်မြတ်ကို တရိုတသေ တစ်ဝကြီးဖူးတော့ တာပေါ့။ ရှင်အရဟံရဲ့ အဆုံးအမကြောင့် ဗုဒ္ဓနဲ့တွေ့ထိခွင့်ရတဲ့ အနော် ရထာဟာ မြတ်ဘုရားအပေါ် သဒ္ဓါစိတ်တွေ ယိုဖိတ်လို့လာတော့တာ ပေါ့ကွာ။ အဲဒီမှာ အနော်ရထာဟာ စွယ်တော်မြတ်ကို များစွာပူဇော် သက္ကာယအမှုတွေပြုပြီး မြန်မာနိုင်ငံကို ပင့်တော်မူဖို့ အဓိဋ္ဌာန်ပြုကာ မြတ်စွာဘုရားကို ပင့်လျှောက်ပါတော့တယ်။ အဲဒီအချိန်မှာပဲ စွယ် တော်မြတ်ဟာ ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး သုံးဆယ့် နှစ်ဖြာ၊ လက္ခဏာတော်ငယ်ရှစ်ဆယ်၊ ရောင်ခြည်တော်ခြောက်သွယ် တို့ဖြင့် တင့်တယ်စွာတန်ဆာဆင်ပြီး ကောင်းကင်သို့ကြွတက်သွား လေတော့တယ်။ အနော်ရထာမင်းဟာ ဘုရားရှင်ရဲ့ သက်တော် ထင်ရှားပုံတော်ကို ဖူးတွေ့လိုက်ရတော့ မှုန်မှုံ့လဲမတတ် ဝမ်းသာပီတိ တွေဖြစ်လို့နေတယ်။ အဲဒီမှာ အနော်ရထာမင်းဟာ ရတနာပန်းတောင်း ကို ဦးခေါင်းတွင်ကိုယ်တိုင်ရွက်လျှက် သက်ဆင်းတော်မူရန် အဖန်ဖန် တောင်းပန်ခယသော်လည်း စွယ်တော်မြတ်ဟာ ကောင်းကင်ပေါ်မှ သာ နေပြီး ဆင်းသက်တော်မမူဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ အနော်ရထာဟာ လွန်စွာပူဆွေးသောကရောက်ပြီး မျက်ရည်ပေါက်ပေါက်ကျခဲ့ရတယ်။ နှလုံးမအီမသာဖြစ်ပြီး စိတ်ဆင်းရဲသောကရောက်နေတာကို သိကြားမင်းကြီးကသိတော့ မကြည့်ရက်ဘဲ ကိုယ်ထင်ရှားပြပြီး–

"မြတ်သောမင်းကြီး စွယ်တော်ကို မင်းကြီး ကိုးကွယ်ထိုက်သည်ဟု ဘုရားရှင်၏ ဗျာဒိတ်တော်မရှိချေ။ သရေခေတ္တရာပြည်ရှိ သင်းကျစ်တော်ခါတ်ကိုသာလျှင် အသင်မင်းကြီး ကိုးကွယ်ရလတ္တံ့လို့ ဗျာဒိတ်ပေးတော်မူလေတယ်။

ဤစွယ်တော်မြတ်ဟာ ဂန္ဓာလရစ်တိုင်း၌သာ သာသနာငါးထောင်တိုင်အောင် တည်စေလိမ့်မည်"လို့ ဆိုပြီးလျှင် သိကြားမင်းသည် မြဆင်းတုတော်တစ်ဆူကို မင်းကြီးအားနှစ်သိမ့်ဆုအဖြစ် ပေးအပ်ခဲ့လေတယ်ကွ။ အဲဒီမှာ အနော်ရထာဟာလည်း သိကြားမင်းပေးအပ်သောမြဆင်းတုတော်ကိုယူပြီး မြန်မာနိုင်ငံကို ပြန်လည်တော်မူခဲ့တယ်။ အဲဒီဗုဒ္ဓမြတ်စွယ်တော်ပင့် ခရီးစဉ်မှအပြန် မိုင်းမောဝ်သို့ဝင်ရောက်ခဲ့သေးတယ်။ ဝင်တာတခြားတော့မဟုတ်ဘူးကွ။ ငါတို့ဘုရင်က ငါးမရ ရေချိုးပြန်တာ"

"ဟင် ဘာလဲဘုန်းဘုန်းရ"

"မိုင်းမော်ဝ်စော်ဘွားကြီးရဲ့သမီးတော် စောမွန်လှကို လက်ဆက်ခွင့်တောင်း ခံတာကွ"

"ဟင် ဒါဆို တပည့်တော်တို့ဘုရင်တွေက ရောက်တဲ့အရပ်မှာ ဧဝင်ချိုးတာပဲနော်"ဟု ကရင်ကဆိုသဖြင့် ကျွန်ုပ်သည်ကရင့်ခေါင်းအား ကြိမ်လုံးဖြင့်ရိုက်ရပြန်၏။

"သေချာနားထောင် ခွေးသားရဲ့"ဟုဆိုသောအခါ ကရင်သည် ခေါင်းလေးကိုပွတ်ပြီး ပြုံးစိစိနှင့် နားထောင်ပြန်၏။

www.burmeseclassic.com



"အဲဒီလို အနော်ရထာဘုရင် ရေဝင်ချိုး ‥ ဟာ မင်းလုပ်တာနဲ့ ငါတောင်မှားကုန်ပြီ၊ ဒီမသာတော့ သေတော့မယ်"ဟုဆိုကာ ကရင် အား ထပ်ပြီးမဲရပြန်သည်။

"အဲဒီမှာ မိုင်းမောဝ်စော်ဘွားကြီးကလည်း နောင်အရှည်အနာ ဂတ်အတွက် စဉ်းစားသုံးသပ်ပြီး ၎င်းစဉ်းစားသုံးသပ်ချက်ကိုလည်း မဟာဒေဝီအပါအဝင် သူရဲ့မှူးမတ်ပညာရှိများနှင့် နှီးနှောတိုင်ပင် သေးတာကွ။

ငါတို့အမတော် စောမွန်လှက ဟင်းရွက်ကန်စွန်းမဟုတ်ဘူးကွ။ ရှင်ဘုရင်ကတောင်းတိုင်း ပေးမယ်မထင်နဲ့။ အထက်ထက် တိုင်ပင် စီစဉ်ပြီးကာမှ သမီးတော်ရဲ့ဆန္ဒကိုမေးတယ်။ အမတော်စောမွန်လှက လည်း မိဘကိုရိုသေတဲ့ သားသမီးဆိုတော့ နှစ်ပြည်ထောင်ငြိမ်းချမ်းမှု အရေးတွေးပြီး အနော်ရထာရဲ့ဆန္ဒကို လက်ခံလိုက်ရတယ်။ ဘုရင်ဆိုပြီး ကြိုက်လို့တော့ မထင်နဲ့၊ ဟိုက ဘုရားတရားသမား။ ပထမကတည်း က သူနဲ့သွေးရင်းချာ အကိုတစ်ဝမ်းကွဲနဲ့ပေးစားတာတောင် လုံးဝ စိတ်ဝင်စားတာမဟုတ်ဘူး"

"ဘုန်းကြီးကလည်း စောမွန်လှဘက်က ဖာထေးဖြတ်ကပ် လုပ်နေပြန်ပြီ၊ တပည့်တော်ကတော့ အနော်ရထာဘက်ကပဲပါတယ်"

"အေး ပါမှာပေါ့၊ မင်းကနားဘူးပဲ"ဟုဆိုသဖြင့် ကရင်သည် မျက်မှောင်လေးကျုံ့ပြီး နင်သွားလေတော့၏။

"ငါကတော့ စောမွန်လှဘက်ကပါတယ်။ သူက ဘာသာရေး ဘက်မှာ အားသာနေတယ်။ ရှင်းရှင်းပြောရရင် စောမွန်လှဟာ အနော်ရထာနဲ့ညားရတာ အဖျက်ပဲကွ။ နို့မို့ဆိုသူလည်း တစ်မင် တစ်ဖိုလ် ရလောက်ပြီကွ"

"ဘာလဲဘုန်းဘုန်း တစ်မင်တစ်ဖိုလ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသိမှာမဟုတ်ပါဘူး။ မင်းသိတာ တစ်မတ်တွေ ငါးမူးတွေ ဟုတ်ပါဘူး။ တစ်နေ့ ငါးထောင်ငါးရာအိမ်စရိတ်ရရင် ကျေနပ်နေတဲ့ကောင်ပဲ"ဟုဆိုသဖြင့် ကရင်သည် ရယ်လေတော့၏။ ပြီးလျှင်

"ကရင် ကျန်သေးတယ်ကွ။ စိတ်ဝင်စားစရာက စွယ်တော် သွားတင်တာ စွယ်တော်မရဘဲ စောမွန်လှကိုသာရခဲ့တဲ့ အနော်ရထာဟာ ဘာသာတရားကိုကိုင်းရှိုင်းတဲ့ စောမွန်လှကို အတော်ချစ်ရှာတာကွ။ အဲဒီမှာ မန္တလေးတောင်တော်ရဲ့မြောက်ဘက်စူးစူး ရှစ်မိုင်ခန့်အကွာ ထွေရာ မြို့နယ်အတွင်းမှာတည်ရှိတဲ့ ဆုတောင်းပြည့်(အုတ်နှစ်ချပ်လှပ်) ဘုရားအကြောင်းပြောဦးမယ်။ ဘုရင်အနော်ရထာမင်းနဲ့ နောက်ပါအဖွဲ့တွေ တရုတ်ပြည်ကနေအပြန် အဲဒီဒေသဘက်ကို ဆိုက်ရောက်ခဲ့ကြတဲ့အခါ ဆင်ဝပ်လို့ ဆင်ဝပ်တဲ့အရပ်တွင် ဘုရား စေတီတစ်ဆူ တည်ထားဖို့ စီမံဆောင်ရွက်ခဲ့ကြတယ်။ မိုင်းမောဝ်ကနေပါလာတဲ့၂ မိဖုရားစောမွန်လှနှင့်အတူ အားလုံးဘုရားတည်ကြတယ်ကွ။ အားလုံးကိုယ်စီကိုယ်ငှ ကုသိုလ်ပါဝင်ကြရတယ်။ အဲဒီမှာ မင်းကြီးမင်းလေးညီနောင်နှစ်ဦးဟာ သူတို့ကိုပေးထားတဲ့ တာဝန်ကိုပျက်ကွက်ခဲ့တယ်ကွ။ ဘုရားတည်တော့ တစ်ယောက်ကို အုတ်ဘယ်လောက်သယ်၊ ဘယ်ဟာလုပ်ဆိုပြီး စီမံခန့်ခွဲကြတာလေ။ ရှင်ဘုရင်လည်း အုတ်သယ်ရတယ်၊ ပန်းရံလုပ်ရတယ်ကွ။ မင်းကြီးမင်းလေးက တစ်ယောက်ကို အုတ်တစ်ချပ်စီဖို့ တာဝန်ရှိတယ်။ ဒါကိုလည်း သူတို့ အမူမဲ့အမှတ်မဲ့နေမိတာလဲပါမယ်။ သူများမနာလိုလို့ ချောက်တွန်းတာလဲပါမယ်။ ရှေးငါတို့ မြန်မာလူမျိုးတွေမှာ လူစွမ်းကောင်းတွေပေါ်ရင် မနာလိုတဲ့သူတွေချောက်တွန်းလို့ သေတာများတယ်ကွ။ အဲဒီမှာ ကျွန်စစ်သားတို့အဖွဲ့ကလည်း သူတို့ နှစ်ယောက်ကို ဘုရင်ဆီပေးစားပေးထားတော့ ကြည့်မရဘူးနဲ့တူပါတယ်။ တေးထားမှာပေါ့။ ဘုရား

www.burmeseclassic.com



တည်တော့ သူတို့စီရမယ့် အုပ်နှစ်ချပ်လိုနေတယ်။ ကိုယ်တော်တွေကလည်း ငယ်သေးတော့ အပျော်အပါးမက်မှာပေါ့ကွာ။ ဟိုသွားဒီသွား လျှောက်သွားနေမှာပေါ့။ ဒါကို ချောက်တွန်းချင်တဲ့လူတွေဟာ အကွက်ကိုစောင့်နေတယ်။ ငါ့အလိုဆိုရင်တော့ ဒီအုတ်ခဲလေး နှစ်ချပ်ပဲကွာ စီသွားပေးလိုက်မှာပေါ့။ ရှင်းရှင်းပြောရရင် ရဲဘော်ရဲဘက်စိတ် မရှိကြဘူးကွ။ အဲဒီတုန်းကတည်းက ငါတို့အထက်လူကြီးပိုင်းတွေဟာ ချောက်တွန်းခြင်းကို ဘယ်သူ့ဆီကမှ အပင်ပန်းခံမသင်ရဘဲ အလွယ်တကူတတ်တာကွ။ နောက်ဆုံးတော့ ဘုရားတည်ပြီးတဲ့အထိ မပြောဘူး။ မင်းကြီးလာကြည့်တော့ ဟင် ဒီအုတ်နှစ်ချပ်က ဘာဖြစ်လို့လုပ်ထားတာလဲလို့မေးတော့မှ ဖော်လံဖားတွေဟာ မှန်လှပါ အရှင်မင်းကြီး ဒီအုတ်နှစ်ချပ်ဟာ မင်းကြီးရဲ့မြေးတော်နှစ်ပါးတို့တာဝန်ပါဟုဆိုပြီး မင်းကြီးကိုရှက်အောင် ဒေါသထွက်အောင် ချောက်တွန်းတော့တာပေါ့။ ဒီတော့ အနော်ရထာဟာ စွယ်တော်ကလည်း မရ၊ ရှက်ကလည်းရှက်၊ သာသနာ ပြုပါမယ်ဆိုမှ အနှောင့်အယှက်ကဝင်တယ်ဆိုပြီး ရွှေဖျဉ်းညီနောင်ကို ရွှေဖော့ရိုးနဲ့ဆုံးမပါလို့ အမိန့်ထုတ်ခဲ့တယ်။ ဒါကို ကျန်စစ်သားက နားလေးချင်ဟန်ဆောင်ပြီး ရှင်းရှင်းပြော ရရင် ရူးချင်ဟန်ဆောင်တာပေါ့ကွာ။ အရူးကွက်နင်းပြီး ဝါးရင်းဒုတ်နဲ့ရိုက်သတ်ပစ်တာ။ ရွှေဖျဉ်းညီနောင်ကို အမြင်ကတ်နေပုံရတယ်။ ဘာလို့လဲ ဆိုတော့ သူ့ထက်တော်နေလို့ပဲကွ။ အေး မှတ်ထား၊ ဒီခေတ်ကြီးမှာ ဒါမျိုးတွေအများကြီးပဲကွ။ ကိုယ့်ထက်သာရင်မနာလိုဘူး။ သူများကောင်း စားမှာကို မကြည့်ရက်ဘူးကွ၊ တကယ်ဆို ဒီအုတ်နှစ်ချပ်ဟာ ပန်းရံဆရာထည့်သွားပြီး သူသတိပေးပြီး ဆုံးမလို့ရပါတယ်။ အသက်ထိတက်စရာမလိုပါဘူးကွာ။ ဘာမဟုတ်တဲ့ကိစ္စကို အကြောင်းဖန်ပုံကြီးချဲ့ပြီး ကိုယ်တော်နှစ်ပါးဟာ ကွပ်မျက်ခံလိုက်ရတယ်။ အဲဒီမှာ

www.burmeseclassic.com



ကိုယ်တော်နှစ်ပါးဟာ နတ်ဖြစ်သွားတယ်။ အဲဒီကစပြီး တောင်ပြုံး မင်းနှစ်ပါးဆိုပြီး ကျော်ကြားလာခဲ့တာ အခုထက်ထိပါပဲကွာ'' ဟု ဆိုလိုက်သောအခါတွင်

အရက်သမားကရင်သည် စုတ်တသပ်သပ်ဖြင့်

''ဖြစ်မှဖြစ်ရလေတယ် ကိုယ်တော်တို့ရယ်။ ကျွန်တော့်လိုစိတ် မျိုးဆိုရင် အဲဒီအုတ်နှစ်ချပ် စီပေးလိုက်ပါတယ်''

''အေး ဟုတ်တယ်ကရင် မင်းလိုအရက်သမားတောင် လူလိုသိ တတ်တဲ့စိတ် ရှိသေးတယ်။ အဲဒီအပေါ်ကကောင်တွေက အာဃာ ထူနေတာကွ။ အဲဒီအချိန်ကတည်းက ဖြုတ်ထုတ်သတ် စနစ်ဆိုးကြီး တ ကြီးထွားလာခဲ့တာ ကရင်ရဲ့။ ရှင်ဘုရင်တွေ စစ်သူကြီးတွေဖြစ် တို့ ဘဝင်မမြင့်နဲ့ ချောက်တွန်းမယ့်မိဒီယာတွေက ပွနေတာပဲ။ အချင်း ချင်းစိတ်ဝမ်းတွေကွဲပြီး လူစွမ်းကောင်းတွေဆုံးရှုံးရတယ်ကွ။ ကရင် မင်းမသေမချင်းမှတ်ထား ကိုယ့်ထက်တော်တဲ့သူကို မနာလို မဖြစ်ရ သူ တော်တဲ့သူကိုပေါင်းရတယ်။ အသက်ကြီးတိုင်းလည်း လူကြီး မဟုတ်ဘူး။ အသက်ငယ်တိုင်းလည်း လူငယ်မဟုတ်ဘူးကရင်ရဲ့''

ကျွန်ုပ်သည် ကရင်အား အနော်ရထာနှင့်စွယ်တော်အကြောင်း များကို ရှင်းပြပြောဆိုလိုက်သဖြင့် ကရင်သည် သဘောကျလို့သွား၏။

'အရှင်ဘုရား‌‌ . . ဘာမှမပူပါနဲ့၊ တပည့်တော် အရှင်ဘုရားကို စောင့်ရှောက်ပါမယ်။ သေချာသာအားထုတ်ပါ''ဟုဆိုလေ၏။

❑❑❑❑



www.burmeseclassic.com

www.burmeseclassic.com





အဘရက္ခိုးကြီး၏ ပုံတူကို ရွှေပေါက်ဆိန်ကျောင်း၌ ထုလုပ်ထားရှိပြီး ဆေးဆရာသုတေသီက ဆုတောင်းပြည့်သည်။

ရွှေပေါက်ဆိန်စာပေတိုက်

www.burmeseclassic.com

# အခန်း (၅)

ကျွန်ုပ်သည် နဂါးရုံဘုရားတွင် ကန်တော့ပွဲများ လှူလိုက်ပြီး နောက် ပုဂ္ဂိုလ်အပေါင်းကို စတင်၍ပင့်လေတော့၏။ ကရင်သည် ကျွန်ုပ်၏ နောက်မှနေ၍အောင်မောင်းကို စည်းချက်ညီညီတဒူဒူနှင့် ထားလေတော့၏။

"ရာဇဂြေ၊ ဂနိုင်ရစ်သမ်း၊ ရေယာဉ်စမ်းတို့ဖြင့် ပျော်မြန်းဖွယ်လု လူပေါင်းစု၍ ရတုသုံးလီ၊ ခါညီငြိမ့်ငြိမ့် ‥ တငြိမ့်ငြိမ့်နှင့် နှစ်သစ်မနော ပြည့်စုံထိုထို ‥‥ ရာဇဂြိုဟ်ဟု နဂိုပညတ်၊ ပြည်တော်မြတ်မှာ စတ္တာရော သွာလောစ ‥‥ လေးပါးသော ပုဂ္ဂိုလ်ကျော်အရှင်မြတ်တို့သည်လည်း ကောင်း၊ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာတို့ကိုလည်းကောင်း၊ ဆောက်တော်မူကြလေကုန်သော ဆရာတော်သခင်ကျေးဇူးရှင်အပေါင်း တို့ကိုလည်းကောင်း၊ ဆယ်ပါးသော သိဒ္ဓိကြီးများကို ရရှိတော်မူကြ ကုန်သော ဝိဇ္ဇာရှစ်သောင်းဆရာအပေါင်းတို့ကိုလည်းကောင်း ကျွန်ုပ် ပေါက်ဆိန်ကိုယ်တိုင် ပင့်လျှောက်တိုင်တည်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ထံတွင်နေထိုင်သွားသော မိစန္ဒီခေါ် မြွေကြီးသည် လွတ်မြောက်လို့သွားပါသည်။ ၎င်းအား အန္တရာယ်ကင်းဘေးရှင်းပြီး ကျွန်ုပ်ထံသို့အမြန်ဆုံးပြန်ရောက်အတွက် သိုင်းကြဝိုင်းကြ ကူညီကြပါကုန်လော့” ဟုဆိုကာ ဆုတောင်းပြီး အဓိဋ္ဌာန်ပုတီးစတင်၍ စိပ်လေ၏။ ပြီးလျှင် ကျွန်ုပ်သည် စမ ဖယောင်းတိုင်တစ်တိုင်စီရင်လျက် နဂါးရုံဘုရား၏ ရှေ့တွင် စတင်ကာထွန်းလိုက်လေ၏။ ထိုအချိန်တွင် ကျွန်ုပ်၏ ညောင်ပင်ကြီးမှ တောက်တဲ့အော်သံသည်ထင်ထင်ရှားရှားကြီး ထွက်ပေါ်၍လာလေ၏။ အိမ်မြှောင်စုတ်ထိုးသံများ၊ အမွှေးနံ့များ ရရှိလို့လာလေ၏။ ကျွန်ုပ်သည် စမဖယောင်းတိုင်ထွန်းပြီးလျှင် ရုပ်နှင့်ခန္ဓာကို မြတ်စွာဘုရားအားလှူလျက် ပုတီးစတင်ကာ စိပ်လေတော့၏။

ကျွန်ုပ်၏နှာခေါင်းထဲတွင် မည်သည့်အမွှေးနံ့များနှင့်မတူ တစ်မူထူးခြားသော အမွှေးရနံ့များသည် ထင်ထင်ရှားရှားကြီးကို ရလို့နေလေ၏။ အမျိုးသမီးများ၏ စကားပြောသံများလည်း တစ်ချက်တစ်ချက်ကြားလို့ နေရလေ၏။ ကျွန်ုပ်ပုတီးစိပ်ပြီးသွားပြီဖြစ်လေသောကြောင့် ဆုတောင်းမေတ္တာပို့ အမျှအတန်းပေးရလေတော့၏။

“ကျွန်ုပ်ပြုလုပ်သော ကုသိုလ်ကောင်းမှုအဖို့ဘာဂကို နတ်တို့သနင်း သိကြားမင်းကြီး ဘိုးတော်ဝါသဝကို လည်းကောင်း၊ သာသနာကိုစောင့်ရှောက်သော နတ်မင်းကြီးလေးပါးကို လည်းကောင်း၊ မြောက်အရပ်၊ တောင်အရပ်၊ အရှေ့အရပ်၊ အနောက်အရပ် လေးမျက်နှာကို စောင့်ကြပ်ကြကုန်သော အနောက်တိုင်းမှာဖြစ်ကြသော နတ်မင်းကြီး မိုက်ကယ်၊ ရူရီယာယိလ်၊ ဂရေသီရယ်၊ ဖေသီယာယ်စသော နတ်မင်းကြီးလေးပါးတို့ကိုလည်းကောင်း၊ သမုဒ္ဒရာကို စောင့်သော မဏိမေခလာနတ်သမီးနှင့်နက်ပကျွန်းနတ်မင်းကြီးကိုလည်းကောင်း၊ ယုဂန္ဓိုရ်တောင်၊ ဣသိန္ဓိုရတောင်၊ ကရဝတီတတောင်၊ သုဒဿနတောင်

www.burmeseclassic.com



နေမိန္ဒရတောင်၊ ဝိနတ္တကတောင်၊ အဿကဏ္ဏတောင် စသော တောင်ချိုင့်(၇)ထပ်ကို အစိုးရသော တောင်စောင့်နတ်မင်းကြီးတို့ကိုလည်းကောင်း၊ လွန်စွာမှ ဂရုဏာကြီးသောယမမင်းကြီးကိုလည်းကောင်း၊ ဂူဟာကိုစောင့်တဲ့နတ်၊ တောင်ကို စောင့်တဲ့နတ်အပေါင်းတို့နှင့်တကွ အဓိဘက်၊ အဖဘက်ဆိုင်ရာရိုးရာ နတ်များ၊ အတွင်း ဥရမင်း၊ အပြင်ဥရမင်း၊ အရန်ဥရမင်း၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးအပေါင်း၊ သူရဿတီ၊ ဂဟေပတီ၊ စန္ဒီစန္ဒာ၊ စိတြသီရိ၊ ကိစ္စရာ၊ ကိရိပဏ္ဏအစုရှိသော ဒေဝီ ဥပါးတို့ကိုလည်းကောင်း ထိန်လင်းဝေဖြာ နတ်တကာနှင့်နတ်ပြာ၊ နတ်မွဲ နတ်ဆင်းရဲတို့ပါမကျန် ကျွန်ုပ်ပြုလုပ်သော ကုသိုလ်အမျှဝေသော်ငါ၊ သင်တို့သည်လည်း အမျှရကြ၍ ကျွန်ုပ်အား သိုင်းကြဝိုင်းကြညီ စောင့်ရှောက်ကြပါကုန်လော့။

ထို့ပြင်တဝ ဘုရင်ခေတ်လွန် သိုက်မှ သိုက်နန်းရှင်များ၊ သိုက်ချုပ်များ သိုက်အုပ်များ၊ ကျိုက်ထီးရိုး သိုက်၊ ရွှေညောင်ပင်သိုက်၊ ကျီးကန်းရှင်စင်သိုက်၊ ကန်တော်မင်မင်းစိန်၊ မင်းသိမ်သိုက်၊ မင်္ဂလာဒုံငွေယားတောင်သိုက်၊ ရွှေကျိုးဖြူမှုလခဲသိုက်၊ မော်ဘီ မနှင်းစိန်သိုက်၊ တညင်ကျိုက်ခေါက်ဘုရားသိုက်၊ ဒေးစွန်ပါမျှော် တောင်ရောင်သိုက်တို့၏ သိုက်နန်းရှင်များနှင့်တကွ သိုက်ချုပ်ဘိုးတော်ကြီး ဘိုးတော်သာလယ သိုက်အဝင် ကြီးကျယ်ခမ်းနား သိုက်စောင့်များသည်လည်းကောင်း၊ ကိုးသန်း– ကိုးသိန်း–ကိုးသောင်း–ကိုးထောင်–ကိုးရာ–ကိုးဆယ့်ကိုး သိုက်နန်းရှင်များပါမကျန် ဘောဂဝတီနဂါးသိုက်များ၊ ထို့ပြင်တဝ ရွှေကိုရွှေစ ငွေတိုငွေစ တောက်တိုမယ်ရတွေကိုစောင့်ရသော သိုက်သိုက်သိုက်မွဲသိုက်ဆင်းရဲအပေါင်းပါမကျန် မေတ္တာပို့သည်၊ အမျှအတန်း ပေးဝေလိုက်ပါသည်။

ထို့ပြင်တစ်ဝဝိဇ္ဇာမိုရ်ယောကျ်ား၊ ဝိဇ္ဇာမိုရ်မိန်းမများ၊ မြေါးဝိဇ္ဇာ၊



www.burmeseclassic.com

www.burmeseclassic.com



သံဝိဇ္ဇာ၊ ဗေဒဝိဇ္ဇာ၊ ပုတီးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ အလုံးစုံ တို့နှင့်တကွ မြန်မာဝိဇ္ဇာဝိုရ်ကြီးများဖြစ်ကြကုန်သော ဗားမဲ့ဆရာတော်၊ ဗားတမော့ဆရာတော်၊ ဗားမြိုက်ဆရာတော်၊ ဗားတမွတ်ဆရာတော်၊ ဗားကရာဆရာတော်၊ ဗားတိဆရာတော်၊ ဆရာတော်ဘုရားကြီး ဘိုးပေါက်ဆိမ့်၊ ဆရာတော်အရှင်သူရိယ၊ ရာကျော်ဆရာတော် ဦးကိတ္တိ၊ ယက္ကန်းစင်တောင်ဆရာတော် ဦးသြဘာသ၊ ယက္ကန်းစင်တောင် ဆရာတော်ဦးကွန်း၊ ဘိုးတော်ဝါယမ၊ အဖေလူ၊ အဖေရှင်၊ အဖေနွဲ့၊ အဖေကြီး ဦးစောလှ၊ ဗောဓိပင်ဆရာဆိုင်၊ ဆံရှည်ကိုယ်တော်၊ လျှာရှည်ကိုယ်တော်၊ ဘုန်းတော်ကြီး ဦးဝိမလ၊ ရန်ကုန်မြို့ကျောက်မြောင်း ကျောက်တောလမ်းမှ ထွက်ရပ်ပေါက်သွားသော ဘိုးတော်မှဲ့၊ မေ့ကာထိက ရှမ်း ဘိုးတော် ပခေါ်ယို၊ ဘိုးတက်၊ ဘိုးကျာ၊ ဘိုးရဲသူ၊ ဆရာဝင်းကြီး၊ မေ့စေတီဆရာတော်၊ ဘုရားရှင်လက်ထက် သူဌေးကြီးလေးဦး စာရင်း ဝင် ဇဋိလသူဌေး၏ဖခင် ဝါယုပုတ္တမည်သော မန္တန်ဝိဇ္ဇာခေါ် ပိလိန္ဒဝစ္ဆ မထေရ်၊ လဇ္ဇဝီတိုင်း၊ ဝေသာလီပြည်၊ ပက္ကုသာတိမင်း၏လက်ထက် တွင် ဆေးအတတ်ဖြင့်ထွက်ရပ်ပေါက်သွားကြကုန်သော မဟာဝရ နိမ္မိမဟိဒ္ဓိမည်သော ဆေးဝိဇ္ဇာတစ်ရာ့သုံးကျိပ်ကိုးပါး၊ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏လက်ထက်တွင် ထွက်ရပ်ပေါက်သွားကြကုန်သော နှစ်ရာ့ခြောက်ဆယ် အရေအတွက်ရှိကြကုန်သော မဟာစိန္တာမယ ဖြဟ္မဏအင်းဝိဇ္ဇာများ၊ သတိုးမင်းဖျားဘုရင်၏ဆင်ထိန်း ဘိုးသာဆက် ၏သား ငပေဝါအား ပညာများလွှဲအပ်၍ ဉမင်သုံးဆယ်ကို ကိုယ်တိုင် တူးပြီးလျှင် ထွက်ရပ်ပေါက်သွားသော မဓုသဃ်ရာဇဘုန်းတော်ကြီး၊ မြင်စိုင်းမြို့ ဇေယျာသခ်ယာမင်းလက်ထက် တပည့်သုံးဆယ်ခြောက် ယောက်နှင့်အတူ ထွက်ရပ်ပေါက်သွားသောပညာသီရိဌေးသူအမတ် ကြီး၊ ပေါက္ကံပြည် ကျစ္စွာမင်းကြီးလက်ထက်တွင် ဆေးအတတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်ပေါက်သွားသော အင်းဝိဇ္ဇာ ဆရာတော်အရှင်ဉာဏဝံသတို့သည် လည်းကောင်း ...။

ထို့ပြင်တဝ သေလည်ကျောင်းမင်း၏ဆရာတော် အရှင်အဖ္ဗဂေါဏ၊ ဒွါရဝတီမြို့ ရေကန်သာရွာသား ပြဒါးဝိဇ္ဇာကြီး အရှင်ကဝိန္ဒာသာရဆရာတော် အင်းဝပြည် နောင်တော်ကြီးမင်းလက်ထက် ပြည်မြို့ မယားပင်ရွာသား ပြဒါးဝိဇ္ဇာကြီးဆရာအောင်၊ ဘိုးတော်ဦးဝိုင်းလက်ထက် တောင်တွင်းကြီးမြို့အပိုင်လက်ပံရှည်ရွာသား စမဝိဇ္ဇာကြီး ဘိုးဘိုးအောင်၊ နောင်တော်ကြီးမင်းတရားလက်ထက် အင်းဝအောင်ချမ်းသာရွာသား ပြဒါးဝိဇ္ဇာကြီး အရှင်ကုန္ဒာစရိယ၊ အင်းဝခေတ် တောင်တမံရွာအနီး နွားနို့အစုကြီးရွာသား သံဝိဇ္ဇာ နာဝိန္ဒသာရ ဘုရင်သဝံညီနောင်လက်ထက် တောင်ငူမြို့ ကြက်ညီနောင်ကုန်းအကြား နမဖြစ်သူ အပျိုကြီးမမြလေးနှင့်အတူ မီးထုံကူးသွားသော ဘုန်းတော်ကြီး ဥတ္တမသီရိနှင့် ဝိဇ္ဇာမိုရ်မမြလေး၊ တောင်တွင်းကြီးမြို့မှ ဦးဉာဏ်သမည်သော စမဝိဇ္ဇာ၊ ပုပ္ပါးတောင်မှ ဝိဇ္ဇာကြီး အဘဘိုးမင်းခေါင်၊ ရသေ့မြို့မှ ထွက်ရပ်ပေါက်သွား သော ဘိုးသယ်၊ မြန်မာသက္ကရာဇ် ၁၂၆၄ခုနှစ်တွင် ကျိုက်လတ်မြို့က ကျုံမင့်ရွာတွင် ထွက်ရပ်ပေါက်သွားသော ရွှေရင်ကျော်ဘိုးတော်အေး၊ မြန်မာသက္ကရာဇ် ၁၂၆၆ခုနှစ်တွင် ပုဂံမြို့ သစ်တောက်ရွာ ဘုရားငါးဆူတွင် ထွက်ရပ်ပေါက်သွားသော ရွှေရင်ကျော် ဘိုးတော်ပြူး၊ မြန်မာသက္ကရာဇ် ၁၃၀၀ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၅)ရက်၊ ကေလာသ တောင်ရှိ၌တွင် ထွက်ရပ်ပေါက်သွားသော ရွှေရင်ကျော် ဘိုးတော်ပွင့်တို့သည်လည်းကောင်း ...။

ထို့ပြင်တစ်ဝရှမ်းပြည်အုင်းလေး ဟဲယား ရွာမတောင်ကျောင်းနှဲထဲရပ်မှ ထွက်ရပ်ပေါက်သွားသော ရွှေရင်ကျော် ဘိုးတော်ပြူ၊ ရှမ်းပြည်တောင်ပိုင်း မောက်မယ်နှင့်လင်းခေးမြို့မှ ထွက်ရပ်ပေါက်သွား

www.burmeseclassic.com



သော ဝါဆိုကျောင်းဆရာတော်၊ မန်းချောင်းအနီး တောအုပ်ကြီးနေ ဝိဇ္ဇာဓိုရ်မအမတော် မနုစာရီ၊ ပုဂံပြည် ဝက်လူးအိုင်၌ ပညာစွမ်းပြခဲ့သော အရှည်ကြီး ဦးဓမ္မသာမိ၊ မြောင်းမြမြို့မှဘိုးတော်အောင်ချမ်းသာ စသော မြန်မာဝိဇ္ဇာဓိုရ်များနှင့်တကွ။

အနောက်တိုင်းဝိဇ္ဇာဓိုရ်ကြီးများအနက်မှ အေစာရင်းဝင် ဝိဇ္ဇာများ ဖြစ်ကြကုန်သော..ဘိုးတော်အက်ပတွန်မာရွန်၊ ဂမ္ဘီရကျမ်းပြု အီတလီ ဝိဇ္ဇာကြီး ဘိုးတော်အာဗာနိုပီယက်၊ ထရိုဒီစီးကရက်မက်ဂျစ် ဂမ္ဘီရကျမ်း ကြီးကို ပြုစုခဲ့သော အင်္ဂလိပ်လူမျိုး ဝိဇ္ဇာကြီး ဘိုးတော် အယ်ဂရစ်ဖာ မိလင်၊ ဒီအော်တားတား။ ဖီလိုဆိုဖီယားဂမ္ဘီရကျမ်းကြီးကို ပြုစုသွားသော ဝိဇ္ဇာဓိုရ်ဘိုးတော်ကြီး အယ်ဂရစ်ဖာ၊ မိုးရွာအောင် နေပူအောင် လင်းအောင် မှောင်အောင် ဓာတ်လုံးစွမ်းပြနိုင်ခဲ့သော ဝိဇ္ဇာကြီး အယ်ဗာ တက်မက္ကနက်၊ ခေါ်မလူမျိုး ဝိဇ္ဇာဓိုရ်ကြီး ဘိုးတော် အပိုလိုနီးယတ်၊ လူသိထင်ရှားသော ဂဲသြမေထရီပညာရှင် ဝိဇ္ဇာဓိုရ်ကြီး ပိုက်သာ ဂိုး ရပ်စ်၊ ဈာန်ပျံပြနိုင်ခဲ့သော ၎င်း၏ဆရာ ဘိုးတော်အဗားရစ် စသော ဝိဇ္ဇာကြီးများသည်လည်းကောင်း..။

ထို့ပြင်တစ်ဝ ဘီစာရင်းဝင် ဘိုးတော်များဖြစ်ကြသော ဘိုးတော် ဗား နတစ်ဘီရောဆပ်၊ ဘိုးတော်ဘော်ဒါဒေးဗစ်၊ မယ်တော်ကြီး မဒမ် ပလာဗာစကီ၊ ဆဋ္ဌမမြောက် ဟင်နရီဘုရင်ကို အစွမ်းပြခဲ့သည့် မယ် တော်ကြီး ဘရုမာဂရက်၊ အင်္ဂလိပ်လူမျိုး ဘိုးတော် ဘိုးလင်း၊ တရုတ် ရော်ဂျာ၊ စူဠ ဂန္ဓာရီကျမ်းကြီးကို ပြုစုသွားသော ဝိဇ္ဇာဓိုရ်ကြီး ဗလာ ဝါလင်တန်စသော ဝိဇ္ဇာကြီးများသည်လည်းကောင်း ...။

စီစာရင်းဝင်ဘိုးတော်များဖြစ်ကြကုန်သော ဘိုးတော်ကာဝ်လီ ယိုစထရို၊ ဘိုးတော်ကာဆာနိုဗာ၊ ဘိုးတော်ကရောလီ၊ ဘိုးတော်ဆယ် လေနီဘင်နျူကို၊ ဘိုးတော်စကောတန် အလီယာနို၊ ဘိုးတော်ချာလီ



www.burmeseclassic.com

www.burmeseclassic.com



တန်မဲ စသော ဝိဇ္ဇာကြီးများသည်လည်းကောင်း. . .။

ဒီစာရင်းဝင် ဝိဇ္ဇာမိုရ်ကြီး ဒေါက်တာ ဒတ်အို့ဒေးဗစ်အန်း၊ အီး စာရင်းဝင် ဘိုးတော်ဝိဇ္ဇာမိုရ်ကြီး သိတ္တဲရှေ့အော့(ဖ်)သိဂျစ်ပစီကျမ်းကြီး ကို ပြုစုသွားသော ဘိုးတော် အန်ကောဂျီဂျီရစ်၊ အက်ဖ်စာရင်းဝင် ဘိုးတော်များဖြစ်ကြသော ဘိုးတော်ဒေါက်တာ ဂျိုဟမ်းနစ်၊ ဘိုးတော် လောက်ရောဘတ်၊ မယ်တော်ကြီး ဝပ်နရီခေါ် ဒီအိုဖော်ကျွမ်း၊ မယ်တော် ကြီး ဖော့ကရိတ်၊ မယ်တော်ကြီး မာဂရက် စသောဝိဇ္ဇာကြီးများသည် လည်းကောင်း . . .။

ဂျီစာရင်းဝင် ဘိုးတော်များဖြစ်ကြသော ဘိုးတော်ဂါဒနာ၊ ဗျာမဏိ ဘိုးတော် ဂတ်စ်စနာ စသောဝိဇ္ဇာကြီးများသည်လည်းကောင်း၊ အိတ်ချ် စာရင်းဝင် ဘိုးတော် ဘိုးတော်မစ် ၊ အိုင်စာရင်းဝင်ဘိုးတော် ဘိုးတော် အင်ကွာယာဝစ်ဟင်၊ ဂျေစာရင်းဝင်ဘိုးတော် ဘိုးတော်ဂျင်ပလေးဟက် တို့သည်လည်းကောင်း၊ ကေစာရင်းဝင် ဘိုးတော်များဖြစ်ကြကုန်သော ဘိုးတော်ဘုရင်ကြီး ကင်းဂျော့စ်၊ ဝတစ်လုံးဖြင့် ထွက်ရပ်ပေါက်သွား သောတရုတ်လူမျိုးဘိုးတော် ကိုအမ်တို့သည်လည်းကောင်း. . .။

အယ်လ်စာရင်းဝင်ဘိုးတော်များ ဖြစ်ကြသော ဂျူးဘိုးတော် လီ ဗွန်မိုးဇက်၊ ဘိုးတော်လယ်ဘီး၊ စပိန်လူမျိုး ဘိုးတော်လူလီ စသော ဝိဇ္ဇာကြီးများသည်လည်းကောင်း၊ အမ်မ်စာရင်းဝင် ဘိုးတော်များဖြစ်ကြ ကုန်သော ဘိုးတော်မားကာဒ်ဆိုင်မွန်၊ ဘိုးတော်မာလင်၊ ဘိုးတော်မူ ဆေး စသောဝိဇ္ဇာကြီးများသည်လည်းကောင်း၊ အမ်(န်)စာရင်းဝင် ဘိုးတော် ဘိုးတော် နော်ထရာဒေးမတတ်(စ်)၊ အိုစာရင်းဝင် ဘိုးတော် ဘိုးတော်အော်လီဘက်(ဒ်)၊ ပီစာရင်းဝင်မယ်တော် ဓာတ်လုံးဖြင့် ထွက် ရပ်ပေါက်သွားသည့် ဝိဇ္ဇာမိုရ်မကြီး ပရိုဖက်ဒီဇာတို့သည်လည်းကောင်း . . .။

www.burmeseclassic.com



ထို့ပြင်တစ်ဝ အာရ်စာရင်းဝင် ဘိုးတော်များဖြစ်သော ဘိုးတော်ရက်စ်ပြူတင်၊ ယိုးဒယားဘိုးတော် ဘုရင်ကြီး ဘိုးတော်ရာမာဝါးစသော ဝိဇ္ဇာကြီးများသည်လည်းကောင်း၊ အက်စ်စာရင်းဝင် ဘိုးတော်များဖြစ်ကြကုန်သော ဘိုးတော်စိန့်ဂျာမိန်း၊ ဘိုးတော် ဆမ်ဒါ၊ ဘိုးတော်စကော့မိုက်ကယ်(လ်)၊ ဘိုးတော်စာရေးဆရာကြီး ဆာဝါဒါစကော့(ဒ်)၊ ဘိုးတော်စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းလ်၊ ဘိုးတော်ဆော်လမွန်စသော ဝိဇ္ဇာဝိုရ်ကြီးများသည်လည်းကောင်း၊ တီစာရင်းဝင်ဘိုးတော်ဘိုးတော် တြီအမ်(မ်)ဂျွန်ဟာမ်း(မ်)၊ ဗွီစာရင်းဝင် ဘိုးတော်ဝိဇ္ဇာကြီး ဗွန်းဒီးဘရီးစ်၊ ဒဗလျူစာရင်းဝင် ဘိုးတော်ဝိတ်ဒီ အေအီး၊ ဝိုင်စာရင်းဝင်ဘိုးတော် ဝိုင်အီးဒဗလျူဘီတို့နှင့်တကွ ဇက် စာရင်းဝင် ဘိုးတော်ဖစ်အစ်တို ...။

ကျွန်ုပ်သည် ဘုရားရှိခိုး၊ မေတ္တာပို့အမျှအတန်းပေးဝေလိုက်သောအခါတွင် ကျွန်ုပ်၏ကျောင်းဝန်းထဲမှ ညောင်ကြတ်ပင်ကြီးသည် လေပြင်းများ တိုက်ခိုက်သည့်အလား၊ ညောင်ကိုင်းညောင်ရွက်များသည်လေမတိုက်ဘဲတဝေါဝေါနှင့်လှုပ်လေတော့၏။ ကျွန်ုပ်သည် ညောင်ကြတ်ပင်ကြီးအား တချက်လှမ်းကြည့်လိုက်ပြီးလျှင် ကရင်ဘက်သို့ လှမ်းကြည့်လိုက်၏။ ကရင်သည် မျက်နှာငယ်လေးနှင့် ကျွန်ုပ်အား သေချာစိုက်ကြည့်နေပြီး အောင်မောင်းတီးလေ၏။ ကရင်သည် ကြောက်စိတ်များလွှမ်းမိုး၍နေသလားတော့မသိပါ။ အောင်မောင်းဘုသည် ထိချက်မမှန်သဖြင့် ဒူ ... ဒူ ဆိုပြီး မြည်တတ်သည့်မောင်းသံသည် လင်ပန်းကို လက်ဝါးနှင့်တဂျမ်းဂျမ်းရိုက်လိုက်သည့်အလား တဂျမ်းဂျမ်းထွက်လေ၏။ ကြေးစည်တီးသည့်အသံသည်လည်း နောင် ... ဝေ... ဝေ ... ဝေ ဆိုပြီး ညီညီညာညာမထွက်ဘဲ ရိုက်ချက်များလွဲချော်လို့အသံထွက်နည်းမမှန်ဖြစ်လေတော့၏။ ကရင်သည် ညောင်ပင်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ကြောက်နေပုံရလေတော့၏။

ကျွန်ုပ်သည် ကရင်အား "ဟော့ကောင်ဘာဖြစ်နေတာလဲ၊ ပြော တော့ အရှင်ဘုရား အားထုတ်ပါ၊ ကျွန်ုပ် စောင့်ရှောက်ပါမယ်လေး ာလေးနဲ့ တကယ်လည်းကျရော အမှုတန်းပေးတဲ့မောင်းတွေတောင် ချက်မမှန် လွဲကုန်ပြီမဟုတ်လား" ဟုလှမ်း၍ဆို လိုက်၏။ ထိုအခါ ရင်သည် ကျွန်ုပ်အား သေချာကြည့်ပြီး "ဟုတ်တယ် ဘုန်းကြီးရေ ည့်တော် သေချာကြည့်နေတာ၊ ဘုန်းကြီးရဲ့ညောင်ပင်ကြီးက ထူး ားတယ်နော်" ဟုဆိုလေ၏။ ထိုအခါကျွန်ုပ်သည် ညောင်ပင်ကြီးအား သေချာစိုက်ကြည့်လိုက်ပြီး "ကရင်ဒီညောင်ကြတ်ပင်ကြီးမှာ ရုက္ခဒေဝါ တ်ရှိတယ်ကွ၊" "ရုက္ခဒေဝါဆိုတာဘာလဲ ဘုန်းကြီး" "ရုက္ခဒေဝါဆို ာ ရုက္ခစိုးနတ်မင်းကို ပြောတာကွ၊ သူက ငါတို့သာသနာပြုလုပ်ငန်း ာ ကူညီပေးလိမ့်မယ်ကရင်၊ ဟိုနေ့ညက ငါ့ကို ရုက္ခစိုးတွေချစ်တဲ့ တာလာပြီး သင်ပေးသွားတယ်၊ ဒီဂါထာကို သေချာရွတ်ရင် တစ်ပတ် တွင်းရုက္ခစိုး မျော်အောင်တယ်" "ဟင် ...ဒါဆို ဘုန်းဘုန်းက က္ခစိုးမျော်အောင်ပြီလား" " ရုက္ခစိုးမျော်လောက်ကတော့ အသာ ေပါကရင်ရယ်၊ နေတာကိုက မျော်ဘီမှာနေတာလေကွာ၊ မျော် အောင်ဖို့က ရုက္ခစိုးလောက်တော့မပြောနဲ့ကရင် မျော်ဘီဘိုးဘိုးကြီးနဲ့ ာ အပိုင်ပေါင်းလိုက်၊ ရှိရှိသမျှ မျော်အတတ်ပညာရပ်တွေကို သူက ိုင်သုံးပဲကရင် " "သြော ... သြော ... ဒါကြောင့် ဘုန်းကြီးက စ်ပတ်တစ်ကြိမ်မျော်ဘီဘိုးဘိုးကြီးကို ကန်တော့ပွဲသွားသွားလှူနေ ာကိုး မျော်အတတ်တွေကို မျော်ဘီဘိုးဘိုးကြီးဆီကနေ တောင်းနေ ာ မဟုတ်လား" ဟု စောဒကတက်လေ၏။

မျော်ဘီဘိုးဘိုးကြီးက ကမ္ဘာတည်ကတည်းကရှိတဲ့ ဘိုးဘိုးကြီးပဲ သက်တမ်းအတော်ရှည်တဲ့ ဘိုးဘိုးကြီး။ ဘယ်နေရာမှာ ဘာရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘယ်နေရာမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ သူကအကုန်သိတယ်။ ဘုရားလေးဆူစလုံးကို မှီခဲ့တာကွ၊ ငါအလျဉ်းသင့်ရင် မော်ဘီဘိုးဘိုးကြီးအကြောင်းကို ပြောပြမယ်" "ဘုန်းကြီးက ဆိုင်ရာပိုင်ရာတွေကို သိသားပဲ" "ဩော . . . ကရင်ရဲ့ . . . မသိလို့ ဘယ်ရမလဲ။ သူ့နေရာသွန့ယ်လာပြီး ကိုယ်ကသူတို့အကြောင်းမသိရင် ကိုယ်ဒုက္ခရောက်သွားမှာပေါ့။ ရေခံ၊ မြေခံတော့ သိအောင်လုပ်ထားရတယ်ကွ၊ ကဲထားလိုက်ပါတော့ ကရင်ရယ်၊ ငါတို့မိစန္ဒီကိုထည့်ထားတဲ့ သေတ္တာပုံးကို ယူလာပေးကွာ၊" "ဘာလုပ်မလို့လဲ၊" "ဘာလုပ်ရမလဲ၊ သူ့ကို ဒီသေတ္တာထဲရောက်အောင် ခေါ်ဆင်မလို့ပေါ့ကွာ၊" "ဟာ ဒါဆို ဘုန်းကြီး မြန်မြန်လုပ်၊ ဘုန်းကြီးကလဲပညာတတ်ရဲ့သားနဲ့ ဘာလို့လှုံ့ထားတာလဲ၊ အရေးကြုံမှသုံးရတာပေါ့ ကရင်ရဲ့၊ အခုအရေးကြုံပြီလေ သုံးတော့မယ်"ဟု ဆိုပြီး ကရင်အား သေတ္တာကြီးကို မခိုင်းပြီး –

ကျောင်း၏ယောက်တန်းအတွင်း ချခိုင်းလိုက်၏။ ယောက်တန်းတွင် ဝါးလုံးတစ်လုံးကို သံနဲ့ရိုက်ခိုင်းလိုက်ပြီး ကြိုးအဖျားပိုင်းကိုသေတ္တာတွင် တွဲပြီး ရိုက်လိုက်လေ၏။ ကရင်မှတ်ထား၊ ယောက်တန်းဆိုတော့ တန်းရောက်တာပေါ့၊ ကိုယ့်ဆီမှာမနေဘဲ ထွက်သွားတာတွေ၊ အိမ်ပေါ်ကနေဆင်းသွားတာတွေ စိတ်ဆိုးစိတ်ကောက်ပြီး ထွက်သွားတာတွေပြန်မလာတော့ဘူးဆိုရင် ဒီလိုစီရင်လိုက်တာနဲ့ ရောက်တယ်ကရင်ရဲ့" "ဟင် ဒါများဘုန်းကြီးရယ် စောစောစီးစီး လုပ်လိုက်ပြီးတာပဲ၊ အခုတော့ အပင်ပန်းခံပြီး လိုက်ရှာလိုက်ရတာ" "ငါအခု မင်းကို ခေါ်ဆင်တာပြထားလိုက်ပြီး မနက်ဖြန်ဘာနေ့လဲ" "စနေလေ" "အေး . . . စနေနေ့ (၁၁နာရီ မိနစ် ၂၀)တိတိမှာ မိစန္ဒီ ဒီသေတ္တာပုံးထဲကို ရောက်လာစေရမယ်"ဟု ပြတ်ပြတ်သားသားစိန်ခေါ်လိုက်လေ၏။ ထိုအခါ ကရင်သည် ကျွန်ုပ်အား သေချာစိုက်ကြည့်လေ၏။ "ဘာလဲကရင်



www.burmeseclassic.com

www.burmeseclassic.com



မယုံလို့လား။” “မဟုတ်ပါဘူး ၊ ယုံပါတယ်” “ဒါယောက်တန်းရဲ့အစွမ်းပဲ ကရင်၊ အိမ်တစ်အိမ်ကို တည်ဆောက်မယ်ဆိုရင် ထုပ်၊ ရောက်၊ ဒိုင်။ မြှား ဆိုတာရှိတယ်မဟုတ်လားကရင်” “ရှိတာပေါ့” “အေး ... အိမ်ကိုစပြီး ဆောက်ကတည်းက ဂမ္ဘီရခါတ်တွေ၊ ပညတ်ခါတ်တွေပါတယ်ကွ၊ ယောက်တန်းကို ကောင်းတာတွေရောက်လာပါစေ ဆိုပြီးစီရင်လို့ရတယ်၊ ထုပ်တန်းကို မကောင်းတာတွေ ထုတ်ပစ်လို့ရတယ်။ ဒိုင်းက ကိုယ့်ဆီကိုသူများတွေ တိုက်ခိုက်လိုက်တာတွေကို မထိအောင်ကာကွယ်လို့ရတယ်၊ မြှားကတော့ ကိုယ်မကောနပ်တဲ့လူကို ပြစ်ရင်ထိတာပဲ ကရင်ရဲ့၊ မင်းမယုံရင် မင်းအိမ်ရဲ့ထုတ်တန်းအောက်မှာ မင်းသွားအိပ်လိုက်လေ၊ တစ်ပတ်အတွင်း မင်းကို ဒီအိမ်ထဲက အပြီးအပိုင်ထုတ်ပစ်ကြလိမ့်မယ်။ နောက်ဆုံးရှင်းရှင်းပြောရရင် သေတတ်တယ်။ လောကီပညာရပ်တွေဟာ ကောင်းတာတွေလဲလုပ်လို့ရသလိုမကောင်းတာတွေလုပ်ပြီး ဒုက္ခပေးလို့လဲရတယ်ကွ၊ ငါတို့က ကောင်းတာတွေရော မကောင်းတာတွေရော၊ သိတယ်ကွ၊ မကောင်းတာတွေနဲ့ လုပ်ခံထားရတဲ့လူတွေကို တွေ့တော့လဲ၊ ကောင်းတာလေးတွေနဲ့ ပြန်ပြီးကယ်ရတာပေါ့ကွ၊ အောက်ခြေသိမ်းပြီးမှ အထက်ကို တက်ရတာကွ၊ ဂမ္ဘီရဆရာတစ်ယောက်ဖြစ်ဖို့အတွက် အောက်လိုင်းကိုလဲ ပိုင်ရတယ်ကွ၊ အောက်လိုင်းကိုမတတ်ရင် ဘယ်ရမလဲ၊ အောက်အဆင့်ကို ပိုင်နိုင်ကျွမ်းကျင်သွားရင် အထက်တက်ရတော့တယ်၊ အောက်ပညာရပ်တွေကိုလည်း လေ့လာရတယ်ကရင်ရဲ့၊ အောက်လမ်းဆရာတွေဆီကလည်း ပညာယူရတယ်ကွ၊ သူတို့နဲ့လည်း မိတ်ဖွဲ့ရတယ်၊ ထောင်ထောင်ထောင်ထောင်သွားမလုပ်နဲ့၊ ခုနှစ်သင်္ကြာရာဇ်သိတာနဲ့ ကာလနာလိုက်သွားမယ်၊ သဘောပေါက်လား” “ပေါက်ပါတယ်၊” “အေး ... မှတ်ထား။ မိစန္ဒီဝါဆီကို စနေနေ့ (၁၁နာရီ မိနစ် ၂၀)မှာ ဒီသတ္တာထဲကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကို ရောက်စေရမယ်၊” “မရောက်ရင်ရော” “ကရင် ... “လူထွက်ပစ်လိုက်ပြီး အောက်လမ်းပညာရပ်နဲ့ အသက်မွေးမယ်ကွာ” ဟု စိန်ခေါ်လိုက်သဖြင့် ကရင်သည် ကျွန်ုပ်အားကြည့်ပြီး ကြက်သီး မွေးညှင်းထသွားလေ၏။

ကရင်က ကျွန်ုပ်အားကြည့်ပြီး “ဘုန်းဘုန်းက အောက်လမ်းပညာ ကောတတ်လား” “မင်းကိုပြောပြီးပြီပဲ၊ အောက်ခြေကိုပိုင်မှ အထက် ကို တက်လို့ရပါတယ်လို့ပြောထားတာပဲ”

“ငါတွေ့ခဲ့တဲ့အောက်လမ်းသမားတွေကသစ္စာရှိတယ်ကွ၊ အောက် လမ်းပညာကလည်း သစ္စာရှိရတယ်၊ သစ္စာမရှိလို့စည်းပေါက်ရင် သူ လည်း အသေဆိုးနဲ့သေတာပါပဲကွ၊ အောက်မရောက်၊ အထက် မရောက်ကောင်တွေသာ ငါတွေ့တာ၊ ဒီကောင်တွေက လူလိမ်တွေ လိမ်စားနေတာ၊ တကယ့်ပညာရှင်တွေက ဖနောက်နဲ့မြေကြီးပေါက်ရင် တောင်သေတယ်ကွ၊ သူတို့ကိုငါမေးကြည့်တော့ သူ့အဖေငါသတ်၊ ငါ့အဖေသူသတ်နဲ့ ပညာပြိုင်ရင်းပြိုင်ရင်း၊ လက်စားချေရင်းချေရင်းနဲ့ပဲ သံသရာတွေလည်ကုန်တာကွ၊ မထူးတော့ပါဘူးဆိုပြီး မထူးဇာတ်တွေ ခင်းကုန်တာကွ၊ ဂမ္ဘီရပညာရပ်တွေ မှော်ပညာတွေဟာ တစ်ကယ်ကို လေ့လာရင်လေ့လာသလို ထူးဆန်းတာတွေအများကြီးပဲကရင်၊ ငါတို့ လိုက်လို့မမှီတဲ့ပညာရပ်တွေတောင်ရှိတယ်ကွ၊ လောကီအစီအရင်တွေ ဟာ တကယ်ကို စွမ်းတာကွ၊ ဒါကြောင့်ရှေးပညာရှိတွေက မသမာတဲ့ လူတွေရဲ့လက်ထဲရောက်မှာစိုးလို့ စကားဝှက်တွေ၊ ပညာဝှက်တွေနဲ့ ရေးပြီး စီရင်ကြတာကွ။

ဉာဏ်ထူးတဲ့လူစားပေါ့ကွ ... ဟုဆိုလိုက်၏။ ကရင်သည် ကျွန်ုပ် ထံမှ ထွက်သွားသော မိစ္ဆာမြွေကြီး မနက်ဖြန်(၁၁နာရီ မိနစ် ၂၀)တိတိ မှာ ဒီသေတ္တာထဲကိုရောက်မယ်လို့ ဆိုလိုက်သဖြင့် ကျွန်ုပ်အား အထင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးသွားပုံရလေ၏။ "ကရင် ‥ မင်းဒီညမအိပ်နဲ့ ငါ့ကိုစောင့်ပေး၊ ငါ အင်းတစ်ခုလောက်စီရင်စရာရှိတယ်" "ဟာ … ဘုန်းဘုန်း ဘာတွေ ညာတွေလာရင် တပည့်တော်ကြောက်တယ်နော်" "မကြောက်နဲ့ ငါတို့ ကျောင်းဝိုင်းထဲကို ဘာမှလာလို့မရဘူး၊ မင်း ဟိုညောင်ကြုတ်ပင်ကြီးက ရုက္ခစိုးကို အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်းပြီး ဆုတောင်းလိုက်၊ အသင် ရုက္ခစိုးမင်း ကျွန်ုပ်၏ အသက်အန္တရာယ်ကို စောင့်ရှောက်ပါလို့ဆိုပြီး ဆုတောင်းလိုက်"ဟုဆိုလိုက်သဖြင့် ကရင်သည် ဖယောင်းတိုင်၊ အမွှေး တိုင်ယူပြီး ရုက္ခစိုးအား အကာအကွယ်တောင်းလေ၏။

ထန်းသီးကြွေခိုက်ကျီးနင်းခိုက် ဆိုမလားမသိ ကရင်အမွှေးတိုင်၊ ဖယောင်းတိုင်ထွန်းညှိပြီး ဆုတောင်းလိုက်တာနဲ့ ညောင်ကိုင်းတစ်ခု သည် ဂျွတ်ဆိုပြီး ဝုန်းကနဲကျလေ၏။ ကရင်သည် အောင်မလေးဟု အော်ပြီး ကျွန်ုပ်ထံသို့ပြေးလို့လာလေတော့၏။ "အောင်မလေး ဘုန်း ဘုန်း ဘာဖြစ်တာလဲ" "သြော် မင်းကို အသိမှတ်ပြုတယ်စောင့်ရှောက် တယ်လို့ နှုတ်ဆက်တာ နေမှာပေါ့"ဟု ဆိုရလေ၏။

ကျွန်ုပ်သည် မှိုင်းခံစက္ကူတစ်ရွက်ကိုယူပြီး ကျွန်ုပ်အင်းကစားလေ့ ရှိသော စားပွဲလေးပေါ်တွင် အစီအရင်တစ်ခုကို စီရင်လိုက်လေ၏။ ပြီးလျှင် ဝင်စမကို သွင်းလိုက်ပြီး ဖယောင်းတိုင်တွင်ပတ်ကာ မိစ္ဆာကို ထည့်ထားသော ကျွန်းသေတ္တာထဲသို့ ဖယောင်းတိုင်ထွန်းလိုက်လေ တော့၏။ ပြီးလျှင်ကျွန်းသေတ္တာပုံးကို လက်နဲ့သုံးချက်ပုတ်လိုက်ပြီး မိစ္ဆာ ရောက်ရာအရပ်က အမြန်ပြန်လာတော့"ဟု ဆိုလိုက်လေတော့၏။

ခဏအကြာ နံ့နက်အရုဏ်တက်လေ၏။ "ကရင် ဘယ်နှစ်နာရီ ထိုးပြီလဲ" "ခြောက်နာရီထိုးပြီ၊ ဘုန်းကြီးမိစ္ဆာ တကယ်ရမှာနော်၊ မင်းကို ဘယ်နှစ်ခါ လိမ်ပြောဘူးလဲ၊ ငါ့ပညာကို ယုံတယ်ဟော့ကောင်၊ မင်းကိုစကားအဆုံး ဆိုထားပြီးပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ပုတီးကိုယူပြီး ပဋ္ဌာန်းပုတီးစိပ်လို့နေလိုက်၏။ ကရင် "ဘယ်နှစ်နာရီလဲ" "၁၀နာရီထိုးပြီ"၊ "အေးရောက်လာမှာပေါ့၊ ၁၁ နာရီ မိနစ် ၂၀တိတိနော်ကရင် မှတ်ထား နာရီကြည့်ထား"ဟု ဆိုလိုက်၏။ ထိုအချိန်တွင် ကျောင်းရှေ့သို့ ဆိုက်ကားတစ်စီးရပ်လေ၏။ ဆိုက်ကားသမားကောင်လေးသည်ပြေးဝင်လာပြီး "ဘုန်းဘုန်းရှိလား ဘုန်းဘုန်း" ထိုအခါ ကရင်သည် လှမ်းပြီး "ဘာလဲကွတို" "ဟာကရင် ဟိုမှာမင်းတို့ပျောက်သွားတဲ့မြွေကြီးကို တွေ့နေပြီကွ။ လူတွေ မဖမ်းရဲလို့ ရှန်းရှန်းရှန်းရှန်းဖြစ်နေတယ်၊ ကရင်မင်းလိုက်ဖမ်းပေးလိုက်ဦး" ဟုဆိုကာ ဆိုက်ကားသမားလေးသည် ကရင်အား မြွေဝိုင်းဖမ်းရန် ပြောလေ၏။ ထိုအခါကျွန်ုပ်က "ကရင် မင်းဖမ်းစရာမလိုဘူး၊ သူ့အလိုလို ရောက်လိမ့်မယ်၊ မင်းဒီကျောင်းထဲက တစ်လက်မတောင် ကျော်ပြီးမထွက်နဲ့ ငါစည်းချထားတယ်၊ စည်းဖောက်လို့မရဘူး"

"ဟင် ... ဒါဆို ဘုန်းဘုန်း လွတ်သွားအုံးမယ်၊ ဟိုကောင်တွေ မဖမ်းတတ်ဖမ်းတတ်နဲ့ဖမ်းရင် သေသွားအုံးမယ်။" "မသေပါဘူးကရင်ရယ်၊ ရောက်လာပါလိမ့်မယ်၊ ကဲဂွတို မင်းအခုလိုလာပြောတဲ့အတွက် ကျေးဇူးတင်တယ်ကွ၊ ဟော ဟိုမှာ အကြော်နဲ့ ထမင်းရှိတယ်သွားစားလိုက်၊ မိစန္ဒီလာရင် ဒီသေတ္တာထဲကို ဝိုင်းပြီးထည့်ပေးလိုက်"ဟု ဆိုပြီး ပုတီးသာ ထိုင်စိပ်နေလိုက်၏။

တစ်အောင့်လောက်နေသော် လူအများရှန်းစုရှန်းစုနဲ့ ကျွန်ုပ် ကျောင်းဝင်းထဲသို့ ရောက်လာလေ၏။ လက်ထဲတွင်လည်း မြွေအရေခွံ အိတ်ကြီးပါလာလေ၏။ "ဘုန်းဘုန်းရေ မြွေကြီး မိပြီ၊ မြွေကြီးမိပြီ" ဟုဆိုလေ၏။ ကလေးများအားလုံးလည်း နောက်ကနေ တပြုံပြုံနှင့် တအုန်းအုန်းနဲ့ ရှိလေ၏။ "ကရင်ဘယ်နှစ်နာရီလဲ"

"၁၁နာရီ ၁၅မိနစ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်ပြီ၊ မိနစ်၂၀ ဆိုတော့ ငါးမိနစ်လိုသေးတယ်၊ အေးပါ မင်းမိစန္ဒီက နောက်ငါးမိနစ်ဆို ဒီသေတ္တာထဲရောက်ပါပြီ၊ ခဏလေး ခဏလေး"ဟု လူတွေအော်သဖြင့် အသံလာရာဘက်ကို လှမ်းကြည့်လိုက်၏။ "ရှမ်းအိုးစည်ဝိုင်းပဲကွ၊ အေးလာကွ အတော်ပဲ ပျော်ပျော်ပါးပါး ရှမ်းအိုးစည်တီးကြရတာပေါ့"ဟု ဆိုပြီး ရှမ်းအိုးစည်ခေါ်မောင်းသံဆက်လို့ ထွက်၍လာလေ၏။ နောင် ... နောင် ... နောင် ... နောင် ... နောင် လူအားလုံးသည် ရှမ်းအိုးစည်သံနှင့်မြူးကြလေတော့၏။ မိစန္ဒီမြွေကြီးသည်လည်း အိတ်ထဲမှအငြိမ်မနေ အပြင်သို့ထွက်လေတော့၏။ ရှမ်းအိုးစည်သံကို သေချာနားထောင်ပြီး ၁၀ နာရီမိနစ်၂၀တွင် ၎င်း၏ကျွန်းသေတ္တာထဲသို့ ဝင်သွားလေတော့၏။ အရှင်သည် ကျွန်ုပ်အား သေချာကြည့်ပြီး ထိုင်၍ကန်တော့လေ တော့၏ "သာဓု သာဓု သာဓု ကျွန်ုပ်သည် မိစန္ဒီအား ငွေဖလားနဲ့ ရေမွှေးနံ့သာများ ထည့်ပြီး လောင်းပေးလိုက်လေတော့၏။

မိစန္ဒီသည် ကျွန်ုပ်ထံသို့ ပြန်ရောက်သောညတွင် အိပ်မက်ပေးလေ၏။ အိပ်မက်ထဲတွင် သူ့ကိုသေတ္တာထဲ မထည့်ထားဘဲ အပြင်သို့ထုတ်ထားပေးရန် ပြောလေ၏။ ၎င်းမှာ ရှမ်းမဖြစ်ပြီး ရှမ်းပြည်နယ်မှ ရောက်လာခဲ့ကြောင်းလည်း ပြောလေ၏။ ကျွန်ုပ်သည် ၎င်းအိပ်မက်ကို မြင်မက်ပြီး နံနက်(၅)နာရီလောက်တွင် မိစန္ဒီကို ထည့်ထားသော သေတ္တာနားသို့ သွား၍ကြည့်လိုက်လေ၏။

မိစန္ဒီသည် ညှိုးငယ်သော မျက်နှာလေးနှင့် ကျွန်ုပ်အား သေချာစိုက်၍ကြည့်လို့နေ၏။ ကျွန်ုပ်လည်း စိတ်ထဲမှာ "ငါကလွှတ်ပေးထားချင်ပါတယ်၊ ဒါပေမယ့် ငါ့ကျောင်းမြေက ကျဉ်းလဲကျဉ်းတယ်၊ ပြီးတော့ ဒီကျောင်းက လူသွားလူလာကလဲများတယ်၊ တော်ကြာလူတွေလန့်တုန်လို့ မလာရဲဘဲ ဖြစ်နေဦးမယ်"ဟု စိတ်ထဲမှနေ၍ ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိစန္ဒီသည် ကျွန်းသေတ္တာကြီးအား တဒုန်းဒုန်းထုလေတော့၏။ ကျွန်ုပ်သည်မိစန္ဒီအား မဆိုးရန်ပြောရလေ၏။ "နင်တို့ငါ့ဆီလာရင် ကောင်းကောင်းလာနော်၊ အခုလိုဆိုးလို့ကတော့ ငါလျော်ကားကိုပို့မှာ"ဟုဆိုလိုက်၏။ ထိုအခါမိစန္ဒီမြွေကြီးသည် ငြိမ်လို့သွားလေ၏။

တစ်အောင့်ကြာသော် ကရင်သည် ကျွန်ုပ်အား အရက်ဆွမ်းကပ်လေ၏။ "ကရင် . . . မောင်သစ္စာနဲ့ မိစန္ဒီကို နေဖို့ လှောင်အိမ်တစ်ခု လောက်တော့လုပ်မှဖြစ်မယ်ကွ၊ မင်းမနက်ဖြန်ကျရင် မော်ဘီဈေးကို သွားပြီး သံဇကာသွားဝယ်ကွာ၊ သူတို့နှစ်ယောက်အတွက် နေဖို့လုပ်ပေးရမယ်၊ ဟိုကျောင်းထောင့်က နေရာမှာ ခုနစ်ပေ ပတ်လည်ခြံလေး လုပ်ပြီးထားရအောင်" ဟုဆိုပြီး နေရာပေးရလေတော့၏။ ကျွန်ုပ်သည် ဒေးစွန်ပါမှ လာပို့ထားသော မောင်သစ္စာမြွေကြီးကိုလည်း "ကဲ . . . မင်းလည်း အဖော်ရပြီ၊ အေးအေးဆေးဆေးမင်းတို့ နေရအောင် ငါ ခြံလေးလုပ်ပေးမယ်၊ မင်းတို့တူတူနေကြပေါ့ကွာ" ဟုဆိုလိုက်၏။ မိစန္ဒီ သည် စွာလေ၏။ နည်းနည်းလေးပြောရင်တောင် ခေါင်းလေးတဆတ် ဆတ်နှင့် နှာမှုတ်တတ်လေ၏။

၎င်းတို့နှစ်ကောင် အတူနေရန် ခုနစ်ပေပတ်လည် ခြံလေးပြီးပြီဖြစ် သောကြောင့် ကရင်သည် "ဘုန်းဘုန်း . . . ရပြီ၊ သူတို့ နှစ်ယောက် အတူနေပြီး ပေးစားလိုက်ကြတာပေါ့" ဟု ဆိုလိုက်လေ၏။ ထိုအခါ မိစန္ဒီသည် တရှူးရှူးနှင့်နှာမှုတ်ကာ ဒေါသထွက်၍ ပြလေ၏။ ကရင်သည် မိစန္ဒီအား နောက်တတ်လေ၏။ "ကဲရရင်လည်း ကရင် . . . သူတို့ နှစ်ကောင်ကို ခြံထဲထည့်ပေးလိုက်" ဟုပြောလိုက်သဖြင့် ကရင်သည် မောင်သစ္စာကို သေတ္တာဖွင့်ပြီး အရင်ထည့်လေ၏။ ပြီးလျှင် မိစန္ဒီအား သေတ္တာဖွင့်ပြီး ထည့်မည်အလုပ်တွင် မိစန္ဒီသည် ကရင့်ခေါက်အား ပြေး၍ ကိုက်လိုက်လေတော့၏။



www.burmeseclassic.com

"အောင်မလေး သေပါပြီ ဘုန်းဘုန်းရယ်၊ အောင်မလေး တပည့်တော်ကို ဆေးရုံပို့ပေးပါ"ဟု ဆိုကာ အော်၍ငိုလေ၏။ ကျွန်ုပ်သည် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ကရင့်အား ဆေးရုံပို့ဖို့ လုပ်ရလေတော့၏။ ကရင်သည် ခွေခွေလေးလဲသွားလေ၏။ မိစန္ဒီသည် သေတ္တာထဲမှ သူ့အလိုလိုထွက်လာပြီး ခြံထဲသို့ တရှူးရှူး ဒေါသထွက်ကာ ဝင်သွားလေ၏။ ကျွန်ုပ်သည် တံခါးကို ချက်ချင်းပိတ်လိုက်ပြီး ကရင်အား ဆေးရုံပို့ရန်ပြင်ဆင်ရလေ၏။ မော်ဘီဆေးရုံသို့ ကရင်အား တင်လိုက်ရ၏။ "ဘုန်းဘုန်း ... ကရင်ကို ကိုက်လိုက်တဲ့မြွေကိုယူခဲ့ပါ" ဟု သူနာပြုမလေးက ပြောလေ၏။ "ကရင့်ကို ကိုက်လိုက်တဲ့မြွေကို ငါ တစ်ယောက်ထဲဖမ်းလို့မရဘူး" "ဘာမြွေလဲဆိုတာသိလား" "အင်း ... သိတယ်၊ အကွက်အကွက်တွေနဲ့"ဟု ပြောလိုက်၏။ "ဒါဆို မြွေ ပွေးဖြစ်လိမ့်မယ်၊ ဘယ်အချိန်က ကိုက်တာလဲ" "အခုပဲကိုက်လိုက်တာ" "ဒါဆိုဒီနားတစ်ဝိုက်မှာပဲ ရှိလိမ့်မယ်"ဟု သူနာပြုမလေးက ဆိုလေ၏။ "ဒီနားတစ်ဝိုက်မှာမဟုတ်ဘူး၊ လျှောင်အိမ်ထဲမှာ မွေးထားတာ" "ဟင် ... ဘာလို့လျှောင်အိမ်ထဲမှာ မွေးရတာလဲ" ထိုအချိန်တွင် ကရင်၏မိတ်ဆွေများ ရောက်လာကြလေ၏။ "ဆရာမ၊ ဆရာမ ... ခဏလေး၊ ကရင်ဘာဖြစ်တာလဲ" "မြွေကိုက်တာ၊ မြွေဆေးထိုးဖို့ မြွေကိုလိုချင်တယ်၊" "မလိုချင်ပါနဲ့ ဆရာမရယ်၊ ကရင်က ဘုမသိ ဘမသိနဲ့ သူ့ကိုကိုက်တဲ့မြွေက မြွေဆိုးမဟုတ်ပါဘူး၊ စပါးကြီးမြွေပါ။ သနိုပြီးကိုက်လိုက်တာ၊ စပါးကြီးမြွေက အဆိပ်မှမရှိတာ" ဟု ဆိုလေ၏။ ထိုအခါ ကျွန်ုပ်သည် သတိရသွားပြီး "အေး ... ဟုတ်သားပဲ၊ စပါးကြီးမြွေကအဆိပ်မှမရှိတာ၊ ဒီကောင်ဘာဖြစ်လို့ "ဟုဆိုကာ ကရင်အားလှမ်းပြီးကြည့်လိုက်၏။ ကရင်သည် မျက်လုံးလေးကလည်လည်နှင့်ကျွန်ုပ်အားကြည့်၍နေလေ၏။ "ဟော့ကောင်.. မင်းကို ကိုက်

www.burmeseclassic.com



လိုက်တဲ့မြွေက စပါးကြီးမြွေလေ၊ ဘယ်လိုဖြစ်လို့ မင်းကအဆိပ်တက်ရတာလဲ၊ အဆိပ်မတက်ပါဘူး၊ တပည့်တော်ကြောက်ပြီး မေ့သွားတာပါ'' ဟု ဆိုသဖြင့် ကျွန်ုပ်တို့အဖွဲ့သည် ကရင်အား ဒေါသပဲထွက်ရမလို၊ ရယ်ပဲရယ်ရမလိုဖြစ်ကာ ပိုင်း၍ရယ်ကြလေ၏။

ထိုအခါ သူနာပြုမလေးက ''ဘယ်လိုဟာတွေလဲ၊ ဆေးရုံကိုတက်ပြီး မဟုတ်တရုတ်လာလုပ်တယ် ဒီလောက်တောင်ဖြစ်တဲ့ကရင်၊ မြွေဆိပ်ဖြေဆေးထိုးမယ်'' ဟုဆိုကာ ကရင်အားဆေးထိုးမယ်ဟု ဆိုလေ၏။ ထိုအခါကရင်သည် ''အောင်မလေး မထိုးပါနဲ့ ဆရာမရယ်၊ ကျွန်တော်ဘာမှမဖြစ်တော့ပါဘူး၊ ကောင်းသွားပါပြီ''ဟုဆိုကာ ခုတင်ပေါ်မှ အတင်းထလေ၏။ ထိုအခါ ကျွန်ုပ်သည် ကရင်အား ဒေါသထွက်သွားပြီး ''ခွေးသား ... ငါ့မှာတော့ လန့်ဖြန့်ပြီး တကယ်ပဲသေရတော့မယ်ထင်ပြီး အသည်းအသန် ဆေးရုံပြေးလိုက်ရတာ၊ မင်းဟာလေ၊ တော်တော် အသုံးမကျတဲ့ကောင်၊ သွေးမရှိဘူး၊ သရဲဘောကြောင်တယ်'' စသည်ဖြင့် ဆူပူရလေတော့၏။ ကရင်သည် လုပ်လိုက်ရင် တလွဲတွေသာ လုပ်တတ်လေတော့၏။

အမှန်မှာ ကရင်သည် မြွေကိုက်တာလန့်ပြီး သတိမေ့သွားခြင်းဖြစ်၏။ ကျွန်ုပ်သည်လဲ ကရင် မြွေအဆိပ်တက်ပြီး သေပြီထင်ကာ ဆေးရုံသို့အမြန်ပို့ရလေတော့၏။ ကျွန်ုပ်၏စိတ်ထဲတွင် မွန်းကြပ်လို့သွားလေ၏။ ကရင်လုပ်လိုက်တာ ကျွန်ုပ် တော်တော်လန့်လို့သွားလေ၏။

ဒီလိုနှင့်ကျွန်ုပ်နှင့် ကရင်သည် မော်ဘီဆေးရုံမှဆင်းပြီး ကျောင်းသို့ ပြန်လာခဲ့လေတော့၏။ ကရင်သည် မိစန္ဒီအား ဒေါသထွက်သွားပြီး အမြဲတမ်းနိုပ်စက်တတ်လေတော့၏။ မိစန္ဒီသည်လည်း ကရင်အား အလျှော့မပေး တရှူးရှူးတရှဲရှဲနှင့်ပြန်၍ကိုက်တတ်လေ၏။ ဤသို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိစန္ဒီသည် ရိုင်းလိုလာလေ၏။ မောင်သစ္စာနှင့်လည်း မတည့်ချေ။ မောင်သစ္စာအနားသို့လာလျှင် တရှူးရှူးတရှဲရှဲနှင့် နှာမှုတ်ပြီး ၎င်း၏ ကိုယ်ကြီးနှင့် တွန်းတတ်လေ၏။

ဒီလိုနှင့် ကျွန်ုပ်လည်း စိတ်ပျက်လို့လာလေ၏။ စိတ်ပျက်ခြင်းမှာ တခြားတော့မဟုတ်ချေ။ ၎င်းတို့သည် မည်သည့်အစာများမှ မစားတော့ချေ။ တစ်ချို့ကလည်း နွားနို့သောက်တယ် ဆိုသဖြင့် နို့တိုက်ရ၏။ ဖားသေငါး သေများကိုလည်း ကျွေးရ၏။ လုံးဝ မစားချေ။ ထို့ကြောင့် ကျွန်ုပ်သည် ၎င်းတို့အား အစာကျွေးရသည့် ဒုက္ခ ရေချိုးရသည့်ဒုက္ခ၊ တရှူးရှူးနှင့်နှာမှုတ်ပြီး မာန်ဖီသံ၏ ဒုက္ခများကို ငြီးငွေ့လို့ လာလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် မိစန္ဒီနှင့်မောင်သစ္စာအား တောထဲသို့ လွှတ်ရန် အကြံဖြစ်ပေါ်လို့လာလေ၏။ ထိုအခါ အောင်ဦးသည် ရောက်လာပြီး

"ဘုန်းဘုန်း၊ မြွေတွေနဲ့ အလုပ်ရှုပ်နေတာလား"

"အေးကွာ.. ငါလဲစိတ်ညစ်လာပြီ၊ ဒီကောင်တွေက ဘာမှလဲ မစားဘူးကွ၊ ဘယ်လိုမှလဲကျွေးလို့မွေးလို့မရဘူး၊ စိတ်ညစ်ပါတယ်ကွာ၊ ဒီကောင်တွေ တောထဲပဲ ပြန်လွှတ်တာ ကောင်းပါ တယ်"ဟု ဆိုလိုက်၏။ ထိုအခါ အောင်ဦးက တောထဲတော့မလွှတ်ပါနဲ့ ဘုန်းဘုန်းရယ်၊ ဘုန်းဘုန်းလွှတ်ချင်ရင် ပန်းတစ်ပွင့်တောင်ဆရာတော်ဆီ သွားလှူ လိုက်ပါလား၊ ဆရာတော်ဆီမှာလဲ မြွေတွေရှိတယ်၊"

" ဟေဟုတ်လား၊ ဒါဆို ကောင်းတယ်ကွာ၊ ငါတို့ ပန်းတစ်ပွင့် တောင်ဆရာတော်ကိုသွားလှူကြတာပေါ့"ဟုဆိုကာ ပန်းတစ်ပွင့်တောင် သို့သွားကြရန် ကရင်အား ပြေးပြီးတိုင်ပင်လိုက်လေ၏။ အဲ့ဒီညသွင် အိပ်မက်မက်လေ၏။ ဘုန်းဘုန်းတပည့်တော်တို့ ဘုန်းဘုန်းနဲ့နေချင် တယ်၊ ဘုန်းဘုန်းနဲ့အတူ သာသနာပြုချင်တယ်"ဟု ဆိုကာ မင်းသား



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံ၊မင်းသမီးဝတ်စုံနဲ့ လူနှစ်ယောက်ကို မြင်မက်လေ၏။

ကျွန်ုပ်သည် ၎င်းအိပ်မက်ကို မေ့ထားလိုက်ပြီး

“ကရင် . . . မြွေတွေထုတ်ကွာ၊ ငါတို့ဒီနေ့ ပန်းတစ်ပွင့်တောင် ဆရာတော်ကို မြွေတွေသွားလှူမယ်”ဟုဆိုကာ မောင်သစ္စာနှင့် မိစန္ဒီကို ဝိုင်းဖမ်းကြပြီး ပန်းတစ်ပွင့်တောင်သို့သွားကြလေတော့၏။ ဟိုရောက်တော့ ပန်းတစ်ပွင့်တောင်ဆရာတော်ကိုလျှောက်ထားပြီး မောင်သစ္စာနှင့် မိစန္ဒီအား အပြီးအပိုင် လှူလိုက်လေတော့၏။

ကျွန်ုပ်တို့ ပန်းတစ်ပွင့်တောင် ဆရာတော်အား မြွေနှစ်ကောင်ကို လှူလိုက်သောအခါတွင် ဆရာတော်၏ တပည့်ကိုရင်လေးသည် ရောက်လာပြီး ၎င်းမြွေနှစ်ကောင်အား လှောင်အိမ်ထဲသို့ ထည့်လိုက်လေတော့၏။ ၎င်းတို့ လှောင်အိမ်ထဲရောက်သွားသောအခါတွင် မိစန္ဒီသည် အငြိမ်မနေဘဲ ထိုးထိုးထောင်ထောင်နှင့် ကျွန်ုပ်တို့ထံသို့ ပြေး၍လာလေတော့၏။

ကျွန်ုပ်သည် မိစန္ဒီအား စိတ်မကောင်းစွာနှင့် နှုတ်ဆက်ကာ ပန်းတစ်ပွင့်တောင်တွင် ထားခဲ့ရလေတော့၏။


❑❑❑❑



www.burmeseclassic.com

www.burmeseclassic.com






ဘောဂဝတီ နဂါးမယ်တော်ကြီးထံတွင် ယနေ့ထက်တိုင် ဘုတောင်းပွဲထိုးပြီ



www.burmeseclassic.com

www.burmeseclassic.com





အဘဘိုးမင်းခေါင်နှင့် ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

အဲဒီညတွင် ကျွန်ုပ် အိပ်မက်မြင်မက်ပြန်လေ၏။ အိပ်မက်ထဲတွင် မိစန္ဒီသည် ဖက်ဖူးရောင် ဝမ်းဆက်ကို ဝတ်ဆင်ထားပြီး ကျောင်းပေါက်ဝ၌ ငိုလို့နေ၏။ ကျွန်ုပ်မှ "သင်ဘယ်သူလဲ"လို့ မေးလိုက်သောအခါတွင် မိစန္ဒီဖြစ်ကြောင်းပြောပြလေ၏။ ပြီးလျှင် မြွေအသွင်ဖန်ဆင်းလို့ပြလေ၏။ ကျွန်ုပ်သည် အိပ်မက်မှလန့်နိုးသွားပြီး နာရီကိုကြည့်လိုက်သောအခါတွင် ၁၂နာရီ ၁၅ မိနစ်အချိန်ဖြစ်လို့နေ၏။

ကျွန်ုပ်သည် ဆက်၍အိပ်မရတော့သဖြင့် ကျောင်းဝင်းထဲက ကွပ်ပျစ်လေးတွင်ထိုင်ပြီး မေတ္တာသုတ်ရွတ်နေလိုက်၏။ မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ရသည်မှာ အရင်တုန်းကနှင့်မတူ ထူးခြားလို့နေလေ၏။ ကျွန်ုပ်၏ဘေးနားတွင် လူအများ စုရုံးပြီး ဝိုင်းထိုင်နေသလို မျိုးထင်ရလေ၏။ တစ်ခါတစ်ခါ လူတွေကို မျက်ဝါးထင်ထင်မြင်နေရ၏။ သူတို့အားလုံးသည် ကျွန်ုပ်အား ပြုံးရွှင်သောမျက်နှာထားများနှင့် ကျွန်ုပ်အား ကြည့်၍ နေလေ၏။ ကျွန်ုပ်သည် ၎င်းအဖြစ်မျိုး တစ်ခါမှ မခံစား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရချေ။ ကြောက်စိတ်မျိုးမဟုတ်ဘဲ စိတ်ချမ်းသာသလို ပီတိမျိုးကို ခံစားလို့နေရလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် မေတ္တာသုတ်ရွတ်လို့ပြီးသွားတိုင်း အစက နေပြန်ပြန်ပြီး ရွတ်နေလိုက်သည်မှာ အရုဏ်တက်သည့်အချိန်သို့ရောက် သွားလေ၏။ ကျွန်ုပ်၏ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးလို့နေလေ၏။ ကျွန်ုပ် ၏ ခေါင်းရင်းပိုင်းမှ ညောင်ကြွတ်ပင်ကြီးသည် လေတိုက်သလို လှုပ်ရှား လို့ လာလေ၏။ သစ်ရွက်သစ်ခက်များသည်လည်း လှုပ်ရမ်းလို့နေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ၎င်းညောင်ကြွတ်ပင်ကြီးအား သေချာအာရုံ စိုက်ပြီး ကြည့်လို့နေလိုက်၏။ ထိုအချိန်တွင် သစ်ပင်ခွကြားထိပ်မှ နတ် ဝတ်တန်ဆာနှင့်ပုဂ္ဂိုလ်တစ်ဦးကို ဘွားကနဲ မြင်လိုက်ရလေ၏။ ကျွန်ုပ် သည် ယခင်က လန့်တတ်ကြောက်တတ်သောစိတ်ရှိသော်လည်း ယခု လို ပက်ပင်းတိုးသောအခါ မတည်မငြိမ် လှုပ်ရှားကြောက်ရွံ့ခြင်း မရှိ သည့်အပြင် တည်တည်ငြိမ်ငြိမ်နှင့် ၎င်းပုဂ္ဂိုလ်ကို စိုက်၍ကြည့်လို့နေ နိုင်လေ၏။ ကျွန်ုပ်ထံတွင် ကြောက်စိတ်လုံးဝမရှိတော့ချေ။ မေတ္တာ သုတ်အစွမ်းဟု ဆိုရပေလိမ့်မည်။ ကိုယ်ထင်ကိုယ်ရှားတွေတွေ့လို့နေ ကုန်၏။ ကျွန်ုပ်သည် မေတ္တာသုတ်ကိုသာ ပုံမှန်ရွတ်နေလိုက်သည်။ ၎င်းသစ်ပင်ခွကြားမှပုဂ္ဂိုလ်သည် လက်အုပ်လေးချီကာပြုံးပြုပြီး ပျောက် ကွယ်လို့သွားလေတော့၏။

ညောင်ပင်မှတောက်တဲ့ကြီး၏အော်သံသည် 'သာဓု' ခေါ်နေသကဲ့ သို့ စည်းချက်မှန်စွာ "တောက်တဲ့ . . . တောက်တဲ့" ဟူသော အသံ များ ပြိုင်တူထွက်လို့နေ၏။ ကျောင်းတွင် လူကိုယ်တိုင်တီးမှမြည်သော အောင်မောင်းကြီးသည် မည်သူမည်ဝါမျှ မတီးမခတ်ရပါဘဲ ချက် တိတိ ဒူ . . . ဒူနဲ့မြည်လေ၏။ အနားမှာရှိသော ခွေးများသည်လည်း သံချောင်းခေါက်လိုက်ရင်အူသည့်အလား ထ၍အူလေတော့၏။



www.burmeseclassic.com

ခွေးအူသံများ၊ မောင်းတီးသံများ ထွက်ပေါ်နေသောကြောင့် ကျောင်း၏ ဆွမ်းစားဆောင်တွင်နေသော ကရင်သည် ပုဆိုးကို ခေါင်းမြီး ခြုံ၍ထွက်လာကာ ကျွန်ုပ်နားတွင်လာ၍ရပ်လေ၏။ ကျွန်ုပ်သည် ရှက္ခစိုးကို မြင်လိုက်ရသဖြင့် စိတ်ထဲတွင်ကြည်နူးနေရာမှ တစ်ဖက်သို့ အလှည့်တွင် ဆေးလိပ်မီးကိုဖွာနေပြီး ပုဆိုးခေါင်းမြီးခြုံထားသော ကရင်သည် ကျွန်ုပ်အား သေချာစိုက်ကြည့်နေသဖြင့် အသံမပေး ဘာမပေးဘဲအနားရောက်နေသောကရင်ကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်သည် လိပ်ပြာလွင့်မတတ် လန့်ဖျပ်၍သွားလေတော့၏။

"အောင်မလေး"ဟု ထမအော်မိအောင် သတိနဲ့ထိန်းထားလိုက်ရလေ၏။ ကျွန်ုပ်လန့်သွားသဖြင့် ကရင်အား "ဟေ့ကောင်–မင်းကလည်း အသံလေးဘာလေးပေးပြီးလာပေါ့ကွာ၊ ဘယ်လိုဖြစ်လို့ ပုဆိုးကြီးခေါင်းမြီးခြုံလာတာလဲ၊ မင်းကတော့ လုပ်လိုက်ရင် သောက် တလွဲတွေချည်းပဲ၊ ဒီမှာ လန့်ပြီးသေတော့မယ်"

"မသိဘူးလေ ဘုန်းဘုန်းက မောင်းတွေတီး၊ ခွေးတွေအူနဲ့ဆိုတော့ ဘာတွေများလုပ်မလို့လဲဆိုပြီး လာမေးတာပါ"

"ဘာမှမလုပ်ဘူးဟေ့"ဟု ပြောလိုက်ရာ–

"ဒါဆိုလည်း ပြန်အိပ်တော့မယ်"ဟုဆိုကာ အိပ်မှုန်စုံဝါးနှင့် ကျောင်းထဲသို့ ပြန်ဝင်ရန် ပြင်ဆင်လေ၏။ ထိုအခါ ကျွန်ုပ်က–

"ဟေ့ကောင်ကရင်၊ ခဏနေဦး ငါမင်းကို ပြောစရာရှိတယ်"

"ဘာပြောမလို့လဲ ဘုန်းဘုန်း"

"အေး ... ဒီမှာထိုင်ဦး ကရင်၊ ခြော် ခဏ ခဏ၊ အမွှေးတိုင်နဲ့ ဖယောင်းတိုင် သွားယူကွာ၊ ငါ ဒီညောင်ပင်ကြီးမှာ အမွှေးတိုင် ထွန်းချင်တယ်"

"ဘုန်းဘုန်း ... ဘာတွေ့ထားလို့လဲ"

www.burmeseclassic.com



"ပြီးရင် ပြောပြမယ်ကွာ၊ အခု အမွှေးတိုင်နဲ့ ဖယောင်းတိုင်သွားယူလိုက်"

"တင်ပါ့ဘုရား"ဟုဆိုကာ အမွှေးတိုင်နှင့် ဖယောင်းတိုင်တို့ကို သွားယူပေးလေ၏။

အမွှေးတိုင်နှင့် ဖယောင်းတိုင်များကို ယူလိုက်ပြီး ၎င်းညောင်ကြတ်ပင်ကြီးအား အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိလိုက်ပြီးနောက်–

"ယခု ဒီညောင်ကြတ်ပင်တွင် စောင့်ရှောက်သောပုဂ္ဂိုလ်အား ဖယောင်းတိုင် အမွှေးတိုင်များနှင့် လှူဒါန်းပါ၏။ ကျွန်ုပ်လှူဒါန်းသော အမွှေးနံ့သာ ဖယောင်းတိုင်များအား ဒီသစ်ပင်မှာ စောင့်ရှောက်နေထိုင်သော ရုက္ခစိုးနတ်မင်းက မြတ်စွာဘုရားကို လှူဒါန်းပူဇော်လိုက်ပါ။ ကျွန်ုပ်နှင့်သင် ပြုလုပ်လိုက်သော ကုသိုလ်ကို အမျှပေးဝေပါတယ်။ သာဓုခေါ်ပါ"ဟု ဆိုလိုက်လေ၏။ ထိုအခါ ၎င်းညောင်ကြတ်ပင်ကြီးသည် လေမတိုက်ဘဲ သစ်ရွက်သစ်ခက်များလှုပ်ရှားလာလေတော့၏။

ကရင်သည် ၎င်းအဖြစ်အပျက်ကို ကြည့်ပြီး ကြောက်သွားပုံရ၏။ "ဘုန်းဘုန်း ဘာတွေဖြစ်ကုန်တာလဲ" ဟုမေးလေ၏။

"ဘာမှမဖြစ်ပါဘူးကရင်၊ ညက ငါ မိစ္ဆာကို အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ မိစ္ဆာမြွေမကြီးက လူယောင်ဖန်ဆင်းပြီး ငါ့ကျောင်းရှေ့မှာ ငုတ်တုတ်လေးထိုင်ပြီး ငိုနေတယ်။ ငါအိပ်မက်ကနေ လန့်နိုးတော့ ၁၂နာရီကျော်ကျော်ပဲရှိသေးတယ်။ ဒါနဲ့ငါလည်း အိပ်လို့မရတာနဲ့ ဒီကွပ်ပျစ်ပေါ်ထိုင်ပြီး မေတ္တာသုတ်ကို ရွတ်ဖတ်ပြီး မေတ္တာပို့နေတာ။ ဒီနေ့အဖို့ ငါမေတ္တာပို့တာ ထူးဆန်းနေတယ်။

ငါ့နားမှာ ရုတ်ရုတ်ရက်ရက်နဲ့ လူတွေလိုလို၊ နတ်တွေလိုလို မသဲမကွဲရှားရော ထင်ထင်ရှားရှားတွေရော တွေ့နေရတယ်။ နေ့ခါပြီး ဒီညောင်ကြတ်ပင်ကြီးမှာ ရုက္ခစိုးရှိတယ်ကရင်၊ ငါကိုယ်တိုင် ထင်ထင်



www.burmeseclassic.com

ရှားရှားတွေ့လိုက်ရတယ်''

''မပြောနဲ့ဘုန်းဘုန်း၊ တပည့်တော်သိတယ်''

''မင်းကသိရအောင် မင်းတွေ့ဖူးလို့လား''

''တွေ့ဖူးတယ်ဘုန်းဘုန်း၊ တပည့်တော်လွှန်ခဲ့တဲ့နှစ်ပတ်လောက်က ဘုန်းဘုန်းဆူမှာစိုးလို့ မပြောဘဲ နေတာ''

''ဟင်–ဘာဖြစ်လို့ ငါကဆူရမှာလဲ၊ ရုက္ခစိုးတွေ့တာပဲ ကောင်းတာပေါ့ကွာ၊ သူများတွေ တွေ့ချင်လို့တောင် တွေ့ရတာမှမဟုတ်တာ၊ မင်းကလည်း လုပ်လိုက်ရင် အဆန်းတွေချည်းပဲ၊ မင်းကုသိုလ်ကောင်းမှုတွေလုပ်လို့ ရုက္ခစိုးက ကိုယ်ထင်ပြတာနေမှာပေါ့''ဟုဆိုလိုက်၏။

ထိုအခါ ကရင်သည် ဟိုကြည့်ဒီကြည့်လုပ်ပြီး''မဟုတ်ဘူး ဘုန်းဘုန်း၊ တပည့်တော်ကို မဆူနဲ့နော်''

''ဩော်–မဆူပါဘူးကွာ၊ မင်းပြောစရာရှိတာသာပြောပါ'' ဟုဆိုလိုက်၏။ ထိုအခါ ကရင်သည်–

''ဒီလို ဘုန်းဘုန်းရဲ့၊ တပည့်တော် ဟိုနေ့တွေက ညဘက်အရက်ခိုးခိုးသောက်တယ်''

''ဟေ ...''

''မဆူဘူးလို့ ပြောထားတယ်နော်''

''အေးပါ မဆူပါဘူး အရက်သမားရယ်၊ ပြောမှာသာပြောစမ်းပါ''

''အဲဒီညက တပည့်တော် အရက်ထုပ်လေးကို မီးဖိုချောင်ထဲမှာ ဖွက်ထားပြီး အရက်ဆွမ်းချက်ဖို့လုပ်ရင်း ခိုးခိုးပြီးသောက်ပါတယ် ဘုရား''

''ဘာကွ ... မင်းက ဒီလိုလုပ်တယ် ဟုတ်လား''

''ဘုန်းဘုန်း မဆူဘူးဆို''

''အေး ... ဆက်ပြော''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ သြောင်ပင်ပေါ်ကနေ ပုဆိုးကွက်တုံးကြီးနဲ့ လူကြီးတစ်ယောက်မီးဖိုထဲကို ဝင်လာတယ်။ လက်ထဲမှာလည်း တောင်ဝှေးကြီးနဲ့ အဲဒီတောင်ဝှေးမှာမြွေဟောက်ကြီးက ပါးပြင်းထောင်နေတယ်။ ပြီးတော့ ဟေ့ကရင် ဘာလုပ်နေတာလဲလို့ အဲဒီလူကြီးက မေးတယ်။ ဒါနဲ့ တပည့်တော်လည်း အရက်ခိုးသောက်တာ လူမိပြီဆိုပြီး မထူးပါဘူး၊ အရက်ခိုးသောက်နေတာလို့ပြောလိုက်တယ်။ ဒါကိုသိတဲ့ ပုဂ္ဂိုလ်ကြီးက တပည့်တော်မျက်နှာနားကို အဲဒီမြွေတောင်ဝှေးကြီးနဲ့ကပ်တယ်။ မြွေဟောက်ကြီးဆိုတော့ တပည့်တော်လည်း လန့်တာပေါ့၊ အဲဒီမြွေဟောက်ကြီးဟာ တပည့်တော်ရဲ့ပါးကို သူ့လျှာနဲ့တို့ထိနေတယ်။ တပည့်တော်လည်း ကြောက်လွန်းလို့ သေးတွေ ထွက်ကျကုန်တယ်၊ အသားတွေလည်း တဆတ်ဆတ်တုန်လာပြီး အဲဒီလူကြီးကို လက်အုပ်ချီပြီး တောင်းပန်လိုက်တယ်။

အဲဒီတော့မှ သူကိုင်ထားတဲ့ တောင်ဝှေးကို နောက်ဖက်ဖယ်လိုက်ပြီး နောက်မလုပ်ဖို့မှာတယ်။ ဘုန်းကြီး အရက်ဘုဉ်းဖို့နီးပြီ၊ အမြန်ဆွမ်းချက်ပေးလိုက်ဆိုပြီး သစ်ပင်ပေါ်ကို ပြန်တက်သွားတယ်။ တပည့်တော် တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲကြုံဖူးတယ်။

ဒါပေမယ့် ဒီအကြောင်းကို ဘုန်းဘုန်းကိုပြောရင် အရိုက်ခံရမှာ စိုးလို့ မပြောတာပါ။ သူ့လက်ထဲမှာ မြွေဟောက်တောင်ဝှေးကြီး ရှိတယ်"ဟု ကရင်က ဆိုလေ၏။

ထိုအခါ ကျွန်ုပ်မှ "ကရင်ရာ မင်းကံကောင်းလို့ပေါ့။ နို့မို့ဆို မင်း မြွေကိုက်ပြီးသေပြီ။ နောက်မလုပ်နဲ့ ကြားလား"

"တင်ပါ့ . . တပည့်တော် အဲဒီကတည်းကစပြီး ကျောင်းဝင်းထဲကို အရက်မယူတော့ပါဘူး၊ တပည့်တော်လည်း မသောက်တော့ပါဘူး"ဟု လိမ်လေတော့၏။



www.burmeseclassic.com

ကရင်သည် ကျွန်ုပ်ကျောင်းရှိ ဘောင်ကြတ်ပင်ရက္ခစိုးကြီးနှင့်ပက် ပင်းတိုးပြီးသည့်နောက်ပိုင်းတွင် အနေအထိုင်၊ အသောက်အစားဆင်ခြင်လို့ လာလေ၏။ ဘာသာရေးလည်းလုပ်လေ၏။ ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာအမွှေးတိုင်များကိုလည်း အရင်ကလို အာပေါက်အောင်မဆိုင်းရတော့ဘဲ သူ့အသိစိတ်ဓာတ်နှင့်သူလုပ်လေ၏။

တစ်နေ့တွင် ရက္ခစိုးနတ်မင်းသည် ကရင့်ကို အိပ်မက်ပေးလေ၏။ အိပ်မက်ထဲတွင် ကရင်အား ရွှေလက်စွပ်တစ်ကွင်းကို ကျောင်းတိုင်၏ ဗြခုမြောက်တွင်ရှိသည်ဟုဆိုကာ အိပ်မက်ထင်ထင်ရှားရှားပေးလိုက်လေတော့၏။ ကရင်သည် ကျွန်ုပ်အား ၎င်းအိပ်မက်ကို မပြောပြဘဲ တစ်ယောက်ထဲကြိတ်ကာ အူမြူးလို့နေလေ၏။ ကျွန်ုပ်သည် ပုတီးစိပ်မေတ္တာပို့ အမျှအတန်းများပေးဝေပြီး ကျိန်းလေတော့၏။ ကျွန်ုပ်၏နားထဲတွင် အသံတစ်သံကြားလို့နေ၏။ ကျွန်ုပ်သည် အသံကြားဖြင့်လန့်နိုးလို့သွားလေ၏။ ၎င်းအသံမှာ ကျွန်ုပ် ဝါးကျောင်းလေး၏ခြေရင်းဘက်တိုင်နားမှအသံဖြစ်၏။ ဝါးကျောင်းလေးမှာလည်း သိမ့်ကနဲသိမ့်ကနဲ တုန်တုန်လို့သွားလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် မသင်္ကာဖွယ်ရှိသဖြင့် တိတ်တိတ်လေး ကျောင်းအောက်သို့ အသံမပေးဘဲ ကျွန်ုပ်၏ကြိမ်လုံးကို အဖော်ပြုကာ အသာလေးဆင်းလိုက်လေတော့၏။

“ဒုတ်. . ဒုတ်. . အား. . အိ” ဟူသောအားစိုက်သံ၊ ငြီးငြူသံလေးကို ခပ်တိုးတိုးလေးကြားလို့နေရ၏။ ထို့ကြောင့် ကျွန်ုပ်သည် အသံလာရာသို့ အမှောင်ထဲမှ အသာလေးချောင်းကာ အကဲခတ်နေလိုက်၏။

“ဟင် . . . ကရင်ပါလား၊ ဒီကောင် ကျောင်းတိုင်ကို ဘာဖြစ်လို့နှုတ်နေတာပါလိမ့်”ဟုတွေးနေမိ၏။ ဘေးမှာလည်း ဝါးတိုင်တစ်လုံးကို အကူပြုကာ ထောင်လို့ထား၏။ သံတူရွင်းနဲ့မြေကြီးကိုတူးပြီး မြေကြီး

www.burmeseclassic.com



များကို အုန်းမှုတ်ခွက်ဖြင့် ကုန်းကာ ခပ်လို့နေ၏။

ကျွန်ုပ်သည် ကရင်၏အနားသို့ မသိမသာလေးရောက်သွားပြီး ကြိမ်လုံးဖြင့် ၎င်းတင်ပါးအား ဖြန်းကနဲ ရိုက်လိုက်လေ၏။

ကရင်သည်''အောင်မလေးဗျ'' ဟု အသံနက်ကြီးဖြင့်အော်လေ၏။ ပါးစပ်ထဲတွင် ဆေးလိပ်တိုကြီးကိုက်ထားသောကရင်သည် ကျွန်ုပ်၏ ကြိမ်လုံးဒဏ်ကြောင့် အီစိမ့်သွားပြီး ဆေးပေါ့လိပ်ကြီးလွှတ်ကျကာ ကျွန်ုပ်အား လှည့်၍ကြည့်လေ၏။

''ဟင် . . . ဘုန်းကြီး၊ ဘယ်လို ကိုယ်ပျောက်ပြီးရောက်လာတာလဲ''

''ဘယ်လိုမှ ကိုယ်မပျောက်ဘူး၊ ငါအိပ်နေတုန်း ကျောင်းကတသိမ့်သိမ့် တုန်နေလို့ လန့်နိုးပြီး ဘာဖြစ်တာလဲလို့ လာချောင်းတာ၊ မင်း ဒါဘာလုပ်နေတာလဲ''

''ဟို . . . ဟိုလေ . . . ဟိုဟာ''

''ဟေ့ကောင် . . . ငါမေးနေတာ ဖြေလေ၊ ဘာတွေ ဟိုတွေဟာတွေ လုပ်နေတာလဲ၊ ပြောမှာသာအမြန် ပြောစမ်းကွာ''

''ဟို . . . ကျောင်းတိုင်နိမ့်နေလို့ ဒေါက်ထောက်နေတာပါ''

''ဟေ့ကောင် . . . မင်းလိုငပျင်းက ညကြီးမင်းကြီး ကျောင်းတိုင် ဒေါက်ထောက်မယ်ဟုတ်လား၊ မင်းအဲဒီလိုသာ သိတတ်ရင် ငါ့ကျောင်းဟာ ရွှေကျောင်းဖြစ်နေတာကြာပြီကွ ဟေ့ကောင်ရ၊ ငါ့ကိုအမှန်အတိုင်း ပြော၊ မပြောရင် ဒီမှာတွေ့လားကြိမ်လုံး''

''ဟင် . . . တွေ့ပါတယ်၊ ဒါဆိုလည်း ပြောပါ့မယ်ဘုန်းကြီးရယ်၊ ကြိမ်လုံးကြီး ဖယ်ထားလိုက်ပါ''

''မဖယ်ဘူး . . . ပြော''

''ဒီလိုပါ ဟိုနေ့ညက တပည့်တော် အိပ်မက်မက်တယ်၊ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ တပည့်တော်နဲ့တွေ့တဲ့ ရက္ခစိုးကြီးက တပည့်တော်ကို ပြောတယ်။ ဒီကျောင်းရဲ့ တိုင်အောက်မှာ ရွှေလက်စွပ် တစ်ကျပ်သားရှိတယ်၊ မင်းလိုချင်ရင် တူးယူလိုက်လို့ဆိုလို့ပါ''

ကျွန်ုပ်သည် တစ်ချက်စဉ်းစားလိုက်ပြီး ''ဟော့ကောင် ကရင်၊ ဒီဝါးကျောင်းကို မင်းရယ်၊ ငါရယ်၊ သန်းရွှေရယ်၊ အောင်ဦးရယ် လေးယောက် ဆောက်ထားတာလေ။ ဒီတိုင်တွေလည်း မင်းတို့ပဲတူးတာလေ၊ ဘယ်လိုဖြစ်လို့ ဒီတိုင်အောက်မှာ လက်စွပ်ရှိရမှာလဲ''

''မသိဘူးလေ၊ အိပ်မက်ပေးလို့ တူးတာပေါ့''

''အေး . . . ထားပါဦး၊ ဒီကျောင်းဆောက်တုန်းက ပိုက်ဆံမရှိလို့တောင် ငါတို့တတွေအကြွေးယူရတာလေ၊ လက်စွပ်ရှိမှတော့တွင်းတူးကတည်းကရမှာပေါ့။ နေပါဦး လက်စွပ်ရှိတယ်ပဲထားပါ။ ရက္ခစိုး အိပ်မက်ပေးလည်း ငါ့ကို မင်းပြောရောပေါ့။ အခု မင်းလုပ်နေတာ ကျောင်းပြိုမယ့်တိုင်ကို လွှနဲ့တိုက်ဖြတ်ပြီး ဒေါက်တိုင်ခံထားတယ်။ နေရင်းထိုင်ရင်း တိုင်ဆုံးပြီး ကျောင်းပြိုမယ့် ခွေးသားရဲ့ ငါ့ကို အသိမပေးဘဲနဲ့''

''ဘုန်းကြီး အသိပေးနေရင် ကြာလို့ တပည့်တော် ခိုးတူးတာပါဆို၊ အခုဟာ လက်စွပ်မတွေ့တဲ့အပြင် ကြိမ်လုံးနဲ့လည်း အရိုက်ခံရတယ်။ တိုင်တစ်လုံးလည်းဆုံးပြီ၊ ဒုက္ခပဲ''

''ဘာဒုက္ခလည်း ငါ့ကို စောစောစီးစီးပြောရင် ငါကြံပေးမှာပေါ့။ အခု ဘယ်လိုလုပ်မလဲ ပြစမ်း တိုင်''

''ဟင် . . . ဝါးတိုင်ကို လွှနဲ့ဖြတ်ထားတယ်ဟုတ်လား၊ ကျောင်းပြိုရင် ဘယ်လိုလုပ်မလဲ၊ မင်းတော့လားကွာ''ဟုဆိုကာ ကျောပြင်ကို ဖျောတင်ရလေတော့၏။

''အောင်မလေး ကြောက်ပါပြီဘုရား၊ ကြောက်ပါပြီဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"ဘာအခုမှ ကြောက်ပါပြီလဲ၊ သွား မနက်ကျရင် ဝါးတိုင်တစ်လုံး ဝယ်ပြီး တိုင်အသစ်လဲ"ဟုဆိုကာ ကျောင်းပေါ်သို့ ပြန်တက်ခဲ့လေ၏။ ကရင်သည် ပေကျံနေသောလက်များကို ဆေးကြောပြီး အားမလိုအား မရဖြစ်ကာ ကျောင်းရှေ့တွင် ငူငူကြီးထိုင်လို့နေ၏။ ၎င်း၏ပုံမှာ သူခိုး လူမိသွားသည့်အလား ရှက်ကိုးရှက်ကန်းဖြစ်ကာ စိတ်ညစ်သွားပုံရ လေ၏။

မနက်တွင် ကရင်သည် ဝါးနက်ဝါးကြီးကြီးတစ်လုံးကို တောထဲ တွင် သွားခုတ်ပြီး ကျောင်းတိုင်အား ပြန်စိုက်ရန် လုပ်နေ၏။ ကျွန်ုပ် စိတ်တိုနေမှန်းသိသဖြင့် လွန်စွာအကင်းပါးလှသော ကရင်သည် တစ် ယောက်ထဲ ညောင်ပင်ကိုကြည့်လိုက်၊ ရက္ခစိုးကို ရန်တွေ့လိုက်၊ မြေ ကြီးတွေတူးလိုက်၊ ဝါးတိုင်ကို ပြန်စိုက်ဖို့လုပ်နေ၏။

"ဟော့ကောင် သေသေချာချာ ခိုင်ခိုင်ခန့်ခန့်စိုက်နော်"

"တင်ပါ့ဘုရား၊ မှန်ပါ့ဘုရား" ဟုဆိုကာ ငြီးငြူသောလေသံနှင့် ဆိုလေ၏။

"ကောင်းတယ် ခွေးသား ကိုယ့်အပြစ်နဲ့ကိုယ်ခံ၊ ငါကတော့ မတူး ဘူးနော်၊ လောဘကြီးတဲ့ ကောင်ခံလေ"

"မှန်ပါ့ဘုရား"ဟုဆိုကာ ကျောင်းကို ဝါးကုတ်ကြီးနှင့် အီးအား ဟုဆိုကာ စပြီး ဝါးတိုင်အစစ်စိုက်လေ၏။ နှစ်နာရီလောက်ကြာသော် ဝါးတိုင်စိုက်လို့ ပြီးသွားလေတော့၏။

ပြီးလျှင် ကျွန်ုပ်နားသို့လာပြီး "အောင်မလေး ဘုန်းကြီးရေ ရက္ခစိုး မ,မလား မမ,လားတော့မသိဘူး၊ ကရင်ကတော့ ဝါးကျောင်းကြီးကို ကုတ်နဲ့ မလိုက်ရတာ အသက်ထွက်တော့မယ်"ဟုဆိုကာ ငြီးငြူလေ၏။ "သေလေ. . . သေပေါ့၊ မင်းလိုကောင်မျိုးသေရင် အဝီစိရောက်မှာ ဘုန်းကြီးကျောင်းတောင်ဖျက်လို့ဖျက်ဆီးလုပ်ရဲတဲ့ကောင်၊ တကယ်ဆို

www.burmeseclassic.com



မင်းငါ့ကို အကျိုးသင့်အကြောင်းသင့် ပြောရမှာ။ ပညာရှိမှ မမိုက်တဲ့ကောင်သေပေတော့''ဟုရွတ်ပြီး ပြောလိုက်၏။

''ဒီလိုဘုန်းကြီးရဲ့ ပထမတော့ ပြောမလို့ဘဲ၊ တော်ကြာဘုန်းကြီးက မလုပ်နဲ့ဆို မလုပ်ရမှာစိုးလို့ ဟုတ်လား မဟုတ်လားသိချင်လို့လုပ်မိတာပါ။ တပည့်တော်ကို ခွင့်လွှတ်ပါ'' ဟုဆိုလေ၏။

''မင်းက ဘယ်လိုအိပ်မက်မက်လို့လဲ ရက္ခစိုးကြီးက တပည့်တော်ကို လာနှိုးပြီး မင်းချမ်းသာချင်ရင် ဒီတိုင်အောက်မှာ လက်စွပ်ရှိတယ်။ လက်စွပ်ကိုသိရင် မင်းချမ်းသာပြီလို့လည်းဆိုတယ်''

''အေး ... မင်းက ပညာမဲ့တော့ ပင်ပန်းတာပေါ့ကွာ၊ တကယ်ဆို မင်း ငါ့ကိုပြောရင် မင်းအခုဆို သူဌေးဖြစ်ပြီပေါ့''

''ဟင် ... ဘယ်လိုဖြစ်လို့လဲ ဘုန်းဘုန်း၊ မင်းကို ရက္ခစိုးက နံပါတ်ပေးတာကွ၊ တိုင်ဆိုတာ ၇ ကွ၊ လက်စွပ်က ၄၊ စွပ်တာက ၃၊ (၇၄၃)ပေးတာနေမှာပေါ့။ မင်းဝါသနာပါရင် လုပ်လိုက်'' ဟုဆိုကာ ကျွန်ုပ်သည် ကရင့်အနားမှထွက်လာလေတော့၏။ ကရင်သည်တောင်စဉ်းစားမြောက်စဉ်းစားလုပ်နေပြီးအိမ်သို့ပြန်လေ၏။ ပြီးလျှင် ငွေရှာလေ၏။ ကရင်သည် ကျောင်းသို့ပြန်လာပြီး အူမြူးလို့နေ၏။ နာရီကိုလည်း တပြုပြုကြည့်ကာ ၁၂ နာရီ ၅မိနစ်ကို စောင့်ဆိုင်းလို့နေလေ၏။ ကရင်သည် ၁၂နာရီထိုးခါနီးတွင် ကျောင်းရှေ့သို့ ထွက်သွားပြီး တောင်မေးမြောက်မေးလုပ်လို့နေ၏။ ၁၂ရီခွဲတွင် ကရင်သည် ကဆုန်ပေါက်ကာ ကျောင်းထဲသို့ ဝင်ပြေးလို့လာ၏။ ကျွန်ုပ်အား–

''ဘုန်းကြီးရေ ကျွန်တော် သူဌေးဖြစ်ပြီ''ဟုအော်နေလေ၏။

''ဘာဖြစ်လို့လဲ ကရင်''

''တပည့်တော် နှစ်လုံးပေါက်တယ်''

''ဟင် ... ဟုတ်လား၊ ဘာဂဏန်းထွက်တာလဲကွ''



www.burmeseclassic.com

www.burmeseclassic.com



"၄၃ ထွက်တယ်၊ လက်စွပ်– လက်စွပ်၊ တော်လိုက်တဲ့ ဘုန်းကြီး၊ ဒီလိုမှန်းသိရင်အစောကြီးကတည်းက တိုင်မတူးပါဘူး။ ရက္ခစိုးကြီးရေ၊ ခင်ဗျားကိုလည်း ကျေးဇူးတင်တယ်ဗျို့၊ အမွှေးတိုင်တွေ၊ ဖယောင်းတိုင်တွေ ပန်းတွေ ဝယ်လှူပြီး ကုသိုလ်လုပ်ပေးမယ်"

"အေး ကရင်၊ မင်း သူ့ကို ကုသိုလ်လုပ်ရင် ပန်းသီးတစ်လုံးထည့်ပြီးလှူ၊ သူက ပန်းသီးအရမ်းကြိုက်တယ်"

"ဟင် . . . ဘုန်းကြီး ဘယ်လိုသိလဲ"

"လျှာရှည်တယ်ကွာ၊ လှူမှာ သာလှူ"ဟုဆိုလိုက်၏။ ကရင်သည် ကျွန်ုပ်အား ကြည့်ပြီး–

"ဘုန်းကြီး နှစ်လုံးပေးတာလား၊ ပန်းဆိုတာ ၅၊ သီးဆိုတာ ၆၊ ၅၆ ဟုတ်ပြီ ဟုတ်ပြီ၊ ငါသူဌေးဖြစ်ပြီ၊ ငါ သူဌေးဖြစ်ပြီ"ဟုဆိုကာ အူမြူးလို့နေလေ၏။ ညနေတွင် ကရင်သည် ကျောင်းထဲသို့တက်လာပြီး ပြေးလို့လာပြန်၏။

"ဘုန်းကြီးရေ ပန်းသီးထွက်ပြန်ပြီ"

"ဟေ . . . ဘာလဲ"

"၅၆ ထွက်တယ်"

"ဟော့ကောင်ဟုတ်လှချည်လား၊ အေး . . . အေးဝမ်းသာပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ရက္ခစိုးကြီးကိုလည်း ပန်းသီး ၁၀လုံး လှူမယ်။တော်ပါသေးတယ်ဘုန်းကြီးရယ် တပည့်တော်အိမ်ပြိုနေပြီ၊ ဝါးအိမ်ကလေးပြန်ဆောက်လို့ရပြီ၊ ကလေးတွေလည်း မိုးထဲရေထဲ မအိပ်ရတော့ဘူး၊ ကျေးဇူးကြီးပါတယ် ဘုန်းကြီးရယ်" ဟုဆိုကာ ထိုင်ငိုင်၍ ရှိုက်ငိုလေတော့၏။

ကရင်သည် အဲဒီအချိန်ကစပြီး နှစ်လုံးရှူး ရှူးလေတော့၏။ ကျွန်ုပ်ပါးစပ်က ရေသောက်ချင်တယ်ပြောလည်း နံပါတ်ကောက်လေတော့



www.burmeseclassic.com

www.burmeseclassic.com



၏။ ဖင်ကုတ်လည်း ဂဏန်းကောက်လေ၏။ ခေါင်းကုတ်လည်းဂဏန်း ကောက်လေ၏။ ကြက်ကန်းပဲတိုးတာလား၊ ကရင့်နိမိတ်ကောက်တာပဲ မှန်နေတာလား၊ တိုက်ဆိုင်လို့နေလေတော့၏။ ဒီလိုနှင့်ကရင်သည် ဘာခိုင်းခိုင်း ဂဏန်းထိုင်၍ကောက်ခါ ကျွန်ုပ်အား နှစ်လုံးဘုန်းကြီးအဖြစ် စတင်ကာ သတ်မှတ်လိုက်လေတော့၏။

"မင်းလုပ်တာနဲ့ ငါ နှစ်လုံးဘုန်းကြီးဖြစ်ပြီ၊ ဘုရား ... ဘုရား၊ လူတွေ လူတွေ သံဃာကို သံဃာလို့ မမြင်တော့ပါပဲ လောဘ၊ လောဘ ... လောဘဟုဆိုကာ ညည်းညူမိလေတော့၏။ ကရင်သည် ကျွန်ုပ် လောဘ လောဘဟု သံဝေဂရကာ ညည်းညူခြင်းကိုပင် နှစ်လုံး ကောက်ဖြစ်အောင် ကောက်ကာ ၄၅ဆိုသောဂဏန်းကို ၅၀၀ဖိုး ပေါက်ပြန်လေတော့၏။

ကရင်သည် တဖြည်းဖြည်းနှင့် ငွေစလေးရှင်လို့လာလေ၏။ ထို့ကြောင့် ပျက်စီးလို့လာ၏။ အရက်ကို ခိုးခိုးပြီးသောက်လေ၏။ မနက်ပိုင်းတွေမှာလည်း အရက်သောက်လို့လာ၏။ တစ်နေ့တွင် ကျွန်ုပ်အိပ်မက် မက်လေ၏။ အိပ်မက်ထဲတွင် အမျိုးသမီးသုံးဦး ရောက်လို့လာ၏။ ကျွန်ုပ် အား–

"မောင်လေး ... သာသနာပြုဖို့ အချိန်ရောက်ပြီ၊ အမတို့ကို မမေ့ပါနဲ့၊ မောင်လေး သာသနာပြုရင် အစ်မတို့ကို အမျှအတန်း ပေးဝေပါ။ အမျိုးခေါ်ပါ။ မောင်လေးက အစ်မတို့ရဲ့အမျိုးပါပဲ" ကျွန်ုပ်သည် အိပ်မက်ထဲက အမျိုးသမီးအား "ဘာအမျိုးလဲ"ဟု မေးလိုက်သောအခါ "နဂါးမျိုးလေ"ဟု ပြောပြီးနဂါးအသွင်ဖန်ဆင်းပြလေ၏။

"အစ်မနာမည်က မြနန်းနွယ်၊ အစ်မကိုမေတ္တာပို့ပါ၊ ဗိုလ်တထောင်ကိုလာခဲ့ပါ၊ အစ်မတို့ရှိပါတယ်"ဟုဆိုကာ ပျောက်ကွယ်လို့သွားလေ၏။

ကျွန်ုပ်သည် အိပ်မက်အား အမှုမဲ့ အမှတ်မဲ့ထားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့် ကျွန်ုပ်နေခဲ့ခင်းဘက် စာရေးနေတုန်း အမျိုးသမီးကြီးတစ်ဦး ခြင်းတောင်း အစုတ်ကြီးကိုဆွဲကာ ခေါင်းမှာလည်း တဘက်တစ်ထည် ပေါင်းပြီး ကျောင်းထဲသို့ဝင်လာလေ၏။ ပါးစပ်မှလည်း "ပစ်တိုင်းထောင်၊ ပစ်တိုင်းထောင်"ဟု အော်၍လာလေ၏။

"အရှင်ဘုရား တပည့်တော်ကို မမှတ်မိဘူးလား"

"မှတ်မိပါတယ်၊ ဟိုတစ်ခါ ကျုပ်ဆီကိုလာသွားသေးတယ်မဟုတ်လား"

"ဟုတ်ပါ့ . . . ဟုတ်ပါ့၊ တင်ပါ့ တင်ပါ့"ဟုဆိုလေ၏။ ပြီးလျှင်

"အရှင်ဘုရား အမျိုးမခေါ်သေးဘူးလား"

"ဘယ်အမျိုးကို ခေါ်ရမှလဲ"

"အရှင်ဘုရားရဲ့ ပဌာန်းဆက် အမျိုးတွေကိုပြောတာပါ။ အမျိုးခေါ် အမျိုးခေါ်"ဟုဆိုလေ၏။ ကျွန်ုပ်လည်း စိတ်ဝင်စားသွားလေ၏။

"အမျိုးဘယ်လိုခေါ်ရမှာလဲ၊ ခေါ်ပုံခေါ်နည်းလေးရှိရင် ပေးပါဦး" ဟု ဆိုလိုက်၏။

"အရှင်ဘုရား . . ဒီနေရာမှာ လူစွမ်းကောင်းတွေချည့်ပဲ၊ ကိုယ့်ရဲ့ပရိသတ်ရဖို့လိုတယ်လေ။ ကိုယ်သာသနာပြုတာ ကိုယ့်ပရိသတ်မရှိရင် ဘယ်ခရီးရောက်မလဲ၊ အရှင်ဘုရားက ပဌာန်းဆက်ကောင်းရဲ့သားနဲ့"ဟုဆိုလေ၏။ ၎င်းအဖွားအိုကြီးသည် ကျွန်ုပ်နားမလည်သော ဓာတ်စကားများကိုလည်း ပြောတတ်လေ၏။

"အရှင်ဘုရား၊ စဉ့်အိုးလေးတွေ သုံးလုံးလောက်ဝယ်ထားပါ"

"ဒါလုပ်ပြီးသွားပြီလေ၊ အဲဒီလိုလုပ်လို့ အမျိုးတွေမလာဘဲ မြွေတွေချည်းပဲလာလို့ ဒီမှာဒုက္ခရောက်ကုန်တာသိလား" ဟု ဆိုလိုက်လေ၏။

"အဲဒါ ပထမအမျိုး၊ အရှင်ဘုရားပြန်လုပ်ပါ။ နဂါးသိုက်က ခွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေ လာပါလိမ့်မယ်''

''ဘယ်နဂါးသိုက်ကလဲ''

''ဘောဂဝတီနဂါးသိုက်ကလေ၊ အရှင်ဘုရား မယုံရင် စမ်းကြည့်'' ဟု ဆိုကာပြောလျက် ''ပစ်တိုင်းထောင်၊ ပစ်တိုင်းထောင်၊ ပစ်လိုက်တိုင်းထောင် ပစ်တိုင်းထောင်''ဟု သီချင်းများအော်ဆိုကာ လက်ခုတ်လက်ဝါးများတီးပြီး ထွက်သွားလေတော့၏။

ကျွန်ုပ်လည်း ညဘက်တွင် ဖယောင်းတိုင်၊ အမွှေးတိုင်များပူဇော်ပြီး ရှိခိုးမေတ္တာပို့လေ၏။ ယနေ့သည် ခါတိုင်းနေ့နှင့်မတူဘဲ တစ်မူထူးခြားစွာဖြင့် ဘောဂဝတီမယ်တော်ကြီးကို အာရုံစူးစိုက်ပြီး မေတ္တာပို့လေ၏။

အိမ်မြှောင်စုတ်ထိုးသံများသည် တစ်ကျောင်းလုံး ပျံ့နှံ့လို့သွားလေတော့၏။ အမွှေးနံ့သာအနံ့များသည်လည်း ထူးဆန်းစွာပေါ်ထွက်လို့လာလေ၏။ ကျွန်ုပ်သည် ကျောက်စိမ်းနဂါးရုံဘုရားကြီးမရောက်မီကလည်း ယခုလိုဖြစ်ခဲ့ဖူးလေ၏။

ကျွန်ုပ်အဓိဋ္ဌာန်ဝင် ပုတီးစိပ်နေသောအချိန်တွင် နဂါးရုံဖြူကြီးလာလိမ့်မည်၊ နဂါးရုံဖြူကြီးလာလိမ့်မည်ဟု အိပ်မက်မက်ဖူးလေ၏။ ဒီလိုနှင့် ကျွန်ုပ်ထံသို့ တနင်္ဂနွေနေ့တိုင်း လာနေကျဖြစ်သော ကျွန်ုပ်တပည့်များဖြစ်သည့် မသီရိ၊ စမ်းစမ်းဝင်း၊ ကြည်ကြည်အောင်၊ မချယ်၊ ကျော်ကြီး၊ ဇော်ကြီး အစရှိသော တပည့်များကို ပြောပြမိလေ၏။

''ငါ့ဆီကို နဂါးဖြူကြီးလာလိမ့်မယ်၊ နဂါးဖြူကြီးလာလိမ့်မယ်''လို့ အိပ်မက်မက်တယ်ကွ၊ ငါနဂါးရုံဘုရားများ တည်ရမလားမသိဘူး၊ နဂါးရုံ ဘုရားတည်ရင်လည်း နဂါးဆိုတာ အစိမ်းရောင်ပဲဟာ၊ ဘယ်လိုဖြစ်လို့ နဂါးအဖြူကြီးလာမှာလဲ''ဟု ဆိုလိုက်မိလေ၏။ ထိုအခါ တပည့်လေး မချယ်က–

www.burmeseclassic.com



"ဘုန်းဘုန်း . . . နဂါးရုံဘုရားတည်မယ်ဆို တပည့်တော်ကိုပြော ပါ။ တပည့်တော်လှူပါ့မယ်"ဟုဆိုလေ၏။

"အေး . . . တည်တော့တည်ချင်တယ်။ ဒါပေမယ့် နေရာလို တယ်၊ ပြီးတော့ ငွေလိုတယ်"

"ငွေအတွက် မပူပါနဲ့၊ တပည့်တော်အကုန်ခံပါမယ်၊ နေရာသာ ဘုန်းဘုန်းရွေးပါလိုက်ပါ"ဟု ဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် အလှူ ရှင်လည်းပေါ်ပြီဖြစ်သောကြောင့် နဂါးရုံဘုရားတည်ရန် ကန်တော့ပွဲပေး ပြီး နေရာရှာရလေတော့၏။

အဲဒီညတွင် ကျွန်ုပ်အိပ်မက်မက်လေ၏။ အိပ်မက်ထဲတွင် ၎င်း အမျိုးသမီးသုံးဦးထပ်ပြီးတော့ ရောက်လာပြန်၏။ "အရှင်ဘုရား . . . အရှင်ဘုရား၊ အရှင်ဘုရားကို မိတ်ဆက်ရဦးမယ်"ဟုဆိုကာ ပထမတုန်း က မြနန်းနွယ်ဟုဆိုသော အမျိုးသမီးသည်–

"ဒါ တပည့်တော်တို့ရဲ့မယ်မယ်ပါဘုရား၊ ဘောဂဝတီနဂါးမယ် တော်ကြီးပါ၊""ဟင် ဟိုတစ်ခါလာတုန်းက ဘာလို့မပြောတာလဲ၊" "အရှင်ဘုရားကိုမပြောဖို့ မယ်တော်ကို ကတိပေးထားလို့ပါ။ အရှင် ဘုရားက မာနကြီးတယ်တဲ့၊ သူ့ကိုမေတ္တာမပို့ဘူးတဲ့၊ ဟိုနေ့က မေတ္တာ ပို့အမျှအတန်းပေးဝေတာကို မယ်တော်ကြီးကကြားတယ်၊ အဲဒါကြောင့် မို့လို့ အရှင်ဘုရား နဂါးရုံဘုရားတည်ရင် အရှင်ဘုရား ဘယ်သူ့အကူ အညီမှမယူပါနဲ့၊ အရှင်ဘုရားကို မယ်တော်ကြီးကိုယ်တိုင် ကျောက် စိမ်းနဂါးကြီးလက်ဆောင်ပေးပါလိမ့်မယ်၊ ခုနစ်ရက်မေတ္တာပို့ပါ"ဟု ဆို လေ၏။ ထိုအခါကျွန်ုပ်သည် မြနန်းနွယ်ပြောသော ဘောဂဝတီ မယ် တော်ကြီးအား သေချာစိုက်၍ကြည့်လိုက်မိ၏။ "ဟင် . . . ဘောဂဝတီ မယ်တော်ကြီးလဲပြောတယ် အသက်က အစ်မတော်ထက်တောင်ငယ် နေပါလား၊ မသိရင် အသက်သုံးဆယ်လောက်ပဲ ထင်ရတယ်၊ မငယ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ရဲ့၊ သူက အသက်ရှည်တယ်။ ကိုယ်တော်ပေါက်ကရတွေ မပြောနဲ့၊ မြတ်စွာဘုရား ဘုရားအလောင်းဘဝက မဟာဇနကဇာတ်ကိုသိလား'' ''သိပါတယ်၊''''အဲဒီတုန်းက ဘုရားလောင်း ပင်လယ်ထဲမှာ ခုနစ်ရက်တိုင်တိုင်ရေကူးနေရတာကိုလာပြီး ကယ်မပေးသွားတဲ့ သူကိုသိလား၊'' ''သိတယ်လေ မဏိမေခလာနတ်သမီး'' ''အင်း ... ဟုတ်တယ်အဲ့ဒါ ဘောဂဝတီနဂါးမယ်တော်ပေါ့၊ အဲ့ဒီတုန်းကတည်းက ဘောဂဝတီမယ်တော်ဟာ မဏိမေခလာဆိုပြီး နာမည်တွင်ခဲ့သေးတယ်၊ အဲ့ဒီတုန်းကအသက်နဲ့ယှဉ်ကြည့်လေ၊ ဘယ်လိုဖြစ်လို့ အသက်(၃၀)နီးပါးပြောတာလဲ''ဟုဆိုလေ၏။ ''ဩော် ... အစ်မတော်ရယ် တကယ်လည်း (၃၀)နီးပါးလောက်ပဲ ရှိတယ်လို့ ခန့်မှန်းမိလို့ပါ'' ဟုဆိုသဖြင့် ဘောဂဝတီဆိုသော မယ်တော်ကြီးသည် ကျွန်ုပ်အားပြုံးပြလျက် လက်အုပ်ချီကာ ကျွန်ုပ်အား ဂါထာတစ်ခုရွတ်၍ ရှိခိုးလေ၏။ ၎င်းရွတ်သော ဂါထာဘာသာစကားသည် မြန်မာစကားလည်းမဟုတ်၊ တရုတ်စကားလည်းမဟုတ်၊ ကုလားစကားလည်းမဟုတ်၊ ပါဠိဘာသာလည်းမဟုတ်၊ သို့သော် ကျွန်ုပ်ရင်ထဲတွင် ၎င်းရွတ်သောစကားကို သိမိသလိုလို၊ အမှတ်ရသလိုလို ရှိလို့နေ၏။ ''ကိုယ်တော်လည်း တစ်ပတ်အတွင်း နဂါးလက်ဆောင်ရလိမ့်မယ်၊ နဂါးရုပ်ထုကြီး အဖြူရောင် ကျောက်စိမ်းနဂါးပဲ '' ဟုဆိုကာ ပျောက်ကွယ်လို့သွားပြန်၏။

□□□□

www.burmeseclassic.com









www.burmeseclassic.com

# အခန်း (၇)

ကျွန်ုပ်သည် အိပ်မက်ထူးများ အိပ်မက်ဆန်းများကိုသာ မက်လို့နေ၏။ ၎င်း အိပ်မက်များကို ကျွန်ုပ် တပည့်များကို ပြောပြလျှင် ၎င်းတို့မှာ ဘုန်းကြီး အိပ်မက်ကို အတိတ်စိမ်းသဘောနှင့်ကောက်ကာ နှစ်လုံးသုံးလုံးထိုးကြ လေတော့၏။

ပေါက်တဲ့လူများလည်း ပေါက်ကြလေ၏။ နဂါးအိပ်မက်ပြောလျှင် (၂၇)ထိုး၏။ ကျောက်စိမ်းလို့ပြောရင် (၂၃)ကို ထိုးလေ၏။ ဒီလိုနှင့် ကျွန်ုပ် အိပ်မက်များကို ပေါ့ပြက်ပြက်ဖြစ်အောင် တပည့်များလုပ်ကြ လေတော့၏။ ကျွန်ုပ်သည် ၎င်းအိပ်မက်မြင်မက်ပြီး နှစ်ရက်လောက်တွင် ကျွန်ုပ်၏ ဆရာဖြစ်သော စမတစ်ထောင်ဆရာတော်မှ ခေါ်သဖြင့် ကျွန်ုပ်၏ကျောင်းလေး၏နောက်လမ်းလေးကနေ စမကျောင်းသို့ ရောက် သွားခဲ့လေ၏။ ကျွန်ုပ်ရောက်နေသောအချိန်တွင် စမဘုန်းဘုန်းသည် သူထံသို့ နဂါးရုံဘုရားတစ်ဆူလာလှူကြောင်းပြောလေ၏။ ထိုအခါ ကျွန်ုပ်က နဂါးရုံဘုရားသေးသေးလေးပဲ အောင့်မေ့ပြီး အမှုမဲ့ အမှတ်မဲ့

www.burmeseclassic.com



နေလိုက်၏။ "ပေါက်ဆိန် . . . လာငါတို့ လက်ဖက်ရည်သွားသောက်ကြရအောင်"ဟုခေါ်သဖြင့် ကျွန်ုပ်နှင့် စမဘုန်းဘုန်းသည် ဝါးတလူလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည် သောက်ရန်ထွက်ခဲ့လေတော့၏။ ထိုအချိန်တွင် ရှင်ဥပဂုတ္တရဟန္တာကြီးရဲ့နားသို့ ကရိန်းကားကြီးနှင့် နဂါးရုပ်ကြီးကို လာ၍ချနေတာကို တွေ့ရလေ၏။ ထိုအခါကျွန်ုပ်က "ဘုန်းကြီး ဒီနဂါးကြီးက ဘယ်လိုဖြစ်လို့ ဒီကိုလာတာလဲ၊""ဘယ်လိုမှမဖြစ်ဘူး။ ဒီနဂါးကြီးက စကျင်ကျောက်နဂါးကြီးကွ၊ နဂါးရုံဘုရားပေ့ါ၊ သူတို့ရဲ့ပိုင်ရှင်တွေက ဒီမှာငါ့ကျောင်းကိုလာလှူတာ"ဟုသာဆိုလေ၏။ ကျွန်ုပ်သည် ကျွန်ုပ်အိပ်မက်မက်ထားသော အဖြစ်ပျက်ကို ပြောသင့်မပြောသင့် စဉ်းစားလိုက်လေ၏။ ပြီးလျှင် စိတ်ထဲမှနေ၍ ဘယ်လိုဖြစ်လို့များငါမက်ထားတဲ့အိပ်မက်က ငါ့ဆီမလာဘဲ စမဘုန်းကြီးဆီ ရောက်နေတာပါလိမ့်"ဟု စိတ်ထဲမှ တွေးနေမိလိုက်၏။ လက်ဖက်ရည် ဆိုင်သို့ရောက်သောအခါ လက်ဖက်ရည်သောက်ရင်း ပေါက်စီတစ်လုံးစားလိုက်လေ၏။

ပြီးလျှင် စမဘုန်းဘုန်းက "ငါ့ဆီကွာ နဂါးရုံဘုရားကြီးလာလှူတယ်ကွာ၊ ဒီနဂါးရုပ်ကြီးကလဲ ထူးဆန်းတယ်ကွ၊ သူတို့ပိုင်ရှင်တွေကို အိပ်မက်ပေးပြီး သူ့ကို ဘုန်းကြီးကျောင်းကိုပို့ပေးပါ၊ အိမ်မှာမထားပါနဲ့လို့ဆိုတယ်ကွ၊ ဒါနဲ့ပိုင်ရှင်တွေလဲ ပထမတော့ စိတ်စွဲလို့ပေ့ါ၊ နောက်တစ်ရက်ကြာတော့ ကျောက်နဂါးကြီးက အိမ်ရှင်ကို အိပ်မက်ပြန်ပေးပြန်တယ်၊ 'နင်တို့ကို ငါပြောနေတာမရဘူးလား။ နင်တို့တစ်အိမ်လုံးကို ငါသတ်ပစ်ရမလား'ဆိုလို့ ပိုင်ရှင်တွေအားလုံးလည်း လန့်ဖြန့်ကုန်ပြီး စဉ်းစားကြတယ်၊ တိုင်ပင်ကြတယ်၊ အဲ့ဒီအချိန်မှာပဲ တစ်အိမ်လုံးတစ်မိသားစုလုံး ဖျားကုန်ကြတယ်၊ နောက်ပိုင်းတတ်သိနားလည်တဲ့ဆရာတော်တွေကိုမေးပြီး ပရိတ်ရွတ်တယ်၊ မရဘူး ဒါနဲ့ ဒီကျောက်



www.burmeseclassic.com

www.burmeseclassic.com



နဂါးကြီးကို ကရိန်းနဲ့ဆွဲပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းကို လှူလိုက်တယ်''ဟုဆိုကာပြောပြီး စမဘုန်းဘုန်းသည် လက်ဖက်ရည်တစ်ငုံသောက်လိုက်လေ၏။ ပြီးလျှင် စကားဆက်လျက် ''အေး အဲ့ဒီဘုန်းကြီးကလဲ ကျောက်စိမ်းနဂါးကြီးဆိုတော့ စိတ်ဝင်စားတယ်၊ သူ့အလှူခံလိုက်တယ်၊ အဲ့ဒီကျောက်စိမ်းနဂါးကို ရေဆေးဘာဆေးနဲ့ထားတယ်၊ အဲ့ဒီနဂါးကြီးက အသက်ဝင်နေတယ်ကွ၊ ညကျတော့ ဒီဘုန်းကြီးကို အိပ်မက်ပေးပြန်တယ်။ သူဒီမှာမနေချင်ဘူးလို့ ပြောပြန်တယ်၊ ဒါနဲ့ဘုန်းကြီးလဲ လန့်နိုးပြီး နဂါးကြီးကိုသွားကြည့်တော့ မူလနေရာမှာမရှိဘဲ နေရာရွှေ့နေပြီး လမ်းဘက်ကို မျက်နှာလှည့်နေတယ်၊ ဒါနဲ့ ဘုန်းကြီးလည်း ဒကာတွေကိုနိုးပြီး ထူးဆန်းတာကိုပြလိုက်တယ်၊ ဒကာတွေလည်း အံ့သြသွားတာပေါ့၊ နှစ်တန်လောက်လေးတဲ့ လူအယောက် (၃၀) လောက်မ,ရတဲ့ ကျောက်စိမ်းနဂါးကြီးဟာ နေရာရွှေ့နေတော့ လူတွေစိတ်ဝင်စားသွားတာပေါ့၊ ဒါနဲ့ လူအားနဲ့ပြန်လှည့်ပြီး ဒီနဂါးကြီးကိုနေရာလုပ်တယ်၊ နဂါးကြီးက ဘုန်းကြီးကို အိပ်မက်ပေးပြန်တယ်၊ မရဘူး၊ ဒီဘုန်းကြီးကလည်း ခေါင်းမာတယ်၊ ကျောက်စိမ်းနဂါးကြီးဆိုတော့လဲ စိတ်ဝင်စားတာပေါ့၊ သူ့လူတွေကို ကန်တူးခိုင်းပြီး နဂါးရုံဘုရားလုပ်တော့တာပေါ့၊ ရေကန်တူးနေတဲ့အချိန်ပဲ အဲ့ဒီဘုန်းကြီးဟာ မြွေကိုက်ပြီး ပျံလွန်တော်မူတယ်၊ဒါနဲ့ ဒကာ ဒကာမတွေလဲကြောက်ပြီး နောက်ဘုန်းကြီးကျောင်းတစ်ကျောင်းကို လှူတယ်ကွ၊ ဒါလဲ မရသေးဘူး၊ အဲ့ဒီဘုန်းကြီးကို နဂါးကြီးက အိပ်မက်ပေးပြန်တယ်၊ ဒါကိုလဲ လက်မခံဘူး၊ ကျောက်စိမ်းနဂါးကြီးဆိုတော့ လောဘတက်သွားတာပေါ့၊ နဂါးရုပ်ကြီးကလဲ တော်တော်လေးတာ ကရိန်းကားနဲ့ မ,ရတယ်၊ ကရိန်းဖိုးနဲ့မွဲနိုင်တယ်၊ ဒီဘုန်းကြီးလဲမရဘူး၊ အပြင်းဖျားဖျားပြီး မျက်စိကွယ်တယ်၊ ဒါနဲ့ နောက်တစ်ကျောင်းကို ပြောင်းကြပြန်တယ်၊ ဒီဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်က ဗဟုသုတရှိတယ်ကွ၊ သူ့ကျောင်းကို နဂါးကြီးလဲ ရောက်ရော ဒီလောက်တောင် ပြဿနာရှာတဲ့နဂါးဆိုပြီးအစွယ်တွေကို ရိုက်ချိုးပစ်လိုက်တယ်၊ အမောက်ကိုလဲ ချိုးပစ်လိုက်တယ်၊ အဲ့ဒီမှာ နဂါးကြီးဟာ မာန်ကျိုးသွားတယ်၊ သိပ်မကြာဘူး၊ အဲ့ဒီဘုန်းကြီးလည်း ကားမှောက်ပြီး အရိုးတွေဖြိုင်ဖြိုင်ကျိုးတယ်၊ အခုပိုးချဲနဲ့နေရတဲ့ ဘဝကို ရောက်တယ်၊ ဒါကို ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး နဂါးပိုင်ရှင်တွေဟာ ငါ့ဆီကို လာထားဖို့လုပ်တယ်၊ ဒါနဲ့ငါလဲထားချင်ရင်ထားဆိုပြီးခွင့်ပေးလိုက်တယ်၊

"ဟင်ဘုန်းကြီးကြည့်လည်း လုပ်ဦး၊ ဒီနဂါးကြီးက တော်တော်ဆိုးတာပဲ၊ တော်ကြာဘုန်းကြီးပါ ပျံလွန်တော်မူသွားဦးမယ်"ဟု ဆိုလိုက်၏။ ထိုအခါ စမဘုန်းဘုန်းက–

"မပျံလွန်ပါဘူးကွာ၊ ဒီနဂါးကို ငါလည်း မယူပါဘူး"

"ဟင် ဒါဆိုဘာလုပ်မှာလဲ"

"အေး မင်းကိုပေးမလို့"

"ဟင် မလုပ်နဲ့ တပည့်တော်ပါ ကာလနာ တိုက်သွားဦးမယ်၊ လာပြီးချောက်မတွန်းနဲ့"ဟု ဆိုကာပြောပြီး ဆရာတပည့်နှစ်ယောက် နဂါးကြီးအား ဘောလီဘောပုတ်ကာ သူ့ကျောင်းသွား ငါ့ကျောင်းသွား" ဟု ဆိုကာ လုပ်နေကြလေ၏။

ဒီလိုနှင့် ကျွန်ုပ်နှင့် စမဘုန်းဘုန်းသည် လက်ဖက်ရည်ဆိုင်မှ ပြန်လာပြီး နဂါးကြီးအား သွားကြည့်ကြလေ၏။ ကျောက်စိမ်းနဂါးမှာ နဂါးနဲ့မတူတော့ချေ။ အစွယ်ကလဲ အချိုးခံထားရတယ်၊ အမောက်ကလည်း ချိုးခံထားရသဖြင့် မသိရင် ပုဇွန်ထုပ်ကြီးလိုဖြစ်လို့နေ၏။ တစ်ကိုယ်လုံးကိုလည်း နိုင်လွန်ကြိုးကြီးများနှင့် တုတ်လို့ထားလေ၏။ ကျွန်ုပ်သည် ဘယ်လိုဖြစ်မှန်းမသိပေ။ ဒီနဂါးကြီးအား သနားမိလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဒါနဲ့နောက်နေ့တွင် နဂါးကြီးကို ကျွန်ုပ်အိပ်မက်မက်လေ၏။ ကျွန်ုပ်အားလာခေါ်ပါဟုပြောလေ၏။ ဒါနဲ့ ကျွန်ုပ်လဲ နိုးနိုးချင်း၊ စမဘုန်းဘုန်းအား သွား၍လျှောက်လိုက်၏။ ဘုန်းကြီးကလည်း–

"မင်းလိုချင်ရင်ယူသွားလေ၊ ပုံလွန်တော်မူရင်တော့ ငါလဲမတတ်နိုင်ဘူး"ဟုဆိုလေ၏။

ဒီလိုနှင့်ကျွန်ုပ်သည် နဂါးကြီးနားသို့သွားပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များထွန်းကာ ခန္တသုတ်ကို (၉)ခေါက်ရွတ်ပြီး "အသင်နဂါးမင်းအသင်နဲ့ကျွန်ုပ် ပဌာန်းဆက်ပါရင် ကျွန်ုပ်ကျောင်းကို အသင်လိုက်ခဲ့တော့ "ဟုဆိုကာ ပြောလိုက်ပြန်ပြီးလျှင် ယခုလှူဒါန်းထားတဲ့ ပန်းတွေ၊ ဆီမီးတွေ၊ အမွှေးနံ့သာတွေကို အသင့်ကိုယ်စားမြတ်စွာဘုရားကို လှူပေးတယ်၊ အသင်လဲစိတ်ချမ်းသာတော့"ဟုဆိုကာ လက်နဲ့ပါးပြင်းကို ပုတ်ပေးလိုက်၏။ နဂါးကြီးသည် မမာဘဲ ပျော့အိအိကြီးဖြစ်လို့နေ၏။ ကျွန်ုပ်သည် လန့်ပြီး လက်ကို နောက်သို့ တွန့်လိုက်၏။ ပြီးလျှင် သေချာပြန်ကိုင်ကြည့်၏။ မာမာကြီးဖြစ်နေပြန်၏။ ကျွန်ုပ်ကြက်သီးမွေးညှင်းများ ဖျန်းကနဲထသွား၏။ အင်း ဒီနဂါးကြီးက ထူးတော့ထူးနေပြီ၊ ကျောက်စိမ်းနဂါးကြီးသည် ဆီဆေးအစိမ်းများ သုတ်ထားသဖြင့် နဂိုအလှများပျက်လို့နေ၏။ ရုပ်ကလဲဆိုးလှ၏။ ကျွန်ုပ်သည် စမဘုန်းဘုန်းထံပြန်လာပြီး

"ဘုန်းကြီး ဒီနဂါးကြီးကို ဘယ်သူမှယူမယ့်လူမရှိရင် တပည့်တော်ယူမယ်"ဟု ရဲရဲဝံ့ဝံ့ ပြောလိုက်၏။ ထိုအခါ စမဘုန်းဘုန်းက

"ဟော့ကောင် ကြည့်လုပ်ဦးနော်"

"ရတယ် ဘာမှမဖြစ်ဘူး"

"ကဲ ဒါဆိုလည်း မင်းပင့်လို့ရရင်ပင့်ကွာ"ဟု ဆိုကာပြောသဖြင့် ကျွန်ုပ်သည် ရက်ကောင်းရက်မြတ်ကို ရွေးကာ နဂါးကြီးအား ကဆုန်

www.burmeseclassic.com



လပြည့်နေ့တွင် ပင့်မည်ဟု စမတစ်ထောင် စမဘုန်းဘုန်းအား ကတိပေးလိုက်လေတော့၏။

ကျွန်ုပ်သည် ဖုင်းကျောက်စိမ်းနဂါးကြီးအား ပင့်ရန်အတွက် စမဘုန်းဘုန်းအား ကတိပေးလိုက်လေ၏။ ကျွန်ုပ်ကျောင်းသို့ ပြန်ရောက်သောအခါတွင် ကရင်သည် ဧည့်သည်များအား ဧည့်ခံလို့ထား၏။ တချို့ကလည်း ကျွန်ုပ်အားတွေ့သောအခါ ဝမ်းသာကြ၏။ တချို့ကလည်း ဘဝပဌာန်းဆက်တွေပဲဆိုပြီး ငိုကြ၏။ တချို့ကလည်း ဝင်၍ပူးကြလေ၏။ "ဟေ ကရင်ဘာတွေဖြစ်ကုန်တာလဲ" "မသိပါဘူး ဘုန်းဘုန်းရယ် ငိုလိုက်ယိုလိုက် ပူးလိုက်နဲ့ ယောက်ယက်တွေခတ်နေတယ်။"

"ဘုန်းဘုန်းဘုရား တပည့်တော်တို့ကို ကယ်ပါ၊ ယတြာလေးပေးပါ"စသဖြင့် ဗေဒင်ယတြာတောင်းသည့်လူများကလည်း တောင်းကြလေ၏။ တချို့ကလည်း အကြွေးတွေ ဝိုင်းနေလို့ပါဆိုပြီး အတိတ်တွေ နိမိတ်တွေတောင်းကြလေ၏။ ဒီလိုနှင့် ကျွန်ုပ်လည်း ရှင်းသင့်တာတွေရှင်း၊ ပေးသင့်တာတွေပေး၊ လင်းသင့်တာတွေ လင်းရင်းနဲ့ပဲ ခုနစ်ရက်သားသမီးများ၏ ကိစ္စများကို ဖြေရှင်းလို့ပေးလိုက်လေ၏။

ပြီးလျှင် ကရင်အား "ဟော့ကောင် ကရင် ငါစမဘုန်းဘုန်းကြီးဆီက နဂါးရုံဘုရားကြီးကို အလှူခံလိုက်ပြီ ကဆုန်လပြည့်နေ့ကျရင်ပင့်မယ်"ဟုဆိုလိုက်၏။ ထိုအခါကရင်က

"ဟင် ဘုန်းဘုန်း ဟိုပြဿနာရှာတဲ့ နဂါးကြီးလား"

"အေးလေ"

"ဟာ ဘုန်းဘုန်း တပည့်တော်တို့ ဒုက္ခတွေရောက်ကုန်လိမ့်မယ်နော်၊ ဒီနဂါးကြီးက တော်တော်ဆိုးတယ်လို့ သတင်းရထားတယ်၊ ကြည့်လည်းလုပ်ပါဦး ဘုန်းဘုန်းရယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့"

"ဟော့ကောင် ဘာဖြစ်လဲ ဆက်ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို"

"ပျံလွန်တော်မူမှာကို ပြောမလို့မဟုတ်လား။ လူဆိုတာ မွေးကတည်းက သေရတာပဲလေ ကရင်ရဲ့၊ အကြောင်းအကျိုးဆိုတာ ရှိတယ်ကွ၊ ဒါမဆန်းပါဘူး။ ငါကဆန်းချင်လို့ကွ"

"ဟင် ဘုန်းဘုန်း ဆန်းချင်ရင်ဆန်း ဒီနဂါးကြီးရှိရင် တပည့်တော် လည်းမနေရဲဘူးနော်၊ ကြောက်တယ်၊ ဒီနဂါးကြီးရဲ့ မျက်လုံးက မီးဝင်းဝင်းတောက်နေသလိုပဲ"

"ဟော့ကောင် မင်းကြောက်ရင်မလုပ်နဲ့ ငါပင့်မယ်လို့ ကတိပေးပြီး သွားပြီ"

"ဘုန်းဘုန်းကတော့ လုပ်တော့မယ်၊ မြွေတွေတုန်းကလည်း ကရင်ပဲ၊ အခုဟာမြွေတင်မကဘူး။ နဂါးကိုပါ ပင့်တော့မယ်ပေါ့၊ တပည့်တော် ကြားဖူးတာကတော့ နတ်နဲ့ နဂါးမလှည့်စားနဲ့တဲ့"

"အောင်မယ် လူတတ်ကြီးလုပ်လို့ မင်းကများ စာနဲ့ပေနဲ့လုပ်နေသေးတယ်၊ နတ်တို့နဂါးတို့က လှည့်စားတယ်ဆိုတာ ဒီလိုပါကွ၊ နဂါးရုပ်တွေကို နေရာအထားအသိုမတတ်ရင် နဂါးက ခိုက်တယ်၊ နဂါးက ပါးစပ်ကြီး ဖွင့်ထားတာဆိုတော့ မီးမှုတ်တဲ့သဘောပဲ၊ အဲဒီနေရာ မီးလောင်တတ်တယ်၊ မီးမလောင်ရင်တော့ မီးလောင်သလိုမျိုး ပူပင်သောကတွေရတတ်တယ်ကွ၊ နဂါးမျက်စောင်း အကြောင်းမရွေးဘူးဆိုတာလဲ ရှိတယ်ကွ၊ နဂါးပုံတွေကို လုပ်တော့မယ်၊ ဆေးခြယ်တော့မယ်ဆိုရင် မျက်စိကို သေချာလုပ်ရတယ်၊ အထူးသဖြင့် တည့်အောင် လုပ်ရတယ်၊ မျက်စိမစောင်းရဘူး။ စောင်းသွားတာနဲ့ အဲ့ဒီအိမ်ပြာ ဖြစ်ပြီပဲကွ၊ အမြီးက တည့်နေရမယ်၊ အမြီးကဘေးမထွက်ရဘူး။ အမြီး အမောက်မတည့်ရင်လည်း ခိုက်တယ်ကွ၊ ဟော့ကောင်ကရင် ငါက နဂါးမျိုးပါကွ၊ နဂါးတွေအကြောင်းတော့ သိတာပေါ့ကွ၊ ဟော့ကောင်

နဂါးကြီးပင့်ရင် မင်းငါ့ကို လူတွေရှာပေး။"

"ဘယ်နှစ်ယောက်လောက်လဲ"

"အယောက် ၃၀လိုချင်တယ်၊ ရှမ်းအိုးစည်ဝိုင်းလဲလိုချင်တယ်"

"ရှမ်းအိုးစည်က ရပါတယ်၊ လူအယောက် ၃၀ ကတော့ ဘုန်းဘုန်း ..."

"ဟော့ကောင်ငါမုန့်ဖိုးပေးမယ်၊ ရအောင်ခေါ်ခဲ့၊ လမ်းထိပ်မှာရှိတဲ့ ကယ်ရီသမားတွေရော၊ ဆိုက်ကားသမားတွေရော အကုန်ခေါ်ခဲ့"

"ရပါတယ် ဘုန်းဘုန်း ဘယ်နေ့ပင့်မှာလဲ"

"ငါကဆုန်လပြည့်နေ့ပင့်မယ်၊ အခုတစ်ပတ်လိုသေးတယ်၊ မနက်ဖြန် ငါအဓိဋ္ဌာန်ဝင်မယ်၊ သက်သတ်လွတ်စားမယ်၊ ဘာအသီး အရွက်မှ မစားဘူး၊ ငါတစ်ပတ်လုံး ထမင်းကို ဆီနဲ့ဆားနဲ့စားမယ်၊"

"ဗုဒ္ဓေါ တပည့်တော်တော့ငတ်ပြီပေါ့"

"ဟော့ကောင် မင်းကစားလို့ရတယ်၊ ဒါပေမယ့် သက်သတ်လွတ် စား အရက်မသောက်နဲ့၊ အသီးအရွက်စားလို့ရတယ်၊ အသားမစားရ ဘူး၊ ငါကထမင်းကို ဆီနဲ့ဆားနဲ့စားတာက အကြောင်းရှိလို့၊ ခြသေ့် ခတ်ကျင့်မလို့၊ ခြသေ့်က အင်္ဂါနံကွ၊ အင်္ဂါခါတ်ပဲစားမယ်၊ ခြသေ့် ဆိုတာ ကေသရာဇာတောသုံးတောင်ကို အုပ်စိုးတဲ့ခါတ်ပဲ၊ စက်ကြီး တစ်ဆယ့်သုံးပါး အဓိဋ္ဌာန်ဝင်မယ်၊ မင်းငါ့ကို ကူညီ၊ ဒီနဂါးကြီးကို ငါရအောင်သယ်မယ်၊ ကြားလား"

"တင်ပါ့၊ ဘယ်နေ့ကစမှာလဲ သက်သတ်လွတ်"

"မနက်ဖြန်ကစမယ်၊ ငါ့ကို ကန်တော့ပွဲတစ်ပွဲဝယ်ပေး ရွှေငှက် ပျောလိုချင်တယ်၊ နဂါးသိုက်ကို ပွဲပေးမယ်၊ ရှမ်းအိုးစည်ဝိုင်းလိုချင် တယ်၊ တစ်ပတ်လုံးရှမ်းအိုးစည်တီးမယ်၊ ပြီးရင် အမျှဝေမယ်၊ စာရင် ငါနိုင်း တဲ့အတိုင်းလုပ် စည်းဖောက်ရင် မင်းကို မြွေကိုက်သိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကြားလား''

''တင်ပါ့''

''ရော့ ပိုက်ဆံတစ်သောင်းယူသွား၊ ငှက်ပျောပွဲ သွားဝယ်လိုက် ကန်တော့ပွဲလှူပြီး ဘောဂဝတီနဂါးသိုက်ကို ပင့်မယ်''ဟုဆိုကာ ကရင်အား ကန်တော့ပွဲ ဝယ်ခိုင်းလိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်သည် ဆံရိတ်၊ ရေမိုးချိုးပြီး မနက်ဖြန် အဓိဋ္ဌာန်ဝင်ရန်အတွက် ပြင်ဆင်လိုက်လေတော့၏။ ကန်တော့ပွဲအပ်ပြီ။ ကရင်သည် ကန်တော့ပွဲများဝယ်လာပြီး သေချာဆေးကြောကာ ပြင်ဆင်လို့ပေးလေ၏။''ဘုန်းဘုန်း ဒီပွဲကို ဘယ်ကိုလှူမှာလဲ''

''ငါ့ကိုပေး ငါအပ်မယ်''ဟုဆိုကာ ကျွန်ုပ်သည် ကန်တော့ပွဲအပ်ရန်အတွက် ပြင်ဆင်လိုက်ပြီး ကရင်အား ပွဲအပ်ပြီးရင် ရှမ်းအိုးစည်တီး၊ အောင်စည်အောင်မောင်းတီးရရန်အတွက် ပြောထားလိုက်လေ၏။

ပြီးလျှင် ကျွန်ုပ်သည် ဖယောင်းတိုင်(၅)တိုင်၊ သောက်တော်ရေ(၅) ခွက်အား မြတ်စွာဘုရားအားလှူလိုက်၏။ ပြီးလျှင် ကန်တော့ပွဲ၊ အုန်းသီးငှက်ပျောပွဲအား မြတ်စွာဘုရားအား နဂါးသိုက်မှ ဆွေတော်ရှစ်သောင်းမျိုးတော်ပေါင်းတို့၏ကိုယ်စား ဆက်ကပ်လှူဒါန်းပြီးလျှင် နတ်နဂါးများစောင့်ရှောက်လျှက်ရှိသော နဂါးပြည်မှ မြတ်ဗုဒ္ဓ၏ စွယ်တော်အား ယခုကန်တော့ပွဲနှင့် နတ်နဂါးများ၏ ကိုယ်စားလှူဒါန်းပူဇော်လို့ပေးပါသည်ဘုရား၊ နဂါးပြည်မှ နဂါးမင်း၊ နဂါးမယ်တော်၊ နဂါးဒေဝီ၊ နဂါးဒေဝါများပါမကျန် ကျွန်ုပ်အသိသက်သေထားပါသည်။ ဒီနေ့မှစ၍ စမကျောင်းမှကျောက်စိမ်းနဂါးကြီး ကျောင်းသို့ရောက်တဲ့အထိ အဓိဋ္ဌာန်သက်သတ်လွတ် ထမင်းဆီဆံမ်းဖြင့် စားပါမည်။ ဩဇာ အာဏာတည်ပါစေ၊ ပြုလုပ်သောကောင်းမှုကို ဘောဂဝတီနဂါးမယ်တော်ကြီးနှင့်တကွ

www.burmeseclassic.com



နတ်နဂါးများအား အမျှအတန်းပေးဝေပါသည်၊ သာဓုခေါ် ပါစေဟုဆိုကာ အဆုံးသတ်လိုက်သည့်အချိန်တွင် ကရင်သည် ရှမ်းအိုးစည် ဝိုင်းတော်သားများအား ရှမ်းအိုးစည်တီးခိုင်းလေတော့၏။ နောင် ... နောင် ... နောင်.. နောင်ပေ ... နောင် ... နောင်.. နောင်.. နောင်ပေ နောင် ... ဟု ရှမ်းအိုးစည်အသံသည် သာယာရွှင်လန်းစွာ ထွက်ပေါ်လို့လာခဲ့ပါတော့သည်။

ကျွန်ုပ်၏ခန္ဓာကိုယ်တစ်ခုလုံးလည်း ကြက်သီးမွေးညှင်းများထ၍လာလေ၏။ စိတ်ထဲတွင်လည်း လွတ်လပ်ပေါ့ပါးပြီး လေဟုန်စီးပြီး ပျံဝဲတော့မည်အလား ထင်ရလေတော့၏။ ထိုအချိန်တွင် အနားမှဖြတ်သွားသော အမျိုးသမီးများ၊ အမျိုးသားများသည် ရှမ်းအိုးစည်တီးသံကြားသဖြင့် ဝင်ပြီးစပ်စုကြရာတစ်ယောက်ပြီးတစ်ယောက် နဂါးသိုက်ဝင်၍ပူးကာ မြေကြီးတွင်လူးလိမ့်လေတော့၏။ ကျွန်ုပ်၏စိတ်များသည်လည်း ဘယ်လိုဖြစ်သွားသည်မသိပါ။ ပျော်ရွှင်လို့သွားလေ၏။

ကျွန်ုပ်သည် ကရင်အား ရှမ်းအိုးစည်တောင်းကာ ကိုယ်တိုင်ဝင်၍တီးလေတော့၏။ ရှမ်းအိုးစည်ကလဲမြူး စည်းချက်ကလဲညီ၊ နဂါးသိုက်တွေကလဲမြူးနှင့်လက်ခုပ်လက်ဝါးသံများ မိုးထိအောင်ညံလို့သွားလေတော့၏။ နောက်နေ့ကစပြီး ထမင်းကို ဆီနဲ့ဆားနဲ့စားကာ သက်သတ်လွတ် အဓိဋ္ဌာန်ဝင်ခဲ့လေတော့၏။ အဓိဋ္ဌာန်ရက်အတွင်း လွန်စွာထူးလေ၏။ နဂါးသိုက်မှ ဆွေမျိုးညီအစ်ကိုမောင်နှမများ ရောက်ရောက်လို့လာ၏။

ကဆုန်လပြည့်နေ့သို့ ရောက်ခဲ့လေပြီ၊ ကျွန်ုပ်နှင့်ကျောက်စိမ်းနဂါးကြီးတို့၏ စိန်ခေါ်မှု စတင်လို့လာလေတော့၏။ "ကရင် မင်းလူတွေရပြီလား"

"အဆင်သင့်ပဲ၊ ရှမ်းအိုးစည်ရှိ၊ နိုင်လွန်ကြိုးရှိ၊ လူ့အယောက်



www.burmeseclassic.com

www.burmeseclassic.com



၃၀ ရှိ၊ သယ်ဖို့ကားရှိ၊ ကားတာယာတွေရှိ” ကျွန်ုပ်ပြောကြားသမျှကို လိုရင်းတိုရှင်းနှင့် ရှိရှိဟုပြန်၍ထူးကြလေတော့၏။

“ကဲ အားလုံးဘုရားရှိခိုးမယ်ဟုဆိုကာ ဘုရားရှိခိုးကြလေ၏။ မဟာဗောဓိပင်ပျိုအား ကဆုန်ညောင်ရေသွန်းကြ၏။ နေ့ထူးနေ့မြတ်ဗုဒ္ဓ အခါတော်နေ့ကြီးမှာ တပည့်တော်တို့ နဂါးကြီးအား ကျောင်းသို့ပင့်ရာ တွင် အောင်မြင်ရပါလို၏ဟု ဆုတောင်းလိုက်၏။

ကရင်သည် နဂါးကြီး၏ရာဇဝင်ကို တစ်စွန်းတစ်စ ပြောထား သဖြင့် တချို့လူငယ်လေးများသည် စိုးရိမ်ကြလေ၏။

“ကဲ စပြီ ကရင် ငါတို့လုပ်ငန်း၊ မင်းတို့ကားပေါ်တက်”ဟုပြော လိုက်သဖြင့် နဂါးကြီးအားသယ်မယ့်ကုတ်များ၊ ကြိုးများ၊ တုတ်ကြီးများ ကိုယ်စီ ကိုယ်စီကိုင်ထားကြလေ၏။ “ကဲ ထော်လာဂျီ နှိုးတော့ဟေ့” ဟု အမိန့်ပေးလိုက်၏။

ကျွန်ုပ်သည် ဘုရားကျောင်းမှ ပုလင်းလေးတစ်လုံးကို ယူပြီး ပါးစပ်ထဲတွင် ငုံထားလိုက်လေ၏။ ၎င်းပုလင်းမှာ ပင်နယ်စလင်ပုလင်း လုံးလေး ဖြစ်လေ၏။ ညက ဘောဂဝတီမယ်တော်ကြီး အိပ်မက်ပေး သဖြင့် ကျွန်ုပ် ပါးစပ်ထဲတွင် ဆောင်ထားခြင်းဖြစ်လေ၏။

“ကဲ ရှမ်းအိုးစည် စတီး”

“နောင်. . . နောင်. . . နောင်ပေနောင်. . . နောင် . . . နောင် . . . နောင်ပေနောင် ရှမ်းအိုးစည်သံသည် စည်းချက်ညီစွာ အလွန် သာယာလှပေ၏။ ကျွန်ုပ်၏စိတ်များသည်လည်း ခြသေ့်တစ်ကောင်လို မာန်တက်လို့နေလေ၏။ သက်သတ်လွတ်ခုနစ်ရက် ဆီနဲ့ဆားနဲ့စား ထားသော်လည်း အားအင်ပြည့်ဖြိုးလို့နေလေ၏။

“ကဲ စမကျောင်းကို ရောက်ပြီ” ကျွန်ုပ်တို့အားလုံး ဓမ္မတစ် ထောင် ဆရာတော်အား ဝိုင်း၍ကန်တော့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဘုန်းကြီး တပည့်တော် နဂါးကြီးပင့်တော့မယ်၊ ဘယ်လိုလဲ သဘောတူတယ်မဟုတ်လား"

"ပင့်လေ မင်းပင့်လို့ရရင်ပင့် သာသွား"ဟုဆိုသဖြင့်

"ကဲ တပည့်သာဝကများ လုပ်ငန်းစမယ်ဟေ့"လို့ ဆိုပြီး နဂါးကြီး နားသို့သွားကာ ကုတ်များနှင့်ထော်လာဂျီကြီးပေါ်သို့ ရောက်အောင် ဝိုင်းပြီး ပင့်ကြလေတော့၏။ "အား ... အီး.. ဟာ ရတော့မယ်.. ဟာကွပါဟ ... ဟာလေးလိုက်တာ.. အောင်မလေး ... ဟေ့ကောင် တွေသတိထား ပြင်ချလို့ မရဘူး ... ကျိုးသွားရင်ဆက်လို့မရဘူး သေချာပင့် မထိခိုက်စေနဲ့ ..."

"ဟာ ဘုန်းဘုန်းနဂါးကြီးက လေးလိုက်တာ"

"အေးနှစ်တန်ကျော်တယ်ကွ၊ ကျောက်နဂါးကြီး၊ ဘိလပ်မြေ နဂါးမှ မဟုတ်တာ၊ ဘိလပ်မြေနဂါးဆို သယ်မနေဘူး၊ ကျောင်းမှာ လုပ်မှာပေါ့၊ ကျောက်နဂါးကွ တန်ဖိုးရှိတယ်၊ သေချာဂရုစိုက်ကြား လား၊ ရှမ်းအိုးစည်မရပ်နဲ့ တီးထား၊ ဟုတ်ပြီ"

"အား ... အီး ... အောင်မလေး လေးလိုက်တာ ... ကွပါဟ" စသည်ဖြင့် စကားပေါင်းစုံထွက်လို့နေသော်လည်း နဂါးကြီးသည် တုတ် တုတ်တောင်မလှုပ်ပေ။ မိုးလေးတဖွဲဖွဲကျလို့လာလေ၏။ နဂါးကြီးအား မရသည်မှာ လွန်စွာခက်ခဲလို့နေ၏။ ကရိန်းနဲ့မရသော နဂါးကြီးအား လူအင်အားနဲ့မရသဖြင့် အခက်အခဲများစွာတွေ့လို့နေ၏။ ကရင်သည် လည်း ချွေးပြိုက်ပြိုက်ကျလို့နေ၏။

"ဟေ့ကောင် အားမလျှော့နဲ့ ရအောင်ပင့်ကွ"

မိုးရွာတာ ပြင်းလာ၏။ လေကြမ်းတွေပါ တိုက်လို့လာလေ၏။ မိုးကြိုးတဒိုင်းဒိုင်းပစ်သံများ၊ လျှပ်စီးများလက်လေတော့၏။ ပြေးတဲ့ လူများလည်း ပြေးကုန်၏။ လူ (၁၅)ယောက်လောက်သာ ရှိတော့လေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ကရင်သည် ဟိုလူလိုက်ဆွဲလဲမရ၊ ဒီလူလိုက်ဆွဲလဲမရ ဖြစ်လို့နေတော့၏။

"ကရင် လူမရှိတော့ဘူးလား၊ မင်းလူတွေက သောက်ပျင်းတွေ၊ တကယ်ကျားကျားလျားလျားတွေခေါ်လာမှပေါ့ကွ၊"

"မရှိဘူး ကျားကျားလျားလျားတွေ၊ အကုန်လုံးအရက်ဆိုင်မှာ"

"အေး ဟုတ်လား သွားခေါ်ကွာ အဲ့ဒီအရက်သမားတွေ အကုန်လုံး"ဟု အမိန့်ပေးလိုက်သဖြင့် ကရင်သည် ထော်လာဂျီဖြင့် စုပေါင်းရုံးထိပ်မှ တကယ်လူကြမ်းအရက်သမားများကို ခေါ်လာလေတော့၏။

"ဟော့ကောင်တွေ မင်းတို့နဂါးကြီးကို ထော်လာဂျီဆီ ရအောင်တင်ပေး၊ ငါမုန့်ဖိုးပေးမယ် ကြားလားအရက်သမားတွေ" မိုးက သဲကြီးမဲကြီး ရွာနေသဖြင့် ကျွန်ုပ်တစ်ကိုယ်လုံးလဲ စိုရွှဲလို့နေ၏။ လူတွေလဲ ကြွက်စုတ်ကလေးတွေဖြစ်လို့နေ၏။

"ကြားပါတယ် ဘုရား"

"အေး ကြားရင်သယ်မယ်"

"တင်ပါ့ဘုရား သယ်ပါ့မယ်"

"ကဲ စပြီကရင် ဟေး ... ဟေး ... ဟေး ... ဟေး ... ဟုတ်ပြီကွ၊ ရတော့မယ်၊ ဂျိမ်း ... ဂျလိမ်း ... ဂျိမ်း ... လျှပ်စီးများ လက်လက်ထသွား၏။

"ဟော့ကောင်တွေ တင်မှာသာ ရအောင်တင်ကွ၊ မကြောက်နဲ့ မိုးခြိမ်းတာပဲ ဘာဖြစ်လို့လဲ"ဟု အရက်သမားများအား ပြောလိုက်သဖြင့် သေမှာမကြောက် ပေတရာလျှောက်နေသော အရက်သမားများအဖွဲ့သည် ကြာသလားဟော့ ဝါး ... အေး .. အာ ... ဟုတ်ပြီ ... ရောက်ပြီ .. ရောက်ပြီ ... အေး ... ဟုတ်ပြီကွ "ဟု ကျွန်ုပ်ပျော်လို့သွား၏။ နဂါးကြီး ထော်လာဂျီကြီးပေါ်သို့ အောင်မြင်စွာရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့၏။

"ကဲ စက်နိုး ဂျလွတ် ... ဂျလွတ်.. ဂျလွတ် အင်း ဘာဖြစ်တာလဲ စက်နိုးလို့မရဘူး၊ မော်တာလောင်သွားပြီ"

"ဟာ ဒုက္ခပါပဲ ဘယ်လိုဖြစ်တာလဲ"

နဂါးကြီးသည် ဒုက္ခပေးလေတော့၏။ ထော်လာဂျီသည်လည်း နဂါးကြီး၏ ဝိတ်နဲ့ ရှေ့ဘီးထောင်လုလုနီးနီးဖြစ်နေ၏။

"အဲဒါမှ ဒုက္ခပဲ ကရင် ဒီနဂါးကြီးဘယ်လိုလုပ်မလဲ၊ မော်တာလဲ ရင်လဲရမယ်" ထော်လာဂျီသမား စိတ်ညစ်သွား၏။ ထော်လာဂျီကြီးမှာလည်း ရှေ့ပိုင်း ဦးမော့ကာ ထောင်လို့နေ၏။

"ကဲ ကဲ မင်းမော်တာ ငါလျော်ပေးပါမယ်၊ ထော်လာဂျီဆရာရယ်၊ နောက်တစ်စီးထပ်ခေါ် ဒီနဂါးကြီးကိုတော့ ပြန်ချလို့မရဘူး ထော်လာဂျီ နှစ်စီးထပ်ပြီးဆွဲမယ်၊ ဒီတော့ ဖောကားကြီးငှားကွာ၊ မြေကြီးသယ်တဲ့ဖောကားကြီးကို ရှေ့ကနေဆွဲ၊ ငါတို့က နောက်ကနေထိန်းမယ် မကောင်းဘူးလား"

"ကောင်းတယ် ကားနှစ်စီးထပ်ဆွဲပြီး တင်ကြတာပေါ့ကွယ်" ဟု အကြံပေးလိုက်၏။ ကျွန်ုပ်တို့ ဖောကားကြီးရောက်လာ၏။ နဂါးကြီးတင်ထားသော ထော်လာဂျီအား ဖောကားကြီးနှင့်ပြန်ချိတ်ကာဆွဲ၍ တင်ရလေတော့၏။ ဖောကားကြီးလည်း လီဘာအကုန်နင်းပြီးဆွဲရလေ၏။ နဂါးကြီးတင်ထားသော ထော်လာဂျီဆရာသည် ပူးချင်သလိုလိုဖြစ်လို့နေ၏။ ကျွန်ုပ်သည် အကြံတစ်ခုပေါ်သွားပြီး ရှင်ဥပဂုတ္တရဟန္တာကြီးထံတွင် ဖယောင်းတိုင်တစ်တိုင်ထွန်းလိုက်၏။ ပြီးလျှင်သောက်တော်ရေကိုစွန့်လိုက်ပြီး–

"ကဲ နဂါးကြီးရေ ... မင်းကင့်ကို ပညာစမ်းတော့မဲ့ ငါက ပညာပေးရတာပေါ့ကွာ"ဟုဆိုပြီး ရှင်ဥပဂုတ္တရဟန္တာကြီးကို ကပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သောသောက်တော်ရေခွက်ကိုယူပြီး ထော်လာဂျိမောင်းသူအား အနည်းငယ်ဖြန်းပေးလိုက်၏။ ပူးခြင်းများရပ်သွား၏။ နဂါးကြီးအား သေချာကြည့်ပြီး

"စိတ်လျော့ စိတ်လျော့ ရော့ ဒါရဟန္တာကြီး ရှင်ဥပဂုတ္တရဲ့ ရေကြည်တော်ပဲ" ဟုဆိုကာ ပက်ဖြန်းလိုက်ပြီးလျှင် ကျွန်ုပ်ပါးစပ်ထဲမှ အိပ်မက်အရဆောင်ထားသော မာတ်တော်ပုလင်းအား နဂါးကြီး၏ခံတွင်းထဲသို့ ထည့်လိုပေးလိုက်လေတော့၏။

"ဝေါ ... ဝူး ... ဝေါ ... ဟုဆိုကာ ကားမှာ ရွေ့လေတော့၏။

"အေး တက်ပြီကွ တက်ပြီ" ဟု လူအများဝိုင်းလို့ အော်ကြလေ၏။

"ဟော့ကောင် ပြန်အော် အောင်ပြီ ... အောင်ပြီ ... အောင်ပြီ" ကျွန်ုပ်သည် ရှမ်းအိုးစည် ဆရာများအား ရှမ်းအိုးစည်တီးခိုင်းလိုက်လေ၏။ ပြီးလျှင်

"အောင်ပြီလားဟေ့၊ အောင်ပြီ ... အောင်ပြီ ... အောင်ပြီဟေ့၊ အောင်ပြီလားဟေ့ ... အောင်ပြီ" ဟု ကြွေးကြော်ကြလေ၏။ ကျွန်ုပ်သည် ထပ်မံ၍ဤကဲ့သို့ ဥဒါန်းကျူးခဲ့လေတော့၏။

**ငါတည်းတစ်ယောက်ချမ်းသာရောက်ဖို့**
**ခုလောက်ကြိုးကုတ် အားမထုတ်ဘူး**
**အာဂယောက်ျား ရေးပညာရှိတို့လို**
**ဝိဇ္ဇာလုပ်ပြီး ဒုက္ခသည်အပေါင်းကို**
**ငါကူညီမယ်ဟု မြတ်ဘုရားထံမှာ**
**ဆုပန်ထားခဲ့လေပြီ၊**
**ဘယ့်နှယ်ကွာ**
**ငါ့ကိုလေများ စိန်ခေါ်လေသလား**



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... ဟား နဂါးကြီးကားပေါ်မှာ ရောက်ပြီ" ဖောကားကြီးမှ ဆွဲခေါ်သွားသဖြင့် အလိုက်သင့်လေး ပါလာခဲ့လေတော့၏။ ကျွန်ုပ်တို့ကျောင်းကို နဂါးကြီး ရောက်ခဲ့လေတော့၏။

"ကဲ ကရင်ရေ တင်ပြီးရင် ချရတယ်ကွ" "ဘယ်မှာ ချရမှာလဲ ဘုန်းဘုန်း " ကရင်သည်လဲ မိုးရေတွေ စိုရွှဲနေသဖြင့် ခိုက်ခိုက်တုန်လို့နေ၏။ နဂါးဝိုင်းသယ်ပေးကြသော ခုနစ်ရက်သားသမီးများသည်လည်း ခိုက်ခိုက်တုန်လို့နေလေတော့၏။ ကျွန်ုပ်သည်လည်း သင်္ကန်းတစ်စုံလုံး ရွှဲရွှဲစိုအောင် မိုးမိထားသဖြင့် ခိုက်ခိုက်တုန်နေသော်လည်း မလျှော့သောဇွဲလုံ့လဖြင့် မတုန်ချင်ဟန်ဆောင်ထားပြီး စီစဉ်စရာရှိတာ စီစဉ်ရလေတော့၏။

"ကဲ ဒီနားမှာချကွ"ဟု အမိန့်ပေးလိုက်သဖြင့် ကျောင်း၏ ဘေးနား ညောင်ကြတ်ပင်ကြီးအောက်တွင် နဂါးကြီးအား နေရာပေးလိုက်လေတော့၏။

ကျွန်ုပ်၏ကျောင်းတွင် ကျောက်နဂါးကြီး စတင်၍ရောက်ခဲ့လေတော့ ၏။ ကျွန်ုပ်နှင့်ကရင်သည် တင်းထားသမျှ စိတ်ဓာတ်များအား နဂါးကြီး ကျောင်းကိုရောက်မှပင် စိတ်ချမ်းသာလို့ သွားလေ၏။ ထိုအခါ ကရင်သည် ကျွန်ုပ်ထံမှ ကျောက်နဂါးကြီးအား ဝိုင်း၍သယ်ပေးကြသော ကလေးလူကြီးများအား မုန့်ဖိုးပေးရန် လက်ဝါးဖြန့်လေတော့၏။ ကျွန်ုပ်သည် ဘယ်လိုဘယ်အကြောင်းမှန်းတော့မသိချေ။ ၎င်းကျောက်နဂါးကြီးအား ကျွန်ုပ်၏ ကျောင်းသို့ အောင်မြင်စွာသယ်ယူလာနိုင်ခဲ့သဖြင့် ဝမ်းသာပီတိဂွမ်းဆီထိသကဲ့သို့ ပျော်ရွှင်သွားပြီး ကျွန်ုပ်ထံတွင် ရှိသမျှ ပိုက်ဆံများအား နဂါးကြီး၏ ရှေ့တွင် ကြဲချလိုက်လေတော့၏။ ရှမ်းအိုးစည်တီးသူများလည်း ၎င်းတို့၏ အိုးစည်များ



www.burmeseclassic.com

www.burmeseclassic.com



ကို အသာချ၍ အားရပါးရလုကြလေတော့၏။ ပြီးလျှင် ကျွန်ုပ်နှင့် ကရင်သည် အောင်ပြီလားဟေ့ဟု သုံးကြိမ် ကြွေးကြော်ကြလေတော့ ၏။

ခုနစ်ရက်သားသမီးများအားလုံး နဂါးကြီးဝိုင်းရွှေ့ပေးသည့် တာဝန်ပြီးဆုံးသွားသဖြင့် ၎င်းတို့၏ အိမ်သို့ အလျှိုလျှို ပြန်ကြလေ တော့၏။ ကျွန်ုပ်နှင့်ကရင်သာ ကျောင်းတွင် နဂါးကြီးနှင့်အတူ ကျန်ခဲ့ လေတော့၏။ ညမိုးချုပ်သောအခါ ကရင်သည် အုတ်ရောရော ကျောက်ရောရောလုပ်ကာ လမ်းထိပ်ကွမ်းဝယ်ဦးမည်ဟုဆိုကာ ထုံးစံ အတိုင်း အရက်သမားများနှင့် ပွဲကျလေတော့၏။ ကျွန်ုပ်သည် ၎င်းနဂါး ရုပ်ကြီးအား သေချာစိုက်ကြည့်လို့နေပြီး စိတ်ထဲတွင် တစ်မျိုးကြီး ခံ စား ရလို့နေလေတော့၏။

ကျွန်ုပ်သည် နဂါးကြီးအား သေချာ ရေဆေးကြောသန့်စင်လိုက် ပြီးနောက် နံ့သာဖြူအမွှေးနံ့သာများနှင့် ပက်ဖြန်းလို့ ပေးလိုက်လေ တော့၏။ ပြီးလျှင် ဖယောင်းတိုင် သုံးတိုင် ထွန်းလိုက်၏။ အမွှေးတိုင် များလည်း အရေအတွက်မရှိ အစုလိုက်အပြုံလိုက် မီးညှိပူဇော်ပေး လိုက်၏။

"ကဲ . . . အသင်နဂါးမင်း . . . နဂါးတိုင်းပြည်က ဗုဒ္ဓစွယ်တော် ကို အသင် လှူဒါန်းနိုင်ဖို့အတွက် ကျွန်ုပ် လှူဒါန်းပေးလိုက်သည်။ အသင် သာဓုခေါ်ပါ"ဟု စိတ်ထဲမှ ဆုတောင်းလိုက်လေ၏။ ကျွန်ုပ် ၏ အမွှေးတိုင်အငွေ့များသည် နဂါးကြီးအား ဝိုင်းပတ်၍ နေလေ၏။ မသိလျှင် နဂါးကြီးအသက်ဝင်နေသည့်အလား ထင်ရ၏။ ကျွန်ုပ် အစုလိုက်အပြုံလိုက် ပူဇော်ထားသော အမွှေးတိုင်အငွေ့များသည် နဂါးပုံသဏ္ဍာန်ဖြစ်ပေါ်လို့လာလေရာ ကျွန်ုပ်မှာ အံ့အားသင့်လို့ သွား လေ၏။ ၎င်းနဂါးပုံသဏ္ဍာန်အငွေ့များသည် ကျွန်ုပ်အားရစ်ပတ်လေ

www.burmeseclassic.com



တော့၏။ ကျွန်ုပ်လည်း အံ့သြလို့နေ၏။ အရေးထဲမှ ကရင်ကလည်း မရှိ၊ အရမ်းထူးဆန်းနေတာတွေကို ဒီကောင့်ကို တွေ့စေချင်တဲ့ စိတ်တွေ များလို့လာလေ၏။ စိတ်ထဲမှာ ဒေါသထွက်နေ၏။ ဒီကောင်ကရင် အရေးအကြောင်းဆို မရှိဘူး။ ၎င်းနဂါးမီးခိုးငွေ့တန်းကြီးသည် အဝိုင်းလိုက်ကြီးဖြစ်ကာ ကျွန်ုပ်၏ကျောင်းအား ရစ်ပတ်လေတော့၏။ ကျွန်ုပ်စိတ်ထဲတွင် တော်တော်လေးကို ကြည်နူးလို့နေလေ၏။ ပျော်လည်းပျော်လှ၏။

ကျွန်ုပ်ထွန်းထားသော ဖယောင်းတိုင်မီးသည်လည်း မီးတောက်များကစားလေ၏။ ၎င်းမီးတောက်များ ကစားပုံမှာ လွန်စွာကြည့်၍ကောင်းလေ၏။ မသိလျှင် နဂါးအမောက်ကြီး လူးလူးလူးလူးလိမ့်ပြီး တက်နေသလို ဖြစ်လို့နေလေ၏။

ကျွန်ုပ်သည် မျက်တောင်မခတ်ဘဲ နဂါးကြီးကို စိုက်၍ကြည့်နေလိုက်၏။ ၎င်းနဂါးကြီး၏ မျက်နှာပေါက်မှာ သနားစဖွယ်ပုံလေး ပေါက်နေ၏။ မသိလျှင် ကျွန်ုပ်အား မျက်နှာချိုသွေးနေပုံပေါက်လေ၏။ ဟုတ်လည်း . . . ဟုတ်ပါသည်။ နဂါးကြီးမှာ သနားစဖွယ် ဖြစ်လို့နေ၏။ အမောက်လည်း ချိုးခံထားရ၏။ အစွယ်များမှာလည်း တစ်ချောင်းမှ မရှိတော့ချေ။

"သြော် . . . မင်းပုံကလည်း ပုံပျက်ပန်းပျက် ဖြစ်နေတာကိုး"ဟု ဆိုပြီး စိတ်ထဲမှနေ၍ သနားမိလေ၏။ ကျွန်ုပ်နောက် ကရင်ရောက်လို့နေတာကို သတိမမူမိလိုက်ချေ။ ကျွန်ုပ်၏ မျက်ဝန်းအိမ်မှ မျက်ရည်စများသည် အလိုလို စီးကျလို့လာလေ၏။ ကျွန်ုပ်သည် ၎င်းနဂါးကြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာကို စိတ်မကောင်းဖြစ်ကာ ဝမ်းနည်းလို့လာလေ၏။ ထိုအခါ ကရင်သည် ကျွန်ုပ်အား–

"ဘုန်းဘုန်း ဘာဖြစ်လို့လဲ" ဟု မေးလေ၏။ ကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



ကရင့်အား တစ်ချက်လှည့်ကြည့်လိုက်ပြီး လက်ကာပြလိုက်၏။ ကရင်သည် ကျွန်ုပ်၏ခြေးနားတွင် ဆောင့်ကြောင့်လေးထိုင်ပြီး ကျွန်ုပ်နှင့် ကျောက်နဂါးကြီးအား သေချာစိုက်၍ကြည့်လို့နေ၏။ ကျွန်ုပ်၏ ရင်ထဲတွင် စကားပြောလို့မရအောင် လေဆို့နေသလိုမျိုးဖြစ်နေကာ သတိမနည်းကပ်ထားရလေ၏။ အသက်ရှုလို့မရအောင် ကြပ်၍လာလေရာ ကရင်သည် ကျွန်ုပ်အား–

"ဘုန်းဘုန်း ... ဘုန်းဘုန်း"လို့ အသံသဲ့သဲ့လေးသာ ကြားရလို့နေကာ ကျွန်ုပ်သည် ပုံလျက်သားလဲလို့သွားပုံရလေ၏။

သတိရလာသော် ခုတင်ပေါ်သို့ ရောက်လို့နေ၏။

"ကရင် ငါဘာဖြစ်သွားတာလဲ၊ ဟော့ကောင် ငါ့ကိုပြောစမ်း"

"ဘာမှမဖြစ်ပါဘူး၊ စိတ်မပူပါနဲ့" ဟုဆိုသော အသံတစ်သံသည် လိုက်ကာနောက်မှ ထွက်၍လာ၏။ ၎င်းပုဂ္ဂိုလ်သည် ကျွန်ုပ်အား ဆေးထိုးရန် အခန်းထဲသို့ ဝင်လာလေ၏။

"ဟင် ဆရာဝန်ပါလား"

"ဟုတ်တယ် ဘုန်းဘုန်း၊ အအေးပတ်ပြီး ဖျားသွားတာ၊ မိုးရေတွေမိပြီး ပင်ပန်းတော့ အအေးမိပြီး ဖျားပြီးလဲသွားတာ"ဟုဆိုကာ ပြောပြီး ဆေးထိုးရန် ဟန်ပြင်လေ၏။

"ဟို ... ဟို ကျုပ် ဆေးမထိုးလို့ မရဘူးလား၊ ရရင် မထိုးပါနဲ့၊ ကျုပ် ဆေးထိုးတာကို ကြောက်လို့ပါ။ ကျုပ် ကို ဆေးတိုက်ရင်တိုက်၊ တစ်ဘူးလုံးသောက်ဆိုလည်း သောက်နိုင်တယ်၊ ဆေးတော့မထိုးပါနဲ့လား ဆရာဝန်ရယ်" လို့ သနားစဖွယ်မျက်နှာလေးနှင့် အသနားခံလိုက်လေ၏။

"ဘာဖြစ်လို့လဲ ဘုန်းဘုန်းထိုးလိုက်ပါ ... ထိုးလိုက်ပါ" ဟု ကရင်သည် ထ၍လျှာရှည်လေ၏။ ကျွန်ုပ်သည် ကရင့်အား စားမယ့်ဝါးမယ့်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကြီးနဲ့ စိုက်ကြည့်လိုက်လေ၏။ အလိုက်မသိလှသော ကရင်အား ရင်ထဲမှာ ဝေး၍ထားလိုက်၏။ ထိုးလိုက်ပါ၊ ထိုးလိုက်ပါဟု ဆရာဝန်ကို ဝင်၍ ကြပ်လေ၏။

"ထိုးလိုက်ပါ ဘုန်းဘုန်းရယ်၊ မနာပါဘူး ဆေးထိုးမှ အဖျားက သက်သာမှာ"ဟု ဝင်၍ရှည်ပြန်၏။

"အောင်မလေး ဘုန်းဘုန်းရယ်၊ သူများတွေကျတော့ မွေ့ကေား ဆိုပြီး စုတ်ကြီးနဲ့ တစ်တောက်တောက် ထိုးပေးနေတာကျတော့ မနာ တဲ့ အတိုင်းပဲ။ အခုဆေးလေးထိုးတာ အပ်ကလေးနဲ့ထိုးတာပါ။ သည်း ခံလိုက် သည်းခံလိုက်"ဟု ဝင်ပြောပြန်၏။

"ဟာ ... ဒီကောင် သေတော့မယ်။ ဘယ်လိုအလိုက်ကန်းဆိုး နားမလည်တဲ့ကောင်ပဲ၊ ဒီလိုပါဆရာ ကျုပ်ကဆေးထိုးတာကိုမကြောက် ပါဘူး။ ဆေးထိုးခါနီး ဆရာတို့ စလင်းကြီးနဲ့အပ်တွေထိုးစိုက်လိုက် တင်ပါးနားမှာ ရစ်သီရစ်သီလုပ်တာကို ကျုပ်ကကြောက်တာ၊ ထိုးစရာ ရှိလို့ ဆတ်ကနဲထိုး ကျုပ်မကြောက်ပါဘူး။ အပ်ကြီးတပြင်ပြင်လုပ်နေ တာကို အသည်းယားလို့ပါ"ဟု ဆိုသဖြင့် အားလုံးဝိုင်း၍ရယ်ကြလေ ၏။

"ဒါဆိုလည်း ဘုန်းဘုန်းမကြည့်နဲ့၊ မျက်နှာဟိုဘက်လှည့်ထား" ဟု ကရင်က ရှည်ပြန်၏။

"ဟာ ဒီကောင်တော့လားကွာ" စိတ်ထဲမှ ဝေးထားပြီး အံကို ကြိတ်လိုက်သည့်အချိန်မှာပင် ဆရာဝန်သည် ကျွန်ုပ်၏ တင်ပါးအား အပ်ကြီးနဲ့ ဆောင့်၍ထိုးလိုက်လေတော့၏။

"အောင်မလေး"ဟု အော်ကာ ခါးကော့သွားလေ၏။ ကရင် သည် ကျွန်ုပ်အား ဆရာဝန်ဆေးထိုးတာကို သဘောကျလို့ နေလေ ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကရင်အား ဒေါသထွက်ခြင်း၊ ဆရာဝန်အား ကျိန်ဆဲခြင်းများနှင့်အတူ အိပ်ပျော်လို့ သွားလေတော့၏။

❑❑❑❑



www.burmeseclassic.com

www.burmeseclassic.com







ရွှေပေါက်ဆိန်စာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

ကျွန်ုပ် အိပ်မက်မြင်မက်လေတော့၏။ ကျွန်ုပ်၏ နားထဲတွင် **ဘောဂဝတီ . . . ဘောဂဝတီ . . . ဘောဂဝတီ** ဟုဆိုသော အသံ သဲ့သဲ့လေးသည် တရင်းတနှီး ကြားလို့နေလေ၏။

ကျွန်ုပ်သည် ရေအောက် ကျောက်ဆောင်ကျောက်သားတွေနား သို့ ရောက်ရှိလို့သွားလေ၏။ ရေအောက်နန်းတော်ကြီးဟု ထင်ရလေ ၏။ ကျောက်စိုင်ကျောက်သားများသည် သဘာဝဗိသုကာဆရာများ လက်ရာမြောက် ဆောက်လုပ်ထားသည့်အလား ထင်ရလေ၏။ ခမ်း နားထည်ဝါလှသော နန်းတော်ကြီးတစ်ခုထဲသို့ ရောက်ရှိလို့နေလေ၏။ ကျွန်ုပ်၏ရှေ့တည့်တည့်တွင် လွန်စွာမှကျက်သရေရှိလှသော အသက် လေးဆယ်ဝန်းကျင် လောက်ခန့်မှန်းရသည့် အမျိုးသမီးတစ်ဦးသည် ရွှေသလွန်ပေါ်တွင် တစောင်းလေးလက်ကလေးကိုထောက်ကာ မှီလို့နေ၏။ အနားတွင် အသက် ၁၆နှစ် ၁၇နှစ် ၁၈နှစ် စသောအမျိုး သမီးငယ်များသည် ၎င်းအမျိုးသမီးကြီးအား ယပ်ခပ်လို့ ပေးနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ၎င်းအမျိုးသမီးကြီးအား တရင်းတနှီးကြီး မြင်ဖူးသလိုလို ရှိလှပေ၏။

၎င်းအမျိုးသမီးကြီးသည် နဂါးဥသျှောင်ကြီးကို ဆောင်းလို့ထားလေ၏။ ဘေးနားမှ အခြွေအရံများမှာလည်း နဂါးဥသျှောင်များကိုယ်စီ ဆောင်း၍ထားလေ၏။ ၎င်းအမျိုးသမီးကြီး ဝတ်ဆင်ထားသော အဝတ်တန်ဆာများမှာ နဂါးရုပ်များချည်းသာဖြစ်လေ၏။ လက်မောင်းမှာလည်း နဂါးလက်ပတ်ကြီးကိုပတ်လို့ထား၏။ ၎င်းနဂါးလက်ပတ်မှ ပတ္တမြားများသည် အရောင်အဝါတဖိတ်ဖိတ်တောက်လို့နေ၏။ ထိုအချိန်တွင် ၎င်းအမျိုးသမီးကြီးသည် အံ့သြသောအမူအရာဖြင့် သေချာစိုက်၍ကြည့်နေပြီးမှ သလွန်ပေါ်ကနေ ကပျာကယာ ထလိုက်လေ၏။ဘေးနားမှ အမျိုးသမီးတစ်ဦး၏ အသံထွက်ပေါ်လို့လာလေ၏။

“မယ်မယ်ဘုရား ... မယ်မယ်ဘုရား၊ မောင်တော်လေး ပြန်လာပြီ၊ မောင်တော်လေးပြန်လာပြီ”လို့ အားရဝမ်းသာစွာဖြင့် အော်၍နေလေ၏။ ထိုအချိန်တွင် ၎င်းအမျိုးသမီးကြီးဘေးနားမှ အထိန်းတော်များနှင့်သမီးတော်များသည် ကျွန်ုပ်အား ၎င်းတို့၏ မောင်တော်လေးဆိုပြီး တရင်းတနှီးပြော၍ ဖက်ကြလေ၏။ သို့သော် ၎င်းအမျိုးသမီးအားလုံးတို့သည် အားကနဲအော်ပြီး ပြန်လဲကျသွားလေ၏။ ကျွန်ုပ်ကိုယ် ကျွန်ုပ်ပြန်၍ကြည့်မိရာ ကျွန်ုပ်လက် တစ်လံအကွာတွင် ကြက်ဥအနှစ်ရောင်လိုလို အလင်းတန်းကြီးသည် ကျွန်ုပ်အား ကာကွယ်၍ထားလေ၏။ ပြေး၍ပွေ့ဖက်ကြသော နဂါးမင်းသမီးများသည် ကျွန်ုပ်နှင့် ဆယ်လံအကွာလောက်ကို လွင့်ထွက်၍သွားကြလေတော့၏။

ထိုအခါ အမျိုးသမီးကြီးသည် လက်အုပ်ချီပြီး ၎င်း၏သမီးတော်များအား “သတိ ... သတိ”ဟုလှမ်း၍သတိပေးလေ၏။ ပုံလျက်သား လဲ၍ကျနေကြသော နမတော်များသည် လဲနေသောနေရာမှ မထတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရှိုက်ကြီးတငင်ငင်နှင့် ချုံးပွဲချ ငိုကြလေတော့၏။

ပြီးလျှင် အကြီးဆုံးအစ်မကြီးက

"မောင်လေးရယ် အစ်မတို့ကို ခွဲသွားရက်လိုက်တာ၊ ငါ့မောင်လေးကို တစ်နေ့မှ သတိမေ့လို့မရပါဘူး ငါ့ မောင်ရယ်"ဟုဆိုကာ ငိုကြလေတော့၏။ ၎င်းနဂါးမများသည် ကျွန်ုပ်၏ အသားကိုတို့ထိလို့ပင်မရပေ။

"အခု လာပြန်တော့လည်း ရဟန်းဝတ်ကြီးနဲ့အစ်မတို့ကို သံယောဇဉ်အပြီးဖြတ်ပြီပေါ့လေ"ဟု ဆိုကာ အစ်မကြီးဖြစ်သူသည် ငိုလို့နေ၏။ ထိုအခါအမျိုးသမီးကြီးသည်

"ကဲ ...ကဲ မောင်နှမတွေ ဖြစ်ပေမယ့် အခုဘဝခြားနေပြီ၊ အမေ့သားက သာသနာပြု ရဟန်းဖြစ်လို့နေပြီ၊ နင့်မောင်လေးကို မောင်လေးလို့ မခေါ်နဲ့ ငရဲကြီးမယ်၊ ဒါ ရဟန်းဖြစ်နေပြီ၊ သံဃာ၊ သံဃာ သမီးတို့သတိပြုကြပါ"ဟု မယ်မယ်ဘုရားက သတိပေးသဖြင့် အစ်မတော်၊ နှမတော်များသည် သတိဝင်၍လာလေ၏။ ပြီးလျှင် ကျွန်ုပ်အား သီတင်းသုံးရန် နေရာလှူလေ၏။

"သာဓု ... သာဓု ... သာဓု" ဟု သုံးကြိမ်ခေါ်ပေးလိုက်၏။ ပြီးလျှင် ကျွန်ုပ်အား နဂါးဆွေမျိုးများသည် ဝိုင်း၍ကန်တော့ကြလေ၏။ မျက်ရည်သုတ်သူများ၊ ငိုရှိုက်နေကြသူများလည်း ရှိနေ၏။

ထိုအခါ ကျွန်ုပ်ကပင် အစချီ၍

"ဒကာမကြီးတို့ ဘုန်းကြီး အခု ရောက်နေတာ ဘယ်နေရာလဲ"

"မှန်လှပါဘုရား"ဟု ဆိုကာ အမျိုးသမီးကြီးသည် ကျွန်ုပ်အား

"အရှင်ဘုရား သီတင်းသုံးနေတဲ့ နေရာဟာ ဘောဂဝတီနဂါးတိုင်းပြည်ပါဘုရား"ဟု လျှောက်လေ၏။ ကျွန်ုပ်သည် နေရာများကို သေချာကြည့်လိုက်မိ၏။

"ဒီနေရာဟာ ကျွန်ုပ်နဲ့ ရင်းနှီးသလို ရှိလှပါသည် ဒကာမကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ အရှင်ဘုရားဟာ တပည့်တော်မရဲ့ သားတော်ပါဘုရား။ တပည့်တော်မရဲ့ ဘေးနားက သမီးတော်တွေဟာ အရှင်ဘုရားရဲ့ နှမတော်တွေပါ"ဟု မိတ်ဆက်လေ၏။

"ဒါဆို ဒကာမကြီးက ..."

"ဘောဂဝတီနဂါးမယ်တော်လို့လည်း ခေါ်ပါတယ်ဘုရား"ဟု လျှောက်လိုက်သဖြင့် ကျွန်ုပ်သည် ၎င်းဒကာမကြီးအား သေချာစိုက်၍ ကြည့်လိုက်လေ၏။ မယ်တော်ကြီးအား သတိရလို့သွားလေ၏။

"ဟင် ... ဒါ ..."ဟု စိတ်ထဲမှထင့်ကနဲဖြစ်သော်ငြားလည်း ရဟန်းတို့ရဲ့ ကြွန္ဓြေကိုဆယ်၍ထားလိုက်လေ၏။

"အရှင်ဘုရား လူပြည့်မှာ သာသနာပြုလုပ်ငန်းတွေ စတင်ကတည်းက သတိမထားမိလို့ပါ။ တပည့်တော်ရှိပါတယ်။ တပည့်တော်တို့ဟာ လပြည့်နေ့တိုင်း လူပြည်ကိုလာပြီးဘုရားလာဖူးပါတယ်။ အရှင်ဘုရားဆီကိုလည်းလာပါတယ်။ အရှင်ဘုရား သတိမမူလို့ပါ။ ကဲ ... ကဲသမီးတော်တို့ရေ သမီးတော်တို့ရဲ့မောင်တော်ပဥ္ဇင်းကို ဆွမ်းဒါန ကုသိုလ်လုပ်ဖို့ စီမံပါ"ဟု အမိန့်ပေးလိုက်သည့်အချိန်ခဏအတွင်းမှာပင် ဆွမ်းဘုဉ်းပေးရန် ဆွမ်းဟင်း၊ ဆွမ်းထမင်းများရောက်လာလေ၏။ ဆွမ်းတော်အုပ်များ၊ ရေတကောင်းများ၊ သစ်သီးထည့်သောကလပ်ကြီးများမှာ ရွှေသားအတိနှင့် ပြီးလေ၏။ သစ်သီးဝလံများ စုံလှပေ၏။

"ကဲ ... ကဲ လာကြသမီးတော်တို့ ဆွမ်းကပ်ကြမယ်"ဟုဆိုကာ ဆွမ်းကပ်လေတော့၏။ ကျွန်ုပ်သည်

"ကဲ ... ကဲ လိုက်ဆိုကြ"ဟု ဆိုပြီး ဆွမ်းကပ်ခံလိုက်ကာ နိဗ္ဗာန်ဆုကို တောင်းပေးလိုက်လေ၏။

အားလုံး "သာဓု၊ သာဓု၊ သာဓု" ဟု ဝိုင်း၍ခေါ်ကြလေတော့၏။

"ဘုန်းဘုန်း ဆွမ်းဘုဉ်းမယ် ဘုရား ...၊ ဘုန်းဘုန်း ဆွမ်းဘုဉ်း



www.burmeseclassic.com

www.burmeseclassic.com



မယ်ဘုရား'' ဟု ကျွန်ုပ်ခြေထောက် အား လှုပ်၍နှိုးနေသော အသံကို ကြားနေရလေ၏။ ကျွန်ုပ်သည် မျက်လုံးကို အားယူပြီး ဖွင့်လိုက်သော အခါတွင် သွားများနီရဲနေပြီး ကျွန်ုပ်အား ပြုံး၍ကြည့်နေသော ကရင့် မျက်နှာကြီးကို ဘွားကနဲ တွေ့လိုက်ရလေ၏။

"ငါ ဘုဉ်းပြီးသွားပြီ"

"ဟင်"

ကရင်သည် ကျွန်ုပ်၏ ခြေထောက်အား ကိုင်လှုပ်ပြီး ဆွမ်းဘုဉ်း ပေးရန် လာ၍နှိုးသော်လည်း ကျွန်ုပ်က ဆွမ်းဘုဉ်းပေးပြီးသွားပြီလို့ ပြောသဖြင့် ၎င်း၏ခေါင်းက ဆံပင်များကို တဗျင်းဗျင်းကုတ်ရင်း ဘုန်း ကြီးဖျားနေပြီး ကယောင်ကတမ်းတွေ လျှောက်ပြောနေတာဖြစ်မယ်။

"ဘုန်းဘုန်း ... ဘုန်းဘုန်း ဆွမ်းမဘုဉ်းရသေးဘူး" ဟုဆိုကာ ကျွန်ုပ်အားတွဲထူ၍ ဆန်ပြုတ်ပူပူလေးနှင့်ငါးကြင်းအပိုင်းလေးနှစ်ခုအား ပန်းကန်ထဲထည့်ပြီး ဆွမ်းကပ်လေ၏။

ကျွန်ုပ်လည်း ကရင်ကပ်သော ဆန်ပြုတ်ပူပူလေးကို ဘုဉ်းပေး လိုက်ပြီး ကိုယ်တွေလက်တွေ ကိုက်သဖြင့် အကိုက်အခဲပျောက်ဆေးနှင့် ဆရာဝန်ညွှန်ကြားခဲ့သော ဆေးများကိုသောက်ကာ စောင်ခေါင်းမြီး ခြုံပြီး အိပ်လိုက်လေတော့၏။ ကျွန်ုပ်သည် ကျွန်ုပ်မက်ခဲ့သော အိပ်မက် ကို မြင်မက်ပြီး ဟိုစဉ်းစားဒီစဉ်းစားနှင့်ထပ်မံ၍ အိပ်ပျော်လို့ သွားလေ ၏။ ကျွန်ုပ်အိပ်ပျော်သွားနေစဉ်မှာပဲ အိပ်မက်မက်ပြန်၏။ အိပ်မက်ထဲ တွင် ကျွန်ုပ်သည် ကမ်းစပ်တစ်ခုကို ရောက်လို့သွားလေ၏။ ၎င်း ကမ်း စပ်၏ သဲများ၊ ကျောက်စရစ်ခဲများ၊ ခဲလုံးလေးများနှင့် ခရုခွံလေးများ မှာ လွန်စွာမှ လှပလို့နေ၏။ တစ်ခါတစ်ခါ ခရုသင်းဖြူဖြူလေးများ တွေ့သဖြင့် ကျွန်ုပ်သည် မနက်မနက်အာရုဏ်တက်လျှင် မှတ်သတ် သော ခရုသင်းများကိုသတိရပြီး ၎င်းခရုသင်းများကို လိုက်ကောက်

www.burmeseclassic.com



လေတော့၏။

ကျွန်ုပ်သည် တစ်နေ့ရာထဲတွင် ခရုသင်းလေးငါးဆယ်လုံးကို တစ်ယောက်တည်း လောဘကြီးစွာ အလုအယက်ကောက်လို့နေလေ၏။ အဲဒီလိုကောက်လို့နေစဉ်ခဏတွင် ကျွန်ုပ်၏ ဘေးနားသို့ ရဟန်းတစ်ပါး လာ၍ မတ်တပ်ရပ်လေ၏။ ကျွန်ုပ်သည် ရဟန်းကို တွေ့ရသဖြင့် အဖော်ရပြီဆိုပြီး ဝမ်းသာသွား၏။ ထို့ကြောင့် ကောက်လက်စ ခရုသင်းများထဲမှ ကောင်းမေ့ဆိုတဲ့ ခရုသင်းဖြူဖြူဖွေးဖွေးလေးတစ်ခုကို သဲများပြောင်စင်အောင် သုတ်ပြီး ၎င်းရဟန်းအား–

"အရှင်ဘုရားကို တပည့်တော် တစ်ခုလှူပါတယ်"ဟုဆိုကာ လှူလိုက်လေ၏။ ၎င်းရဟန်းသည် ကျွန်ုပ်အရပ်ထက် တစ်တောင်လောက်ပို၍မြင့်လေ၏။ ဥပဓိရုပ်မှာလည်း ကြည်ညိုဖွယ်ရာ ရှိလေ၏။ ကျွန်ုပ်သည် စိတ်ထဲမှ ရှိခိုးချင်သည့်စိတ်များ ပေါ်ပေါက်လာသဖြင့် သဲပေါ်တွင် ကျုံ့ကျုံ့လေးထိုင်ချလိုက်ပြီး ၎င်းရဟန်း၏ခြေတော်အစုံကို ဦးခိုက်ပြီး ရှိခိုးလိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်သည် မတ်တပ်ပြန်ရပ်လိုက်ပြီး လက်အုပ်ကလေးချီပြီး ပြုံးပြလိုက်လေ၏။

ထိုအချိန်တွင် ၎င်းရဟန်းသည် ဘာမပြောညာမပြောနှင့် ကျွန်ုပ်၏ လက်ကိုအတင်းဆွဲကာ ကမ်းစပ်မှတစ်ဆင့်ဝေါကနဲဆွဲခေါ်ပြီးပင်လယ်ထဲသို့ ခေါ်သွားလေ၏။ ကျွန်ုပ်သည် ၎င်းရဟန်းကြီး၏လက်ကိုပြန်ဆွဲပြီး

"အရှင်ဘုရား တပည့်တော် ရေမကူးတတ်ဘူးဘုရား၊ တပည့်တော် ရေမကူးတတ်ဘူးဘုရား"ဟု ပြောပြီး ၎င်းဆွဲသွားသော လက်ကို ရုန်းထွက်ရန် ကြိုးစားသော်လည်း မရတော့ပေ။ ကျွန်ုပ်သည် ရေထဲသို့ အဆုံးအစမရှိ နစ်မြုပ်လို့သွားလေ၏။

ကျွန်ုပ်ရောက်ခဲ့သောနေရာသို့ ဒုတိယအကြိမ်ပြန်၍ ရောက်သွားလေတော့၏။ ကျွန်ုပ်၏ နှမများ၊ ကျွန်ုပ်၏ မယ်တော်ကြီးများနှင့် ပြန်၍



www.burmeseclassic.com

www.burmeseclassic.com



တွေ့လေ၏။

"အရှင်ဘုရားကို ဆွမ်းကပ်မလို့စောင့်နေတာ" ဟုဆိုကာပြောပြီး ကျွန်ုပ်အားဆွမ်းထပ်၍ကပ်ကြပြန်လေရာ ၎င်းတို့ကပ်သောဆွမ်းကို ဒုတိယအကြိမ်ပြန်၍ ဘုဉ်းပေးရလေတော့၏။ ကျွန်ုပ်သည် ဆုမွန်ကောင်းများပေးကာ ဆွမ်းအလှူရှင် နဂါးမျိုးနွယ်များအား မေတ္တာပို့ပေးလိုက်လေ၏။ ထိုအချိန်တွင် ကျွန်ုပ်အား နဂါးမယ်တော်ကြီးက–

"အရှင်ဘုရား ဆွမ်းဘုဉ်းပေးရတာ အဆင်ပြေပါရဲ့လား"

"ပြေပါတယ် ဒကာမကြီး"

"အရှင်ဘုရား ဆွမ်းဘုဉ်းပေးပြီးသွားရင် အရှင်ဘုရားကို တပည့်တော်တို့ ဘုရားဖူးလိုက်ပို့ပေးမယ်" ဟုဆိုပြီး ဘုရားဖူးလိုက်ပို့ကြလေ၏။ မီးရောင်များ ထိန်ထိန်လင်းနေသော လွန်စွာမှ ခမ်းနားလှသော အဆောက်အဦကြီးတစ်ခုထဲသို့ ကျွန်ုပ်ရောက်ရှိလို့သွားလေ၏။ ၎င်းအဆောက်အဦကြီးတစ်ခုထဲတွင် သူ့နေရာ၊ သူ့အခန်းများနှင့် တည်ဆောက်လို့ထားလေ၏။ မသိလျှင် ကျွန်ုပ်တို့ ခေတ်မီအိုးအိမ် အဆောက်အဦကြီးများအလား ရှိလေ၏။ ထိုအဆောက်အဦကြီး၏ အခန်းများမှာ ဟိုတယ်ကြီးများတွင် တွေ့ရတတ်သည့် အခမ်းအနားများပြင်ဆင်ထားသည့်အလားရှိလှပေ၏။ ၎င်းအခန်းတံခါးဝ၏ရှေ့တွင် အခန်းနံပါတ်နှင့်အမည်နာမရှိလေ၏။ အခန်းများသည် အလုံခန်းများမဟုတ်ဘဲ အတွင်းသို့ တိုက်ရိုက်ထိုးဖောက်ပြီး မြင်နိုင်အောင် မှန်များနှင့်စီရင်လို့ထားလေ၏။ အခန်းအတွင်းထဲကို အရှေ့မျက်နှာစာမှန်များမှ လှမ်း၍ကြည့်လိုက်ရင် မြင်ရလေ၏။ သူဇာ၊ သဒ္ဒါ၊ သီတာ၊ ခွါညို အစရှိသော အမည်နာမများကို အခန်း၏ ရှေ့တည့်တည့်တွင် နံပါတ်စဉ်နှင့် အမည်ရေးထိုးထား၏။ အပြင်ကလှမ်းကြည့်လိုက်ရင် ၎င်းတို့အား အခမ်းအနားနှင့်ခုတင်ပေါ်တွင် ပက်လက်ကလေး အိပ်နေကြသည့်အလား



www.burmeseclassic.com

www.burmeseclassic.com



ထင်ရလေ၏။ ကျွန်ုပ်သည် လိုက်ပို့သော နဂါးမများအား–

"ဒကာမတို့ ဒီမှာ အိပ်နေတဲ့ဟာတွေက ဘယ်သူတွေလဲ"

"မှန်လှပါဘုရား၊ အဲဒါလည်း အရှင်ဘုရားရဲ့ ဆွေမျိုးတွေပါပဲ။ သူတို့တွေရဲ့ ရုပ်တွေပါ။ သူတို့တွေဟာ မယ်မယ်ဘုရားထံကနေ ခွင့်တောင်းပြီး လူ့ပြည်ကိုအလည်သွားရတဲ့လူတွေပါ။ အဲဒီမှာ နှစ်မျိုးနှစ်စားကွဲပါတယ်၊ တစ်မျိုးကမယ်မယ်ထံကခွင့်ရတဲ့သူတွေပါ။ သူတို့ကျတော့ မယ်မယ်ရဲ့စကားကိုနားထောင်တဲ့သူတွေလို့ ခေါ်ပါတယ်။ အဲဒီလူတွေကျတော့ လူ့ပြည်လူ့ရွာနှစ်ဌာနလုံးမှာ စည်းစိမ်ဥစ္စာချမ်းသာစွာနဲ့ နေထိုင်ရပြီး သက်တမ်းကုန်ရင် မယ်မယ်ထံ ပြန်ရောက်ပါတယ်။ အဲဒီလိုပြန်ရောက်တဲ့အချိန်ကျရင်လည်းဒီရုပ်တွေထဲမှာနာမ်ပြန်ကိန်းပြီးနတ်နဂါးတွေ ပြန်ဖြစ်ပါတယ်။ သူတို့တွေ နဂါးဘဝမှာ နေထိုင်ကြရပါတယ်"

"ဒုတိယအတန်းစားကတော့ လူ့ပြည်ကိုတော့ ရောက်ပါတယ်။ သူတို့ရဲ့ ကုသိုလ်ကံတွေ နည်းကြတာကတစ်ကြောင်း၊ နဂါးပြည်မှာနေရင်းက ကုသိုလ်အားထုတ်မှုကံနည်းခဲ့တော့ လူ့ပြည်အကျိုးပေးကလည်း အဆင်မပြေတော့ဘူး။ လူ့လောကက တွေ့ရာလူတွေနဲ့ညားစိတ်ဆင်းရဲသောကတွေဖြစ်ပြီး အိုးကွဲအိမ်ကွဲ အိမ်ထောင်ကွဲတွေနဲ့ ဖြစ်ကြရတယ်၊ သူတို့တွေ သေလွန်ရင် နဂါးမျိုးနွယ်ဖြစ်တဲ့ မြွေတွေ ပြန်ဖြစ်ကုန်ကြတယ်၊ သူတို့ဝင်စားမယ့် ခန္ဓာဟာ အလိုလိုနဲ့ ပျောက်ကွယ်သွားတယ်။ အခုမြင်တွေ့ရတဲ့ ရုပ်ကလာပ်တွေကလည်း လူ့ပြည်ရောက်နေတဲ့ ညီအစ်ကိုမောင်နှမတွေရဲ့ ရုပ်အလောင်းတွေပါပဲ။ သူတို့ လူ့ပြည်မှာ ကုသိုလ်နိုင်နိုင်လုပ်မှ အဆင်ပြေတယ်၊ ဥပမာပြောရရင်တော့ သူများနိုင်ငံမှာ အလုပ်သွားလုပ်တဲ့လူတွေလိုပေါ့။ သူတို့နေထိုင်ခွင့် တစ်နှစ်ဆိုတစ်နှစ် နှစ်နှစ်ဆိုနှစ်နှစ်ပေါ့။ သူတို့ ဗီဇာကုန်ရင် ပြန်ရတယ်၊ မပြန်ရင် အိုဗာစတေးဆိုတဲ့အတိုင်း အိုသွားတယ်၊ အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



အိုသွားတဲ့လူတွေဟာ ဟိုမှာလည်း နေရထိုင်ရခက်တယ်။ လူတွေ့ခံလို့ မရဘူး။ ဟိုနိုင်ငံက မိရင်ဖမ်းမယ်။ ဒီနိုင်ငံပြန်လာရင်လည်း ပြဿနာ က တက်မယ်။ အဲဒီလိုနဲ့ပဲ မိမိနေတဲ့နိုင်ငံမှာ စိတ်ဆင်းရဲပြီး ပုန်းလျှိုး ကွယ်လျှိုးနဲ့ဘဝကို ဖြတ်သန်းရတဲ့ သဘောမျိုးပါပဲ။

နဂါးပြည်ကနေ လူ့ပြည်ရောက်နေတဲ့သူတွေအများကြီးပဲ။ အခုမှ မဟုတ်ဘူး။ ဘုရားရှင် လက်ထက်ကတည်းက ရှိကြတယ်။ ဘုရား ဇာတ်တော်တွေထဲမှာတောင် ပါပါတယ်။ နဂါးပြည်ကနေလိုက်ပြီး ကယ် ရတဲ့ ဇာတ်တော်တွေရှိပါတယ်။ အဲဒီလိုကယ်တဲ့ ပုဂ္ဂိုလ်တွေလည်း လူ့ပြည်မှာရှိပါတယ်။ သူတို့ရဲ့ နဂါးမျိုးနွယ်စုတွေကို ကုသိုလ်တွေပြု အောင် လှုံ့ဆော်ဖို့ သတိလိုက်ပေးရပါတယ်။ တချို့လည်း ကုသိုလ် ကောင်းမှုတွေလုပ်ပြီး ကိုယ့်နေရာကိုယ့်ဌာနမှာ ကောင်းမွန်စွာ စံစားရ ပါတယ်။ အထူးသဖြင့် အဲဒီပုဂ္ဂိုလ်တွေဟာ စီးပွားရေးအဆင်ပြေရင် တောင် အိမ်ထောင်ရေး အဆင်မပြေဘူး။ အဲဒီလိုအဆင်မပြေမှုတွေ များလာရင် သူတို့တွေ အားကိုးရှာကြတယ်။ တချို့က အားကိုးရှာတာ မှားသွားတာတွေလည်း ရှိတယ်။ တစ်အိမ်ထောင်မကောင်း တစ်အိမ် ထောင် ပြောင်းတယ်။ အမှန်က အားကိုးရမှာက ဘုရား၊ တရား၊ သံဃာပါပဲ။ ဒါတွေနဲ့မှ မိမိလိုရာကို ရောက်နိုင်ပါတယ်''

''ဩော် . . . ဒီလိုလား''

''ဟုတ်ပါတယ် အရှင်ဘုရား''

''ဒါဆိုရင် ကျုပ်ကရော''

''လိုက်ခဲ့ပါ အရှင်ဘုရား''ဟု ခေါ်သဖြင့် ၎င်းအမျိုးသမီးများနှင့် အတူ ကျွန်ုပ်၏ နေရာပဟောင်းသို့ ရောက်ခဲ့လေတော့၏။

''ဟင် . . . ဟိုဟာကြီးက . . .''

''ဟုတ်တယ် . . . အဲဒါအရှင်ဘုရားရဲ့ ရုပ်ကလာပ်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်လိုတွေလဲဟ"

"ဟုတ်ပါတယ်၊ အရှင်ဘုရားက နဂါးပြည်က လွှတ်ထားတဲ့ ပုဂ္ဂိုလ်ပါ။ လူ့ပြည်လူ့ရွာက ဆွေတော်မျိုးတော်တွေကို ကယ်တင်ဖို့ အတွက် ရောက်ရှိလာခြင်း ဖြစ်ပါတယ်။ အရှင်ဘုရားရဲ့ ကုသိုလ်တွေ ဟာ အများကြီးပါပဲ။ အရှင်ဘုရားတာဝန်ပြီးရင် နဂါးပြည်ကို ပြန်ရပါ လိမ့်မယ်" ကျွန်ုပ်စဉ်းစားလိုက်၏။

"ငါ့နှမတို့ ငါလူ့ပြည်မှာလည်း မနေချင်တော့ဘူး၊ နဂါးပြည်ကို လည်း ငါမနှစ်သက်တော့ဘူး။ လူ့ပြည်လူ့ရွာ ဘုရားရှင်ရဲ့ သာသနာမှာ ငါပျော်ပိုက်နေပြီ၊ ရှင်းရှင်းပြောရရင် ဘုရားရှင်ရဲ့ လွတ်မြောက်ခြင်း ဆိုတဲ့လမ်းစတွေကို ငါရှာတွေ့လို့နေပြီ။ လူ့ပြည်ဟာလည်း ဒုက္ခသစ္စာ ပါပဲ၊ နဂါးပြည်ကလည်း ဒုက္ခသစ္စာပါပဲ၊ သစ္စာလေးပါး မြတ်တရားရှာဖို့ ငါဆရာကောင်းတွေရဲ့ သွန်သင်မှုတွေကို ယူနေရပြီ၊ ငါ့နှမတို့လည်း ဒီလမ်းစဉ်ကို လိုက်ကြပါ" ဟု ပြောလိုက်လေတော့၏။

"သာဓု ... သာဓု ... သာဓု။ မှန်လှပါ အရှင်ဘုရား၊ အချိန် တန်ရင် လွတ်ပါလိမ့်မယ်"

"အေး ... ဟုတ်တယ်၊ အချိန်တန်ရင်ဆိုတဲ့စကားကို ငါသိ ပါတယ်။ ဒါပေမယ့် လွတ်မြောက်ဖို့က ကိုယ်ကိုယ်တိုင် ကြိုးစားမှရ ပါလိမ့်မယ်။ အချိန်ကို စောင့်မနေနိုင်တော့ဘူး၊ စောင့်နေရတဲ့အချိန် တန်တယ်ဆိုတဲ့စကားဟာလည်း အချိန်စောင့်ရင်း အလုပ်လုပ်မှမှန်လိမ့် မယ်"ဟု ပြောလိုက်လေ၏။

"မှန်လှပါဘုရား ... တပည့်တော်တို့နဲ့ လိုက်ခဲ့ပါဦး"ဟုဆိုကာ လွန်စွာမှသပ္ပါယ်လှသောစေတီကြီးတစ်ဆူသို့ခေါ်ဆောင်လို့သွားလေ၏။

၎င်း၏အထဲတွင် နဂါးမျိုးနွယ်များ ပုတီးစိပ်၊ တရားထိုင်ပူဇော်လို့ နေကြလေ၏။ အိန္ဒိယဗုဒ္ဓဂယာမှ မဟာဗောဓိစေတီကြီးနှင့် ခပ်ဆင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



တူလှလေ၏။ ၎င်းတို့ထဲတွင် ရောင်ခြည်တော်များ တဖျတ်ဖျတ်တလက်လက်နှင့် တောက်ပနေသော ရွှေကလာပ်ကြီးဖြင့်တင်ထားသည့် ဗုဒ္ဓစွယ်တော်ကို ဖူးရလေတော့၏။

"အရှင်ဘုရားဒါတပည့်တော်တို့ ကုသိုလ်လုပ်နေတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဗုဒ္ဓစွယ်တော်မြတ်ကြီးပါ ဘုရား၊ အရှင်ဘုရားရောက်တုန်းရောက်ခိုက် ဖူးမြော်ပူဇော်တော်မူပါ"ဟု ပြောလေ၏။ ကျွန်ုပ်သည် ရခဲလှသော ကုသိုလ်ကောင်းမှုမျိုးကို နဂါးမျိုးတွေနဲ့ ပဌာန်းဆက်ပါလာရခြင်းကိုပင် ဂုဏ်ယူမိလေတော့၏။

"သြော် . . . ငါတို့လူ့ပြည်မှာလူတွေတောင် ဖူးမြော်ခဲရလှတဲ့ ဗုဒ္ဓရဲ့ စွယ်တော်မြတ်ကို နဂါးတွေရဲ့ကျေးဇူးနဲ့ ဖူးမြော်ရတာပဲ။ ကျေးဇူးတင်လိုက်တာ ဒကာမကြီးတို့ရယ်"

"မှန်လှပါ အရှင်ဘုရားက အရင်ဘဝကလည်း ဒီဘုရားမှာ အမိဋ္ဌာန်ပြုပြီးမှ လူ့ပြည်ကို လာရတာပါ။ အရှင်ဘုရား ဖူးဘူးပါတယ်။ ဟိုမှာ အမိဋ္ဌာန်လုပ်နေတဲ့ နဂါးတွေကလည်း လူ့ပြည်ကိုသွားဖို့အမိဋ္ဌာန်ယူနေတဲ့သူတွေပါ" ဟုဆိုလေ၏။ ထိုအချိန်တွင် ကျွန်ုပ်၏ သောနားသို့ နဂါးတောင်ဝှေးကြီးကို ကိုင်ထားပြီး အရပ်မြင့်မြင့်နဲ့ မုတ်ဆိတ်မွေးဖြူဖြူ အရှည်ကြီးကို ပိုင်ဆိုင်ထားသော ဒကာကြီးတစ်ဦး ရောက်လာ၏။

"သြော် အရှင်ဘုရား"ဟုဆိုကာရှိခိုးလေ၏။ နဂါးမများက အရှင်ဘုရား ဒါနဂါးသိုက်ချုပ်ဘိုးဘိုးကြီးပါ။ လူ့ပြည်က နဂါးသိုက်တွေကို သူက စောင့်ရှောက်ပါတယ်"ဟု ဆိုလေ၏။ ထိုဘိုးဘိုးကြီးသည် ကျွန်ုပ်အား ပြုံးပြလေ၏။ ကျွန်ုပ်လည်း ဗုဒ္ဓစွယ်တော်အား တစ်ဝကြီး ဖူးရလေတော့၏။

□□□□

www.burmeseclassic.com





ရွှေပေါက်ဒေါ်နီစေတီပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

ကျွန်ုပ်သည် ထူးဆန်းသည့် အိပ်မက်များ မက်နေရင်းမှ လန့်ပြီး နိုးလေတော့၏။ ကရင်သည် ကျွန်ုပ်၏ ဘေးနားတွင် ငုတ်တုတ်ကြီး ထိုင်လို့ နေ၏။ ကျွန်ုပ် နိုးနိုးချင်း ကရင်အား ရေတောင်းလိုက်လေ၏။ ကရင်သည် လက်ထဲတွင် အဆင်သင့်ကိုင်ထားသော စတီးခွက်လေးကို ယူလိုက်ပြီး ကျွန်ုပ်အား ရေချမ်းအိုးလေးထဲမှ ရေအေးအေးကို ခပ်၍ တိုက်လေ၏။ ကျွန်ုပ်သည် ရေတစ်ခွက်အား မော့၍ အားရပါးရ သောက်လိုက်ပြီး ဆေးလိပ်တစ်လိပ်ကို လှမ်းယူကာ မီးညှိ၍ သောက်လိုက်လေ၏။

ကရင်သည် ကျွန်ုပ်လုပ်ကိုင်နေသည်များကို သေချာစိုက်၍ကြည့်လို့ နေ၏။

"ဘုန်းဘုန်း ဘယ်လိုနေလဲ၊ သက်သာလား"

"အေး သက်သာပါတယ်။ ငါ အဖျားတက်နေတာဖြစ်မယ်"

"ဟုတ်တယ်၊ ဘုန်းဘုန်းအိပ်နေတာ တစ်ရက်ခွဲရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား"

"ဟုတ်တယ်၊ ပါးစပ်ကလည်း ဘာတွေရောင်နေသလဲမမေးနဲ့။ ရေတွေလည်းပါတယ်၊ အဘတွေလည်း ပါတယ်။ ပါးစပ်ထဲမှာ ဗလုံး ဗထွေးနဲ့ ပြောနေတာတွေ ကြားနေရတယ်"ဟု ဆိုလေ၏။ ထိုအခါ ကျွန်ုပ်က

"ဟုတ်တယ်ကရင်၊ ငါအိပ်မက်မက်နေတာ"ဟုဆိုပြီး အိပ်မက်ထဲမှ ဖြစ်ပျက်သမျှကို ပြောပြလိုက်လေ၏။ ကျွန်ုပ်သည် အိပ်ရာမှ ပြန်နိုးသောအခါ ဖျားခြင်း၊ နာခြင်း လုံးဝမရှိတော့ပေ။ သက်သာလို့ သွားလေ၏။ ကျွန်ုပ်သည် ခါတိုင်းလိုပင် လမ်းထလျှောက်ပြီး ဘုရား ဝတ်တက်လို့နေ၏။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် အိပ်စက်ရမှာကို ကြောက်လို့လာ၏။ ထို့ကြောင့် မအိပ်စက်ဘဲ ပုတီးကိုသာ အဖော် ပြုပြီး ဘုန်းဘုရားကြီး ဘိုးပေါက်ဆိမ် ပုတီးစိပ်နည်းဖြင့် ပုတီးစိပ်နေ ရခြင်းဖြင့် အချိန်များ ကုန်လွန်လို့နေ၏။

တစ်နေ့တွင် ကျွန်ုပ်ပုတီးစိပ်နေရင်းမှ မေ့ကနဲ အိပ်ပျော်လို့သွား ၏။ ကျွန်ုပ်လန့်ပြီး ပြန်နိုးသောအခါတွင် ကျွန်ုပ်၏ လက်ထဲမှ ပုတီး ကုံးလေး လွတ်ကျလို့နေ၏။ ကျွန်ုပ်သည် ၎င်းပုတီးလေးအား ပြန် ကောက်လိုက်ပြီး ဘေးဘက်ဝဲယာကိုကြည့်လိုက်သောအခါတွင် မှောင် မည်းလို့နေ၏။

ညောင်ပင်အောက်တွင် ထွန်းထားသော ဖယောင်းတိုင်လေးသာ လေတိုက်၍ ငြိမ်းတော့မလိုလို မငြိမ်းတော့မလိုလို ဖြစ်လို့နေ၏။ နာရီ ကို ကြည့်လိုက်သောအခါတွင် ည ၂နာရီခွဲ လို့နေ၏။ လေတိုက် နေသဖြင့် နည်းနည်းအေးလို့လာ၏။ ထို့ကြောင့် ကျွန်ုပ်သည် ဒါး ကျောင်းလေးပေါ်သို့ ပြန်တက်လိုက်ပြီး အိပ်ရာပေါ်တွင် ခဏ ကျော ဆန့်လိုက်လေ၏။ အိပ်ရာပေါ်တွင်လှဲပြီး ၅မိနစ်လောက်အကြာ အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



လို့ သွားလေတော့၏။

အိပ်မက်ထဲတွင် ကလေးငယ်လေးများသည် ဝိုင်းဖွဲ့၍ဆော့နေကြ၏။ ထိုအချိန်တွင် အဘိုးကြီးတစ်ဦး အနားသို့ရောက်လာသောအခါ

"ဟေး-အဘလာပြီ အဘလာပြီ"ဟုဆိုကာ အဘိုးကြီးအား ဝိုင်းကြီးပတ်ပတ် ဝိုင်းဖွဲ့ပြီး ကစားကြလေ၏။ ၎င်းအဘိုးကြီးသည် ရာဝင်အိုးကြီးတစ်လုံးကို ထမ်းလာပြီး ကျွန်ုပ်၏ ကျောင်းပေါက်ဝ တည့်တည့်တွင် ချလေ၏။ ပြီးလျှင် မြေဖြူခဲနှင့် ၎င်းရာဝင်အိုးကြီးကို စာရေးလေတော့၏။ ၎င်းစာမှာ"သုံးလွန်းတင်မှကြိုး- ဒေါင်ဒေါင်မြည်မှအိုး"ဟု ဖြစ်လေ၏။

၎င်းအဘိုးကြီး စာရေးပြီးသောအခါ အဘိုးကြီးအားဝိုင်းကြီးပတ်ပတ်ဆော့နေကြသော ကလေးငယ်များမှာ လက်ခုပ်လက်ဝါးဝိုင်း၍တီးလေတော့၏။ ပြီးလျှင် သုံးလွန်းတင်မှကြိုး ဒေါင်ဒေါင်မြည်မှအိုးဟု ဝိုင်းပတ်၍ ဆိုကြလေတော့၏။ ကျွန်ုပ်သည် ၎င်းကလေးများနှင့် အဘိုးကြီးအားငေး၍ ကြည့်နေမိ၏။ ထိုအချိန်တွင် အဘိုးကြီးသည်

"အရှင်ဘုရားကို အိုးလာပေးတာ"ဟုဆိုပြီး အိုးကြီးတစ်လုံးကို ပေးလေ၏။ ကျွန်ုပ်သည် ရာဝင်အိုးကြီး တစ်လုံးရသဖြင့် ဝမ်းသာလို့သွားလေ၏။ ပြီးလျှင် ၎င်းအဘိုးကြီးသည် ကျွန်ုပ်အား စိပ်ပုတီးသေးသေးလေးတစ်ကုံးကို သူ့လည်ပင်းမှချွတ်လိုက်ပြီး လှမ်း၍ပေးလေ၏။ ပြီးလျှင်

"အရှင်ဘုရား၊ အမျိုးခေါ် အိုးပေါ်မှာ စေတီတည်"ဟုဆိုလေ၏။

ကျွန်ုပ်သည် ၎င်းအဘိုးကြီးအားမြင်ဖူးသလိုလိုရှိလေ၏။ တိုက်ပုံအင်္ကျီအသစ်နှင့် တဘက်တစ်ခုကိုလည်း ခေါင်းပေါင်းထားလေ၏။ အောက်က ကချင်ပုဆိုးအကွက်နှင့်ဖြစ်၏။ အဘိုးကြီးမှာ လူကြည့်ကောင်းလှ၏။ ကလေးများမှာ အနားမှလာပြီး ပတ်လည်ဝိုင်းကာ-



www.burmeseclassic.com

www.burmeseclassic.com



"အဘ မုန့်ဖိုးပေး၊ အဘ မုန့်ဝယ်ကျွေး"စသဖြင့် ဆူညံပွက်လော ရိုက်လို့နေ၏။ ကျွန်ုပ်သည် အဘိုးကြီးကို အားနာသွားပြီး ကလေးများ အား–

"ဟဲ့ကလေးတွေ လူကြီးကို ဘာလို့ စိတ်ညစ်အောင်လုပ်နေတာ လဲ၊ တိတ်တိတ်နေ"ဟု အော်လိုက်သဖြင့် ကလေးများသည် အသံ တိတ်သွားပြီး ကျွန်ုပ်အား သေချာဝိုင်း၍ ကြည့်လေ၏။ ပြီးလျှင် ကျွန်ုပ် အား လက်ညှိုးထိုးပြီး–

"ဒေါင်ဒေါင်မြည်တဲ့အိုး၊ ဒေါင်ဒေါင်မြည်တဲ့အိုး"ဟု ဝိုင်း၍ အော် ကြပြန်လေ၏။ ကျွန်ုပ်သည် စိတ်တိုသွားပြီး–

"ဟဲ့ကလေးတွေ သွားစမ်း"ဟုဆိုကာ ကြိမ်လုံးကို လှမ်း၍ယူလေ ၏။ ထိုအခါ ကလေးများသည် အဘိုးကြီးအား ဝိုင်း၍ဖက်တွယ်တက် ကြလေ၏။ သို့သော် အဘိုးကြီးမှာ ပြုံးပြုံးကြီးသာ နေလေ၏။ ကျွန်ုပ် ကြိမ်လုံးကို လှမ်းယူလိုက်သဖြင့် ကလေးများသည် ကြောက်သွားသလို လိုရှိသော်လည်း ကျွန်ုပ်အား ပြန်ပြီးပြုံးပြသောအချိန်တွင် 'အင်း'ဟု သာ ကျွန်ုပ်အသံထွက်နိုင်လေ၏။

ဘာဖြစ်လို့လဲဆိုရင် ၎င်းကလေးများ၏မျက်နှာသည် အစွယ်များ ထွက်လာကာ ဘီလူးများအသွင်သို့ ပေါက်နေလေတော့၏။ ကျွန်ုပ် သည် နောက်သို့တွန့်သွားသောအခါတွင် အဘိုးကြီးသည် ကျွန်ုပ်အား

"မကြောက်ပါနဲ့ ကိုယ်တော်" ဟုဆိုပြီး ၎င်းအိတ်ထဲသို့နှိုက် လိုက်ပြီး သကြားလုံးများ၊ မုန့်အချိုအချဉ်များကို ကလေးများထံ ကြဲ ပေးလေ၏။ ထိုအခါ ၎င်းကလေးများသည် တစ်ဦးနှင့်တစ်ဦး မာန်ဖီ ကာ အလုအယက် ကောက်ကြလေ၏။ ထိုအခါ အဘိုးကြီးက

"ဟော့ ဘီလူးလေးတွေ ကဲ –မင်းတို့ မုန့်လည်းစားပြီးပြီ၊ ကိုယ့် နေရာ ကိုယ်နေကြ"ဟုအမိန့်ပေးလိုက်လေတော့၏။ ထိုအခါ ဘီလူး

www.burmeseclassic.com



ကလေးများသည် အဘိုးကြီးအား ရှိသေစွာ ကန်တော့ကြပြီး ထွက်ပြေးသွားကြလေတော့၏။

ကျွန်ုပ်သည် အဘိုးကြီးအား ရေနွေးအိုးလေးနှင့် ငှက်ပျောသီးတစ်ဖီးကိုထုတ်ပြီး ညှော်ခံလိုက်လေ၏။ အဘိုးကြီးသည် ရေနွေးကိုသာ တွင်တွင်သောက်ပြီး ချွေးများထွက်လာ၏။ ပြီးလျှင် ၎င်း၏အပေါ်ဝတ် တိုက်ပုံအင်္ကျီကို ချွတ်လိုက်ပြီး ကျွန်ုပ်အား လှမ်းပေးလေ၏။

"အရှင်ဘုရား ဒါလေးကို ဆောင်ထား"

"ဒါ ဘာလဲအဘ"

"ဒါ တိုက်ပုံ၊ တိုက်တဲ့လူတွေ အားလုံးပုံသွားစေရမယ်။ ဆောင်ထားလိုက်။ ပြီးရင် အရှင်ဘုရား ဘုရားတည်ရမယ်"

"ဘုရားတည်ဖို့ မဖြစ်ပါဘူး ဒကာကြီးရယ်၊ ဘုရားလည်း မတည်တတ်ပါဘူး"

"အရှင်ဘုရား တည်သာတည်ပါ။ အဲဒီလိုတည်ဖို့အတွက် ဓာတ်ဆင်ရလိမ့်မယ်"

"ဘယ်လို ဓာတ်ဆင်ရမလဲ အဘ"

"အိုးဖော်တဲ့ဓာတ်"

"ဦးဇင်းမှာ ငွေမှမရှိတာ"

"မပူနဲ့ အမျိုးခေါ်လိုက်"

"ဘယ်အမျိုးကို ခေါ်ရမှာလဲ"

"အရှင်ဘုရားရဲ့ ဘဝပဋ္ဌာန်းဆက်အမျိုးတွေ ခေါ်ရလိမ့်မယ်။ အမျိုးခေါ်ဖို့ အိုးဖော်စေတီတည်ရလိမ့်မယ်"

"အင်း အိုးပေါ်မှာ ဘယ်လို စေတီတည်ရမှာလဲအဘရယ်"

"ဓာတ်ဘုရားလို့ခေါ်တယ်။ ဒီ ရာဝင်အိုးပေါ်မှာ တည်ရမှာ"

"မဖြစ်ပါဘူး အဘ။ ဦးဇင်း မလုပ်ပါရစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မှာသာလုပ်ပါ။ အားလုံး အဆင်ပြေအောင် နဂါးတွေလွှတ်လိုက်မယ်"ဟုပြောပြီး ပျောက်သွားလေတော့၏။ ကျွန်ုပ်သည် အဘိုးကြီးပေးခဲ့သော စဉ့်အိုးကို သေချာကြည့်ပြီး ရိုက်ကြည့်ရာ ဒေါင်ဒေါင်ဒေါင်ဆိုပြီး မြည်လေ၏။

ကျွန်ုပ် လန့်၍နိုးလေတော့၏။ ထိုအချိန်တွင် တစ်ဘက်ကျောင်းမှ ခေါင်းလောင်းထိုးသံကြားရ၏။ နံနက် အရုဏ်ဆွမ်း ခေါင်းလောင်းထိုးခြင်း ဖြစ်လေ၏။ ဒေါင် ဒေါင် ဒေါင်ဆိုပြီး မြည်လေတော့၏။

"ဟင် ငါအိပ်မက်မက်တာပဲ၊ အိပ်မက်ထဲမှာ အဘဘိုးမင်းခေါင်ကြီးပဲ၊ ပြီးတော့ အိုးကြီးလည်းပါတယ်၊ နိမိတ်ကို ယူရရင်လည်း ငါနိုးတဲ့အချိန်နဲ့ ဟိုဘက်ကျောင်းက ခေါင်းလောင်းထိုးသံကြားရတာနဲ့ ယှဉ်ရင်တော့ အောင်နိမိတ်ပဲပေါ့ ထူးတော့ထူးမှာပဲ" ဟုဆိုကာ မျက်နှာသစ်၊ သွားတိုက်ပြီး ကရင်အား အရုဏ်ဆွမ်းချက်ရန် နှိုးလိုက်လေတော့၏။

ကရင်သည် အရုဏ်ဆွမ်းချက်လေ၏။ ကျွန်ုပ်လည်း ဘုရားမီးပူဇော်ကာ ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်လိုက်ပြီး သမ္ဗုဒ္ဓေ ၅ မျိုးပုတီးစိပ်လိုက်လေ၏။ ပြီးလျှင် မေတ္တာပို့ အမျှအတန်းများပေးဝေလိုက်ပြီး ခေါင်းလောင်းသေးသေးလေးအား တီးလိုက်လေတော့၏။

ကရင်သည် အရုဏ်ဆွမ်းဘုဉ်းပေးရန် လာပင့်လေ၏။ ထုံးစံအတိုင်း ကြက်ဥကြော်လေးနှင့် ထမင်းဘုဉ်းပေးလိုက်ပြီး ရေနွေးပူပူလေးအား မှုတ်၍သောက်လိုက်လေ၏။ ပြီးလျှင်

"ကရင် အိုးရောင်းတဲ့နေရာ မင်းသိလား၊ သိရင် ငါ့ကိုလိုက်ပြစမ်း" ဟုပြောလျှင် ကရင်က

"သိတယ်ဘုန်းဘုန်း၊ မော်ဘီ ရထားလမ်းမရောက်ခင်မှာ အိုးရောင်းတဲ့ဆိုင်ရှိတယ်။ ဘုန်းဘုန်းကို လိုက်ပို့ပေးမယ်"ဟုဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း

"ကဲ ပို့မယ်ဆိုလည်း တစ်ခါတည်းသွားမယ်ကွာ" ဟုပြောလိုက်လေ၏။ ထိုအခါ ကရင်သည် ဆိုက်ကားထုတ်လေ၏။ ကရင်သည် ကျွန်ုပ်၏ဝေယျာဝစ္စများကို ဝိုင်းလုပ်ပေး၏။ အားလျှင် ဆိုက်ကား နင်းလေ၏။ ထို့ကြောင့် ကျွန်ုပ်ထံလာလျှင် ဆိုက်ကား ပါလာလေ၏။

"ကဲ– ဒါဆိုသွားမယ်" ဟုဆိုကာ ကရင်နှင့်အတူ ဆိုက်ကားနှင့် မော်ဘီရထားသံလမ်းနားရှိ စဥ့်အိုးများရောင်းသည့်ဆိုင်သို့သွားလေ၏။ စဥ့်အိုးရောင်းသည့်ဆိုင်သို့ ရောက်သောအခါ ဆိုင်ရှင်မှာ ကုလားကြီး ဖြစ်လေ၏။ ကျွန်ုပ်အား–

"ဘုန်းဘုန်း ဘာလိုလို့လဲ"ဟု မေးလေ၏။ ကျွန်ုပ်လည်း

"ရာဝင်အိုးတွေလိုချင်လို့"

"လာပါ ကြည့်ပါ၊ ဒီမှာ အိုးကောင်းတွေရှိပါတယ်"ဟုဆိုကာ ၎င်းဆိုင်ထဲရှိအိုးများအား လိုက်ပြလေ၏။ အိုးများသည်အရမ်းလှလေ၏။ အချို့အိုးကြီးများဆိုလျှင် ပန်းပွင့်ပန်းခက်များပါ ပါလေ၏။

"လှလိုက်တဲ့အိုးတွေပဲ၊ ဒကာကြီး ဒီရာဝင်အိုးတစ်လုံးကို ဘယ်လောက်လဲ"

"ရှစ်သောင်းပါ"

"ဟင်–ရှစ်သောင်းဟုတ်လား"

"ဘုန်းဘုန်းလိုချင်ရင် လျှော့ပေးပါမယ်။ ခြောက်သောင်းခွဲပဲပေးပါ"ဟုဆိုလေ၏။

ကျွန်ုပ်သည် ငွေသိပ်မပါ။ နှစ်သောင်းလောက်သာ ပါလေ၏။ ထိုနှစ်သောင်းမှာလည်း ကျွန်ုပ် စုထားသည့် ချမ်းသာတာ အကုန်ပင် ဖြစ်လေ၏။ အိုးတွေက ဈေးကောင်း၍ ပိုက်ဆံမလောက်ခြင်းဖြင့် စိတ်ညစ်လို့ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဘုန်းဘုန်းယူပါ၊ နောက်ဆုံးဈေး ငါးသောင်းပဲပေး"ဟု ဆိုပြန်၏။

"ငါးသောင်း ဟုတ်လား" ဟု ကရင်က ထပ်၍မေးလေ၏။ ထိုအခါ ကုလားကြီးက

"ဟုတ်ပါတယ် ဘုန်းဘုန်း၊ ယူသွားပါ၊ ဘုန်းဘုန်းမှာ ဘယ်လောက်ပါလို့လဲ"ဟု ကုလားကြီးက စကားဆိုလေ၏။

"ကျုပ်မှာ နှစ်သောင်းပဲ ပါတယ်"

"ပါသလောက်ပဲပေးပြီး ယူသွားပါ၊ နောက်မှာကျန်တာပေး"ဟု ဆိုလေ၏။ ကျွန်ုပ်သည် သဒ္ဓါတရားနှင့်ယှဉ်ရလေတော့၏။

"ဟင် ငါဒီနှစ်သောင်းပေးလိုက်ရင် ငါ့မှာဆေးလိပ်သောက်ဖို့ ငွေတောင်မရှိတော့ဘူး" ဟုတွေးရင်း ကရင့်ကို လှမ်းကြည့်လိုက်ရာ ကရင်သည် ကျွန်ုပ်အား မဝယ်ရန် မျက်နှာရိပ်မျက်နှာကဲပြလေ၏။

"ကုလားကြီးက ဘုန်းဘုန်း လိုချင်ရင် ယူသွားပါ။ အားမနာပါနဲ့ ဘုန်းဘုန်း၊ ပြီးမှပေးလည်းရပါတယ်" ဟုဆိုလေ၏။

"ဟင် တကယ်လား မာမူကြီး"

"တကယ်ပေါ့၊ ဘုန်းဘုန်းကို လျှောက်စရာ ရှိသေးတယ်။ ညက ကျွန်တော့်ကို အဘိုးကြီးတစ်ဦးအိပ်မက်ပေးတယ်။ အိပ်မက်ထဲမှာ မင်းဆိုင်ကို ဘုန်းကြီးတစ်ပါးလာလိမ့်မယ်။ မင်းဈေးရောင်းကောင်းချင်ရင် အဲဒီဘုန်းကြီးဆီမှာ ယတြာတောင်း၊ မင်းဆိုင်ရောင်းကောင်းလိမ့်မယ်၊ မင်းဆီက အိုးဝယ်ရင် လှူ့ပေးလိုက်၊ သူ့ဆီမှာ နှစ်သောင်းပဲပါလိမ့်မယ်။ ပိုက်ဆံမရှိရင် အကြွေးပေးလိုက်လို့ အိပ်မက်မက်တယ်။ အခု တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ဘုန်းဘုန်းယူသွားပါ၊ တပည့်တော်ကို ယတြာလေးပေးခဲ့ပါ"ဟုဆိုလေ၏။

ထိုအခါ ကျွန်ုပ်သည် ကရင့်မျက်နှာကို တစ်ချက်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကရင်သည် ရှုံ့တွနေသောမျက်နှာနှင့်ကုလားကြီးအား မျက်စောင်းထိုးလို့ နေလေ၏။ ကရင့်အထင်က ဒီကုလားကြီး ဈေးရောင်းချင်တိုင်းလူလည်လုပ်တယ်ပေါ့။ အလကား ညာရောင်းတော့မယ်၊ ဘုန်းကြီးလည်း ကိုယ်တောင်ဆွမ်းစားဖို့ အနိုင်နိုင်၊ ဒီရာဝင်အိုးကြီးကို ဘာလုပ်မှာလဲဆိုသော မျက်နှာထားနှင့်လုပ်နေ၏။

"ကဲ ကြာပါတယ်ဗျာ။ ခင်ဗျား ကျုပ်ကို ယုံတယ်မဟုတ်လား"

"ယုံပါတယ် အရှင်ဘုရား၊ ယူမှာ ယူသွားပါ။ ပိုက်ဆံနောက်မှပေး၊ အခု အရှင်ဘုရား နှစ်သောင်းပါတယ်မဟုတ်လား။ တစ်သောင်းပဲပေး"ဟု ဆိုလေ၏။ ကျွန်ုပ်လည်း ရသည့်အခွင့်အရေးကို လက်မနှေးတော့ဘဲ

"ကဲ–ယူမယ်"ဟုပြောပြီး ရာဝင်အိုးကြီးကို ဝယ်လိုက်လေ၏။

"ကဲ ကရင် ဆိုက်ကားပေါ် တင်မယ်" ဟု ဆိုလိုက်သောအခါ ကရင်သည်

"အရှင်ဘုရား၊ ဒီအိုးကြီးဆိုက်ကားပေါ်တင်ရင် အရှင်ဘုရား ဘယ်လို ထိုင်မလဲ"

"ဟာ–တင်မှာသာ တင်စမ်းပါကွာ၊ ငါ လိုင်းကားနဲ့လိုက်လာမယ်။ အိုးကိုသာ ကျမကွဲအောင် မင်းသေချာထိန်း"ဟုဆိုပြီး အိုးကြီးကို ဝိုင်းမကာ ဆိုက်ကားပေါ်သို့ တင်ကြလေ၏။

ပြီးလျှင် ကျွန်ုပ်သည် လိုင်းကားစီးပြီး ကျောင်းသို့ သွားနှင့်လေ၏။ ကရင်သည် မျက်နှာရှစ်ခေါက်ချိုးနှင့် ရာဝင်အိုးကြီးကို ဆိုက်ကားပေါ်တင်နင်းပြီး ကျောင်းသို့လာခဲ့လေတော့၏။

ကရင်၏ ဆိုက်ကားမှာ ဂျုံးဂျုံးကျနေသောကြောင့် ဆိုက်ကားကို တက်ပြီး မနင်းရဲဘဲ အိုးကြီးကျကွဲမှာ စိုးသဖြင့် မော်ဘီဘူတာနားက အိုးဆိုင်ကနေပြီး ရာဝင်အိုးကြီးကို ထိန်းကာ ကျောင်းသို့

www.burmeseclassic.com



အရောက် နားနားပြီး တွန်းရလေ၏။ ကျောင်းသို့ပြန်ရောက်သောအခါ ရာဝင်အိုးကြီးကို မချသေးဘဲ အမောအပန်းဖြေကာ ရေသောက်လေတော့၏။ ပြီးလျှင် အနီးအနားမှ ကုလားလေးများအား ပွဲစွန့်ထားသော ငှက်ပျောသီး ကျွေးမည်ဟုဆိုကာ ရာဝင်အိုးကြီးအား ဝိုင်းဝန်းချခိုင်းရလေ၏။

ကျွန်ုပ်သည် ရာဝင်အိုးကြီးအား နေရာကောင်းကို စီမံကာထား ခိုင်းလိုက်လေ၏။ ပြီးလျှင် မြေဖြူခဲဖြင့် "ဒေါင်ဒေါင်မြည်မှအိုး"ဟု ရေးလိုက်လေတော့၏။ ကျွန်ုပ်၏ကျောင်းသည် ဝါးတဲကျောင်းလေး ဖြစ်ပြီး ရာဝင်အိုးလုလုကြီးကို အရှေ့မှာချထားသဖြင့် လွန်စွာပဏာရ လို့ နေလေတော့၏။ ကရင်သည် ရာဝင်အိုးကြီးထဲသို့ ရေအပြည့် ထည့်လေတော့၏။ ကျွန်ုပ်သည် ရာဝင်အိုးကြီး ရသောနေ့မှ စတင်ပြီး သမ္ဗုဒ္ဓေ ၅မျိုး ပုတီးစိပ်လေတော့၏။ ကျွန်ုပ်ကျောင်းဝင်းထဲရှိ ညောင် ကြတ်ပင်ကြီးမှာလည်း ကျွန်ုပ် ပုတီးစိပ်လေ၏။ အဲဒီလို ပုတီးစိပ်ပြီး ရင် ညောင်ပင်စောင့် ရုက္ခဒေဝါ ရုက္ခစိုးနတ်မင်းအားလည်း မေတ္တာ ပေးပို့ကာ အမျှအတန်းပေးဝေခဲ့လေ၏။ ပြီးလျှင် ကျွန်ုပ်၏ နဂါးရုံ ဘုရားကြီးတွင် ပုတီးထပ်စိပ်လေ၏။ ထို့နောက် နဂါးမင်းနှင့်တကွ ဘောဂဝတီ နဂါးမယ်တော်ကြီးကိုပါ မေတ္တာပို့ အမျှအတန်းပေးဝေ ပြန်၏။ ထူးဆန်းသည်မှာ ကျွန်ုပ်ထံသို့ နဂါးရောက်နေသည်ကို တိုက်ကြီးတွင်နေသော ကျွန်ုပ်၏တပည့် မစန်းစန်းဝင်းသည် လုံးဝ မသိချေ။ သို့သော် ကျွန်ုပ်တို့ နဂါးကြီးသယ်ပြီး နောက်နေ့တွင် စန်း စန်းဝင်းအား ၎င်းနဂါးကြီးသည် အိပ်မက်ပေးလေ၏။ အိပ်မက်ထဲတွင် ၎င်းနဂါးကြီးသည် လမ်းလျှောက်လို့ သွားနေသည်ဟု အိပ်မက်မက် လေ၏။ ထို့ကြောင့် ကျွန်ုပ်အား တယ်လီဖုန်းဆက်လေ၏။

"ဘုန်းဘုန်း တပည့်တော် ညက အိပ်မက်မက်တယ်။ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ဘုန်းဘုန်းကျောင်းဝင်းထဲကို နဂါးအဖြူကြီး လမ်းလျှောက်ပြတယ်။ ပြီးတော့ တပည့်တော်ကို ဇွဗ ဆိုပြီး ပြောတယ်။ ကျောင်းလာခဲ့လို့လဲ မှာတယ်။ ဘုန်းဘုန်းကျောင်းမှာ ဘာတွေ ထူးနေသလဲ ဘုရား''ဟု မေးလေ၏။

ထိုအခါ ကျွန်ုပ်က ကျောင်းတွင် နဂါးရုပ်တုကြီး ရောက်နေကြောင်း ကျောက်နဂါးကြီးဖြစ်ကြောင်း ပြောပြလိုက်လေ၏။ ကဆုန်လပြည့်နေ့က ရောက်တာဖြစ်ကြောင်း ဘယ်လိုအခက်အခဲတွေနဲ့ နဂါးကြီးကို ကျောင်းသို့ သယ်ရကြောင်းပါမကျန် ရှင်းပြလိုက်လေတော့၏။ ထိုအခါ စန်းစန်းဝင်းသည်–

''ဟင် တယ်ဟုတ်ပါလား။ ဒါဆို တပည့်တော် အိပ်မက်မှန်တာပဲ''ဟု ဆိုပြီး ဇွဗဆိုသော သင်္ချာဂဏန်းကို အလုပ်လုပ်လေတော့၏။ နောက်နေ့တွင် စန်းစန်းဝင်းသည် လှူဖွယ်ဝတ္ထုအစုစုနှင့် ကျွန်ုပ်ထံသို့ ရောက်လာလေ၏။ ပြီးလျှင် ၎င်းနဂါးကြီးအား ကြည့်ပြီး အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းလေ၏။ နွားနို့နှင့်လည်း ရေချိုးပေး၏။ ပြီးလျှင် စန်းစန်းဝင်းသည် ကျွန်ုပ်အား သစ်သားကျောင်း သေးသေးလေးဆောက်ပြီး လှူရန်ပြောလေ၏။

''အေးကောင်းတာပေါ့၊ ကျောင်းဆောက်လှူတော့ ကျောင်းအစ်မ ဖြစ်တာပေါ့ဟ။ အင်း– တကယ်တမ်း ပြောရရင် ငါတို့မြန်မာလူမျိုးတွေဟာ အိမ်ဆောက်ကတည်းက ကျောင်းအစ်မတွေ ဖြစ်နေတာ။ သူတို့တွေ သတိမထားလို့ပါ''

''ဟင် ဘယ်လိုဖြစ်လို့လဲ ဘုန်းဘုန်း''

''နင်တို့အိမ်မှာ ဘုရားကျောင်း မရှိဘူးလား''

''ရှိတာပေါ့ဘုရား၊ ဗုဒ္ဓဘာသာပဲ၊ ဘုရားကျောင်းထားတာပေါ့''

''အေး အဲဒီကျောင်းကို လူတွေ တော်တော်များများက အခေါ်



www.burmeseclassic.com

www.burmeseclassic.com



အပြောတွေ မှားတတ်ကြတယ်ဟ။ ဘယ်လိုအခေါ်များသလဲဆိုရင် ဘုရားစင် ... ဘုရားစင်လို့ခေါ်တာများတယ်။ တကယ်ဆို ဘုရားက စင်နဲ့သီတင်းသုံးတာမဟုတ်ဘူးဟ၊ ကျောင်းနဲ့သီတင်းသုံးတာ။ အမှန်မှာ ဘုရားကျောင်းလို့ခေါ်ရင် ပိုပြီးကုသိုလ်ရတယ်။ ကျောင်းဒကာ၊ ကျောင်းဒကာမလည်း ဖြစ်တာပေါ့။ စင်ဆိုတော့ ရေအိုးစင်၊ ကက်ဆက်စင်၊ နတ်စင်၊ ဖိနပ်စင် စသဖြင့် တစ်တန်းထဲဖြစ်သွားလိမ့်မယ်။

နင်လည်း ဘယ်လိုခေါ်တာများလဲ''

''ဟင် တပည့်တော်လည်း ဘုရားစင်လို့ ခေါ်မိတာများတယ် ဘုရား''

''အေး- နောက်ဘုရားကျောင်းလို့ခေါ်ဟ။ ဒါမှကျောင်းအစ်မ ဝိသာခါဓာတ်ကိုရမှာ။ ကျောင်းအဖြစ်ထားရင်လည်း သေချာ သန့်ရှင်းရေးတွေ ဘာတွေ မနက်တိုင်းလုပ်ဟ၊ ဘုရားသောက်တော်ရေ၊ သုံးတော်ရေ၊ ဘုရားဆွမ်းတော်၊ ချိုချဉ်ခဲဖွယ်၊ ဘုရားပန်း စတာတွေကိုလည်း စနစ်တကျထားတတ်ဖို့လိုတယ်''

''ဘယ်မှာထားရမှာလဲဘုရား''

''ဘုရားကျောင်းဆောင်ရှေ့မှာ တောက်တိုမယ်ရတွေ၊ နာရီတွေ ပစ္စည်းတွေ မတင်ရဘူး။ ဘုရားနဲ့ ပတ်သက်တာပဲထားရမယ်။ ဘုရားပန်းတွေကိုလည်း ပိတ်ပြီး မထိုးရဘူး။ ဖွင့်ပြီးထိုးရတယ်။ မ.ဂဏန်းသုံးရင် ပိုကောင်းတယ်''

''တင်ပါ့ဘုရား''

''အေး- နင်ကျောင်းဆောက်ပေးမယ်ဆိုလည်း ဆောက်ပေါ့ဟ၊ သာဓု-သာဓု-သာဓု'' ဒီလိုနှင့်ကျွန်ုပ်သည် ကျွန်ုပ်တပည့် စန်းစန်းဝင်း၏ ကုသိုလ်ဖြင့် ဝါးကျောင်းလေးမှ သစ်ကျောင်းလေးအဖြစ်သို့ အဆင့်တက် လှမ်းနိုင်ခဲ့လေတော့၏။ ကျွန်ုပ်၏ ကျောင်းလေးသည် သေးသေး



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် သပ်သပ်ရပ်ရပ်ရှိလေ၏။ ၎င်းကျောင်းလေးထဲတွင် ပဠဝက္ကိ ငါးဦး ဓမ္မစကြာနေဟန်ကို နံရံဖောင်းကြွ ရုပ်လုံးဖော်ထား၏။ ညောင် ကြတ်ပင်ကြီးအောက်တွင် ဆောက်ထားသဖြင့် မသိရင် ရုက္ခစိုးနန်း လိုလိုဖြစ်နေ၏။ ကျွန်ုပ်တစ်ပါးထဲ သီတင်းသုံးရသဖြင့် လုံလောက်လှ လေ၏။ ညဘက်တွင် အထဲမှ တံခါးပိတ်ပြီး ပုတီးစိပ်သဖြင့် လုံခြုံမှု ရှိလှပေ၏။ မြွေပါးကင်းပါး အန္တရာယ်လည်း ကင်းလို့သွားလေ၏။

စန်းစန်းဝင်းသည် သူမှန်းတာထက် နှစ်ဆပိုလို့ကုန်သွားသဖြင့် ၎င်း၏ခန္ဓာကိုယ်တွင် တချမ်ချမ်နှင့်ဆင်မြန်းထားသော ပြောင်ပြောင် အရောင်များသည် ပျောက်ကွယ်သွားလေ၏။ နောက်ဆုံး ရေစက်ချ ကာ ကျွန်ုပ်အား ကျောင်းကို လှူလေတော့၏။ ထိုအခါ ကျွန်ုပ်သည် ယခုဘဝတွင်ပြုခဲ့သော ကုသိုလ်ကြောင့် နောင်ဘဝတွင် ရောဟနီလို အကျိုးပေးလိမ့်မည်ဟုပြောလိုက်သဖြင့် စန်းစန်းဝင်း၏မျက်နှာသည် ရွှင်လန်းလို့သွားကာ ကုန်ရကျိုးနပ်သွားလေတော့၏။

❑❑❑❑



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

တစ်နေ့တွင် ကျွန်ုပ်အား ညောင်ကြွတ်ပင်မှ ရုက္ခစိုးက အိပ်မက်ပေးလေ၏။ ရေအိုးလေးတွေကို ဆိုင်းကြိုးလုပ်ပြီး ညောင်ပင်တွင် တွဲလောင်းလေးတွေချိတ်ပြီး လှူပေးရန် ပူဆာလေတော့၏။ ကျွန်ုပ်လည်း ကရင်ကိုခေါ်ကာ ရေချမ်းအိုးလေးတွေကို စတင်၍သယ်လေ၏။ ကျွန်ုပ်တို့ဘက်တွင် ၎င်းသောက်ရေအိုးသည်များသည် လွန်စွာပေါလေ၏။ တစ်အိုးမှ ၅၀၀ ကျပ်လောက်သာ ရှိလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကရင်နှင့်အတူ ရေချမ်းအိုး ၁၀အိုး ဝယ်ပစ်လိုက်ပြီး သွပ်နန်းကြိုးသုံးကြိုးနှင့်ဆိုင်းကြိုးများလုပ်ကာ ညောင်ပင်အနှံ့လိုက်ပြီး ချိတ်ပေးလိုက်လေ၏။ ပြီးလျှင် ၎င်းရေအိုးထဲတွင် သောက်ရေများ ထည့်ပြီး ရေချမ်းအိုးဟုဆိုကာ ရုက္ခစိုးအား အပြီးအပိုင်လှူလိုက်၏။ ၎င်း၏ကုသိုလ်ဖြစ်အောင် နေ့တိုင်း ရေထည့်ပေး၏။

ဘယ်လိုဖြစ်သလဲတော့ မသိပါ။ လူတော်တော်များများသည် ကျွန်ုပ်နှင့်ကရင်စီရင်ထားသော ရေချမ်းအိုးလေးထဲမှ ရေများကိုတကူး



www.burmeseclassic.com

www.burmeseclassic.com



တကကို လာလာပြီးသောက်လေတော့၏။ ထို့ကြောင့် ကရင်သည် နေ့တိုင်းရေဖြည့်ရလေ၏။ ၎င်းကုသိုလ်ကို ရက္ခစိုးရလေ၏။ တစ်ညတွင် ရက္ခစိုးသည် အိပ်မက်ပေးပြန်၏။

"အရှင်ဘုရား ရေချမ်းအိုး မဟုတ်ဘူး။ ညောင်ရေအိုးလို့ခေါ်" ဟု ဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်နှင့် ကရင်သည် ညောင်ပင်တွင် တွဲလွဲချိတ်သော ရေချမ်းအိုးများအား ညောင်ရေအိုးလို့ ပြောင်းခေါ်ရလေတော့၏။ ထိုအခါ ကရင်သည် လျှာကြောရှည်လေ၏။

"ဘုန်းဘုန်း ရက္ခစိုးကြီးပြောတာမှန်တာပေါ့။ ညောင်ပင်မှာချိတ်တော့ ညောင်ရေအိုးပေါ့"

"အေး–ဟုတ်တယ်" ဟုသာ စကားကို အဆုံးသတ်ရလေ၏။ သူ့ကိုလည်း တစ်ခါတစ်ခါအရူးဘုံမြှောက်ရလေ၏။ ကျွန်ုပ်တွင် လက်တိုလက်တောင်းခိုင်းစရာဆိုလို့ ကရင်တစ်ယောက်ထဲပဲရှိလေ၏။ ဒီလိုနှင့် ကရင်သည် ကျွန်ုပ်မြှောက်ပင့်မှုကြောင့် အရူးက တမူးသာလို့ သွားလေ၏။ တစ်ခုထူးသည်မှာ ကရင်သည် ရက္ခစိုးနှင့်ပက်ပင်းတိုးဖူးထားသောကြောင့် ရက္ခစိုးနှင့်သူသည် ပဋ္ဌာန်းဆက်ရှိလေ၏။

ကျောင်းလေးသည် ညောင်ပင်အောက်တွင်တည်ရှိခြင်း၊ ညောင်ကြတ်ပင်ကြီး၏ အရိပ်အာဝါသကလည်းကောင်းခြင်း၊ ရေအိုးလေးများမှာလည်း သေချာလုပစ္စာ တွဲလောင်းလေးတွေ ချိတ်ထားခြင်း၊ ကျေးငှက်သာရကာများသည် ညောင်ကြတ်ပင်ကြီး၏ညောင်သီးများကို လာစားကြခြင်းကြောင့် လွန်စွာမှသဘာဝတိတအိရသာကိုခံစားရလေတော့၏။ ငှက်ကလေးများ၏ တွန်ကြူးသံများ၊ လေတိုက်လို့ ညောင်ရွက်များ၏ တဖျတ်ဖျတ်လှုပ်ခတ်သောအသံများ၊ သွပ်နန်းကြိုးနှင့်ဆိုင်းငုံပြီး ဆွဲထားသော ရေအိုးများကလည်း လေတိုက်လျှင် ဟိုရမ်းဒီရမ်းနှင့် လှုပ်ခတ်ကာ မသိလျှင် အနားလာပြီး တယောထိုးနေသည့်အလား

www.burmeseclassic.com

www.burmeseclassic.com



တက္ကိုက္ကိုနှင့်အသံလေးများထွက်လို့နေ၏။ ငှက်သံ၊ သစ်ရွက်သံ၊ လေတိုးသံ၊ ညောင်သီးကြွေသံ၊ ရေအိုးများ၏ ဟိုရမ်းဒီရမ်း လှုပ်ခတ်သံများကိုက ဂမ္ဘီရစာတ်ကို မိလို့နေလေတော့၏။

ညနေပိုင်းဆို ငှက်အပေါင်းတို့၏ နေရာလုသံသည် တိုးတွေ့သံတို့နှင့်ပေါင်းလိုက်လျှင် စည်းဝါးညီညာသည့် တီးပိုင်းတစ်ခုအလား ထင်ရလေ၏။ ညဘက်တွင် ဖယောင်းတိုင်ထွန်းခြင်း၊ အမွှေးတိုင်များထွန်းခြင်းကြောင့် အငွေ့များထွက်သွားသည့်အခါတွင် လွန်စွာမှော်ဆန်လွန်းလှပေ၏။ ထို့ကြောင့် ကျွန်ုပ်ကို ထိုအနီးအနားတစ်ဝိုက်မှရှိသောလူများသည် ရုက္ခစိုးမှော်ပေါက်နေသည်ဟု ထင်ကြလေ၏။ အမှန်မှာတော့ ကျွန်ုပ်သည်မှော်ပေါက်နေခြင်းမဟုတ်ပါ။ သဘာဝဆန်ဆန် လေ၏ခါတ်ကို မှော်ဆန်ဆန်ဖြစ်အောင် ဖန်တီးထားခြင်းပင် ဖြစ်လေ၏။

ထို့ကြောင့် ကျွန်ုပ်၏ကျောင်းလေးသည် လာရောက်သူတို့၏စိတ်ထဲတွင် အေးချမ်းလို့သွားလေ၏။ တစ်နေ့တွင် ရုက္ခစိုးကြီးသည် အိပ်မက်ပေးပြန်၏။ အိပ်မက်ထဲတွင် သီလရှင်တွေ ဆန်ခံသော စကောသေးသေးလေးကို လိုချင်တယ်လို့ ပြောပြန်၏။ ပြီးလျှင် ကျွန်ုပ်အား အဲဒီစကောလေးထဲတွင် ပန်းသီးတစ်လုံးတစ်လုံး ကပ်ရန်လည်း ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် သီလရှင်တစ်ပါးထံမှ စကောလေးတစ်ခုကို အလှူခံရလေတော့၏။ ပြီးလျှင် မှော်ဘီဈေးသို့ သွားပြီး ဘုရားပန်းနှင့်သစ်သီးဝလံများကို ဝယ်ခိုင်းလိုက်ပြီး ဘုရားအားသစ်သီးဆွမ်းများတင်ကာ ရုက္ခစိုးကြီးအား ပန်းသီးတစ်လုံးလှူလိုက်လေ၏။

နောက်နေ့တွင် ကျွန်ုပ်အား အိပ်မက်ထပ်၍ပေးပြန်၏။ အိပ်မက်ထဲတွင် ရုက္ခစိုးကြီးသည် ပန်းသီးထည့်လှူသော စကောလေးထဲတွင် တစ်ထောင်တန် အသစ်လေးသုံးရွက်ကို ထည့်ပေးလိုက်လေ၏။ ကျွန်ုပ်သည် အိပ်ရာမှနိုးနိုးချင်း ၎င်းပန်းသီးကပ်ထားသော စကော

www.burmeseclassic.com



ထဲသို့ကြည့်လိုက်သောအခါတွင် ထူးဆန်းစွာ ပန်းသီးကလေးပျောက်ပြီး ငွေသုံးထောင်ကျပ်ကို တွေ့ရ၏။

ကျွန်ုပ်သည် ထူးလည်းထူးဆန်းသဖြင့် ကရင့်အား ပြောလိုက်လေ၏။ ထိုအခါ လျှာရှည်လှသောကရင်သည် ကျွန်ုပ်ထံမှ ရှယ်ယာခွဲလေတော့၏။

"ဘုန်းဘုန်း တပည့်တော်ကို တစ်ထောင်ပေး၊ တပည့်တော်က ဝယ်ပေးရတာလေ၊ ရက္ခစိုးကြီး ကျုပ်ကိုလည်း ပေးဦးလေ"ဟုဆိုကာ ညောင်ပင်ကို လက်ညှိုးထိုးပြီး ပြောလေ၏။ ကျွန်ုပ်သည် ၎င်းငွေသုံးထောင်မှတစ်ထောင်အား ကရင့်ကို အဆောင်အဖြစ်ပေးလိုက်လေ၏။

ကျွန်ုပ်သည် ၎င်းငွေအသစ်လေးနှစ်ထောင်အား ငွေပွားအဖြစ် ဆောင်ထားလိုက်လေတော့၏။ ကရင်သည် တစ်နေ့မှာ ရွှေဥတစ်လုံးဥပေးနေတာကို လောဘတက်လို့လာ၏။

"ဘုန်းဘုန်း ကျေနွ ရက္ခစိုးကြီးက တပည့်တော်တို့ကို ပန်းသီးဖိုးပေးနေတာနေမှာပေါ့"ဟုဆိုကာ လျောင်သလို လုပ်လေ၏။ ပြီးလျှင်နေ့တိုင်းနေ့တိုင်း သူသွားယူလေ၏။ ၎င်းအကြောင်းကို အရက်ဆိုင်တွင် ဖော်ကောင်ဘညွှန့် လုပ်လေတော့၏။ နောက်ပိုင်းတွင် ကရင်သည် ၎င်းပိုက်ဆံအသစ်ကလေးတွေနှင့် အရက်ပါဝယ်သောက်သည့်အဆင့်သို့ ရောက်သွားလေတော့၏။ အဲဒီအချိန်ကစပြီး ကျွန်ုပ်တို့ အဘရက္ခစိုးကြီးသည် ဘာမှမပေးတော့ချေ။ သွားကြည့်လိုက်ရင် စကောထဲတွင် ပန်းသီးပဲရှိလို့နေလေတော့၏။

ကျွန်ုပ်သည် ကရင်အား ဆူပူကြိမ်းမောင်းပြီး "မင်းနှယ့်ကွာ ငွေပွားလေးကို ဘာလို့အရက်သောက် ပစ်ရတာလဲ၊ မင်းကြည့်နေ၊ အဲဒီငွေပွားရှိတဲ့အရက်ဆိုင်ကြီးပွားလိမ့်မယ်" ဟုဆိုလိုက်လေ၏။ ကျွန်ုပ်ဟောကိန်းမှန်လေ၏။ ၎င်းအရက်ဆိုင်သည် နေ့ချင်းညချင်း ကြီးပွား



www.burmeseclassic.com

www.burmeseclassic.com



ကာ စားသောက်ဆိုင်ကြီးအဖြစ်သို့ ရောက်သွားလေ၏။

တစ်ခုထူးတာက ၎င်းအရက်ဆိုင်ပိုင်ရှင်သည် ၎င်းငွေပွားလေးအား ကတ်လောင်း၍ ကိုယ်နှင့်မကွာဆောင်ထားလေတော့၏။ ကရင်သည် ၎င်းငွေပွားလေးဆုံးရှုံးသွားရလေတော့၏။ သို့သော်ဖြစ်သလို နေတတ်သော ကရင်သည် အခွင့်အရေးတစ်ခုလက်လွှတ်ဆုံးရှုံးရလေတော့၏။

ကျွန်ုပ်သည် ညောင်ကြွတ်ပင်စောင့် ရုက္ခစိုးကြီးနှင့် ပုလဲနံမ သင့်နေသောအချိန်တွင် ကရင်၏ အသုံးမကျမှုကြောင့် လမ်းစပျောက်လို့သွား၏။ အိပ်မက်လည်း မပေးတော့ချေ။ ကျွန်ုပ်သည် ညောင်ပင်တွင် ပုတီးစိပ်ခြင်းမှာ ရုက္ခစိုးထံမှ အခွင့်ရေးလိုချင်လို့သော်လည်းကောင်း၊ အကျိုးလိုလို့ ညောင်ရေသွန်းချင်တာမျိုးမဟုတ်ဘဲ စေတနာသန့်သန့်နှင့်နေရာထိုင်ခင်း အရိပ်အာဝါသကောင်းခြင်းကြောင့် အလုပ်လုပ်ရတာ အဆင်ပြေသဖြင့် ပုတီးစိပ်ခြင်းပင်ဖြစ်လေ၏။ ကရင်သည် အခွင့်ရေးလွဲသွားသော်လည်း သောကတော့မရှိချေ။ ဖြစ်သလို၊ ပျော်သလို ဘဝမှာ ကိုယ့်ဘာသာဖန်တီးပြီးတော့ နေတတ်လေ၏။

ကျွန်ုပ်သည် ညောင်ကြွတ်ပင်ကြီးတွင် ပုတီးစိပ်သောအခါ ကျောက် နဂါးရုပ်တွင်လည်း ပုတီးစိပ်လေ၏။ တစ်ခုပြောချင်တာကတော့ ကျွန်ုပ်ထံတွင် ကျောက်နဂါးကြီး ရောက်လာသော်လည်း နဂါးကြီးသက်သက်သာ ဖြစ်နေသဖြင့် ဘုရားရုပ်ပွားတော်မရှိချေ။ ထို့ကြောင့် လှိုင်သာယာမှာနေသော ကျွန်ုပ်တပည့် မောင်ရဲမျိုးအား ကျောက်ဆင်းတုဘုရားတစ်ဆူထုလုပ်ရန် တိုက်တွန်းရလေ၏။ လွန်စွာ သဒ္ဓါအားကောင်းလှသော မောင်ရဲမျိုးသည် သတင်းကြားကြားချင်း ချက်ချင်းရောက်လာပြီး ကျွန်ုပ်အား ၎င်း၏ကားနှင့်ပင့်ကာ ရွှေတိဂုံဘုရားတွင် ကျောက်ဆင်းတုရုပ်ပွားတော်ကို သွား၍ပင့်ရလေတော့၏။ မောင်ရဲမျိုးသည်–



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းဘုန်း ကြိုက်တဲ့ဘုရားပင့်ပါ"ဟုဆိုသဖြင့် လွန်စွာမှ ရှားပါးလှသော လာဘမုနိရုပ်ပွားတော်အား ပင့်ဆောင်ခဲ့လေ၏။ တစ်ခုထူးတာက ကျွန်ုပ်တို့သည် ဘုရားပင့်ရန်သာ ရွှေတိဂုံသို့ထွက်ခဲ့ကြသော်လည်း ဘုရားနဲ့ နဂါးရုပ်ကြီး လိုက်ဖက်မယ့် ပေကို မတိုင်းခဲ့ကြချေ။ ရမ်းသန်းမှန်းသန်းပြီး ပင့်ဆောင်လာခဲ့၏။ ဆိုင်ရှင်ကလည်း သဘောကောင်းလှ၏။

"ဘုန်းဘုန်းပင့်သွားပါ၊ တကယ်လို့ ကြီးနေရင်ပဲဖြစ်ဖြစ်၊ သေးနေရင်ပဲဖြစ်ဖြစ် အချိန်မရွေးလာပြန်လဲပါ" ဟုဆိုသဖြင့် ကျွန်ုပ်သည် ပျော်လို့သွားလေ၏။

လွန်စွာမှကံကောင်းလှ၏။ ကျွန်ုပ်နှင့် မောင်ရဲမျိုးပင့်လာသော ဘုရားရုပ်ပွားတော်သည် အံဝင်ခွင်ကျ ဖြစ်လို့နေလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ဝမ်းသာပီတိဖြစ်ရလေတော့၏။ ဒီလိုနှင့် ကျွန်ုပ်ကျောင်းလေးသည် တစ်စတစ်စ တိုးတက်လို့လာခဲ့လေတော့၏။ ကျွန်ုပ်သည် နဂါးရုပ်ကြီးနှင့်ဘုရား ကွက်တိဖြစ်သွားသဖြင့် ၎င်းနဂါးရုံဘုရားရှေ့တွင် ပိုပြီးပုတီးစိပ်ဖြစ်လေတော့၏။

တစ်နေ့တွင် နဂါးကြီးသည် အိပ်မက်ပေးပြန်လေ၏။ အိပ်မက်ထဲတွင် "နွားနို့နဲ့ ရေချိုးပေးပါ၊ နွားနို့ကပ်ပါ၊ ပါးစပ်ထဲကို အောင်သပြေတစ်စည်းထည့်ပေးပါ"ဟုဆိုသဖြင့် ကျွန်ုပ်သည် အိပ်မက်မက်သည့်အတိုင်းလုပ်ရလေတော့၏။ ထုံးစံအတိုင်း ကရင့်ကို နွားနို့ဖိုးပေးပြီး ၎င်းနဂါးရုံဘုရားကြီးအား စနေနေ့တိုင်း နွားနို့နဲ့ရေချိုးပေးလေ၏။ ပြီးလျှင် နွားနို့တစ်ခွက် လှူပေးလိုက်၏။

နောက်တစ်ရက်တွင်၎င်းနဂါးကြီးသည်အလုံတွင်နေသော ကျွန်ုပ်၏တပည့်မစမ်းမြိုင်အားသွား၍အိပ်မက်ပေးလေ၏။ ကျွန်ုပ်တပည့် မစမ်းမြိုင်သည် အလုံ EPC ဝင်းထဲတွင် နေထိုင်လေ၏။ ၎င်း၏အမျိုးသားမှာ



www.burmeseclassic.com

www.burmeseclassic.com



မြေအောက်မာတ်ကြိုးဌာနမှ ဌာနမှူးတစ်ယောက်ဖြစ်လေ၏။ ထို့ကြောင့် ၎င်းမစမ်းမြိုင်သည်မာတ်ပိုင်းဆိုင်ရာနှင့်ပို၍နီးစပ်နေလိုဖြစ်လို့နေ၏။

စမ်းမြိုင်နှင့် ကျွန်ုပ်တွေ့ရသည်မှာလည်း ထူးဆန်းလှလေ၏။ တစ်နေ့တွင် စမ်းမြိုင်သည် သူ၏မိတ်ဆွေသီလရှင်တစ်ပါးနှင့်ကျွန်ုပ်ထံသို့ ရောက်လာလေ၏။ သူရောက်ရှိပုံမှာလည်းထူးဆန်းလှ၏။ အကြောင်းမှာစမ်းမြိုင်တွင် အရိုးတီဘီဆိုသာရောဂါတစ်ခုဖြစ်လို့နေ၏။ လည်ပင်းတွင် လည်ပင်းကြီးရောဂါလိုအဖုကြီးစတင်၍ထွက်လို့နေလေ၏။ ၎င်းနှင့်သီလရှင်သည် ကျွန်ုပ်ထံသို့အိပ်မက်အရ လာရောက်ခြင်းဖြစ်လေ၏။

အိပ်မက်ထဲတွင် ကျွန်ုပ်သည် ၎င်း၏ရောဂါကို မာတ်လုံးရေစိမ်ပြီး တိုက်သည်ဟု အိပ်မက်မက်ခြင်းဖြစ်လေ၏။ ထို့ကြောင့် စမ်းမြိုင်သည် ကျွန်ုပ်အား အသည်းအသန်လိုက်ရှာနေခြင်းဖြစ်လေ၏။ ၎င်းတို့ရောက်လာသည့်အချိန်တွင် ကျွန်ုပ်သည်ကျောင်းတွင် မရှိပေ၊ ရန်ကုန်သို့ဆွမ်းစားကြွနေချိန်ဖြစ်၏။ အလုံ သီရိမင်္ဂလာဈေးမှာ ကျွန်ုပ်၏တပည့်များဖြစ်သော ကိုလှအုန်းနှင့်မယေ်တို့၏ ပင့်လျှောက်ချက်ဖြင့် ရောက်ရှိသွားခြင်းဖြစ်လေတော့၏။

ထို့ကြောင့်ကျောင်းတွင် စမ်းမြိုင်နှင့်သီလရှင်သည် ကရင်နှင့်တိုးလေတော့၏။ စမ်းမြိုင်သည် ကျွန်ုပ် ကျောင်းသို့ ရောက်ရောက်ချင်း ကျွန်ုပ်ဓာတ်ပုံကိုတွေ့ကာ ကုလားစကားလိုလို၊ ပသီစကားလိုလို၊ နတ်စကားလို စကားတွေပြောပြီး တအီအီနှင့်ငိုလေတော့၏။ မြန်မာစကားကိုတောင်လေးလုံးမကွဲသော ကရင်သည် စမ်းမြိုင်နှင့်တွေ့မှဘာသာမပြန်တတ်သော စကားတွေဖြစ်ကာ ခေါင်းမှဆံပင်များကို တဖျင်းဖျင်းနဲ့ကုတ်ပြီး စိတ်ပျက်လက်ပျက်တွေ ဖြစ်လို့နေလေ၏။ နောက်ဆုံးစမ်းမြိုင်သည် နဂါးသိုက် ဝင်ပူးလေတော့၏။

ကရင်သည် စမ်းမြိုင်အား ထိန်းရလေတော့၏။ ကျွန်ုပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ပြန်မလာသဖြင့် ကရင်သည် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်ကာ ဆွေ့ဆွေ့ခုန်လို့နေလေတော့၏။ နောက်ဆုံးတွင် စမ်းမြိုင် သည် ပူးခြင်း၊ ကပ်ခြင်းများ ပြီးသွားသဖြင့် ကရင်သည် သောက်ရေ လေးတစ်ခွက်ကို လှမ်းပေးပြီး စမ်းမြိုင်အား–

"အမကြီး ဘုန်းကြီးက မိုးချုပ်မှာ၊ ဒီတော့ အမကြီးတို့ ဆေး ကုရင် မနက်ဖြန်မှပြန်လာပါ"ဟုဆိုလေ၏။ ပြီးလျှင် ကရင်က–

"တစ်ခုတော့ ပြောလိုက်မယ်၊ ကျုပ်တို့ဘုန်းကြီးက ဆေးမကု တတ်ဘူးနော်၊ သူတောင် ဆေးထိုးဆေးစားရမှာ အလွန်ပျင်းတဲ့ ဘုန်းကြီး၊ အမကြီး ဘုန်းကြီးကျောင်းလည်းမှားနေဦးမယ်။ ဟိုဘက် စမဘုန်းဘုန်း ဖြစ်လိမ့်မယ်"ဟု ဆိုလိုက်လေ၏။

ထိုအခါ စမ်းမြိုင်က "မဟုတ်ဘူး၊ ငါကအိပ်မက်မက်ထားတာ၊ ဒီဘုန်းကြီးမှ ဒီဘုန်းကြီး၊ စမဘုန်းဘုန်းကို ငါသိတယ်။ ရောက်ပြီး သွားပြီ၊ သူက အသားဖြူတယ်၊ ငါမက်တဲ့ ဘုန်းကြီးက အသား မည်းတယ်။ အသားက သပိတ်ရောင်သမ်းနေတယ်"ဟု ဆိုလိုက် သဖြင့် ကရင်သည် မျက်လုံးကြီး ပြူးပြီး–

"ဘာပြောတယ်၊ ခင်ဗျားကဘာလဲ၊ အသားညိုတယ်လုပ်စမ်းပါ၊ သပိတ်ရောင်သမ်းနေမှတော့ ကျုပ်ဘုန်းကြီးကပ္ပလီဖြစ်နေပြီပေါ့ဗျ၊ နည်း နည်းလေးလျှော့ပြော၊ ကျုပ်ဘုန်းကြီးက အမှန်ပြောရင် စိတ်တိုတတ် တယ်"ဟုဆိုလိုက်သဖြင့် စမ်းမြိုင်သည် အားနာပါးနာဖြစ်သွားပြီး–

"မဟုတ်ပါဘူးမောင်လေးရယ်၊ အသားညိုတာကို ပြောမလို့ပါ၊ ဟို နောက်ကျောက သပိတ်ကိုမြင်ပြီး သပိတ်ရောင်သမ်းတယ်လို့ ပြောမိတာပါ" ထိုအခါသီလရှင်သည် ထပြီးပြောလေ၏။

"အို သူ့ဟာသူ သပိတ်ရောင်ပဲ သမ်းသမ်း၊ မီးသွေးတုံးပဲတူတူ အရေးကြီးတာ နင့်ရောဂါပျောက်ဖို့ပဲ၊ ငါတို့ကတော့ အသင်းမကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဟေ့ အချင်းကြည့်တာ''ဟု ခပ်ငေါ့ငေါ့လေး ပြောလေ၏။

ထိုအခါ ကရင်သည် ဆရာလေးက အချင်းကြည့်တာဆိုတော့ အရင်က ကလေးမွေးပေးတဲ့ လက်သည်လုပ်ဖူးတယ်နဲ့တူတယ်'' ဟု ဆိုသဖြင့် ဆရာလေးသည် မျက်မှန်ကို အပေါ်သို့ပင့်တင်လိုက်ပြီး

''ဟဲ့ ဘာစကားပြောတာလဲ၊ ငါကငယ်ဖြူဟဲ့၊ သီလရှင်ငယ်ဖြူ''

''ဩော် သူတို့ကျတော့ ငယ်ဖြူလေးဘာလေးနဲ့ ငါတို့ ဘုန်းကြီးကျတော့ သပိတ်ရောင်တွေရော၊ မီးသွေးခဲတွေရော ရစရာကိုမရှိဘူး''

''မဟုတ်ရပါဘူးမောင်လေးရယ်'' ဟုဆိုကာ စမ်းမြိုင်သည် ဝင်ရောက် ပြန်ဖြေပေးပြီး စိတ်တိုတတ်သောသီလရှင်ကိုလက်ဆွဲကာ ကရင့်ကို ''နောက်နေ့မှလာမယ် မောင်လေးရယ်''ဟုဆိုပြီး မုန့်ဖိုးတစ်ထောင် ပေးလိုက်သဖြင့် ကရင်သည် မျက်နှာကြီးဝင်းပသွားပြီး စမ်းမြိုင်နှင့် ဆရာလေးအား ကျောင်းပေါက်ဝထိ လိုက်ပို့လို့ပေးလေ၏။

လောကကြီးမှာ ဘယ်အရာမဆို ရေဖျန်းရင် လန်းလေတော့၏။ ကရင်သည် ၎င်းအားပေးသော မုန့်ဖိုးတစ်ထောင်အား ပုဆိုးခါးပုံစထဲ ထည့်ထားပြီးလျှင် ကျွန်ုပ်ပြန်လာသောအခါတွင် အကျိုးအကြောင်း ပြောကာ ကျွန်ုပ်ထံမှ မုန့်ဖိုးတောင်းပြီး အိမ်ပြန်လေတော့၏။ ဒီနေ့အဖို့ ကရင်သည် နှစ်သီးစား ဖြစ်သွားလေသောကြောင့် ညဘက်တွင် ကျောင်းသို့ပြန်မလာဘဲ ၎င်းအိမ်သို့ ပြန်အိပ်လေတော့၏။

နောက်တစ်နေ့တွင် စမ်းမြိုင်ရောက်လာလေ၏။ ကျွန်ုပ်အား ရှိခိုးပြီး ၎င်း၏ရောဂါကို ဓာတ်လုံးနှင့်မန်းပေးရန်ပြောလေ၏။ ကျွန်ုပ်သည်

''ဟာ ငါမှဆေးမကုတတ်တာ''

''ကုတတ်ပါတယ် ဘုန်းဘုန်းရယ်''

''ဟာ တကယ်ပြောတာဟ၊ ငါ့မှာ ဘာဓာတ်လုံးမှလည်းမရှိဘူး၊ ဘာဓာတ်ပြားမှလည်းမရှိဘူးဟ။ တတ်နိုင်ရင် တတ်သိနားလည်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်နဲ့ ပြပါဟာ''ဟု အကြံပေးလိုက်လေ၏။ ထိုအခါ စမ်းမြိုင်သည် ဘယ်လိုမှပြောလို့မရပေ။

''ဆရာဝန်တွေလည်း စုံနေပါပြီ။ အရှင်ဘုရားကုပေးပါ''ဟု တတွင်တွင် ပြောနေသဖြင့် ကျွန်ုပ်သည် နောက်ဆုံး စိတ်ကျေနပ်သွားအောင် ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်၏ ပေါက်ဆိန်ကြီးနှင့် ၎င်း၏လည်ပင်းအား သမ္မုဒ္ဓေကိုးခေါက်ရွတ်ကာ ကြက်ခြေခတ်ပေးလိုက်ပြီး လည်ပင်းကို ပေါက်ဆိန်နှင့် ဖြည်းဖြည်း ခုတ်ပေးလိုက်လေတော့၏။ ကြက်ကန်းဆန်အိုးတိုးတာလား မပြောတတ်၊ ဘုန်းဘုရားကြီးဘိုးပေါက်ဆိန်ရဲ့ ပေါက်ဆိန်အစွမ်းကြောင့်များလားတော့ မသိချေ။ စမ်းမြိုင်၏ ရောဂါသည် ကြက်ပျောက်ငှက်ပျောက်ပျောက်ကာ နဂိုပုံမှန်အတိုင်းဖြစ်လေတော့၏။ ထိုအချိန်မှစ၍ စမ်းမြိုင်တို့၏ မြှောက်စားခြင်းကြောင့် ကျွန်ုပ်သည် ပုဆိန်တစ်လက်နှင့်ဆေးကုရလေတော့၏။ ကျွန်ုပ်ထံလာသမျှ လူတိုင်းသည်လည်း ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်၏ ပေါက်ဆိန်အဆောင်လေးများကို တောင်းကြလေတော့၏။ ဒီလိုနှင့် ကျွန်ုပ်သည် မှော်ဘီမြို့အစွန်တွင် **စမပေါက်ဆိန်၊ ရွှေပေါက်ဆိန်**အဖြစ် နာမည်တွင်လို့သွားလေတော့၏။ နောက်ပိုင်းတွင် ကျွန်ုပ်သည် ဗေဒင်ယတြာများပါ စီရင်ပေးရလေသောကြောင့် ဗေဒင်ပေါက်ဆိန်ပါဖြစ်လို့ သွားလေတော့၏။

နဂါးကြီးသည် စမ်းမြိုင်အား အိပ်မက်ပေးပုံမှာ ဆန်းကြယ်လှလေ၏။ အိပ်မက်ထဲတွင် နဂါးကြီးသည် စမ်းမြိုင်အား မိန်းမလိုချင်သည်ဟု အိပ်မက်ပေးလေတော့၏။ ထို့ကြောင့် စမ်းမြိုင်သည် ကျွန်ုပ်ထံသို့ရောက်လာပြီး အိပ်မက်အကြောင်းကို ပြောပြလေတော့၏။ ထိုအခါ ကရင်သည် ကြားကနေဝင်ပြီး–

''ဒါများ ဒေါ်စမ်းမြိုင်ရယ်၊ ဘုန်းကြီးဆီမှာ မင်္ဂလာရက်မြတ် ရွေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး နဂါးကြီးကို မင်္ဂလာဆောင်ပေးလိုက်ပါ'' ဟုဆိုသဖြင့် ကျွန်ုပ်သည်စကားကောင်းနေချိန်တွင် ဆေးရိုးသည်က ကန့်လန့်ကန့်လန့်ဖြစ်နေသောကြောင့် ကရင်အား ထွေးခံနဲ့ ပိတ်ပေါက်ရလေတော့၏။

''ပေါက်လို့ပဲစား ဘာတွေလာလာပြီး လျှာရှည်နေတာလဲ ထွက်သွား''ဟု မောင်းထုတ်ရလေတော့၏။ ထိုအခါကရင်သည် ထွေးခံကိုကောက်ပြီး အပြင်သို့ ချာကနဲထွက်သွားလေတော့၏။

ထိုအခါစမ်းမြိုင်က ''ဘုန်းဘုန်းတစ်ခုတော့ရှိတယ်။ ဘုန်းဘုန်းဒီမှာ နဂါးမယ်တော်ရုပ်တုထုပါလား'' ဟု အကြံပေးလေတော့၏။

''ဘာနဂါးမယ်တော်လဲ''

''ဘောဂဝတီနဂါးမယ်တော်ပေါ့ဘုန်းဘုန်းရဲ့''ဟုဆိုလေတော့၏။

ဒီလိုနှင့် စမ်းမြိုင်သည် ဘောဂဝတီမယ်တော်ပုံထုရန် တစ်သိန်းကျပ် မ,တည်လေတော့၏။

စမ်းမြိုင် တစ်သိန်း မ,တည်ပြီးနောက် ကျွန်ုပ်သည် ဘောဂဝတီမယ်တော်ပုံကို အပ်နှံရန်ပန်းရန်ဆရာလေးတစ်ဦးနှင့် တိုင်ပင်ရလေတော့၏။ ၎င်းသည် ရုပ်တုအား သုံးသိန်းကျမည်ဟုပြောလေ၏။ ကျွန်ုပ်သည်ဈေးလျှော့ဖို့ပြောသော်လည်း ၎င်းကောင်လေးက–

''ဈေးတော့မလျှော့နိုင်ဘူး၊ မတူရင် တစ်ပြားမှမပေးနဲ့''ဟု ဆိုလေ၏။ ထိုအခါ ကျွန်ုပ်သည် ဘောဂဝတီမယ်တော်ကြီး၏ပုံကို ရှာရန်စီစဉ်ရလေတော့၏။ ကျွန်ုပ်ရှာသော်လည်း အိပ်မက်ထဲကပုံနှင့် မတူသဖြင့် တွေးရခက်လို့နေလေ၏။ ထို့ကြောင့် ကောင်လေးသည် အစ်မမြနန်းနွယ်ပုံကို အခြေခံထား၍ ဘောဂဝတီပုံကို စတင်လေ၏။ ကျွန်ုပ်သည် ၎င်းပုံကိုကြည့်ပြီး ဟိုဟာ နည်းနည်းထည့်၊ ဒီဟာနည်းနည်းကြီးနှင့် ပုံအမှန်ကို ထိုင်ပြီးပြောရလေတော့၏။

အဲဒီညတွင် ကျွန်ုပ် အိပ်မက်မက်လေ၏။ အိပ်မက်ထဲတွင် ဂါဝန်



www.burmeseclassic.com

www.burmeseclassic.com



အဖြူကြီးကို ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦး ရောက်လာ၏။ ၎င်းအမျိုးသမီးသည် နိုင်ငံခြားမင်းသမီး တစ်ယောက်နှင့်တူလေ၏။ အရပ်မှာ ၅ ပေကျော်လောက်ရှိ၏။ ဖြူဖွေးသော အသားအရေကို ပိုင်ဆိုင်လေ၏။ မျက်လုံး၊ မျက်ခုံး၊ နှာတံများမှာလည်း ပေါ်လွင်လို့နေ၏။ ပို၍ထူးခြားသည်မှာ ၎င်းမျက်လုံးအစုံဖြစ်၏။ ၎င်းမျက်လုံးသည် မြွေမျက်လုံးနှင့်တူလေ၏။ ကျွန်ုပ်အား အင်္ဂလိပ်လိုစကားပြောလေ၏။ "မင်း ငါ့ကို မမှတ်မိဘူးလား"ဟု ဆိုခြင်းဖြစ်၏။ ကျွန်ုပ်လည်း မမှတ်မိဘူးလို့ ပြောရမှာ အားနာသဖြင့် "မြင်ဖူးသလိုလိုရှိတယ်" ဟုသုံးနှုန်းလိုက်၏။ ဂါဝန်ဖြူ ဖွေးဖွေးကို ဝတ်ဆင်ထားသော အမျိုးသမီးသည် လက်ထဲတွင်လည်း ပန်းဖြူဖြူလေးများကို ကိုင်ထားပြီး ကျွန်ုပ်အား ပြုံးပြလို့နေ၏။ ၎င်း၏အပြုံးမှာ မမှတ်မိဘဲ မှတ်မိတယ်လို့ လိမ်ပြောတာကို သူသိနေသည့်အပြုံးမျိုး ဖြစ်လေသည်။

ကျွန်ုပ်အား မိုင်နိမ်းအစ်စ် မာဂရက်ဟုပြောလေ၏။ ကျွန်ုပ်သည် အံ့သြလို့သွား၏။ မာဂရက်ဆိုသော နာမည်ကြားဖူး၏။ အင်္ဂလန်ဘုရင်မကြီး မာဂရက်သက်ချာနှင့်မတူဘဲ တန်ခိုးရှင်၊ စွမ်းအားရှင်တစ်ဦးနှင့်တူလေ၏။ ပြီးလျှင် ကျွန်ုပ်အား ဘောဂဝတီ မယ်တော်၏ဓာတ်ပုံကို ဖန်ဆင်း၍ပေးလေ၏။ ကျွန်ုပ်သည် ထပ်မံအံ့သြရပြန်၏။

"ဟင် ... ဘယ်လိုဖြစ်လို့ အင်္ဂလိပ်မ မာဂရက်က ဘောဂဝတီ မယ်တော်ကြီးရဲ့ပုံကို သိနေတာပါ လဲ"ဟု တွေးမိ၏။ ကျွန်ုပ်ကြားဖူးသော မာဂရက်သည် တန်ခိုးကြီး၏။ ခြောက်ဆက်မြောက် ဟင်နရီဘုရင်ကို ဓာတ်လုံးစွမ်းအားဖြင့် မိုးရွာအောင်၊ နေပူအောင် အစွမ်းပြနိုင်သော မာဂရက်များဖြစ်မလားဟု တွေးမိလိုက်၏။ ထိုအခါ ၎င်းအမျိုးသမီးကြီးသည် တစ်ချက်ပြုံးပြပြီး ရက်စ်ဆိုသော အင်္ဂလိပ်စကားတစ်ခွန်းထဲကိုသာ ပြောပြီး ပျောက်ကွယ်လို့သွားလေ၏။



www.burmeseclassic.com

ထို့ကြောင့် ကျွန်ုပ်သည် စိတ်ထဲတွင် ''ငါစိတ်ကူးနေတာကို သူ သိနေတာပဲ''ဟု တစ်ခါစိတ်ကူးမိလေတော့၏။ ဒီလိုနှင့် ကျွန်ုပ်သည် နံနက်တွင် ပန်းပုဆရာကောင်လေးအား ပုံသဏ္ဍာန်အရိပ်အယောင် ပြောပြလိုက်သောအခါ ၎င်းကောင်လေးသည်ပုံကြမ်းဆွဲပြလေတော့၏။

''အေး- အဲဒီပုံပဲကွာ၊ လုပ်တော့''ဟု ဆိုလိုက်လေ၏။ ကျွန်ုပ်သည် ဘောဂဝတီမယ်တော်ကြီးပုံကို ပုံတူထုနေချိန်တွင် အစ်မတော် မြနန်းနွယ်ပဌာန်းဆက်များသည် ကျွန်ုပ်ထံသို့ တဖွဲဖွဲရောက်လို့လာလေ၏။ ပြီးလျှင် ဘောဂဝတီမယ်တော်ကြီးပုံကို ကြည့်ကြ၊ ငိုယိုကြနှင့် နဂါးသိုက်များ ဝင်ပူးကြလေတော့၏။

ကျွန်ုပ်သည် ထူးဆန်းလှသော အဖြစ်အပျက်များကြောင့် စိတ်ဝင်စားလို့သွားလေ၏။ ၎င်းအမျိုးသမီးများသည် ကန်တော့ပွဲများ လှူကာ အလှူငွေများ ဝိုင်းဝန်းထည့်လိုက်ကြသည်မှာ ရုပ်တုတန်ဖိုးထက် ၁၀ဆလောက်ကို ရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ၎င်းငွေလေးနှင့်ရှမ်းအိုးစည်တစ်လုံး ဝယ်လိုက်လေတော့၏။ ပြီးလျှင် အနားမှာရှိသောကောင်လေးများကို ရှမ်းအိုးစည်တီးနည်း သင်ပေးလိုက်ပြီး မနက်တိုင်း ရှမ်းအိုးစည်တီးလေတော့၏။ လွန်စွာထူးဆန်းလေ၏။ ရှမ်းအိုးစည်တီးတိုင်း ကျွန်ုပ်သည် ကြက်သီးများထလို့လာလေ၏။ တီးတိုင်းလည်း ၎င်းနှင့်ပဌာန်းဆက်များ ရောက်ရောက်လို့ လာလေတော့၏။ ကျွန်ုပ်သည် မသိရင် ရှမ်းအိုးစည်တီးပြီး နဂါးသိုက်အား ချော့နေသလိုမျိုး ဖြစ်လို့နေလေတော့၏။ ထူးဆန်းသည်မှာ စပါးကြီးမြွေများ ရောက်ရောက်လို့လာလေတော့၏။ ကျွန်ုပ်သည် ၎င်းစပါးကြီးမြွေများအား သံဇကာနှင့်နဂါးရုံဘုရားထဲတွင်ထည့်ပေးထားလိုက်လေတော့၏။

□□□□



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

ကျွန်ုပ်သည် စဉ့်အိုးများကို စတင်ရနေပြီဖြစ်သောကြောင့် အမျိုးဓေါ် အိုးဖော်စေတီတည်ရန် ပြင်ဆင်ခဲ့လေတော့၏။ ပထမနေ့တွင် ကျွန်ုပ်အား အဘဘိုးမင်းခေါင်သည် အိပ်မက်ပေးလေ၏။ အိပ်မက်ထဲတွင် ရာဝင်အိုးထဲသို့ ဆန်၊ ဆီ၊ ဆား၊ ဆေး အစရှိသောအင်္ဂါနှံနှင့် သက်ဆိုင်သော ပစ္စည်းများကို ဌာပနာထည့်ခိုင်းလေ၏။ ကျွန်ုပ်အား ထိုနေ့တွင် ခြင်္သေ့ဓာတ်ကျင့်ရန်အတွက် ထမင်းကို ဆီနဲ့ ဆားနဲ့သာ စားခိုင်း၏။ ကျွန်တာ ဘာမှမစားရပေ၊ ထမင်းဆီဆမ်း ရွှေလင်ပန်း ဓာတ်ကိုပေးသလို၊ ခြင်္သေ့ ဓာတ်ဆိုသည်မှာလည်း ကေသရာဇာ တောသုံးတောင်ကို အုပ်စိုးသော ခြင်္သေ့မင်းရဲ့ဓာတ်ကို ဆိုလိုခြင်းဖြစ်လေ၏။

အဘက "ကိုယ်တော် အဘ ထိုင်တဲ့အတိုင်းထိုင်"ဟု မိန့်လေ၏။ "ကိုယ်တော် မသိသူကျော်သွားမယ်၊ သိသူ ဖော်စားပိမ့်မယ်၊ ကျွန်ုပ်ထိုင်တဲ့နည်းက ခြင်္သေ့ဓာတ်နဲ့ထိုင်တဲ့နည်းပဲ၊ ပြတစ်ဖက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကိုချိတ်ပြီးထိုင်တာ တခြားတော့ မဟုတ်ဘူး၊ ကျုပ်ကို ရှေ့ကနေ တွန်းကြည့်''ဟု ဆိုသဖြင့် အဘအား ရှေ့ကနေတွန်းရလေ၏။

''လဲလား''

''မလဲဘူးအဘ''

''ဒါဆို အနောက်ကနေတွန်း လဲလား''

''မလဲဘူးအဘ''

''ဒါဆို ဘေးကနေတွန်းပါဦး၊ လဲလားလို့''

''မလဲဘူးအဘ''

''ဒါဆို ဒီဘက်ဘေးက တွန်း ပါဦး''

''မလဲဘူးအဘ''

''အေး–မှတ်ထား၊ တွန်းချင်တဲ့နေရာကတွန်း မရဘူးဟ၊ တိုက်ချင်တဲ့နေရာကတိုက်မရဘူး၊ တိုက်ပုံ ဝတ်ထားတယ်ကွ'' ဟု မာန်ပါပါနှင့် ပြောလေ၏။

ကျွန်ုပ်သည် အိပ်မက်မှနိုးလေ၏။ နာရီကို တစ်ချက်ကြည့်လိုက်သောအခါ နှစ်နာရီခွဲလို့နေ၏။ ကျွန်ုပ်သည် ၎င်းအိပ်မက်ကို မမှတ်မိမှာ စိုးသဖြင့် စာအုပ်ထဲတွင်ရေးပြီး မှတ်တမ်းတင်လိုက်လေတော့၏။

နောက်နေ့တွင် ကျွန်ုပ်သည် ကရင်အား ဆန်၊ ဆီ၊ ဆေး၊ ဆား များကို ဝယ်ခိုင်းလိုက်လေ၏။ ကရင်သည်–

''ဘာလုပ်မလို့လဲ ဘုန်းဘုန်း၊ ကုန်စုံဆိုင်ဖွင့်မလို့လား''ဟု ဆိုသဖြင့် ကျောပြင်ကို ပျောတင်ရလေတော့၏။

''ခွေးသား၊ မင်းလိုကောင်ဟာလေ တေလေကြမ်းပိုးပဲ ဖြစ်မယ့်ကောင်၊ သွားဝယ်ဆို သွားဝယ်ကွာ၊ ဘာလို့ပေါက်တတ်ကရနဲ့ ငါ့ကိုလိုက်ပြက်တာလဲသွား''ဟုဆိုကာ ထပြီးကန်ရလေတော့၏။ ကရင်သည် ခေါင်းကိုတဖျင်းဖျင်းနှင့်ကုတ်ရင်း ကျောင်းထဲမှထွက်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာသည့်အတိုင်းဝယ်၍လာလေ၏။

"ဟော့ကောင် သွား၊ ကန်တော့ပွဲတစ်ပွဲ ရေသွားဆေး" ဟု ဆိုကာ ကန်တော့ပွဲဇလုံတစ်လုံးအား ရေဆေးခိုင်းလိုက်လေ၏။ ကျွန်ုပ်သည် ကန်တော့ပွဲအား ရေစင်အောင်သုတ်ပြီး ဆန်၊ ဆီ၊ ဆား၊ ဆေး အင်္ဂါနံ့ပစ္စည်းများကို သေချာစီရီစွာထည့်ပြီး ဘုရားကို လှူလိုက်လေ၏။ ပြီးလျှင် ဘုရားတွင် ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းပြီး ဘုရားတည်ရန် အဓိဋ္ဌာန် စဝင်ခဲ့လေ၏။

သက်သတ်လွတ်စားပြီး အဓိဋ္ဌာန်ဝင်ခဲ့ကာ သမ္ဗုဒ္ဓေ ၅ မျိုး၊ တစ်မျိုးကို ပုတီး ၉-ပတ်နှင့် ကိုးငါးလီ ၄၅၊ ပုတီးပတ်အရေအတွက် ၄၅ပတ်စိပ်ရလေ၏။ ပထမတွင် အဘသည် အဓိပ္ပါယ်မရှိသော ဆန်၊ ဆီ၊ ဆေး၊ ဆားများကို ပေးသည်ဟုထင်မိသော်လည်း ကျွန်ုပ်အား အိပ်မက်ပေးပြန်၏။

"မှတ်ထား ဆန်-ဆန်ရေစပါး ပေါကြွယ်ခြင်း၊ ဆီ-ဆီကို ရေလို သုံးနိုင်ခြင်း၊ ဆေး-ကျန်းမာရေးကောင်းမွန်ခြင်း၊ ဆား-ဝဝ လင်လင် စားသုံးရခြင်းဆိုတဲ့ ဓာတ်ကိုရတယ်"ဟုရှင်းပြလေတော့၏။ ကျွန်ုပ်သည် သိချင်သည့်အရာကို သိရသဖြင့် စိတ်သက်သာရာ ရလို့သွားလေ၏။

"အင်း ... အဘပြောတာမှန်တယ်။ ငါတို့က ဝိဇ္ဇာအသိမှ မသိသေးတော့ အဘတို့ရဲ့ ဝိဇ္ဇာအထာစကားတွေကို ဘယ်သိပါ့မလဲ"ဟု တွေးမိလိုက်၏။ ကျွန်ုပ်သည် ၄၅ ရက်အဓိဋ္ဌာန်ပြည့်သည့်နေ့တွင် ငှင်းဒေါင်ဒေါင်မြည်တဲ့ ရာဝင်အိုးကြီးအား စတင်၍ပန္နက်ရိုက်လေတော့၏။

ကျွန်ုပ်စိတ်များသည် အဓိဋ္ဌာန် ပထမအဆင့်ကို အောင်သွားသဖြင့် အားတက်လို့နေ၏။ ပျော်ပါးလို့နေ၏။ ပြောဆိုတိုင်း အလိုလို



www.burmeseclassic.com

ပြီးလို့နေ၏။ တတိုင်းကို ရလို့နေ၏။ အဓိဋ္ဌာန် အောင်မြင်သည့် အထိမ်းအမှတ် ဖြင့် ကျွန်ုပ်နှင့်ကရင်သည် အုန်းနို့ခေါက်ဆွဲချက်စားကြလေ၏။ ရှမ်းအိုးစည် တီးခိုင်းရလေ၏။

ဒီလိုနဲ့ပဲ နေတိုင်းလိုလို ကျွန်ုပ်တို့အဖွဲ့သည် ရှမ်းအိုးစည်တီးရလေတော့၏။ တစ်နေ့တွင် ကျွန်ုပ် အိပ်မက်မက်ပြန်၏။ အိပ်မက်ထဲတွင် အစ်မတော် စောမွန်လှရောက်လို့လာ၏။ ကျွန်ုပ်အား စဉ့်နဂါးလေးတစ်ခုဝယ်ပြီး ရေလောင်းခိုင်းလေ၏။ ကျွန်ုပ်သည် ၎င်းစဉ့်နဂါးလေးကို လိုက်ရှာသော်လည်း လုံးဝမတွေ့ပေ။ ဒီလိုနှင့် ကျွန်ုပ်သည် စဉ့်အိုးလေးတွေကို ဆင့်ထားလိုက်ပြီး နဂါးခေါင်းစွပ်ကြီးတစ်ခုကို တစ်ခါရေလောင်းပေးရလေ၏။ ထူးဆန်းလှလေ၏။ အဲဒီလိုများ လုပ်လိုက်ပြီဆိုရင် ဘောဂဝတီနဂါးသိုက်မှ သိုက်ဆက်များသည်ရောက်ရောက်လို့ လာလေ၏။ ကျွန်ုပ်အား ပိုင်း၍ လှူဒါန်းကြလေ၏။

ကျွန်ုပ်သည် ဆင်ထားသော ဓာတ်များအောင်မြင်သဖြင့် ဝမ်းသာ ပီတိဖြစ်လို့နေလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှအတန်းပေးဝေခြင်း စသောအလုပ်များကို အရင်ကထက် အားတက်သရော နှစ်ဆ ပို၍လုပ်မိလေတော့၏။ ထိုသို့ပြုလုပ်သောကြောင့် တစ်ခုခုလိုအပ်သည်ဟု စိတ်ကနေ တောင့်တလိုက်တာနှင့်တစ်ရက်မကြာ အလိုလို လာရောက်လှူဒါန်းမည့်သူများ ရောက်လို့လာလေ၏။ ပို၍ထူးဆန်းသည်မှာ ကျွန်ုပ်ကျောင်းတွင်းရှိ နဂါးရုံဘုရားသည် ပို၍ သက်ဝင်လို့လာလေ၏။ ဒီလိုနှင့် ကျွန်ုပ် ဘောဂဝတီမယ်တော်ကြီး၏ ပုံတော်သည် ပြုံးမြောက်လို့ သွားလေ၏။

"ဟာ ... သိပ်ကိုလက်ရာမြောက်တာပဲ ကောင်လေးရာ၊ မင်းအရမ်းတော်တယ်"ဟုဆိုပြီး လက်ခအပြင် မုန့်ဖိုးပါ ပေး၍ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ဘောဂဝတီမယ်တော် အား ကန်တော့ပွဲများစုံလင်စွာ ပွဲစုံခင်းလျက် ကန်တော့ပွဲအပ်လိုက် လေ၏။

ထူးဆန်းသည်မှာ အဲဒီနေ့ကစပြီး ကျောင်းသို့ ကန်တော့ပွဲလာ လှူသော ပရိသတ်များ ရောက်ရောက်လို့လာ၏။ ၎င်းတို့လုပ်ကိုင် ဆောင်ရွက်ချင်သောကိစ္စများပေါ်လာလျှင် ဘောဂဝတီမယ်တော်ထံ တွင် အဓိဋ္ဌာန်ပြုလိုက်ပါက တစ်ပတ်အတွင်း ထူးခြားလို့လာလေ၏။ ကရင်သည် ဘောဂဝတီသိုက်ပွဲများ အစ်မတော်မြနန်းနွယ် သိုက်ပွဲ များပေးရလျှင် အလွန်ပျော်လို့နေ၏။ ၎င်းပျော်တာကို ကျွန်ုပ်ရိပ်မိ လေ၏။ အကြောင်းမှာ ကန်တော့ပွဲလှူသောသူများသည် ၎င်းအား ပို၍ပို၍ မုန့်ဖိုးပေးသွားတတ်လေ၏။ တစ်ခါတစ်ခါဆို ကရင်သည် ကျွန်ုပ်ထက်ပင် ဝင်ငွေကောင်းလို့နေ၏။ အသံတစာစာနှင့်ရောက် လာသမျှ လူများအား ၎င်းတွက်ခြေကိုက်ရန်အတွက် ဘောဂဝတီ မယ်တော်အား ပဋ္ဌာန်းဆက်ရှိလားမသိမရှိလားမသိဘဲနှင့် အတင်းကို ကန်တော့ပွဲ လှူခိုင်းလေတော့၏။ ကန်တော့ပွဲတင်မကာ နွားနို့ပါလှူခိုင်း လေ၏။ နွားနို့ကလည်း တစ်ပိဿာ နှစ်ထောင်လောက်ကျရင် ၂၅၀၀ လောက်တောင်းလေ၏။ တဖြည်းဖြည်းနှင့်ကရင်သည် လူပါးဝလို့ လာ၏။ ဆေးပေါ့လိပ်တောင်မသောက်တော့ပါ။ စီးကရက်ကို ဖူးလိုက် ဆောင်ပြီးတော့သောက်လေ၏။ ကရင်သည် တဖြည်းဖြည်းနှင့် ကျွန်ုပ် ကိုပါ ခွင်ကျော်လို့လာလေ၏။ ဘုန်းကြီး မအားလည်း ဖြစ်ပါတယ်။ ကျွန်တော် ယတြာပေးပါ့မယ်ဆိုပြီး လာသမျှလူတိုင်းကို ကန်တော့ ပွဲများပေးခိုင်းလေတော့၏။ ပြီးလျှင် ရှမ်းအိုးစည်ဝိုင်းနဲ့ညှိပြီး လုပ်စား လေတော့၏။

ကျွန်ုပ်သည် ကရင်လူလည် လုပ်နေတာကိုသိသော်လည်း မပြော



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေ။ ကျွန်ုပ်အဝိဇ္ဇာနှင့်ပျက်မှာစိုးသဖြင့် အိုးစေတီကိုသာ အာရုံပြု၍ ပုတီးစိပ်ရလေတော့၏။

တစ်နေ့တွင် ကျွန်ုပ်သည်ကရင်အားခေါ်ပြီး သတိပေးရလေတော့၏။ "ကရင် မင်းဟာက ဘောဂဝတီမယ်တော်ကြီးကို ဗန်းပြပြီး လုပ်စားနေသလိုဖြစ်နေပြီကွ။ လောကကြီးမှာ လူလည်နဲ့လူလိမ်ဆိုတာ ရှိတယ်ကွ။ လူလည်ဆိုတာ လူတွေအပေါ်မှာလည်ပြီးစားတာကွ။ လူလိမ်ဆိုတာ လူတွေကို လိမ်တာကွ။ လူတွေကို လိမ်တာမကောင်းဘူးကွ။ ငါအမုန်းဆုံးက လူလိမ်တွေကို အမုန်းဆုံးပဲကွ။ မင်းဒီလိုသာ လုပ်စားနေရင် တစ်နေ့မင်းဒုက္ခရောက်လိမ့်မယ်။ ရှက္ခစိုးတုန်းကလည်း မင်းလောဘတက်တာနဲ့ ပေးနေကျ ငွေသုံးထောင်မရတော့ဘူး။ အခုလည်း မင်းဘောဂဝတီမယ်တော်ကြီးကိုပြပြီး လုပ်စားနေပြီ၊ မင်းဒုက္ခရောက်လိမ့်မယ်၊ ငါတို့ဆီလာတဲ့လူတွေဟာ သူ့အပူနဲ့သူ၊ သူ့သောကနဲ့ သူကွ။ တော်ကြာ ငါတို့ကိုအထင်လွဲ သွားလိမ့်မယ်။ အဲဒီလိုမလုပ်ပါနဲ့၊ ရိုးသားစမ်းပါ"ဟု ပြောရလေတော့၏။

ကရင်သည် ပြောလည်း ပြောပါပဲ၊ လာသမျှလူတိုင်းကို ငှက်ပျောပွဲ၊ နွားနို့ကပ်ခိုင်းလေသောအကျင့်ကို ဖျောက်၍မရပေ။

တချို့လည်း နဂိုထဲကအဝိဇ္ဇာနှင့်ပြုထားလို့ လာကပ်ကြလေ၏။ တချို့လည်း ကန်တော့ပွဲဖိုးတောင် မတတ်နိုင်သဖြင့် ကန်တော့ပွဲထဲ ငွေလေး ၅၀၀ကျပ်လောက်ထိုးပြီး ပြန်သွားကြလေ၏။ အဲဒီလို ကန်တော့ပွဲငွေများကိုလည်း ကရင်သည် မသိအောင် ယူလေတော့၏။ ကရင်မြွေကိုက်ပြီ၊ တစ်နေ့တွင် ကရင်သည်အရက်သောက်ပြီးအပြန်တွင် မြွေကိုက်လေတော့၏။ အနားမှလူများသည် ကရင်အားမြေ့ဘော် ဆေးရုံသို့ ပို့ကြလေတော့၏။ ကရင်သည် အမြှုပ်များ တစီစီထွက်ပြီး သေမလိုဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မှော်ဘီဆေးရုံသို့ လိုက်သွားပြီး ကရင်အား သေချာဂရုစိုက်ရလေတော့၏။ ကရင်သည် ကျွန်ုပ်အား လက်အုပ်လေးချီပြီး တောင်းပန်လေ၏။

"ဟော့ကောင် မင်းငါ့ကိုမတောင်းပန်နဲ့၊ မင်းကန်တော့ပွဲ တစ်ပွဲ လှူပြီး ဘောဂဝတီမယ်တော်ကြီးကို တောင်းပန်လိုက်" ဟု ဆိုရလေ၏။

ကရင်သည် ကန်တော့ပွဲဖိုးငွေမရှိလောက်အောင်ကို ဖြစ်လို့နေသဖြင့် ကျွန်ုပ်သည် အိတ်စိုက်ကာ ကရင့်အတွက် ဘောဂဝတီမယ်တော်ကြီးအား ကန်တော့ပွဲပေးပြီး ဆုတောင်းပေးရလေတော့၏။ ကရင်သည် ချက်ချင်းသက်သာလို့လာလေ၏။ သို့သော် ၎င်း၏အနာသည် ရင်းလို့နေလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ဘုန်းဘုရားကြီး ဘိုးပေါက်ဆိန်ထံမှရထားသော မြွေအဆိပ်ထုတ်သော ကျောက်တုံးလေးကိုယူပြီး ၎င်း၏မြွေကိုက်သောနေရာတွင် ကွမ်းရွက်နှင့်ပွတ်ပြီး အုပ်ပေးလိုက်လေ၏။ မြွေအဆိပ်များကို ကျောက်တုံးလေးသည် ဆွဲ၍စုပ်လေ၏။ ကျွန်ုပ်သည် ဓားကိုရေနှင့်ပွက်ပွက်ဆူအောင်ကျိုပြီး ၎င်းကျောက်တုံးလေးများကို ဆားပြုတ်ရေနှင့်စိမ်စိမ်ပေးရလေ၏။ ဒီလိုနှင့် ကရင်၏ မြွေဆိပ်များသည် ကျောက်တုံးလေးက စုပ်ယူသွားလေတော့၏။ ကရင်သည် လူကောင်းပကတိ ပြန်ဖြစ်လို့သွားလေတော့၏။ ကျွန်ုပ်သည် မြွေအဆိပ်ထုတ်ထားသော ကျောက်တုံးလေးအား ဆားပြုတ်ရေနှင့် စိမ်စိမ်ပေးပြီး ကျောက်တုံးထဲမှ မြွေအဆိပ်များကို ပြန်၍ထုတ်ရလေတော့၏။ ကျောက်တုံးထဲမှ မြွေအဆိပ် ကုန်သွားသည့်အခါ ကျောက်တုံးလေးအား ကတ္တီပါအိတ်ကလေးထဲသို့ ပြန်၍ထည့်ပေးရလေတော့၏။

ကရင်သည် ရောဂါပျောက်သွားသောအခါတွင် ကျွန်ုပ်အား ရှိခိုး



www.burmeseclassic.com

www.burmeseclassic.com



ပြီး တောင်းပန်လေ၏။

"မင်း ငါ့ကို မကန်တော့ပါနဲ့၊ ငါက မင်းကို အစစအရာရာ ခွင့်လွှတ်ပြီးသားပါ။ ဘောဂဝတီမယ်တော်ကြီးကိုသာ မင်းရှိရှိသေသေ ကန်တော့ပြီး တောင်းပန်လိုက်ပါ။ မင်းအဆင်ပြေသွားပါလိမ့်မယ်။ နောက်ပြီး လူတွေဆီကနေ အဲဒီလိုလုပ်ပြီး အလှူခံမစားပါနဲ့ကွာ၊ ငါ ရှက်တယ်ကွ။ ငါတို့က အရှက်သိက္ခာနဲ့လူလုပ်တာကွ။ သူများတွေ အထင်လွဲ စွဲသွားမှာကို ကြောက်တယ်။ အဲဒီလို လူတွေဟာလည်း ငါ့ကို အထင်လွဲစွဲမှားရင် သူတို့လည်း ငရဲကြီးလိမ့်မယ်ကွ။ ဒီတော့ လူတွေကို ငါကုသိုလ်ပဲပေးချင်တယ်၊ ငရဲမပေးချင်ဘူးကွ။

နောက်ပြီး ဗုဒ္ဓသာသနာ ပေါ်ထွန်းနေတဲ့အချိန်မှာ ဒီလိုမျိုးကြီး ဘုရားထက် သူတို့ကို ငါအားမကိုးချင်ဘူးကွ။ လူတွေကိုလည်း ငါ တို့ က ကိုယ်တိုင်လုပ်နေရင် ငါတို့ကို အထင်သေးသွားလိမ့်မယ်။ ငါ့ကို အထင်သေးတာ အထင်ကြီးတာကို ငါဂရုမစိုက်ပါဘူး။ ငါက သံဃာထဲမှာပါတော့ ငါ့ကြောင့်သံဃာတွေကို အထင်သေးမှာကြောက် တယ် ကရင်။ ဒီတော့ မင်းအနေအထိုင်အပြောအဆို ဆင်ခြင် ပါ။ မဆင်ခြင်ရင်တော့ မင်းနဲ့ငါနဲ့ လမ်းခွဲရပါလိမ့်မယ်"ဟု ဆိုရလေ တော့၏။

ထိုအခါ ကရင်သည် မျက်ရည်လေးကာလယ်ကာလယ်နှင့် ကျွန်ုပ် ၏ ခြေအစုံကို ဦးခိုက်ပြီးကန်တော့လေ၏။

"ကရင် ငါက ရိုးသားတာကွ၊ ငါမရိုးသားချင်ရင် ငါချမ်းသာ တာကြာပြီကွ ကရင်ရ"ဟုဆိုကာ ကရင်အား နောက်နောင် ဒီလို အကွက်ဆင်တာတွေ၊ ခွင်ဆင်တာတွေလုပ်ပြီး လူတွေကို မမြှူဆွယ် ရလေအောင် တရားဟောရလေတော့၏။ ပြီးလျှင် ကျွန်ုပ်သည် အိုးစေတီ ဘုရားတည်ရန်အတွက် ပန်းရန်ဆရာနှင့်အတူ ပုံပင်ရလေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။

ပန်းရန်ဆရာသည် ကျွန်ုပ်အား "ဘုရားတည်လာတဲ့ သက်တမ်းတစ်လျှောက်မှာ ဒါမျိုး အိုးတွေနဲ့ ဘုရားတည်တာ မကြုံဖူးဘူး" ဟုဆို၏။ ပြီးလျှင်–

"အရှင်ဘုရားကသာ လုပ်ပုံလုပ်နည်းဒီဇိုင်းဆွဲပါ၊ တပည့်တော်သေချာ စီမံပေးပါမယ်"ဟုဆိုလေ၏။

ကျွန်ုပ်သည် ဆန်၊ ဆီ၊ ဆား၊ ဆေးဟုဆိုသောအင်္ဂါနံတွေကို ပထမဦးဆုံး ရာဝင်အိုးကြီးထဲတွင် ထည့်ရလေတော့၏။ အဲဒီလို ထည့်သည့်အခါမှာလည်း ဒိန်ချဉ်အိုးသေးသေးလေးတွေကိုဝယ်ပြီး ဆန်(၁၀၈)အိုး၊ ဆီ (၁၀၈)အိုး၊ ဆား(၁၀၈)အိုး၊ ဆေး (၁၀၈)အိုး၊ အိုးသေးသေးလေးတွေ ၄၃၂အိုးကို ရာဝင်အိုးကြီးထဲတွင် သေသေချာချာ ဝိုင်းဖွဲ့ပြီး အိုးတွေကို စီစီရီရီထပ်ပြီး တင်လိုက်လေ၏။ ပြီးလျှင် ၎င်းရာဝင်အိုးထဲတွင် နို့သာရည်အိုး တစ်လုံးထည့်ပြီး အပေါ်ကနေပိတ်လိုက်လေ၏။ ကျွန်ုပ်၏ တစ်ရာတာ ဓာတ်ဆင်မှုပြီးသွားလေ၏။ ၎င်းဆန်၊ ဆီ၊ ဆား၊ ဆေးများထည့်ရခြင်းမှာ မြန်မာနိုင်ငံတွင် ဆန်၊ ဆီ၊ ဆား၊ ဆေး ပေါကြွယ်ဝစေလိုခြင်းဓာတ်ကို ရလေ၏။ ကျွန်ုပ်တို့အနီးအနားတစ်ဝိုက်တွင် အာဟာရသိဒ္ဓိဓာတ်များရရှိစေရန် လွှမ်းခြုံခြင်းဖြစ်လေ၏။ အာဟာရသိဒ္ဓိတွေ ပြီးမြောက်စေနိုင်ပြီး ဆာလောင်ခြင်းဟူသော ဝေဒနာမှ ကင်းဝေးလို့နေလေ၏။ ၎င်းဓာတ်ဆင်ပြီး ကျွန်ုပ်သည် ပုတီးစိပ်သောအခါတွင် အလိုလိုဗိုက်ပြည့်လို့နေ၏။ ကျွန်ုပ်သည် ဆာလောင်ခြင်းကင်း၍ အာဟာရဓာတ်မိကာ အားအင်များပြည့်ဖြိုးလို့နေ၏။ ဣန္ဒြေမရဖြစ်အောင် ဗိုက်ဆာခြင်းမျိုး လုံးဝမရှိတော့ချေ။ အစားစားဖို့ နာရီမကြည့်ရတော့ပေ။ ဆာလောင်မှုကြောင့်ဖြစ်တတ်သော ဒေါသများ မရှိတော့ချေ။ အစာစားရမှာကိုတောင်

www.burmeseclassic.com



ပျင်းလို့လာလေ၏။

အမှန်ကိုပြောရလျှင် ကျွန်ုပ်သည် အစားအသောက်ကို အရမ်းခံ့မင်၏။ အစားမစားရလျှင် လူတောင် ထရိုက်မည့်စိတ်မျိုးရှိလေ၏။ ရဟန်းဘဝတွင် နေ့လွဲညစာမစားရသဖြင့် တော်တော်လေးကို ဒုက္ခရောက်လေ၏။

ကျွန်ုပ်သည် ငယ်ငယ်လေးကတည်းက တိုလီမိုလီ ထွေရာလေးပါးကိုသော်လည်းကောင်း၊ သွားရည်စာကိုသော်လည်းကောင်း အမြဲမပြတ် တရစပ်စားတတ်လေ၏။

ထို့ကြောင့် ရဟန်းဘဝသို့ရောက်သောအခါ ပြုန်းစားကြီးဘာမှမစားရတော့ဘူးဆိုကာ ရဟန်းဘဝတွင် ယတိပြတ်ဖြတ်ရသည်မှာ သူများအတွက်လွယ်ကူလှပေမယ့် ကျွန်ုပ်အတွက် ဆာလောင်မွတ်သိပ်ခြင်းနှင့် စစ်ခင်းရလေတော့၏။ မာရ်နတ်နှင့် စစ်ခင်းဖို့ကိုမဆိုထားနှင့်၊ နေ့လွဲညစာလေးကို မစားဘူးဆိုပြီး နေလိုက်သောကျွန်ုပ်မှာ ဆာလောင်မွတ်သိပ်ခြင်းဒဏ်ကိုပြင်း စွာခံရလေ၏။

ရဟန်းဝတ်ပြီး တစ်ပတ်ကြာသည်အထိ အစားမစားမိအောင်တော်တော် ထိန်းရလေတော့၏။ ငယ်စဉ်ကတည်းက ပိုးစိုးပက်စက်အစားမက်သော ကျွန်ုပ်သည် မစားရတော့သည့်အချိန်တွင် ဒေါသထွက်လို့နေ၏။ အထူးသဖြင့် သက်သတ်လွတ်ကို မစားနိုင်ပေ။ ကျွန်ုပ်၏ ဘကြီးစမတစ်ထောင်ဆရာတော်ကို ချီးကျူးမိလေ၏။ သူသက်သတ်လွတ်စားနိုင်၏။ ရာသက်ပန်စားနိုင်လေ၏။ တချို့သက်သတ်လွတ်ကျောင်းဆိုပြီး အတွင်းထဲတွင် လစ်ရင်လစ်သလိုခိုးစားတတ်လေ၏။ သို့သော် စမဘုန်းကြီးသည် ကတိသစ္စာရှိလေ၏။ လုံးဝ သက်သတ်လွတ်ကိုသာစားလေ၏။ လုံးဝစောင့်ထိန်းလေ၏။ စားစရာမရှိလို့ အခက်ကြုံနေလျှင် အငတ်သာခံနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အဲဒါလေးတစ်ခုတည်းနှင့်ပင် လုံးဝကြည်ညိုမိလေ၏။ လေးစားမိလေ၏။

လူတိုင်းလူတိုင်းတွင် ကောင်းကွက်တွေ အများကြီးရှိလေ၏။ သို့သော် ကောင်းကွက်ကိုကြည့်သောသူကနည်းလေ၏။ အဆိုးကွက်ကို ကြည့်ပြီး ဝေဖန်တတ်လေ၏။ အနိုင်ယူတတ်လေ၏။ အပြစ်ပြောတတ်လေ၏။ ကျွန်ုပ်သည် စမတစ်ထောင်ဆရာတော်နှင့်အတူနေခဲ့ရသဖြင့် ဆရာတော်၏အနေအထိုင်၊ အပြောအဆို၊ အပြုအမူကို လေ့လာမိလေ၏။ အားကျမိလေ၏။ နူးညံ့ပျော့ပျောင်းလေ၏။ ဒေါသဖြစ်ခဲ၏။ ဆဲဖို့ဆိုတာ အဝေးကြီးပင်။ ရှောင်ထွက်သွားတာများလေ၏။

ကျွန်ုပ်နှင့်သူသည် အဆပေါင်းများစွာ စရိုက်ကွာလေတော့၏။ ကျွန်ုပ်သည် ဆရာတော်နှင့်ပြောင်းပြန်ဖြစ်သွားလေ၏။ သူများက မဆဲခင်မှာ ကျွန်ုပ်က ထဆဲလေ၏။ သူသက်သတ်လွတ်စားနေချိန် ကျွန်ုပ်သည် အသားငါးကို တစ်ဖြုန်းဖြုန်းစားလေ၏။ သူ့ကျောင်းတွင် ဘုန်းကြီးဖြစ်စတွင် ကျွန်ုပ်ဒုက္ခရောက်လေ၏။ အကြောင်းမှာ သူ့ကျောင်းက သက်သတ်လွတ်ကျောင်း။ ကျွန်ုပ်သည် သက်သတ်လွတ်မစားနိုင်ပေ။ ထို့ကြောင့် ဆွမ်းစားသည့်အခါ သိပ်မစားဘဲ အပြင်မှာ သွား၍ခိုးခိုးစား ရလေ၏။ ဒါကို သူသိသော်လည်း ကျွန်ုပ်ကို အပြစ်မမြင်ပေ။

တစ်နေ့တွင် ကျွန်ုပ်နှင့်စမဘုန်းကြီးသည် လပ်ကီး–၇ တွင် လက်ဖက်ရည်သောက်လေ၏။

"မင်း စားချင်တာစား"

"တကယ်လား"

"အေး"ဟု ဆိုလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ရှိသမျှ အသားတွေကိုမှာပြီး အပီစား



www.burmeseclassic.com

ဖို့ လုပ်လေ၏။ သူက ရှေ့တည့်တည့်ကြီးမှာ ထိုင်နေတော့ သူ့ကို ရှိန်ပြီး မစားရဲမသောက်ရဲဖြစ်လို့နေ၏။

"ဟာ ဘုန်းကြီးက ရှေ့ကနေ ငုတ်တုတ်ကြီး ထိုင်ကြည့်နေမှ တော့ ဘယ်လိုလုပ်ပြီးစားလို့ရမှာလဲ"

"စားပါ၊ ငါကြည့်ချင်လို့ပါ" ဆိုသဖြင့် ကျွန်ုပ်သည် မစားရဲ တော့ချေ။

"ဟော့ကောင် စား၊ မှားထားတာတွေ အလကားဖြစ်ကုန် မယ်"

"ဟာ ဒီလိုမျိုးကြီးတော့ မစားရဲပါဘူး"ဆိုသဖြင့် ဆရာတော် သည် တစ်ဖက်ဝိုင်းသို့ရှောင်ပေးလေ၏။ သို့မှသာ ကျွန်ုပ်သည် ကောင်း ကောင်း စားရလေတော့၏။

လူတစ်ဦးနှင့်တစ်ဦး စရိုက်မတူကြပေ၊ ပါရမီအနုအရင့်ကွာလေ ၏။ ကျွန်ုပ်သည် ပါရမီနုလေ၏။ အခုမှ စလုပ်နေရသဖြင့် အမှားတွေ အများကြီးရှိလို့နေလေ၏။ ၎င်းအမှားတွေကလည်း မှားမှပဲသိလေ တော့၏။ မှားမှပဲ အမှန်ကိုပြင်ပြင်၍လျှောက်ရသဖြင့် လွန်စွာပင်ပန်း လှလေတော့၏။ သို့သော် ကျွန်ုပ်သည် နောက်ပြန်ဆုတ်တတ်သော အကျင့်မရှိချေ။ ကျွန်ုပ်သည် လုပ်ဆောင်ထားမည်ဟု ရည်ရွယ်ထား လိုက်ရင် ရှေ့တိုးဖို့သာရှိလေ၏။

ယခုလည်း ကျွန်ုပ်လုပ်ဆောင်ချက်များကို အကောင်အထည် ဖော်ဖို့ စီစဉ်ခဲ့လေတော့၏။ ကျွန်ုပ်လုပ်ဆောင်ချက်များ အောင်မြင် ခဲ့သော် အာဟာရသိဒ္ဓိပေါက်လေ၏။ ကျွန်ုပ်သည် ဗိုက်ဆာရသော ဝေဒနာကို မခံစားရတော့ပေ၊ စားကောင်းသောက်ဖွယ်များ ရောက် ရှိလာသော်လည်း စားဖို့သောက်ဖို့ကို သိပ်ပြီးလိုလိုမက်မက်မရှိတော့ ချေ။ ကျွေးရင် စားလိုက်၏။ မကျွေးရင်လည်း မစားဘဲနေနိုင်လေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏။ မစားရလို့ ဒေါသဖြစ်တာတွေ ဘာတွေ မရှိတော့ပေ။ စိတ်ငြိမ်လို့လာလေ၏။

❑❑❑❑



www.burmeseclassic.com

www.burmeseclassic.com





ဓာတ်တော်တိုက်ဆရာတော်ထံမှ ဓာတ်တော်များ အလှူခံခြင်း



ရွှေပေါက်ဆိန်ဓာတ်တော်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

ကျွန်ုပ်သည် အဘဘိုးမင်းခေါင်ကြီး မှာကြားထားသည့်အတိုင်း ရာဝင်အိုးတစ်အိုးထဲတွင် ဆန်၊ ဆီ၊ ဆား၊ ဆေးများနှင့် ၄၅ ရက် အဓိဋ္ဌာန်ပြုပြီးခေါတ်ဆင်လိုက်လေ၏။ ထူးခြားသည်မှာ ကျွန်ုပ်၏ ခေါတ်ဆက်၊ နတ်ဆက်၊ ပဋ္ဌာန်းဆက်များရောက်ရောက်လို့လာကြလေ၏။

ယခုလည်း ကျွန်ုပ်အား ရာဝင်အိုးကြီးများ လှူဒါန်းမယ့်သူများ ရောက်လို့လာလေ၏။ ၎င်းမှာ တခြားတော့ မဟုတ်ပေ၊ ကျွန်ုပ် ပထမဦးဆုံး ကရင်နှင့်သွားပြီး အိုးဝယ်သည့် မူစလင်များ ဖြစ်လေ၏။ ၎င်းတို့သည် ညဘက်ကြီး ဒေါ်ဂျစ်ကားကြီးနှင့်အိုးဆိုက်စုံကိုတင်ကာ လာလှူလေ၏။ ၎င်းအိုးများကိုဝိုင်းသယ်ချပေးရန်အတွက် လမ်းမှာတွေ့သော ကလေးများကို အကူအညီတောင်းပြီးရောက်လာလေ၏။ ၎င်းတို့ဝင် မယားသည် ကျွန်ုပ်၏ကျောင်းကိုမသိပေ။ သို့သော် သူတို့အိပ်မက် မက်သဖြင့် လာလှူရခြင်းဖြစ်ကြောင်းပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် "ပထမအိုးဖိုးတောင် အကြွေးမပေးရသေးဘူး၊ ဘယ်လိုဖြစ်လို့ ခင်ဗျားတို့ကို မမှာဘဲလာပို့တာလဲ" ဟုဆိုလိုက်၏။ ထိုအခါကုလားကြီးက

"ပထမအိုးဖိုးလည်း မပေးပါနဲ့၊ ဒီအိုးဖိုးတွေကိုလည်း အဆင်ပြေမှ ပေးပါ၊ တပည့်တော်တို့လင်မယား ညက အိပ်မက်မက်လို့ပါ၊ အိပ်မက်ထဲမှာ တိုက်ပုံအင်္ကျီဝတ်ထားတဲ့ အဖိုးကြီးတစ်ယောက် ရောက်လာတယ်၊ ပြီးတော့ အိုးပုတ်သေးသေးလေးတစ်ခု ကျွန်တော့်ကို အဆောင်ပေးတယ်။ မင်း အိုးတွေ များများရောင်းကောင်းချင်ရင် ငါ တည်မယ့် ဘုရားမှာ လာလှူကွာလို့ ဆိုတယ်။ ပြီးတော့ အိုးတွေ အရောင်းအဝယ်ကောင်းအောင် အုန်းနဲ့သားကိုင်းနဲ့ အသက်အောင့်ပြီး (၁၁) ချက် ရိုက်ခိုင်းတယ်။ ဒီလိုနဲ့ကျွန်တော်လည်း ယတြာလုပ်လိုက်တယ်။ ရောင်းကောင်းလိုက်တာများ အရှင်ဘုရားရယ် လက်ကိုမလည်ဘူး၊ အရင်တုန်းက တစ်နေကုန်နေလို့ အိုးတစ်လုံးတောင် ဈေးဦးမပေါက်တာ အခုဆိုရင်ကားတွေရပ်ရပ်ပြီးတော့ကို ဝယ်တော့တာပဲဘုန်းကြီးရယ်"

"အဲဒီအဖိုးကြီးကို သိလား၊ ဘယ်သူလဲ"

"ဟိုမှာ လေ–ဟိုမှာ"ဟုဆိုကာ အဘဘိုးမင်းခေါင်ရုပ်တုကြီးကို လက်ညှိုးထိုးပြလေ၏။ ကျွန်ုပ်လည်း အံ့ဩလို့သွားလေ၏။

"ဟင် ဟုတ်လား"

"ဟုတ်တယ်၊ ဒါကြောင့်မို့လို့ အရှင်ဘုရား အိုးတွေနဲ့ စေတီတည်မယ်လို့ သတင်းကြားလို့ တပည့်တော်တို့ အိုးတွေ လာလှူတာပါ"

"အေးလေ ဒါဆိုလည်း လှူရင် လှူတယ်အပြတ်ပြောကွာ၊ မင်းဟာက အဆင်ပြေရင်ပေးဆိုတော့ မပြတ်မသားနဲ့ ဘာလိုလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ တပည့်တော်တို့က လူမျိုးခြားတွေပါ။ အဲဒီလို လျှိုလို့မရဘူး၊ အရှင်ဘုရားကြိုက်သလို လုပ်ပါ" ဟုပြောပြီး ကလေးများကို ဒေါဂျစ်ကားကြီးနဲ့ပါလာသော အိုးပေါင်းဆိုက်စုံကို ဝိုင်း၍ ချခိုင်းလေတော့၏။ ထိုအချိန်တွင် ကရင်သည် ရောက်လို့လာလေ၏။

"အရှင်ဘုရား ဒါဘာတွေလဲ"

"မင်း မမြင်ဘူးလား၊ အိုးတွေလေ"

"ဟင် အရှင်ဘုရား စွမ်းလှချည်လား"

"အေး မင်းမှတ်ထားလိုက် ကရင်၊ ငါတို့ဝိဇ္ဇာလိုင်းဆိုတာအသုံးမကျတဲ့လူတွေ လုပ်တဲ့လိုင်းမဟုတ်ဘူး၊ အသုံးကျတဲ့လူတွေလျှောက်တဲ့လမ်းကွ၊ မြွေမှန်ရင် တွင်းဝင်ဖြောင့်တယ်။ ပတ္တမြားမှန်ရင် နွံမနစ်ဘူးကွ။ မဖြစ်ဘူးဆိုတာ မရှိဘူး၊ မဖြစ်သေးတာပဲ ရှိတယ်ကွ။ ဖြစ်အောင်လုပ်ရင်ဖြစ်တယ် ... ကြားလား၊ သွား အိုးတွေကို ဝိုင်းပြီးချ" ဟု အမိန့်ပေးလိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်တို့သည် ကလေးများကို လက်ဖက်ရည်နှင့်မုန့်များကျွေးပြီး ရှမ်းအိုးစည်တီးခိုင်းလေတော့၏။

"အောင်ပြီလားဟေ့"ဟု ကျွန်ုပ်က တိုင်ပေးလျှင် အိုးလာလှူသော ကုလားကြီးကပါ လက်ရုံးတန်းကာ "အောင်ပြီအောင်ပြီ" ဟု လိုက်၍အော်လေ၏။ ၎င်းတို့လင်မယားသည်အိုးများ လှူရသဖြင့် ဝမ်းသာပီတိဖြစ်လို့သွားကာ ဒေါ်ဂျစ်ကားကြီးပေါ်သို့ ကလေးများကိုပြန်တင်ခေါ်၍ ကျွန်ုပ်အား နှုတ်ဆက်ကာ ထွက်သွားလေတော့၏။

ကျွန်ုပ်သည် ကရင်ကိုခေါ်ပြီး

"ကရင်ရေ– မင်းဒီအိုးတွေကို ရေပြောင်အောင်ဆေးကွာ၊ မင်းသေ ချာမှတ်ထားကွ ဒေါင်ဒေါင်မြည်မှအိုး၊ အိုးကောင်းတစ်လုံးရဖို့ အိုးလုပ်သူက နာနာရိုက်ပေးရတယ်ကွ၊ အဲဒီလို နာနာရိုက်မှ အိုးကောင်း အိုးသန့်ဆိုတာ ရတယ်။ ငါ မင်းတို့ကိုရိုက်တယ် ဆူတယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်ဆိုတာ မင်းတို့ကို ငါဆူချင်လို့မဟုတ်ဘူးကွ၊ ရိုက်ချင်လို့လည်းမဟုတ်ဘူးကွ၊ မင်းတို့ရဲ့အကျင့်ဆိုး ဉာဉ်ဆိုးတွေကို ငါ ရိုက်ထုတ်တာ၊ ဆဲထုတ်တာ၊ ဆူထုတ်တာကွ။ အဲဒီလို ငါလုပ်ပေးရတာ၊ အဲဒီလိုလုပ်ပေးမှ မင်းတို့ရဲ့ အကျင့်ဆိုး စနစ်ဆိုးတွေဟာ ကြောက်ပြီး ထွက်ပြေးမှာကွ။ ဒါမှလည်း မင်းတို့က အိုးတော့အိုးပဲ၊ ပေါ့ပျက်ပျက် အိုးတွေတော့ မဟုတ်ဘူးကွ။ ဒေါင်ဒေါင်မြည်တဲ့အိုးတွေဖြစ်မှာ။ ဒီတော့ ဒီနေ့ကစပြီး ကရင်ရေ မင်းလည်း သေဖို့သာပြင်ထား။ မင်းကို ငါရိုက်တာ မဟုတ်ဘူး၊ မကောင်းတဲ့ အရက်တွေကို ငါရိုက်ထုတ်တာ အရက်ကို ရိုက်တာ၊ ဒါမှအရက်သောက်တဲ့ အကျင့်ဆိုးတွေ ထွက်သွားအောင်လို့ပေါ့ကွာ၊ ဟား ... ဟား ... ဟား ...'' ဟု အော်ရယ်ပစ်လိုက်လေ၏။

ကရင်သည် ကျွန်ုပ်၏အပြုအမူ အပြောအဆိုတွေ တစ်မူထူးခြားနေသဖြင့် တုန်လှုပ်လို့နေလေတော့၏။ ထို့ကြောင့် ကရင်သည်

''ဟုတ်ကဲ့'' ဟုဆိုပြီး စဥ့်အိုးများကို အုန်းဆံဖတ်နှင့် ဆပ်ပြာမှုန့်များကိုဖျော်ကာ စဥ့်အိုးများကို လက်ကြောတင်းတင်းနှင့် ရေဆေးကာ သန့်ရှင်းရေးလုပ်လေတော့၏။ စဥ့်အိုးများသည် ပန်းပွင့်လေးများ၊ ကနုတ်လေးများပါနေသဖြင့် တော်တော်လေးကိုလှပသေသပ်လို့နေလေတော့၏။

ဒုတိယအိုးအတွက် အဓိဋ္ဌာန်ဝင်ရလေပြီ။ သက်သတ်လွတ် တစ်ပတ်စားပြီး မေတ္တာသုတ်တစ်နေ့ကို ၁၀၈ခေါက်ရွတ်၍ သမ္ဗုဒ္ဓေ ၆ မျိုးကို ပုတီးအပတ်ရေ ၆၀၀၀ စိပ်ရလေတော့၏။ ဒုတိယအိုးတွင် မြတ်စွာဘုရားရှင်၏ ဖွား–ပွင့်–ဟော–စံ၊ မဟာဗောဓိပင်၊ နဂါးရုံဘုရား၊ ရှင်ဉပဂုတ္တ အစရှိသော ဘုရားတည်ရင် သိနေကျ မပါမဖြစ်သော သတ္တဋ္ဌာန ခုနစ်ဌာန၏ ပစ္စည်းများကိုဝယ်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမြောက် ပုတီးစိပ်သောနေ့တွင် ၎င်းပစ္စည်းများဝယ်ရန် အမျိုးသမီးတစ်ယောက် ငွေကျပ်(၅)သိန်းလာ၍လှူလေ၏။ ၎င်းအမျိုးသမီးသည် တစ်ကိုယ်လုံး သမင်ဖြူလိုလို၊ ခရုသင်းလိုလိုနှင့် တစ်ကိုယ်လုံးဖြူဖွေးလို့နေ၏။ ကျွန်ုပ်အား သာသနာပြုရန်ဟုဆိုပြီး လှူခြင်းဖြစ်လေ၏။ ကျွန်ုပ်အား ၎င်းဒကာမကြီး လှူသောအချိန်တွင် ကရင်ရှိလေ၏။ ကရင်သည်ကျွန်ုပ်အား ငွေတွေအများကြီးလှူသဖြင့် အံ့သြလို့သွားလေ၏။ ၎င်းအမျိုးသမီးသည် ထူးဆန်းလေ၏။ ငွေလှူလှူပြီးချင်း ပြန်လေ၏။ ဆုတောင်းလေးတောင်မခံယူတော့ဘဲ ပြန်သွားလေတော့၏။

ကျွန်ုပ်သည် တတိယနေ့တွင် ပုတီးထိုင်စိပ်နေသောအချိန်တွင် ကျွန်ုပ်ဘုန်းကြီးကျောင်းထဲသို့ ဒေါင်းဖိုဒေါင်းမနှစ်ကောင် ပျံ၍လာလေ၏။ ၎င်းဒေါင်းနှစ်ကောင်သည် ကျွန်ုပ်၏ ကျောင်းမှ တည်ကြက်များကို လိုက်ဆိတ်သဖြင့် ကြက်များသည် ထ၍ "ကတော်၊ ကတော်" နှင့်အော်ကာ ဟိုပျံဒီပျံတွေဖြစ်ကုန်လေတော့၏။ ကျွန်ုပ် နိမိတ်တစ်ခု ရလိုက်လေတော့၏။

"ဒါ ကြက်ပျံမကျ စည်ကားမယ်ဆိုတဲ့သဘောပဲ၊ ကောင်းတယ်၊ ဒေါင်း ဆိုတာ စနေနံပဲ၊ အလှဆုံး သတ္တဝါပဲ၊ ကြက်ကတော့ တနင်္လာနံ၊ ငွေနံတွေပဲ။ နှစ်ခုပေါင်းစီရင် တန်ခိုးဓာတ်ကို ရတယ်၊ ကြက်ပျံမကျ စည်ကားပြီး ဘုန်းတန်ခိုးကြီးမယ့် နိမိတ်ပဲ၊ အရမ်းကောင်းတယ်"ဟု နိမိတ်ကောက်ယူလိုက်လေ၏။

၎င်းဒေါင်းကြီးနှစ်ကောင်သည် ဆိုင်းမဆင့်ဗုံမဆင့်ထ၍ ပျံသွားလေတော့၏။ ဒေါင်းကြီးနှစ်ကောင်ပျံသွားမှ ကြက်များ သစ်ပင်ပေါ်မှ ဆင်းရလေတော့၏။ ကျွန်ုပ်သည် ၎င်းအဖြစ်အပျက်နိမိတ်ကို ဝမ်းသာလို့သွားလေ၏။

ဒုတိယအိုးစီရင်ရန်အတွက် တစ်ပတ်တိတိ အဓိဋ္ဌာန်ရက် ပြီးဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဖြစ်ပါလေသောကြောင့် ကျွန်ုပ်သည် စမတစ်ထောင်ဘုန်းကြီး နှင့်တိုင်ပင်မိလေ၏။ ဒုတိယအိုးတစ်လုံးကို စမတစ်ထောင်ဆရာတော် နှင့်အတူဆင်ပြီး ဓာတ်ဆင်လိုက်လေတော့၏။

တတိယအိုးဆင်ရန်အတွက် ကျွန်ုပ်တွင် ဓာတ်တော်များလိုအပ် လို့လာလေတော့၏။ ကျွန်ုပ်အား အဘဘိုးမင်းခေါင် အိပ်မက်ပေး လေ၏။ အိပ်မက်ထဲတွင် တောင်ဥက္ကလာဘက်သို့သွားခိုင်းလေ၏။ ၎င်းသွားခိုင်းခြင်းမှာလည်း ဓာတ်တော်ပင့်ရန်ပင် ဖြစ်လေ၏။ ကျွန်ုပ် သည် တောင်ဥက္ကလာဘက်တွင် အသိမိတ်ဆွေမရှိဘဲ ဖြစ်လို့နေ၏။

တစ်နေ့တွင် ကျွန်ုပ်ထံသို့ ဂိုဏ်းဖြူဆရာလေးတစ်ပါး ကြွလို့လာ လေ၏။ ၎င်းဆရာလေးသည် ကျွန်ုပ်အား တောင်ဥက္ကလာပ ဓာတ် တော်တိုက် ဆရာတော်ဘုရားကို ဖူးရန်ပြောလေ၏။ ကျွန်ုပ်လည်း စိတ်ဝင်စားသွားလေ၏။ အိပ်မက်ထဲတွင်လည်း အဘဘိုးမင်းခေါင်မှ တောင်ဥက္ကလာသို့သွားခိုင်းလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ဆရာ လေးနှင့်အတူ တောင်ဥက္ကလာဓာတ်တော်တိုက်ဆရာတော် ဦးကိတ္တိ ဝရအား သွားဖူးရန်စီစဉ်လိုက်လေ၏။ ကျွန်ုပ်သည် ရိုးရိုးသွားဖူးခြင်း မျိုးမဟုတ်ဘဲ ဓာတ်သဘောဖြင့် (၂၅)ဝင် စဉ့်အိုးတစ်အိုးကို ကြာ သက်နှင့်ပတ်ပြီး ဓာတ်ဆင်ကာ ကားတစ်စီး ငှားလိုက်၏။ ပြီးလျှင် ရှမ်းအိုးစည်ဝိုင်းကိုခေါ်ပြီး ကျွန်ုပ်တို့အဖွဲ့သည် လမ်းတစ်လျှောက်လုံး ရှမ်းအိုးစည်ဓာတ်ကို တီးသွားပြီး တောင်ဥက္ကလာ ဓာတ်တော်တိုက် ဆရာတော်ထံသို့ ကြွခဲ့လေတော့၏။

ကျွန်ုပ်တို့အဖွဲ့ရောက်သောအခါတွင် လူတွေအကုန်လုံး အံ့သြ လို့နေလေ၏။ ရှမ်းအိုးစည်တီးသံကို ခဏရပ်ခိုင်းရလေ၏။ ပြီးလျှင် ဆရာလေးကိုအရင်လွှတ်ပြီး ဆရာတော်ကိုအခြေအနေသွားကြည့် ခိုင်းလေ၏။ ရှမ်းအိုးစည်သမားများကလည်း လက်စလက်နကို ပြ



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့နေလေ၏။ ခဏကြာသော် ဆရာလေးရောက်လာလေ၏။ ဓာတ်တော်တိုက်တွင် နိုင်ငံခြားသားဧည့်သည်များ ရောက်နေသဖြင့် ခဏလေးစောင့်ရန် ပြောလေ၏။ ကျွန်ုပ်ကလည်း ဓာတ်ကို ဖွင့်ချင်လို့နေ၏။ နိုင်ငံခြားသားများမှာ ကိုရီးယားများ ဖြစ်လို့နေ၏။ ယခုခေတ်ခေါ်သော အိတ်စပတ်ကားကြီး (၅)စီး လောက်နှင့်ရောက်နေခြင်းဖြစ်လေ၏။ ထို့ကြောင့် တချို့လူများကလည်း မဝံ့မရဲဖြစ်လို့နေ၏။ ကျွန်ုပ်သည် ဆရာတော်အား အာရုံပြု ဆုတောင်းပြီးနောက်–

"ကဲ ငါနဲ့သာလိုက်ခဲ့ကြ"ဟုဆိုပြီး ကျွန်ုပ်သည် ရှေ့ကနေ ဦးဆောင်ပြီး ရှမ်းအိုးစည်အဖွဲ့ကိုခေါ်ကာ ဓာတ်တော်တိုက်ဆရာတော်အား ဝင်၍ဖူးလေတော့၏။ ကျွန်ုပ်သည် ရဲရဲတင်းတင်းဝင်သွားသဖြင့် ကျွန်ုပ်နောက်မှ တပည့်များသည်လည်း ရဲရဲတင်းတင်းလိုက်၍ ဝင်ကြလေ၏။ ကျွန်ုပ်တို့အဖွဲ့အား နိုင်ငံခြားသားများသည် စူးစမ်းစွာကြည့်လို့နေ၏။

ကျွန်ုပ်သည် ခပ်တည်တည်ဖြင့် ဓာတ်တော်တိုက်ဆရာတော်အား ဦးခိုက်လိုက်လေ၏။ ထိုအခါဆရာတော်က နိုင်ငံခြားသားတွေလည်း မြန်မာ့ရိုးရာဓာတ်လေး ရသွားအောင်ဟုဆိုကာ ရှမ်းအိုးစည်တီးခိုင်းလေ၏။ နဂိုကတည်းကမှ ဆရာတော်ဆူမှာစိုးသဖြင့် အရိပ်အခြေအကဲခတ်နေကြသော ကျွန်ုပ်၏ရှမ်းအိုးစည်ဝိုင်းတော်သားများသည် တီးမိန့်ရသွားသဖြင့် နောင်–နောင်–နောင်–အစချီပြီး ရှမ်းအိုးစည်ခေါ်မောင်းကို စတင်ကာ တီးခတ်လေတော့၏။ ရှမ်းအိုးစည်၏အသံသည်လည်း သာယာလှသဖြင့် အားလုံးစိတ်ဓာတ်များ မြူးကြွလို့လာလေ၏။ နောက်မှနေ၍ သံယောင်သံကြောင်များကလည်း စည်းချက်ညီညီ ဟေ့–ဟာ–ဟေ စသဖြင့် သံပြိုင်ထူးသံများသည် ညီညာလှသဖြင့် စိတ်ဓာတ်တို့ တက်ကြွလို့လာ၏။ ကိုရီးယား နိုင်ငံ

www.burmeseclassic.com



ခြားသားများသည်လည်း ခြေတွေလက်တွေ လှုပ်လို့လာကြလေ၏။ အဘ အောင်မင်းခေါင်ကြီး၏ အောင်ဟိတ်ဂါထာကိုရွတ်ပြီး စတင်ကာဝိုင်းဖွဲ့လိုက်သောအခါတွင် ကျွန်ုပ်နှင့်လိုက်ပါလာသော ဆရာလေးသည် နဂါးသိုက်စတင်၍ပူးလေ၏။ ထို့အတူလာဖူးကြသော ဒကာ၊ ဒကာမတွေထဲပါ နဂါးသိုက် ဝင်ပူးကြလေတော့၏။ ၎င်းတို့ထဲတွင် ကိုရီးယားအမျိုးသမီးတစ်ဦးသည် အော်အော်ပြီးတော့ ငိုကာ နဂါးသိုက်ဝင်၍ ပူးပြန်လေ၏။ ဓာတ်ဆက်၊ နတ်ဆက်၊ သိုက်ဆက်၊ ပဋ္ဌာန်းဆက်များလာကြလေ့ဟု ကျွန်ုပ်၏အမိန့်ပေးသံသည်ပြတ်သားစွာ ပေါ်ထွက်လာသဖြင့် ဓာတ်နတ် သိုက်၊ ဝိဇ္ဇာများပါ ပင့်လိုက်လေတော့၏။

ဓာတ်တော်တိုက်တစ်ခုလုံးတွင် ဓာတ်မြူးလို့သွားလေတော့၏။ ဓာတ်တော်တိုက် ဆရာတော်ဘုရားသည် လွန်စွာဝမ်းသာပီတိဖြစ်သဖြင့် ရှမ်းအိုးစည်ဝိုင်းကို ဆုငွေတစ်သိန်း ချီးမြှင့်လေ၏။

အားလုံးလည်း "ဆရာတော်ဘုရား အသက်ရှည်ပါစေ၊ သာသနာကို ဆတက်ထမ်းပိုးပြုနိုင်ပါစေ"ဟု ဝိုင်းဝန်း၍ဆုတောင်းပေးကြလေ၏။ ကျွန်ုပ်တို့အဖွဲ့သည် ပျော်ရွှင်မြူးတူးစွာဖြင့် ဓာတ်တော်တိုက်မှာ ဓာတ်ဖွင့်ရလေတော့၏။

ကိုရီးယားသူ နဂါးပူးတာကို ရေမန်းတိုက်ပြီးလုပ်ပေးလိုက်၏။ ၎င်းကိုရီးယားမများသည် ၎င်းတို့ဘယ်လို ဖြစ်သွားသလဲဆိုသည်ကို အချင်းချင်းမေးကြပြီး တဝါးဝါးတဟားဟားတွေ့ အချင်းချင်းဖြစ်ကုန်ကြ၏။ ဆရာတော်ကိုလည်း ထူးဆန်းသည့်အဖြစ်ကို လျှောက်ကြလေ၏။ ပြီးလျှင် ကျွန်ုပ်နှင့် ရှမ်းအိုးစည်တီးသူများကို ဒေါ်လာများလှူလေ၏။ ကျွန်ုပ်သည် ဆရာတော်ထံမှ ဘုရားတည်ရန် ၂၉ ဝင်စဥ္စအိုးကြီးကို လုပ်ပေးပြီးဓာတ်တော်များကို အလှူခံလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် ကြည်ဖြူစွာနှင့်ပင် ဓာတ်တော်များကို လှူဒါန်းလေတော့၏။ ကျွန်ုပ်တို့အဖွဲ့သည် ဓာတ်တော်များပင့်ရသဖြင့် ဝမ်းသာပီတိဖြစ်ကာ ရှမ်းအိုးစည်ကို နောက်တစ်ကြိမ်ထပ်ခါ တီးလေတော့၏။ ဒီတစ်ခါ ကိုရီးယားများပါ ဝင်၍ကလေတော့၏။ ကျွန်ုပ်တို့အဖွဲ့သည် ဓာတ်တော်များကိုပင့်ဆောင်လာပြီး မော်ဘီမြို့ရှိ ဓောမိဓမ္မရွှေပေါက်ဆိန်ကျောင်းသို့ တစ်လမ်းလုံး ရှမ်းအိုးစည်တီးကာ ပြန်ခဲ့လေတော့၏။

ကျွန်ုပ်တို့အဖွဲ့သည် ရှမ်းအိုးစည်များတီးပြီး ကျွန်ုပ်နေထိုင်သောကျောင်းသို့ ပြန်ရောက်လို့လာလေ၏။ ကျွန်ုပ်သည် ဓာတ်တော်များသွားပင့်တာရလာသဖြင့် လွန်စွာဝမ်းသာပီတိ ဖြစ်လို့နေ၏။ ရှမ်းအိုးစည်တီးသူများနှင့် ကျွန်ုပ်တို့အဖွဲ့သည် လက်ဖက်ရည်များဖျော်ပြီး သောက်ကြလေ၏။ ပြီးလျှင် မြတ်စွာဘုရားရှင်အား ဓာတ်တော်များလက်ဝဲရံ၊ လက်ယာရံ ရဟန္တာကြီးများ၏ဓာတ်တော်များ၊ ရဟန္တာငါးရာ၏ ဓာတ်တော်များပါမကျန် ငွေဖလားထဲတွင် သူ့ဓာတ်တော်နှင့်သူ၊ ဓာတ်တော်များကို ငွေဖလားထဲတွင်ထည့်ပြီး ရဟန္တာဓာတ်တော်များနှင့် ဘုရားရှင်၏ဓာတ်တော်များကို ဖယောင်းတိုင်၊ အမွှေးတိုင်၊ ရေမွှေးနှင့် နံ့သာဖြူများနှင့် ဆွတ်ဖြန်းပြီး ပူဇော်ထားလိုက်၏။ ကျွန်ုပ်သည် ဓာတ်တော်များ ရရှိထားသောကြောင့် ဝမ်းသာပီတိဖြစ်လို့နေ၏။

ပြီးလျှင် ကျွန်ုပ်သည် သမ္ဗုဒ္ဓေ တစ်နေ့လျှင် ၅၀၀၀ စိပ်လေ၏။ ဘုရားရှင်၏ ဓာတ်တော်များကို တဝကြီး ဖူးလေ၏။ ပြီးလျှင် ကျွန်ုပ်သည် တတိယအိုးဆင့်ရန် စီစဉ်လိုက်လေတော့၏။ ကရင်သည် အနီးအနားမှာ ခုနစ်ရက်သားသမီးများကိုခေါ်ပြီး ရှမ်းအိုးစည်တီးကာ အဘဘိုးမင်းခေါင်၏ အောင်ဟိတ်ဂါထာကို ကျွန်ုပ်က ရေးပေး၍ ကရင်တို့အဖွဲ့ကလိုက်ဆိုပြီး ရှမ်းအိုးစည်တီးခါ အောင်ပွဲကျက်ဓာတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထပ်၍ချပြန်လေတော့၏။ ရာသီဥတု အလွန်သာယာလို့နေ၏။ ကျွန်ုပ်၏ စိတ်သည်လည်း လွန်စွာသာယာလို့လာလေတော့၏။ ထူးဆန်းသည်မှာ ကျွန်ုပ်တစ်ခါမှ မတွေ့ဘူး၊ မမြင်ဘူးသောလူများသည် ကျွန်ုပ်ထံသို့ ရောက်ရောက်၍လာကြ၏။ ကျွန်ုပ်အားအမျိုးခေါ်မှုတော့ ရောက်လာရတာပေါ့ဟုဆိုပြီး ဘုရားတည်ရန်အလှူငွေများကိုပေး၍ပေး၍သွားလေ၏။ ကျွန်ုပ်သည်လည်း ၎င်းတို့အား ကျွန်ုပ်ပြုလုပ်သမျှ ကုသိုလ်များကို မေတ္တာပို့ခြင်း၊ အမျှအတန်းပေးဝေခြင်းများပြုလုပ်၍ပေးရလေ၏။ တစ်နေ့ထက် တစ်နေ့ လူများများလို့ လာလေ၏။

ကျွန်ုပ် ယတြာပေးလျှင် အဆင်ပြေသွားတာများသဖြင့် ယတြာတောင်းသူများ ပို၍များများလို့လာလေ၏။ ကျွန်ုပ်သည် ဓာတ်ယတြာများလည်း ပေးတတ်၏။ ဝိဇ္ဇာပုဂ္ဂိုလ်ကြီးများထံမှရသော ယတြာကောင်းများကိုလည်း ပေးတတ်လေ၏။ ကျွန်ုပ်၏ အဘမင်းသိခ်၏ ယတြာများကိုလည်း ပေးတတ်လေ၏။ အထူးသဖြင့်ဆရာကြီးယတြာများကိုသာပေးသည်က များလေ၏။ ပေးတိုင်းလည်းအောင်မြင်လို့သွားလေ၏။ ဒီလိုနှင့်ကျွန်ုပ်သည် ဗေဒင်ယတြာပေးကောင်းခြင်းကို လူသိများလို့လာလေ၏။

ကျွန်ုပ် အိပ်မက်မက်ပြန်၏။ ၎င်းအိပ်မက်မှာလည်း ရေအိုးတစ်လုံးထဲတွင်ထည့်ပြီး ဓာတ်ဆင်ရမည့်ယတြာတစ်ခုပင်ဖြစ်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ၎င်းဓာတ်ဆင်ရမည့်အိုးမှာ ရေချမ်းအိုးဖြစ်လို့နေ၏။ ရေချမ်းအိုးထဲမှာလည်း ၂၄ပဋ္ဌာန်းရေ၊ ပရိတ်ရေထည့်ရမည်ဖြစ်သောကြောင့် ၂၄ ပဋ္ဌာန်းနှင့်ပရိတ်ကို တစ်ပတ်တိတိရွတ်ရလေတော့၏။ ပြီးလျှင် ၎င်းရေချမ်းအိုးထဲကို ၂၄ပဋ္ဌာန်းရေနှင့် ပရိတ်ရေချမ်းများထည့်၍ ပန်းရန်ဆရာကို အိုးတစ်လုံးနှင့်တစ်လုံးဆင့်ပြီး ဆက်တဲ့အခါတွင် ၎င်းအိုးများ၏ ဆက်ရာတွင် သုံးလက်မအရွယ်



www.burmeseclassic.com

www.burmeseclassic.com



အစားရှိသောကြိုးကိုထိုးခိုင်းရလေ၏။ ၎င်းကြိုးမှာလည်း သင်္ဘောကြိုးများကဲ့သို့ သုံးလွန်းတင်ထားသောကြိုးပုံစံလုပ်ခိုင်းရလေ၏။ ကြိုးမှာအားလုံးလေးကြိုးစီမံခိုင်းရ၏။ "ကြိုးလေးကြိုး၊ အိုးလေးအိုး"ဓာတ်ကိုမိရန်ရည်ရွယ်လေ၏။ သုံးလွန်းတင်မှုကြိုးဆိုသည့်အတိုင်း တကယ့်ကြိုးများ ပုံပေးရန် ပန်းရန်ဆရာကို စိတ်ရှည်ရှည်နှင့် ထိုးခိုင်းရလေတော့၏။ ပန်းရန်ဆရာမှာလည်း လွန်စွာလက်ရာကောင်းလေ၏။ သေချာအနုစိပ်ကို ထိုးထား၏။ မသိရင် တကယ်ကြိုးအစစ်များလား ထင်မိရ၏။

ကြိုးမှာလေးကြိုး၊ ဓာတ်ကြိုး၊ နတ်ကြိုး၊ သိုက်ကြိုး၊ သာသနာကြိုးဟူ၍ဖြစ်လေ၏။ ဓာတ်၊ နတ်၊ သိုက်၊ သာသနာ စုံညီစွာသာသနာပြုရန်ကို ရည်ရွယ်လေ၏။ ပြီးလျှင် ကျွန်ုပ်သည် ၎င်းရေချမ်းအိုးကို ပရိတ်ရေ၊ နံ့သာရည်များနှင့်ပက်ဖျန်းပြီး တစ်ရွာလုံး၊ တစ်မြို့လုံး၊ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး အေးချမ်းကြပါစေဟု မေတ္တာပို့လိုက်လေ၏။ ပြီးလျှင် အဘသည် ထပ်မံ၍ မိန့်ပြန်၏။ ၎င်းမှာ ရေတကောင်းတစ်ခုရှာခိုင်းလေ၏။ သဘောမှာ မြန်မာအစ တကောင်းက၊ တကောင်းပြည်ကြီး ရှင်မထီး၊ ရှင်မထီးဆရာတော်ဘုရားကြီးဓာတ်နှင့်သာသနာပြုဓာတ်ကို ဖန်ဆင်းလို့ပေးလေ၏။ ပုဂံမှာ ရှင်မထီးတို့ဆိုတာ နာမည်ကြီးတယ်ကွ၊ မုဆိုးမတောင် ဘုရားတည်နိုင်အောင် မ,စနိုင်ခဲ့တယ်ကွ။ ဒီတော့ ဒီဘုရားကိုဖူးမြော်ခြင်းဖြင့် ချမ်းသာတဲ့ဓာတ်ကိုရစေတယ်ကွ။ မုဆိုးမတောင်ဘုရားတည်နိုင်လောက်တဲ့အဆင့်ထိကြီးပွားတိုးတက်ချမ်းသာသွားစေရမယ်ဟုဆိုကာ ရေတကောင်းကိုရှာခိုင်းလေတော့၏။ ကျွန်ုပ်လည်း ရေတကောင်းတစ်ခုရပြီး ဖြစ်သောကြောင့် အဘသည် ၎င်းရေတကောင်းကို ငှက်ပျောဖူးပုံသဏ္ဌာန် လုပ်ခိုင်းလေတော့၏။ ပြီးလျှင်ဘုရားထီးတင်ရန် စီစဉ်ခိုင်းလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



၎င်းဘုရားထီးတင်ပြီး ဘုရားပွဲလုပ်သည့်ရက်ကို အဘထွက်ရပ်ပေါက်သည့် တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ကို လုပ်ခိုင်းလေတော့၏။ ကျွန်ုပ်သည် ၎င်းရက်နှင့်ကိုက်ညီအောင် အဓိဋ္ဌာန်တစ်ခုလုပ်ပြီး အမျိုးခေါ်အိုးဖော်စေတီကို ပြီးမြောက်အောင်မြင်ရန် စီမံရလေတော့၏။ ထူးဆန်းသည်မှာ ၎င်းဘုရားထီးတင်မည့် ဒကာ၊ ဒကာမများမှာ ကျော်ဇေယျနှင့်သီရိဒုံမှာ၍ ဖြစ်လေ၏။ ၎င်းတို့သည်အသက်ကလေးငယ်သလောက် လွန်စွာသဒ္ဓါတရားကောင်းကြသူများ ဖြစ်ကြလေ၏။ ထီးတင်ပွဲအတွက် ၎င်းတို့လင်မယားမှ အကုန်တာဝန်ယူလေ၏။ ဒီလိုနှင့် ကျွန်ုပ်နှင့်ကျော်ဇေယျသည် ကြည့်မြင်တိုင် ဘရင်တန်းအရပ်သို့သွားရောက်ပြီး ထီးအပ်ရလေတော့၏။ နောက်တစ်ပတ်တွင် ကျွန်ုပ်တို့ စိတ်ကြိုက်ထီးကိုရလေတော့၏။ ဒီလိုနှင့် ကျွန်ုပ်နှင့် ကျော်ဇေယျသည် ရှမ်းအိုးစည်ဝိုင်း၄၁းကာ ထီးတော်ကြီးကို ကျောင်းသို့ပင့်ခဲ့ရလေတော့၏။

ကျွန်ုပ်တို့အဖွဲ့သည် ထီးအလှူရှင်များနှင့်အတူ ပျော်ရွှင်စွာဖြင့် ရှမ်းအိုးစည်များကို တီးကြလေတော့၏။ ထိုအချိန်တွင် နဂါးသိုက်မှ နဂါးဝင်ပူးကြသူများ၊ ရှမ်းသိုက်မှ ရှမ်းဓာတ်ဖြင့် ရှမ်းသိုင်းများနှင့် ဓားသိုင်းများကခါ ကိုးမြို့ရှင်နတ်များ ဝင်၍ပူးကြလေ၏။ ၎င်းတို့ဘက်မှလည်း ကျွန်ုပ်၏သာသနာပြုလုပ်ငန်းများတွင် ပါဝင်၍သာသနာပြုပါမည်ဆိုသည့်အကြောင်းများကို ဝင်ရောက်ပူးပြီး ပြောဆိုကြလေတော့၏။

ကျွန်ုပ်သည် လွန်စွာဝမ်းသာပီတိဖြစ်ပြီး ၎င်းတို့အားလည်းအမျိုးခေါ်အိုးဖော်စေတီဘုရား ပြီးမြောက်ခဲ့ရင် အားလုံးကိုအမျှအတန်းပေးဝေမည်ဆိုသည့်အကြောင်း၊ ဘုရားထီးတင်ပွဲသို့လည်းလာရောက်ခဲ့ရမည်ဆိုသည့်အကြောင်းများကို ဖွင့်ဟပြီး ဖိတ်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသောဖြစ်ရပ်တစ်ခုဖြစ်ခဲ့လေ၏။ ၎င်းမှာ ကျွန်ုပ်ထံသို့ ကျွန်ုပ် တပည့်တစ်ဦးဖြစ်သော သီရိမင်္ဂလာဈေးမှ ဒေါ်သန်းမူဆိုသော အမျိုးသမီးကြီးတစ်ဦးရောက်ရှိလို့လာ၏။ ၎င်းအမျိုးသမီးကြီးသည် သီရိမင်္ဂလာဈေးတွင် သစ်သီးများရောင်းလေ၏။ ၎င်းတို့ရောက်ပုံမှာလည်း ထူးဆန်းလှလေ၏။ ၎င်းနှင့်အတူ အမျိုးသမီးတစ်ဦးသည် ကလေးလေးတစ်ယောက်ကို ချီလို့လာ၏။ အမျိုးသားမှာမူ မီးသွေးခဲက အဖေခေါ်ရလောက်အောင် အလွန်အသားမည်းလေ၏။

ကျွန်ုပ်သည် ဒေါ်သန်းမူ ခေါ်လာသောစုံတွဲအား သေချာခြေဆုံးခေါင်းဆုံးကြည့်မိလိုက်လေ၏။ ၎င်းအမျိုးသားသည် ကျွန်ုပ်အား သေချာ စိုက်ကြည့်ပြီး မျက်လုံးနှစ်လုံးပိတ်ပြီး ဖြူဖွေးနေသော သွားများပေါ်လာအောင် ရယ်ပြလေ၏။ ကျွန်ုပ်သည် ၎င်းအားကြည့်ပြီး လန့်သွားလေ၏။

"ဒေါ်သန်းမူ သူတို့က ဘယ်ကလဲ"

"ဩော်–ဒီလိုပါဘုန်းဘုန်း၊ သူတို့သားအမိက တပည့်တော်မိတ်ဆွေတွေပါ ဘုရား၊ ငှက်သိုက်အရောင်းအဝယ်လုပ်ပါတယ်။ တစ်နေ့ သူတို့ ငှက်သိုက်လုပ်ငန်းမှာ လူလိမ်တွေနဲ့တွေ့ပြီး အရှုံးပေါ်လို့ ဒုက္ခရောက်နေပါတယ်ဘုန်းဘုန်း"

"ဘာငှက်သိုက်လဲဒကာမကြီး"ဟု ကျွန်ုပ်သည် ဒေါ်သန်းမူအားမေးလိုက်လေ၏။ ထိုအခါ ၎င်းအမျိုးသားသည် ကြားဖြတ်၍–

"ဒီလိုပါဘုန်းဘုန်း . . ."ဟုအစပြု၍ ၎င်းလုပ်သောငှက်သိုက်လုပ်ငန်းအကြောင်းကို ရှင်းပြလေတော့၏။

ကျောက်စိုင်ကျောက်ခဲတွေရဲ့ကြားမှာ ငှက်တွေဟာအနှင့်ပြီး အသိုက်ပုံစံလုပ်ထားသောအနှစ်ဖတ်ဖြစ်လေ၏။ ငှက်အနှစ်ဖတ်ဟု ခေါ်ရင်လည်း မမှားချေ။ ၎င်းမှာ အားဆေးတစ်မျိုးဖြစ်လေ၏။ ၎င်းငှက်



www.burmeseclassic.com

www.burmeseclassic.com



သိုက်အားဆေးမှာလွန်စွာဈေးကြီးလေ၏။ တစ်ဆယ်သားကို သိန်းနဲ့ချီ ပေးဝယ်ရလေ၏။ ၎က်သိုက်အားဆေးကို ပိုက်ဆံရှိ လူတန်းစားများ သာလျှင် ဝယ်၍သောက်ကြလေ၏။

ငင်းအမျိုးသားသည် ယိုးဒယားလူမျိုးများနှင့် အဆက်အသွယ် မိပြီး ယင်းလုပ်ငန်းကို လုပ်ကိုင်နေခြင်းဖြစ်လေ၏။ ယိုးဒယားမှ ငင်း ကုန်ကြမ်းကို ယူပြီး ကိုယ်စားလှယ်အဖြစ် ရန်ကုန်– မန္တလေးနေရာ အနှံ့အပြားသို့ သွားရောက်ကာ အရောင်းအဝယ်လုပ်နေသောသူလည်း ဖြစ်လေ၏။ ငင်းလုပ်ငန်းမှာအကျိုးအမြတ်များစွာရရှိလေ၏။

ကျွန်ုပ်သည် ငင်းအမျိုးသားပြောသောစကားကိုသေချာနား ထောင်လိုက်ပြီး 'သိုက်' စကားလုံးပါသဖြင့် သိုက်အကြောင်းကို စဉ်း စားမိလေတော့၏။ ဖြစ်စဉ်မှာ တစ်နေ့ညက ကျွန်ုပ်အိပ်မက်မက်လေ ၏။ အိပ်မက်ထဲတွင် သိုက်နှင့်ပတ်သက်သော အမျိုးသမီးသုံးဦးရောက် လာလေ၏။ ငင်းတို့ကလည်း အမျိုးခေါ်အိုးဖော်စေတီဘုရားတွင် သူ တို့လည်းပါဝင်ပြီး သာသနာပြုပါရစေဟုဆိုလေ၏။ ငင်းအမျိုးသမီး များနှင့်အတူ ရောင်ပေစုးလေးများ ဆံရစ်ဝိုင်းလေးများ စည်းထား သော လွန်စွာမှမျောက်ရှုံးအောင် ဆော့တတ်သော ကလေးငယ်လေး နှစ်ဦးလည်းပါလေ၏။ ယောကျ်ားလေးနှင့် မိန်းကလေး ဖြစ်လေ၏။ ငင်းကလေးများသည် ကျွန်ုပ်၏ကျောင်းဝင်းထဲသို့ စပြီးရောက်က တည်းက မျောက်ရှုံးအောင် ဟိုပြေးဒီပြေးနှင့်ဂျွမ်းပြန်အောင်ဆော့ကြ လေတော့၏။ ထိုအခါ ငင်းအမျိုးသမီးသုံးဦးကလည်း ကလေးများကို မဆော့ရန် ဆူပူလေ၏။ "ဘုန်းကြီးရိုက်လိမ့်မယ်"ဟုလည်း ခြိမ်း ခြောက်လေတော့၏။

ထိုအခါ ကျွန်ုပ်က "ဒီကလေးတွေက အမိတို့ကလေးတွေ လား"ဟု မေးစဉ် တစ်ယောက်က ကြားဝင်၍



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူး၊ ဒီကလေးတွေက ကလေးသိုက်ကပါ။ ငယ်ငယ်နဲ့ကြွယ်ကြွယ်ပါ။ ငယ်ငယ်က မိန်းကလေးပါ၊ ကြွယ်ကြွယ်က ယောကျ်ားလေးပါ။ သူတို့လည်း သာသနာပြုဖို့ ပါဝင်ပါလိမ့်မယ် ဘုန်းဘုန်း"ဟုဆိုသဖြင့် ကျွန်ုပ်သည် တစ်ချက်တွန့်သွားလေ၏။

"နင်တို့ကလေးတွေက ကြည့်လည်းလုပ်ပါဦးဟယ်၊ ဆော့လိုက်တာ မျောက်တောင် ရှုံးတယ်၊ ဘယ်လို မိမဆုံးမ ဖမဆုံးမကလေးတွေမှန်းလည်းမသိဘူး၊ ငါတောင် မျက်စိနောက်ပြီး စိတ်ရှုပ်လာပြီ" ဟု ခပ်ဆတ်ဆတ်လေးပြောမိလိုက်လေ၏။

ထိုအခါ ၎င်းတို့သိုက် မိန်းမသုံးဦးထဲမှ တစ်ယောက်က ကြားဝင်ပြီး "ဟဲ့ကလေးတွေ၊ နင်တို့ငြိမ်ငြိမ် မနေဘူးလား၊ ဒီမှာဘုန်းကြီး ဆူနေပြီနော်၊ လာခဲ့-ဘုန်းကြီးကို လာပြီးတောင်းပန်လိုက်၊ ဘုန်းကြီးကို ဦးခိုက်ပြီးရှိခိုးလိုက်"ဟုဆိုမှသာလျှင် ကောင်လေးနှင့် ကောင်မလေးသည် ဆော့ရာမှ ဆတ်ကနဲပြေးလာပြီး ကျွန်ုပ်၏ ရှေ့မှောက်တွင် ဒူးလေးတွေထောက်ပြီး မပီကလာ ပီကလာလေသံလေးနှင့်ပြောလေ၏။

"တပည့်တော်တို့က ကလေးသိုက်ကပါ၊ ဘဘဘိုးမင်းခေါင်ကြီးနဲ့ ဘဘ ပထမံဘိုးဘိုးအောင်ကြီးတို့ရဲ့ ခွင့်ပြုချက်နဲ့ သာသနာပြုဖို့ ရောက်လာတာပါ။ တပည့်တော်တို့ကို ဒီတိုင်း ပစ်မထားပါနဲ့ဘုရား။ တပည့်တော်တို့က အဘဘိုးမင်းခေါင်ကြီးဆီမှာ ခွင့်တောင်းပြီးလာရတာပါ။ ဘုရားတည်၊ ကျောင်းဆောက်၊ သာသနာပြုတဲ့ လုပ်ငန်းတွေမှာတပည့်တော်တို့တွေလည်း ဝိုင်းပြီးလုပ်ရပါတယ် ဘုန်းဘုန်းရယ်၊ ဘုန်းဘုန်းတို့ ဘုရားတည်ဖို့ ပုံထားတဲ့ သဲတွေကျောက်တွေကို ရောင့်ရှောက်ရပါတယ်၊ တပည့်တော်တို့ ကလေးသိုက်က ကလေးတွေ အဲဒီသဲတွေ ကျောက်တွေကို ဆော့လိုက်ကစားလိုက်တာနဲ့ အုတ်သဲ

www.burmeseclassic.com



ကျောက်တွေ လှူမယ့်လူတွေဟာ တိုးတိုးပြီးလာတတ်ပါတယ်၊ ဘုန်းဘုန်းမမှတ်မိလို့ပါ ... ဘုန်းဘုန်းကို အဖေကြီး အဘဘိုးမင်းခေါင် အိုးကြီးထမ်းပြီး ကျောင်းပေါက်ဝလာပို့တုန်းက တပည့်တော်တို့လိုက်ပြီး ခိုရတယ်လေ။ ပြီးတော့ တပည့်တော်တို့ကိုအဖေကြီးက စားဖို့မုန့်လေးတွေ ဝေကျွေးလိုက်ပြီး ပြန်ရတယ်လေ။ အဲဒီထဲက တပည့်တော်တို့ရှိပါတယ်ဘုန်းဘုန်းရဲ့''ဟု သတိပေးလိုက်တော့မှပဲ ကျွန်ုပ်သည် သတိရသွားလေ၏။

''ဪ-ဟုတ်သားပဲ နင်တို့က ဘီလူးလေးတွေဖြစ်သွားတယ်မဟုတ်လား''

''ဟုတ်ပါတယ်၊ တပည့်တော်တို့က ဘီလူးလိုလည်း ဖန်ဆင်းလို့ရတယ်၊ နဂါးလိုလည်း ဖန်ဆင်းလို့ရတယ်၊ ခွင့်တောင်းပြီး အဘဘိုးမင်းခေါင်ပုံ ဖန်ဆင်းလို့လည်းရတယ်၊ တစ်ခါတစ်ခါ တပည့်တော်တို့ အဘဘိုးမင်းခေါင်ပုံစံဟန်ဆောင်ပြီး ဝင်ပူးပြရတယ်''ဟု ဆိုကာရယ်လေ၏။

''ဟဲ့ ဒီကလေးတွေ ပေါက်ကရတွေ ဘာလို့လုပ်ရတာလဲ၊ ငရဲကြီးတော့မှာပဲ၊ လိမ်တာမကောင်းဘူး''ဟု ဆိုလိုက်လေ၏။ လူတွေရဲ့ ယုံကြည်မှုကို အသုံးချပြီး အလွဲသုံးစားလုပ်တာ ဘုရားမကြိုက်ဘူးကြားလား'' ဟု ဆိုလိုက်လေ၏။ ထိုအခါကလေးလေးက

''မဟုတ်ရပါဘူး ဘုန်းဘုန်းရယ်၊ တပည့်တော်တို့ ဒီလိုကလေးလေးတွေပုံစံနဲ့ဆို လူတွေက သိပ်အထင်မကြီးဘူးဘုန်းဘုန်းရဲ့၊ တပည့်တော်တို့ကို သကြားလုံးလေးတစ်လုံးတောင် မကျွေးကြဘူး။ အမျှအတန်းပေးဝေရင်လည်း တပည့်တော်တို့ မရပါဘူး ဘုန်းဘုန်းရယ်၊ ဒီတော့ တပည့်တော်တို့လည်း အဘဘိုးမင်းခေါင်ကြီးကို ဖွင့်ပြောပြီး အကူအညီတောင်းရတာပါ၊ တပည့်တော်တို့ကလည်း ဒီအတိုင်းမစား



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ သူတို့ကို နှစ်လုံး၊ သုံးလုံးပေးရပါတယ်'' ဟုဆိုသဖြင့် ကျွန်ုပ်လည်း ရယ်မိလေတော့၏။

''ဩော်–ဒါဆို နင်တို့ကကလေး သိုက်လူလည်တွေပဲကိုး''ဟုဆိုလိုက် ၏။

''လူလည်မဟုတ်ပါဘူး၊ သိုက်လည်တွေပါ''ဟု ဘေးမှ မိန်းမကြီး တစ်ဦးက ဝင်ပြောလေ၏။

''ဘာလို့ အဘဘိုးမင်းခေါင်ပုံစံ ဟန်ဆောင်ရတာလဲ''

''ဩော်– ဘုန်းဘုန်းရယ်၊ ဒီ ခေတ်ကြီးမှာ အဘဘိုးမင်းခေါင်က နာမည်ကြီးပဲလေ၊ ဒီတော့ ငါအဘဟဲ့ လို့ဆိုလိုက်တာနဲ့ အိမ်ရှင်မှာ ရေနွေးကြမ်း ပြေးယူရတာနဲ့၊ လက်ဖက်စားမလား၊ ဘာလုပ်မလဲ ဆေးလိပ်သောက်မလား၊ ပြာနေတာပဲ ဘုန်းဘုန်းရဲ့၊ ဒီတော့ အဘလိုပဲဟန်ဆောင်ပြီး လုပ်စားရတာ ပိုအဆင်ပြေပါတယ်'' ဟု ပွင့်ပွင့်လင်းလင်းပြောလေ၏။

''ဟဲ့ နင်တို့ကို အဘက မဆူဘူးလား''

''မဆူပါဘူး။ အဘက ခွင့်ပြုတယ်။ လူတွေကို ငါ့နာမည်သုံးပြီး ဒုက္ခရောက်အောင် မလုပ်နဲ့လို့တော့ ပြောပါတယ်''

''ဩော်–အံ့ရော၊ အံ့ရော၊ အခုမှပဲ ငါသိတော့တယ်။ ဒါဆို အဘဘိုးမင်းခေါင်ဆိုပြီး ဝင်ဝင်ပူးတာ နင်တို့ လက်ချက်ပေါ့'' ဟု ဆိုသဖြင့် ကလေးလေးသည် ပြုံးပြလေတော့၏။

''ဩော် အဘ၊ အဘ၊ လူတွေတင်မကဘူး၊ နတ်သူငယ်တွေတောင် အဘနာမည်သုံးပြီး လုပ်စားတတ်နေပြီပဲ။ တော်တော်ဂုဏ်ရှိကြီးတဲ့ ပုဂ္ဂိုလ်ကြီးပါလား''ဟု စိတ်ထဲမှ မေတ္တာပို့လိုက်လေ ၏။

''ကဲ ကဲ ဒါဆိုလည်း နင်တို့ ငါ့ကိုဘာယ်လိုသာသနာပြုပေးမှာလဲ''

www.burmeseclassic.com

www.burmeseclassic.com



လို့မေးလိုက်ရာ ''နှစ်လုံးပေးမယ်''ဟု ဆိုလေ၏။ ထိုအခါ ကျွန်ုပ်က

''နှစ်လုံးပေးတာတော့ ဟုတ်ပါပြီ၊ နင်တို့ဂဏန်းတွေက မမှန်ရင် ဘယ်လိုလုပ်မလဲ၊ လူတွေဒုက္ခရောက်ကုန်မှာပေါ့''

''ဘုန်းဘုန်းကလည်း တပည့်တော်တို့ပေးတဲ့ဂဏန်းကို အခြေခံပြီး ဘုန်းဘုန်းက ဉာဏ်ကောင်းပါတယ်၊ ဘုန်းဘုန်းလည်း ကူပြီးပေးလိုက်ပေါ့'' ဟုဆိုကာ ကလေးသိုက်မှ ကလေးလေးသည် ကျွန်ုပ်အား နှစ်လုံးပေးရန် မဲဆွယ်လေတော့၏။

''ဒါဆို ပေးမယ်''ဟုဆိုကာ ကလေးလေးသည် ကျွန်ုပ်အား '၈၀' ဟုပေးလေ၏။ ၎င်းသည် အသံမပီသဖြင့် ချစ်တယ်ဟုအသံထွက်လို့နေလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ချစ်တယ်ကို ကောက်ပြီး '၂၇'ဂဏန်းတစ်ကွက်ကိုပါ ကောက်ထားလိုက်လေ၏။ ပြီးလျှင် ကလေးလေးက ကျွန်ုပ်အား–

''ဒန်ပေါက်၊ ဒန်ပေါက် စားချင်တယ်၊ အခုဝယ်ကျွေးပါ'' ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ဒန်ပေါက်ကို ကောက်ရလေတော့၏။ ဒန်ပေါက်ကို ကောက်သောအခါ '၇၅'ဆိုသော ဂဏန်းကိုရလေတော့၏။

ကျွန်ုပ်သည် ၈၀၊ ၂၇၊ ၇၅ဆို ပြီး စိတ်ထဲမှကောက်ထားလိုက်၏။ ယခုလည်း တိုက်ဆိုင်လှလေ၏။ ဒေါသန်းမူခေါ်လာသော လူမှာ ဒုက္ခရောက်လို့နေ၏။ ၎င်းတို့လင်မယားကို ကျွန်ုပ်ကြည့်ပြီး ဂရုဏာသက်မိလေ၏။ ၎င်းတို့၏ ကလေးလေးမှာလည်း ပိုလီယိုဖြစ်နေတော့၏။ ခြေမသန်၊ လက်မသန်နှင့် လမ်းမလျှောက်တတ်ဖြစ်လို့နေ၏။ သူ့အမေက–

''သမီး ဘုန်းဘုန်းကိုရှိခိုးလိုက်'' ဟုဆိုသောအခါ ကလေးလေး



www.burmeseclassic.com

သည် နဖူးလေးကို တမံတလင်းနဲ့တိုက်ပြီး ကျွန်ုပ်အားရှိခိုးလေ၏။ ကျွန်ုပ်သည်

"ဟင်း သူတို့လည်းသိုက်တော့ သိုက်ပဲ၊ ငှက်သိုက်ပဲ"ဟု ဆိုကာ ပြုံးမိလေ၏။

"ကဲကဲဒေါ်သန်းမူ မှတ်ထားလိုက်၊ မှတ်ထားလိုက်ဟုဆို၍ ကျွန်ုပ်သည် ကလေးသိုက်က ကလေးလေး ပေးခဲ့တဲ့ဂဏန်းကို ပေးလိုက်လေတော့၏။ ၈၀,၂၇,၇၅ သုံးကွက်ထိုးကြည့်ပေါ့"ဟု ပြောလိုက်လေတော့၏။

ကျွန်ုပ်သည် ဒေါ်သန်းမူအား ၎င်းဂဏန်းများကို ပေးလိုက်လေတော့၏။ ၈၀၊ ၂၇၊ ၇၅၊ ဒေါ်သန်းမူသည် ငှက်သိုက်လုပ်သော ကောင်လေးကိုသက်နှင်းနှင့်မစုတို့အား–

"ကဲ နင်တို့ကံပဲ၊ လုပ်တော့" ဟုဆိုကာ ကျွန်ုပ်အား နှုတ်ဆက်၍ ထသွားလေတော့၏။ တစ်အောင့်လောက်ကြာသော် ၎င်းကားလေး ပြန်ဝင်လို့လာလေ၏။ ဒေါ်သန်းမူသည် ကပြီးတော့ဝင်လာ၏။ ကိုသက်နှင်းနှင့်မစုမှာလည်း ဝမ်းသာသော မျက်နှာထားနှင့်ဖြစ်လို့နေ၏။ ကိုသက်နှင်းသည် ကျွန်ုပ်အား တစ်ထောင်တန်အုပ် ၅အုပ်ကို စက္ကူအိတ်နှင့် ထည့်ကာ ကြွပ်ကြွပ်အိတ်နှင့်ထုပ်ပြီး လှူလေ၏။ ကျွန်ုပ်လည်း–

"နင်တို့အဆင်ပြေရင် ဝမ်းသာပါတယ်၊ အခုလှူတဲ့ငွေတွေကို ငါ ဘုရားတည်တဲ့အထဲထည့်ပြီး လှူလိုက်မယ်။ နင်တို့ သာဓုခေါ်ပေါ့" ဟု ဆိုကာ အလှူခံလိုက်လေ၏။ ပြီးလျှင် ကျွန်ုပ်သည် ၎င်းလှူထားသော ငွေငါးသိန်းအား ပန်းရန်ဆရာအား ပေးလိုက်လေ၏။

"ကဲ ဆရာရေ၊ ဘာမှအားမငယ်နဲ့နော်၊ သူ့ပဋ္ဌာန်းဆက်နဲ့သူ လာလှူကြလိမ့်မယ်"ဟု ပြောလိုက်လေ၏။ ကျွန်ုပ်သည် ထိုညလုံးလိုလို ပုတီးစိပ်အဓိဋ္ဌာန်ဝင်ခြင်းနှင့်သာ အချိန်ကုန်လွန်ခဲ့လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မေတ္တာပို့ရလေတော့၏။ ကျွန်ုပ်၏ ခါတ်ဆက်၊ နဝင်းဆက်၊ ပဌာန်းဆက်များကိုလည်း မေတ္တာပို့ရလေတော့၏။

ကျွန်ုပ်သည် နတ်စစ်သည်များကို ရသော်လည်း လူစစ်သည်များရရန်အတွက် အကျပ်ရိုက်လို့နေတော့၏။ ထိုအချိန်တွင် ကျွန်ုပ်နှင့်ငယ်စဉ်က ရင်းနှီးခဲ့သော ကောင်လေးတစ်ယောက်ရောက်လာ၏။ ၎င်းကောင်လေးနှင့် ကျွန်ုပ်ဝေးကွာခဲ့သည်မှာ နှစ်ပေါင်း (၂၀)လောက်ရှိလို့နေ၏။ ယခုအခါ ထိုကောင်လေးသည် စစ်တပ်တွင် အရာရှိကြီးတစ်ဦး ဖြစ်လို့နေလေ၏။ ကျွန်ုပ်ထံတွင် ရာထူးတိုးရန်အတွက် လာရောက်မေးမြန်းခြင်းဖြစ်၏။ ထိုကောင်လေးသည် ကျွန်ုပ်ကိုကြည့်ရင်း ငယ်ရုပ်ကို မှတ်မိလို့သွားလေ၏။

သူနှင့်ကျွန်ုပ်စကားများပြောရင်းမှ ငယ်ကြောင်းများကို ပြောဖြစ်ရင်း ပိုမိုမှတ်မိကာ ရင်းနှီးသွားလေ၏။ ထိုကောင်လေးမှ ကျွန်ုပ်အား–

“ဟာ ဘုန်းကြီးကလည်း လူစစ်သည်များ တခြားရှာမနေပါနဲ့၊ တပည့်တော်ကူညီပါ့မယ်။ တပည့်တော်တို့ စစ်တပ်ဆိုတာလည်း ကြည်း၊ ရေ၊ လေနဲ့ဖွဲ့စည်းထားတဲ့ခါတ်ကြီးလေးပါးပါပဲ။ မြေ–ရေ–လေ–မီးဆိုတော့ မီးနဲ့ပတ်သက်တာကတော့ မီးသတ်အရာရှိ တစ်ယောက် ခေါ်လိုက်မယ်။ ဘုန်းကြီး ထီးတင်ပွဲကို ဘာမှစိတ်မပူပါနဲ့။ တပည့်တော်နဲ့ တစ်ပတ်စဉ်ထဲ ဆင်းထားတဲ့ သူငယ်ချင်းတွေရှိတယ်။ ကြည်းတပ်က အရာရှိတွေ၊ ရေတပ်ကအရာရှိတွေ၊ လေတပ်ကအရာရှိတွေ၊ မီးသတ်ကအရာရှိတွေ အကုန်လုံးတပည့်တော်စီစဉ်ပေးမယ်။ နတ်စစ်သည်ကတော့ ဘုန်းကြီးဘာသာစီစဉ်ပါ။ လူစစ်သည်ကတော့ တပည့်တော်တာဝန်ထားပါ”ဟုဆိုကာ တာဝန်ယူလေ၏။

“ဘုန်းကြီး တော်သလင်းလပြည့်နေ့ ဘယ်အချိန်မှာ ထီးတင်မှာလဲ သာပြောပါ။ တပည့်တော်တို့ ရောက်အောင်လာခဲ့ပါမယ်”ဟု

www.burmeseclassic.com



ကိုလည်း မေတ္တာပို့ရလေတော့၏။ ကျွန်ုပ်၏ ခေတ်ဆက်၊ နဝင်းဆက်၊ ပဋ္ဌာန်းဆက်များကိုလည်း မေတ္တာပို့ရလေတော့၏။

ကျွန်ုပ်သည် နတ်စစ်သည်များကို ရသော်လည်း လူစစ်သည်များရရန်အတွက် အကျပ်ရိုက်လို့နေတော့၏။ ထိုအချိန်တွင် ကျွန်ုပ်နှင့်ငယ်စဉ်က ရင်းနှီးခဲ့သော ကောင်လေးတစ်ယောက်ရောက်လာ၏။ ၎င်းကောင်လေးနှင့် ကျွန်ုပ်ဝေးကွာခဲ့သည်မှာ နှစ်ပေါင်း (၂၀)လောက်ရှိလို့နေ၏။ ယခုအခါ ထိုကောင်လေးသည် စစ်တပ်တွင် အရာရှိကြီးတစ်ဦး ဖြစ်လို့နေလေ၏။ ကျွန်ုပ်ထံတွင် ရာထူးတိုးရန်အတွက် လာရောက်မေးမြန်းခြင်းဖြစ်၏။ ထိုကောင်လေးသည် ကျွန်ုပ်ကိုကြည့်ရင်း ငယ်ရုပ်ကို မှတ်မိလို့သွားလေ၏။

သူနှင့်ကျွန်ုပ်စကားများပြောရင်းမှ ငယ်ကြောင်းများကို ပြောဖြစ်ရင်း ပိုမိုမှတ်မိကာ ရင်းနှီးသွားလေ၏။ ထိုကောင်လေးမှ ကျွန်ုပ်အား–

"ဟာ ဘုန်းကြီးကလည်း လူစစ်သည်များ တခြားရှာမနေပါနဲ့၊ တပည့်တော်ကူညီပါ့မယ်။ တပည့်တော်တို့ စစ်တပ်ဆိုတာလည်း ကြည်း၊ ရေ၊ လေနဲ့ဖွဲ့စည်းထားတဲ့ခေတ်ကြီးလေးပါးပါပဲ၊ မြေ–ရေ–လေ–မီးဆိုတော့ မီးနဲ့ပတ်သက်တာကတော့ မီးသတ်အရာရှိ တစ်ယောက် ခေါ်လိုက်မယ်။ ဘုန်းကြီး ထီးတင်ပွဲကို ဘာမှစိတ်မပူပါနဲ့။ တပည့်တော်နဲ့ တစ်ပတ်စဉ်ထဲ ဆင်းထားတဲ့ သူငယ်ချင်းတွေရှိတယ်။ ကြည်းတပ်က အရာရှိတွေ၊ ရေတပ်ကအရာရှိတွေ၊ လေတပ်ကအရာရှိတွေ၊ မီးသတ်ကအရာရှိတွေ အကုန်လုံးတပည့်တော်စီစဉ်ပေးမယ်။ နတ်စစ်သည်ကတော့ ဘုန်းကြီးဘာသာစီစဉ်ပါ။ လူစစ်သည်ကတော့ တပည့်တော်တာဝန်ထားပါ"ဟုဆိုကာ တာဝန်ယူလေ၏။

"ဘုန်းကြီး တော်သလင်းလပြည့်နေ့ ဘယ်အချိန်မှာ ထီးတင်မှာလဲ သာပြောပါ။ တပည့်တော်တို့ ရောက်အောင်လာခဲ့ပါမယ်"ဟု



www.burmeseclassic.com

www.burmeseclassic.com



ကတိပေးလေ၏။

ကျွန်ုပ်သည်လေးကြိုးမင်းခေါင် ဆုတောင်းပြည့် အမျိုးခေါ် အိုး
ဖော်စေတီဟု ၎င်းစေတီအား ဘွဲ့အမည်ပေးလိုက်လေ၏။ လေးကြိုး
ဟုခေါ်ရခြင်းမှာ အဘဘိုးမင်းခေါင်ကြီးသည် ဓာတ်ကြိုး၊ နတ်ကြိုး၊
သိုက်ကြိုး၊ သာသနာကြိုး စသည့်ကြိုးလေးကြိုးကို အိုးလေးအိုးနှင့်
ဓာတ်ဆင်ခိုင်းသဖြင့် လေးကြိုးဟုအမည်ပေးခြင်းဖြစ်လေ၏။ အိုး
လေးအိုးကလည်း ဒေါင်ဒေါင်မြည်တဲ့ဓာတ်အရ သာသနာပြုရာတွင်
ဘယ်လိုပင်အခက်အခဲတွေ ရှိနေပါစေ ဒေါင်ဒေါင်မြည်အောင် မားမား
မတ်မတ် သာသနာအကျိုး၊ ဘာသာအကျိုး၊ လူမျိုးအကျိုးအား ရည်စူး
၍တည်ခဲ့ခြင်းဖြစ်လေတော့၏။

၎င်းဘုရားအား ရှိခိုးပူဇော်ရခြင်းဖြင့် မိမိတို့၏ အိုး–အိမ်–
အိမ်ထောင်ရေး–အိမ်တွင်းရေး–အလုပ်အကိုင်–တနင်္ဂနွေနှင့်ပတ်သက်
သော လုပ်ငန်းဆောင်တာများ အကျိုးပေးကောင်းမွန်လေ၏။ ဆန်ရေ
စပါး ပေါကြွယ်ဝခြင်း၊ စီးပွားတက်ခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်း၊
နာတာရှည် ရောဂါများမဖြစ်ခြင်း၊ အတိုက်အခံ ပယောဂပြုစားမခံရ
ခြင်း၊ သူတစ်ပါး မကောင်းမကြံစည်နိုင်ခြင်းတို့မှ ကင်းဝေးစေနိုင်၏။

မင်းစိုးရာဇာ ဓာတ်ကိုမိခြင်း၊ အကြီးအကဲ ကူညီခြင်း၊ စစ်ထွက်
ခြင်း၊ အနိုင်အရှုံးများ၊ အမှုအခင်း ကိစ္စများပါမကျန် အောင်မြင်မှုများ
ကို သာရတတ်လေ၏။ အစိဋ္ဌာန်စခန်းများလည်းအောင်မြင်လေ၏။
အမျိုးခေါ်ထားသဖြင့် ဘုရားတွင်ဆုတောင်းပါက မိမိအတိတ်ဘဝက
ပဋ္ဌာန်းဆက် အမျိုးများလာရောက်၍ ကူညီရလေတော့၏။ ရည်ရွယ်
ချက်၊ ရည်မှန်းချက်များလည်း အောင်မြင်လေတော့၏။ အစိဋ္ဌာန်လည်း
အောင်လေ၏။ ဤကဲ့သို့သော ထူးခြားသောအကျိုးများကို ပေးတတ်
လေသောကြောင့် အဘဘိုးမင်းခေါင်ကြီးသည် ၎င်းဓာတ်များမိအောင်



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက်သားသမီးများအတွက် စီရင်လို့ထားခဲ့လေ၏။ ၎င်းအမျိုးခေါ် အိုးဖော်စေတီတွင် လူမျိုးခြားများလည်း လာရောက်၍ အဓိဋ္ဌာန်ပြုကြလေ၏။ အောင်မြင်ကြ၏။ စဉ်အိုးနှင့်တည်ထားသဖြင့် တစ်ခါထဲ ဓာတ်ဆင်ပြီးသားဖြစ်လို့ နေလေ၏။

ဤမှန်သောသစ္စာစကားကြောင့် ကျွန်ုပ်သည် လူမျိုးအကျိုး၊ ဘာသာအကျိုး၊ သာသနာအကျိုးကို ထင်ပေါ်ကျော်ကြားခြင်းများနှင့်သာသနာပြုရပါလို၏ဟု သစ္စာအဓိဋ္ဌာန်ပြုလိုက်လေ၏။ ဒီလိုနှင့် တော်သလင်းလပြည့်နေ့ထီးတင်ပွဲသို့ ရောက်ခဲ့လေတော့၏။ သံဃာ့နာယကဆရာတော်ကြီးများ၊ ရပ်ဝေးရပ်နီးမှ မိဘပြည်သူများ၊ ဘဝပဋ္ဌာန်းဆက်များ၊ ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ မီးသတ်၊ စစ်ဘက်ဆိုင်ရာအရာရှိကြီးများ၊ လူမျိုးခြား (၁၀၁)ပါးမကျန် ထီးတင်ပွဲသို့ ရောက်ရှိလို့လာကြလေ၏။ ၎င်းထီးတင်ပွဲကို ကျွန်ုပ်နှင့်စမတစ်ထောင်ဆရာတော်ဦးစီးပြီးလျှင် ၉နာရီ မိနစ်၂၀တွင် စတင်၍ ပြုလုပ်လေတော့၏။ ရာသီဥတု ကောင်းမွန်လှ၏။ တရုတ်၊ ကုလား၊ ခရစ်ယာန် လူမျိုးများပါမကျန် ထီးတင်ပွဲသို့လာရောက်ကြလေ၏။

အဘဘိုးမင်းခေါင်ကြီးသည် မွတ်စလင်ကုလားကြီးအား အိပ်မက်ပေး၍ ဒန်ပေါက်လှူခိုင်းလေ၏။ ထို့ကြောင့် ၎င်းသည် ကျွန်ုပ်ထံ ဒန်ပေါက်လှူရန် ခွင့်တောင်းလေ၏။ လာသမျှ ဧည့်သည်များအား အယုတ်၊ အလတ်၊ အမြတ်မရွေးဝဝလင်လင်ကျွေးမည်ဟု ကတိသစ္စာပြုကာ ဝမ်းသာအားရ လှူလေတော့၏။

အဘတို့၏ ဓာတ်ပိုင်ချက်သည် ထူးဆန်းလေ၏။ မြန်မာလူမျိုးမပြောနှင့် လူမျိုးခြားတောင် သူ့နောက်ပါအောင် စည်းရုံးနိုင်လေတော့၏။ ဗုဒ္ဓသာသနာကို ချစ်မြတ်နိုးပြီး သာသနာကို ကျွန်ုပ်က သိအောင် လူမျိုးခြားတွေကိုပါ ကိုယ်ထင်ရှားပြကာ မ,ရှဲလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာကို လူအထင်ကြီးအောင် ဝိဇ္ဇာနည်းဖြင့် တစ်ခါပြခဲ့လေတော့၏။ ထီးတင်ပွဲကြီးသည် မမျှော်လင့်ဘဲ လူလေးငါးထောင်လောက်ထိ စည်ကားလို့သွားလေ၏။ လမ်းများ ပိတ်ဆို့သဖြင့် ယာဉ်ထိန်းရဲများကိုပါ အကူအညီတောင်းပြီး လမ်းရှင်းရလေတော့၏။

ကြည်းတပ်၊ ရေတပ်၊ လေတပ်မှ စစ်သည်များပါ ပါလာသဖြင့် သူ့နေရာနှင့်သူ ယူနီဖောင်းများနှင့်အရောင်အသွေးစုံလင်လို့ သွားလေ၏။ ကျွန်ုပ်ထီးတင်သောအခါတွင်အောက်သို့ ငုံ့ကြည့်လိုက်သောအခါ ဖြူနီဝါပြာ ရောင်စုံပန်းခင်းကြီးအလားထင်ရလေတော့၏။ ရှမ်းအိုးစည်တီးခြင်း၊ အဘဘိုးမင်းခေါင်ကြီး၏ သီချင်းဖွင့်ခြင်းကြောင့် လူများသည် စိတ်ဓာတ်များနိုးကြွလို့လာလေ၏။ ဓာတ်ပိုင်းဆိုင်ရာ၊ နတ်ပိုင်းဆိုင်ရာများလည်း ဝင်ရောက်၍ ပူးကြလေတော့၏။ လွန်စွာမှပျော်စရာကောင်းလှသော အမျိုးခေါ်အိုးဖော်စေတီမြတ်ကြီး ထီးတင်ပွဲကြီးသည် အောင်မြင်စွာ ပြီးဆုံးလို့သွားလေတော့၏။

နောက်နေ့များတွင်လည်း ဘုရားဖူးများလာရောက်၍ ထိုအထဲမှ ဓာတ်ပဋ္ဌာန်းဆက်ရှိသူများ ဝင်၍ပူးကြလေတော့၏။ နဂါးသိုက်ဆက်များ စုပေါင်းပြီး လှူထားသော ဘုရားဖြစ်သောကြောင့် နဂါးသိုက်မှန်လျှင် ရောက်ကိုရောက်လာရလေတော့၏။ ဘောဂဝတီမယ်တော်ကြီးအပြုံးသည်လည်း တစ်မူထူးခြားကာ သူ့သားသမီးများအား ပဋ္ဌာန်းဆက်ဆုံပေးသည့်အလား ပြုံးရွှင်လို့သာနေလေတော့၏။ နေ့တိုင်း ရှမ်းအိုးစည် တီးပေးရလေ၏။ နွားနို့ဆက်ရအောင် ဓာတ်ပဋ္ဌာန်းဆက်များ အလိုလိုရောက်လို့လာလေ၏။

ဘုရားမှာ ဆုတောင်းလျှင် လွန်စွာဆုတောင်းပြည့်လေ၏။ ကျွန်ုပ်လည်း ဘုရားတည်ပေးခြင်း တာဝန်ပြီးဆုံးသွားပြီဖြစ်သောကြောင့် မြတ်ဘုရား၏ သာသနာပြုလုပ်ငန်း၊ သာသနာ့တာဝန်ကို ကျေပွန်စွာ



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ရင်း ဘဝပဋ္ဌာန်းဆက်များကို ယနေ့တိုင် စောင့်မျှော်လို့နေရ လေတော့၏။

ဘဝပဋ္ဌာန်းဆက်များ ဘေးကင်းကြပါစေ။

စမပေါက်ဆိန်

❑❑❑❑



www.burmeseclassic.com



လေးကြိုးမင်းခေါင် ဓာတ်ပေါင်းစု ဆုတောင်းပြည့် စေမျိုးဒေါ် ဒိုးဖော်စေတီ

ရွှေပေါက်ဆိန်စာပေတိုက်